The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .15, NO . 37
တနင်္လာနေ့တိုင်းထုတ်ဝေသည်
September 28 , 2015



# အိုင်အမ်အက်ဖ် (IMF) ပြောတဲ့ မြန်မာ့စီးပွားရေး

|ခင်မောင်ညို(ဘောဂဗေဒ)|

## လျှာအရသာတွေ၊ မျက်စိပသာဒရှိရင် စိတ်ချလက်ချစားလိုက်ရမလား



၁၄

မုံရွာကုလားပဲ လုပ်ငန်းသုံးအဆွဲကြောင့် ဆက်လက်ဈေးမာ ၆

ပေါင်မြို့နယ်ရှိ မြို့မဈေးတွင် စားသုံးရန်/ သုံးစွဲရန်မသင့် တားမြစ်ထားတဲ့ ကုန်စည်များအား စစ်ဆေးတွေ့ရှိ ၂၅

စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည့် ၂၀၁၅ အိမ်ခြံမြေဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည် ၂၆


asia
သဘာဝရဲ့
အရသာစစ်စစ်
asia
ORANGE
Pulpo
asia
LYCHEE
Pulpo
Vitamin C
Vitamin C

# အီးယူသို့ ပဲပင်ပေါက်ပြုလုပ်ရန်အတွက် မြန်မာ့ပဲများ တင်ပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

အီးယူသို့ ပဲပင်ပေါက်ပြုလုပ်ရန် (Bean Sprouting) အတွက် မြန်မာ့ပဲများ တင်ပို့နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသ ကြီးရုံးတွင် စက်တင်ဘာ ၂၅ ရက် နေ့လယ် ၁၄း၀၀ နာရီတွင် ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးဆောင်၍ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်နှင့် တာဝန်ရှိသူများ၊ MITS ဥက္ကဋ္ဌ ဦးဝင်းဆွေ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်တိုင်း ကုန်စည်ဒိုင်မှ ဒုတိယဥက္ကဋ္ဌ ဦးအုန်းဆိုင်နှင့် အလုပ်အမှုဆောင်များ၊ အီးယူနိုင်ငံများသို့ ပဲတင်ပို့ရောင်းချသည့် မြန်မာကုမ္ပဏီများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဓာတ်ခွဲခန်းဆိုင်ရာ ကျွမ်းကျင်သူနည်းပညာရှင်များ ပါဝင်တက်ရောက်၍ ၂၀၁၆



ခုနှစ် ရာသီထွက်ပဲများ ပိုမိုတင်ပို့နိုင်ရေးဆွေးနွေးခဲ့ကြပါသည်။

အီးယူသို့ ပဲပင်ပေါက်ပြုလုပ်ရန် အတွက် မြန်မာ့ပဲများ တင်ပို့နိုင်ရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က ယခင်နှစ်က အီးယူသို့မြန်မာ့ပဲ တင်ပို့နိုင်ရေးလုပ်ငန်းဟာ အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့တဲ့အတွက် ဂုဏ်ပြုပါကြောင်း၊ လုပ်ငန်း လုပ်ကိုင်တဲ့အခါမှာ အားနည်းချက်၊ အားသာချက်တွေကို အခုအစည်းအဝေးမှာ ဆွေးနွေးကြစေလိုကြောင်း၊ လာမယ့်နှစ်မှာ မြန်မာ့ပဲများကို အီးယူ ဈေးကွက်သို့ ယခုနှစ်ထက် ပိုမိုတင် ပို့နိုင်အောင် အကြံပြုပိုင်းဝန်း ဆွေးနွေးပေးကြရန် ပြောကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲတွင် အီးယူသို့ ပဲပင်ပေါက်ပြုလုပ်ရန်အတွက် မြန်မာ့ပဲများ ပိုမိုတင်ပို့နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရာသီတွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများ၊ အခက်အခဲများ၊ Farmer၊ Collector၊ Processor တို့ကို သင်တန်းပေးရန် အစီအစဉ်များအား တက်ရောက်လာကြသူများမှ အကြံပြုဆွေးနွေးခဲ့ကြသည်။

**ခင်မောင်မောင်အုန်း**

# သီလဝါအထူးစီးပွားရေးဇုန်၏ ပထမအဆင့်စီမံကိန်း စတင်ဖွင့်လှစ် ကုမ္ပဏီပေါင်း ၄၇ ခုမှ ရင်းနှီးမြှုပ်နှံမှုများ စတင်ဆောင်ရွက်နေပြီ

ရန်ကုန်တောင်ပိုင်းခရိုင် သီလဝါတွင် တည်ရှိသည့် သီလဝါအထူး စီးပွားရေးဇုန်၏ပထမအဆင့် လုပ်ငန်းစီမံကိန်းများကို စက်တင်ဘာလ ၂၃ ရက်နေ့က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် မေလမှစတင်ကာ သီလဝါအထူးစီးပွားရေးဇုန်မှ မြေနေရာများကို စတင်ရောင်းချခဲ့ရာ ယနေ့အထိ ကုမ္ပဏီပေါင်း ၄၇ ခုက ရင်းနှီးမြှုပ်နှံမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

စီမံကိန်းပထမအဆင့် ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက သီလဝါအထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံကြား ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှု၏ ပြယုဂ်တစ်ခုပင်ဖြစ်ပါကြောင်း၊ စိန်ခေါ်မှုများစွာကို ကောင်းတူဆိုးဖက် ဖြတ်သန်းလျက် နှစ်နိုင်ငံအတူတကွ စီမံပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ပြီး အတူတကွ အောင်မြင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံပုဂ္ဂလိကတို့၏ ကတိကဝတ်ပြုမှုနှင့် အထောက်အပံ့များမပါဘဲ ယခုအဆင့်သို့ မည်သို့ မျှ ရောက်ရှိနိုင်မည်မဟုတ်ပါကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော အထူးစီးပွားရေးဇုန်ဖြစ်သည်နှင့်အညီ မိမိတို့၏ရည်မှန်းချက်သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့် မားရေးဆိုသည့်ဒေသတွင်းနိုင်ငံများ၏ သာမန်ရည်မှန်းချက်ထက် များစွာပိုမိုပါကြောင်း၊ မိမိတို့၏ရည်မှန်းချက်မှာ မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပါရာဒိုင်းအရွေ့ပင်ဖြစ်ပါကြောင်း၊ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် ကောင်းမွန်သောရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရန်အတွက် အတွေးအမြင်သစ်များ၊ မူဝါဒအသစ်များ၊ လုပ် ထုံးလုပ်နည်းအသစ်များနှင့်အတူ အခန်းကဏ္ဍများစွာတွင် ညှိနှိုင်းပေါင်းစပ်အဆင်ပြေစေမည့်ရင်းနှီးမြှုပ်နှံမှုပုံစံကို သီလဝါအထူး



စီးပွားရေးဇုန်အဖြစ်စတင် ခဲ့ပြီဖြစ်ပါကြောင်းဖြင့်ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး မစ္စတာ တာရိုအာစိုကလည်း သီလဝါစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာနိုင်ငံအတွက် စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးနိုင်စွမ်းကို ဖြစ်စေမည့် အထူးအရေးပါသည့်စီမံကိန်းဖြစ်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကို စတင်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ် ဧပြီလ ၂၁ရက်နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်တို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေးခြင်းမှ အစပြုခဲ့သည့် စီမံကိန်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်ကို ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းလွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း၊ မြန်မာနှင့် ဂျပန်ကုမ္ပဏီများ သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံတည်ဆောက်ရန် နားလည်မှုသဘောတူစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ၂၀၁၃ ခုနှစ် မေလ ၂၅ရက်နေ့တွင် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏မြန်မာနိုင်ငံခရီးစဉ်အတွင်း သီလဝါဆိပ်ကမ်း၌လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးတည်ဆောက်ရန်အတွက် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းရန် သဘောတူညီချက် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ၂၀၁၃ခုနှစ်အောက်တိုဘာ ၂၃ ရက် နေ့တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌လည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းပထမအဆင့် စီမံကိန်းတည်ဆောက်ခြင်း လုပ်ငန်းစတင်သည့် အခမ်းအနားကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင်သီလဝါအထူးစီးပွားရေးဇုန်၌လည်းကောင်း ကျင်းပခဲ့သည်။

သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းသည် ဧရိယာဟက်တာပေါင်း ၂၄၀၀ ကျယ်ဝန်းပြီး စီမံကိန်းပထမအဆင့်အဖြစ် ဧရိယာ ၃၆၉ ဟက်တာကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး အဆိုပါဧရိယာအတွင်း လူနေနှင့်စီးပွားရေးဧရိယာ ၃၅ ဟက်တာလည်း ပါဝင်ကြောင်းသိရသည်။

စီမံကိန်းပထမအဆင့်အတွက် အမေရိကန်၊ ဆွီဒင်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဩစတြေးလျနှင့် အရှေ့တောင်အာရှဒေသမှနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ကုမ္ပဏီပေါင်း ၄၇ခုတို့ လုပ်ကိုင်ခွင့်များရရှိထားကြောင်း သိရသည်။

ယခုအခါတွင် စီမံကိန်းပထမအဆင့် ဧရိယာအတွင်းကုမ္ပဏီ ၁၃ ခုမှာ ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 15, No.37 Monday September 28 2015

# ဖိလစ်ပိုင်က ထိုင်းနှင့် ဗီယက်နမ်တို့မှ ဆန်တန်ချိန် ခုနစ်သိန်းကျော် တင်သွင်းမည်

ဖိလစ်ပိုင် အမျိုးသားစားနပ်ရိက္ခာ အာဏာပိုင်အဖွဲ့ (NFA)အနေဖြင့် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ၂၅ မှတ်အမျိုးအစား ဆန်တန်ချိန် ၇၅၀၀၀၀ ကို ယခုနှစ်အတွင်း တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆန်များကို တစ်တန်လျှင် ၄၂၆ ဒသမ ၈၃ ဒေါ်လာဖြင့် ဝယ်ယူတင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ ဆန်တင်သွင်းခြင်းသည် ဖိလစ်ပိုင်အစိုးရနှင့် ထိုင်း၊ ဗီယက်နမ်အစိုးရတို့ကြား အစိုးရခြင်း ချုပ်ဆိုထားသော သဘောတူစာချုပ်များအရ တင်သွင်းရခြင်းဖြစ်ကြောင်း oryza သတင်းတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံမှ တန်ချိန် ၃ သိန်းနှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၄ သိန်းခွဲကို ဝယ်ယူသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြထားသည်။

အစိုးရချင်း ချုပ်ဆိုသည့် တင်ဒါစာချုပ်များအရ ယခုနှစ်အတွင်း တန်ချိန် ၂ သိန်းခွဲနှင့် လာမည့်နှစ်တွင် တန် ချိန် ၅ သိန်းကို ဖိလစ်ပိုင်အစိုးရက ဝယ် ယူတင်သွင်းမည်ဖြစ်သည်။

မူလက ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှတင်ပို့သည့် ဆန်ဈေးနှုန်းများသည် ဈေးနှုန်းကြီးမြင့်မှုကြောင့် ပယ်ချခဲ့သော်လည်း NFA က အဆိုပါ နှစ်နိုင်ငံအစိုးရတို့အား တင်ဒါ ပြန်လည်တင်သွင်းရန် စက်တင်ဘာလ ၂၄ ရက်နေ့ ညနေ ၃ နာရီအထိ အချိန်ပေးခဲ့သည်ဟု ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ်အောက်တိုဘာလအတွင်း ပိုမိုဆိုးရွားလာဖွယ်ရှိသည့် အယ်နီညိုရာသီဥတုဖြစ်စဉ်အပေါ် စိုးရိမ်၍ ယခုကဲ့သို့ ပြည်ပမှ ဆန်များကို တင်သွင်းနေခြင်းဖြစ်ကြောင်းသိရသည်။ **မယ်သီတာ**



# ဗီယက်နမ်ဆန်အတွက် ကုန်အမှတ်တံဆိပ် ရရှိရန်ကြိုးပမ်းမည်

ဗီယက်နမ်ဆန်အတွက် အမျိုးသားကုန်အမှတ်တံဆိပ် (National Brand Name) ကိုရရှိအောင်ထူထောင်ခြင်းအားဖြင့် ကမ္ဘာဈေးကွက်အလယ်မှာ ဂုဏ်သိက္ခာရှိရှိရပ်တည်နိုင်မှာဖြစ်တဲ့အတွက် ဒီလိုကုန်အမှတ်တံဆိပ်အမည်ရလာအောင် ဆောင်ရွက်ဖို့က အရေးတကြီးလိုအပ်လျက်ရှိကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။

ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန (MARD) နဲ့ သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနတို့ပူးတွဲပြီး ဗီယက်နမ်ဆန်နှီးနှောဖလှယ်ပွဲကို စက်တင်ဘာ ၂၂ ရက်နေ့က ဟနွိုင်းမြို့မှာ ကျင်းပခဲ့ရာ ကုန်အမှတ်တံဆိပ်အမည်ထူထောင်ရေးကိစ္စကို ဆွေးနွေးခဲ့ကြပါတယ်။

ကမ္ဘာ့ဆန်ဈေးကွက်မှာ အစဉ်အလာ ပြိုင်ဘက်များရဲ့ ယှဉ်ပြိုင်နိုင်မှုက တဖြည်းဖြည်း ကြီးထွားလျက်ရှိတဲ့နည်းတူ ကမ္ဘောဒီးယား၊ မြန်မာနဲ့ အမေရိကန်ပြည်ထောင်စုစတဲ့ ပြိုင်ဘက်သစ်များကလည်း တစ်စတစ်စ တိုးပွားလျက်ရှိပါတယ်။

၂၀၂၀ ပြည့်နှစ်အရောက်မှာ ဗီယက်နမ်ဆန်အတွက် ခိုင်မာတဲ့ကမ္ဘာ့ကုန်အမှတ်တံဆိပ် အမည်ရရှိရေး စီမံကိန်းကို အစိုးရက မကြာသေးမီက အတည်ပြုခဲ့ပါတယ်။ ဒီစီမံကိန်းက လယ်ယာစိုက်ပျိုးရေးထုတ်ကုန်တစ်ခုအတွက် အတည်ပြုထားတဲ့ ပထမဆုံးသော အမျိုးသားကုန်အမှတ်တံဆိပ် ထူထောင်ရေး စီမံကိန်းဖြစ်ပါတယ်။ အမျိုးသားဆန်ကုန်အမှတ်တံဆိပ်ကိုကြည့်ရင် ဒီကုန်အမှတ်တံဆိပ်က ဗီယက်နမ်ရဲ့ သမိုင်း၊ ယဉ်ကျေးမှုနဲ့ အစဉ်အလာကို ဖော်ညွှန်းပြနိုင်ဖို့ လိုအပ်ပါတယ်။

စီမံကိန်းမဟာဗျူဟာကို ချမှတ်တဲ့အခါ ကိစ္စရပ်နှစ်ခုကို အဓိကထားဆောင်ရွက်ဖို့ နှီးနှောဖလှယ်ပွဲကို တက်ရောက်သူတွေက အကြံပြုထားပါတယ်။ ပထမတစ်ချက်က အရည်အသွေးကို အဓိကထားတဲ့ ဈေးကွက်တွေကို ဖော်ထုတ်ဖို့ဖြစ်ပါတယ်။ အဲဒီဈေးကွက်တွေထဲမှာ အမေရိကန်၊ အီးယူနဲ့ ဂျပန်နိုင်ငံတွေ ပါဝင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက ဆန်ရဲ့ အလယ်အလတ် အရည်အသွေးကို သဘောကျတဲ့ အစဉ်အလာဈေးကွက်တွေကို သတ်မှတ်ဖို့ဖြစ်ပါတယ်။

၂၀၃၀ ခုနှစ်အတွက် ချမှတ်ထားတဲ့ ရည်မှန်းချက်အရ ဆိုရင် ဗီယက်နမ်နိုင်ငံက ပြည်ပကိုတင်ပို့တဲ့ ဆန်ရဲ့ ၅၀ ရာခိုင်နှုန်းကို ဗီယက်နမ် ကုန်အမှတ်တံဆိပ် (Vietnamese Band Name) နဲ့ တင်ပို့မှာဖြစ်ကြောင်း စီမံကိန်းကို ရေးဆွဲသူတွေက ပြောပါတယ်။ ဆန်အတွက် ကုန်အမှတ်တံဆိပ် အမည်ဖန်တီးရာမှာ အခက်အခဲ အမြောက်အမြားနဲ့ ကြုံတွေ့ရကြောင်း MARD ရဲ့ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနဲ့ ငါးလုပ်ငန်းဌာနခွဲ ဒုတိယဦးစီးမှူးဗိုသန်းဒိုက နှီးနှောဖလှယ်ပွဲတက်ရောက်သူတွေကို ပြောပါတယ်။

မကြာသေးမီနှစ်များအတွင်း ဗီယက်နမ် ဆန်ထုတ်လုပ်မှုက ပြည်ပတင်ပို့မှုလုပ်ငန်းတွေမှာ အောင်မြင်မှုတွေရရှိခဲ့ပေမယ့် ထုတ်လုပ်မှုလုပ်ငန်းတစ်ခုလုံးကိုခြုံကြည့်ရင် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရကြောင်း ဒိုကပြောပါတယ်။

လယ်ယာကဏ္ဍမှာ ဆန်အမျိုးအစား အမြောက်အမြားရှိနေပြီး ပို့ကုန်တန်ဖိုးကို မြှင့်တင်ပေးနိုင်မယ့် ဆန်အမျိုးအစားက မရှိသလောက်ဖြစ်နေပါတယ်။ လောလောဆယ်မှာ ဗီယက်နမ်ဆန်ကို အနိမ့်ဆုံးအဆင့်နဲ့ အလယ်အလတ်အဆင့်အဖြစ် ဈေးကွက်ကိုတင်ပို့တာ များပါတယ်။ အရည်အသွေးမြင့် ဆန်အမျိုးအစားက ကမ္ဘာ့ဈေးကွက်ထဲမှာ အနည်းငယ်သာရှိနေပါတယ်။ ကုန်အမှတ်တံဆိပ် ရရှိအောင် ဆောင်ရွက်မယ်ဆိုရင် ဗီယက်နမ်ဆန်ရဲ့ ပို့ကုန်တန်ဖိုးကို ပြန်လည်သတ်မှတ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အထူးဆန်အမျိုးအစား ရွေးချယ်ရေးက ကုန်အမှတ် တံဆိပ်အမည်သတ်မှတ်ရေးမှာ အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်နေကြောင်း တီအန်ဂျိုင်အစားအစာကုမ္ပဏီရဲ့ ဒုတိယအထွေထွေမန်နေဂျာ လေသန်းစီယမ်က ပြောပါတယ်။

**ဉာဏ်တင်**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၃-၉-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၆၃ | ၃၆၁ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၅၄ | ၃၅၂ | ▽ | ၃၂၅ | ၃၂၅ | □ | ၃၅၅ | ၃၅၅ | □ | ၃၃၀ | ၃၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၄၄ | ၃၄၃ | ▽ | ၃၁၅ | ၃၁၅ | □ | ၃၁၅ | ၃၁၅ | □ | ၂၉၀ | ၂၉၀ | □ |
| ပေါင်းဆန် | ၃၄၀ | ၃၄၀ | □ | - | - | - | ၃၄၀ | ၃၄၀ | □ | ၄၁၅ | ၄၁၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၃-၉-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၃၀ | ၅၃၀ | □ | ၅၃၅ | ၅၃၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၀၀ | ၅၀၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၂၄-၉-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၇၇၆ | □ | ၂၄၀၀၀ | □ | ၇၀၉၆ | □ | ၄၀၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၄၅၀၀ | □ | ၇၃၂၃ | □ | ၃၀၀၀၀ | □ |
| ပဲခူး | ၅၃၀၀ | □ | ၂၂၅၀၀ | △ | ၇၀၀၀ | △ | ၃၄၅၀၀ | △ |
| ရွှေဘို | ၅၂၀၀ | ▽ | ၂၂၀၀၀ | △ | ၁၃၅၀၀ | △ | ၄၅၅၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၂၀၀၀ | □ | ၇၅၀၀ | △ | ၃၅၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၅၇၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၂၀၀ | △ | ၂၃၀၀၀ | □ | - | - | ၃၅၅၀၀ | ▽ |
| မန္တလေး | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၇၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မော်လမြိုင် | ၅၂၀၀ | □ | ၂၀၅၀၀ | □ | ၇၂၀၀ | □ | ၃၅၀၀၀ | □ |
| လှိုင်ကော် | ၆၀၀၀ | □ | ၃၀၀၀၀ | □ | - | - | ၄၅၀၀၀ | △ |
| မြိတ် | ၅၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၄၀၀၀ | □ |
| ဘားအံ | ၅၂၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၅၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၅၃၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထ အုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဆန်နဲ့ ဆန်ကွဲ အနည်းငယ်စီတင်ပို့

စက်တင်ဘာလ ၁၃ ရက်မှ ၁၉ ရက်နေ့အထိ ကာလအတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဆန်နဲ့ဆန်ကွဲ အနည်းငယ်စီတင်ပို့ခဲ့ပါတယ်။

ကန်ဒေါ်လာ သုည ဒသမ ၃၀၇ သန်းတန်ဖိုးရှိ ဆန်တန် ၇၅၀ ကို တင်ပို့ခဲ့ရာ ရုရှားနိုင်ငံသို့ ဧည့်မထ ၅မှတ်ဆန် တန် ၂၅၀၊ တရုတ်နိုင်ငံသို့ ငစိန် ၂၅ မှတ်ဆန် ၇၅ တန်၊ ပိုလန်နိုင်ငံသို့ ပေါင်းဆန် တန် ၃၀၀ နဲ့ ငစိန်ဆန် ၁၂၅ တန် အသီးသီး တင်ပို့ခဲ့ပါတယ်။

ကန်ဒေါ်လာ သုည ဒသမ ၁၀၇ သန်းတန်ဖိုးရှိ ဆန်ကွဲ တန် ၄၀၀ ကိုတော့ ဘူလ်ဂေးရီးယားနိုင်ငံသို့ ၂၇၅ တန်နဲ့ ပြင်သစ်နိုင်ငံသို့ ၁၂၅ တန်တင်ပို့ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၄-၉-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁၈/၉ | ၂၄/၉ | ပြောင်းလဲမှု | ၁၈/၉ | ၂၄/၉ | ပြောင်းလဲမှု | ၁၈/၉ | ၂၄/၉ | ပြောင်းလဲမှု | ၁၈/၉ | ၂၄/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၄၃၃ | ၂၇၆၈ | ▲ | ၂၅၆၇ | ၂၇၁၇ | ▲ | ၂၆၀၀ | ၂၆၀၀ | ■ | - | - | - |
| ၂ | ပဲစင်းငုံ | - | - | - | ၂၆၆၇ | ၂၆၆၇ | ■ | - | ၂၁၀၀ | - | - | - | - |
| ၃ | ပဲတီစိမ်း | ၂၂၆၅ | ၂၃၃၀ | ▲ | ၂၀၆၂ | ၂၁၆၇ | ▲ | ၂၀၂၆ | ၂၁၅၈ | ▲ | ၁၈၉၅ | ၁၈၉၅ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၁၀၀ | ၂၂၀၀ | ▲ | - | - | - | - | - | - | ၁၆၆၀ | ၁၇၁၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၃၃၀ | ၁၃၅၀ | ▲ | - | - | - | - | - | - | ၁၁၀၅ | ၁၂၁၀ | ▲ |
| ၆ | ထောပတ်ပဲ | ၉၂၀ | ၉၂၀ | ■ | ၉၇၈ | ၉၇၈ | ■ | ၈၈၄ | - | - | ၈၀၀ | ၇၉၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၂၄-၉-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၁၇/၉ | ၂၃/၉ | ပြောင်းလဲမှု | ၁၇/၉ | ၂၃/၉ | ပြောင်းလဲမှု | ၁၇/၉ | ၂၃/၉ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၄၀ | ၁၁၆၀ | ▲ | ၁၀၇၅ | ၁၂၂၀ | ▲ | ၁၁၄၃ | ၁၂၁၃ | ▲ |
| ၂ | ပဲစင်းငုံ | ၁၃၇၀ | ၁၃၇၀ | ■ | ၁၃၉၈ | ၁၄၂၅ | ▲ | ၁၃၉၈ | ၁၄၂၅ | ▲ |
| ၃ | ပဲတီရွှေဝါ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၀၂၃ | ၁၁၀၇ | ▲ | ၁၁၂၀ | ၁၁၃၇ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၆၅၀ | ၆၅၀ | ■ | ၇၂၂ | ၇၃၅ | ▲ | ၆၇၃ | ၇၁၆ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၁၂.၉.၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၁၉.၉.၁၅)ထိ | ပြည်ပတင်ပို့မှု (၁.၄.၁၅) မှ (၁၉.၉.၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၄၆၁၄ | ၁၄၆၁ | ၃၆၁၃၆၁ |
| ပဲတီစိမ်း | ၉၇၉ | ၂၄၁၀ | ၉၃၅၇၉ |
| ပဲစင်းငုံ | ၁၁၉၇ | ၇၉၁ | ၁၁၁၄၀၃ |
| ကုလားပဲ | ၄၈ | ၂၄ | ၂၃၁၂၆ |
| ပဲလွန်းဖြူ | ၄၁၅ | ၂၀၂ | ၁၁၂၇၀ |
| မြေထောက်ပဲ | ၄၀ | ၁၃ | ၁၀၅၇၉ |

## ယခုတစ်ပတ် ပြည်ပဲနီပြားလက်လီသာ အဝယ်ရှိလို့ ဈေးအနည်းငယ်လျှော့

ပြည်လက်လီ ပဲဈေးကွက်မှာ တစ်ခါတစ်ရံ လက်ကားအဝယ်ရှိလို့ အရောင်းအဝယ်ပိုဖြစ်ခဲ့တဲ့ ပဲနီပြားသီးနှံဟာ ယခုတစ်ပတ်မှာတော့ လက်လီသမားများသာအဝယ်ရှိလို့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

အခြားပဲများနဲ့ယှဉ်ရင် လက်ကျန်အသင့်အတင့်ရှိခဲ့ပြီး၊ လက်ကားသမားအဝယ်ရှိတဲ့အခါ အိတ် ၁၀၀ ကျော်ခန့် ရောင်းချခဲ့ရကြောင်း သိရပါတယ်။ ပဲနီပြားသီးနှံဈေးမှာ ယခင်တစ်ပတ်က အဝယ်လိုက်လို့တစ်တင်း ၂၄၀၀၀ ကျပ်ရရှိပေမယ့် ယခုတစ်ပတ်မှာတော့ အရောင်းအဝယ်အေးသွားလို့ ဈေးအနည်းငယ်လျှော့ကာ တစ်တင်း ၂၃၅၀၀ ကျပ်သာရရှိခဲ့တာကို တွေ့ရပါတယ်။ ယခင်နှစ်က စက်တင်ဘာလအတွင်း ပဲနီပြားဈေးမှာ တစ်တင်း ၂၁၅၀၀ ကျပ်ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးမှာ ယခင်နှစ်ထက် ကျပ်နှစ်ထောင်ခန့် ပိုရလာခဲ့ကြောင်းသိရပါတယ်။

ခင်ဆွေဝင်း-ပြည်

## ယခင်နှစ်များနည်းတူ ပြည်စားတော်ပဲဈေးကောင်း

ယခုတစ်ပတ် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း လက်လီအရောင်းအဝယ်ဖြစ်နေတဲ့ပဲထဲမှာ စားတော်ပဲ သီးနှံဟာ တစ်ရက်အိတ် ၂၀ ကျော်သာ အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးကတော့ အခြားလက်လီအရောင်းအဝယ်ဖြစ်တဲ့ ပဲများထက်ဈေးပိုရကာ လက်လီပဲဈေးကွက်မှာ ဈေးအမြင့်ဆုံးရနေတဲ့ ပဲဖြစ်နေခဲ့ပါတယ်။

ပဲတစ်တင်းကို ၃၆၅၀၀ ကျပ်ဖြင့် ဩဂုတ်လလယ်မှစလို့ ဈေးမြင့်တက်လျက်ရှိလာခဲ့သလို ယခုလအတွင်းမှာလည်း ၎င်းဈေးအတိုင်း ဈေးငြိမ်နေခဲ့တာကို တွေ့ရပြီး ယခင်နှစ်က စက်တင်ဘာလအတွင်းမှာ တစ်တင်း ၃၃၀၀၀ ကျပ်ဖြင့် ဈေးအပြောင်းအလဲမရှိ တစ်လလုံးဈေးငြိမ်နေခဲ့တဲ့အတွက် ယခုနှစ်ဈေးမှာ ယခင်နှစ်ထက် ကျပ် ၃၀၀၀ ကျော် ပိုရခဲ့ပါတယ်။ စားတော်ပဲသီးနှံဟာ အခြားပဲများကဲ့သို့ မဟုတ်ဘဲ နှစ်စဉ်ပဲဈေးကွက်မှာ ဈေးကောင်းရတဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## စက်တင်ဘာ တတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများ အရောင်းအဝယ်အေးပြီး ပြည်တွင်းဝယ်လက်ကုလားပဲနှင့် ပဲကြီးအရောင်းအဝယ်သွက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ စက်တင်ဘာတတိယပတ်အတွင်း ပြည်ပဝယ်လက်ရှိတဲ့ ပဲအချို့လက်ကျန်နည်းသွားပြီဖြစ်လို့ အရောင်းအဝယ်အေးနေခဲ့တာကို တွေ့ရပါတယ်။ မတ်ပဲသီးနှံသာ လက်ကျန်အသင့်အတင့်ရှိခဲ့လို့ နေ့တိုင်းအရောင်းအဝယ် မဖြစ်သော်လည်း ရန်ကုန်ဝယ်လက် ဝယ်ယူသည့်ရက်တွင် အိတ် ၁၀၀ မှ ၁၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

ပဲဈေးနှုန်းမှာ တစ်တင်း ၄၉၇၀၀ ကျပ်သို့ ဈေးမြင့်တက်လာခဲ့ပြီဖြစ်သော်လည်း ပဲမှာ လက်ကျန်နည်းလာပြီ ဖြစ်ပါတယ်။ ယခင်တစ်ပတ်ကတော့ တစ်တင်း ၄၇၀၀၀ ကျပ် ရရှိခဲ့တာကြောင့် ယခုတစ်ပတ် တစ်တင်း ၂၇၀၀ ကျပ်ခန့်ပိုရလာခဲ့ပါတယ်။ မတ်ပဲဈေးနှုန်းများမှာ ယခုစက်တင်ဘာလဆန်းတွင် တစ်တင်း ၃၅၀၀၀ ကျပ်ခန့်သာရရှိလို့ ပဲတီစိမ်းသီးနှံထက်လည်း ဈေးလျှော့နေခဲ့ကာ လလယ်မှစ၍ ပဲဈေးပြန်မြင့်ပြီး ၄၉၀၀၀ ကျပ်ထိ ရရှိလာသလို ယခင်တစ်ပတ်က ဝယ်လက်အေးလို့ ဈေးလျှော့သွားပေမယ့် ယခုတစ်ပတ်မှာတော့ ကျပ်ငါးသောင်းနီးပါးအထိ ရရှိလာခဲ့ပါတယ်။ ယခင်နှစ်စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော မတ်ပဲဈေးမှာ တစ်တင်း ၂၂၅၀၀ ကျပ်မှ ၂၇၅၀၀ ကျပ်ထိသာ ဈေးရခဲ့လို့ ယခုနှစ်မတ်ပဲဈေးကတော့ ပဲသစ်ပေါ်စအချိန် အဖွင့်ဈေးမှာထဲက တဖြည်းဖြည်းဈေးမြင့်တက်လာခဲ့ပြီ ယခင်နှစ်ဈေးကို မီလာခဲ့ကြောင်း သိရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ပဲလက်ကျန် မရှိသလောက်ဖြစ်လို့ အရောင်းအဝယ်အေးကာ မျိုးပဲသာ အဝယ်ရှိခဲ့ပါတယ်။ မျိုးပဲဈေးကတော့ တစ်တင်း ၄၀၀၀၀ ကျပ်ရရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ်က ဩဂုတ်လကုန်ထဲတွင် ပဲလက်ကျန်ပြတ်သွားပြီး ဈေးကတော့ တစ်တင်း ၃၂၉၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပြီး ယခုနှစ်ကတော့ ပဲလက်ကျန်ပြတ်ချိန်ပဲဈေးမှာ တစ်တင်း ၃၇၅၀၀ ကျပ်ရရှိလို့ ယခင်နှစ်ထက် ဈေးကောင်းခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံဟာ မတ်ပဲကဲ့သို့ တစ်နှစ်ပတ်လုံး အရောင်းအဝယ်မဖြစ်ခဲ့ဘဲ ပဲပေါ်ချိန်ရာသီတွင်သာ အဓိကထား အရောင်းအဝယ်ဖြစ်တဲ့သီးနှံဖြစ်ပါတယ်။ ဝယ်လက်ကတော့ မန္တလေးလိုင်းသမားများ ဝယ်ယူခဲ့ကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံကလည်း ယခုတစ်ပတ်တွင် ပဲလက်ကျန်နည်းခဲ့လို့ အရောင်းအဝယ်လည်း သိပ်မဖြစ်တော့ဘဲ မျိုးပဲတစ်ခါတစ်ရံ ဝယ်ယူမှုရှိခဲ့တာကို တွေ့ရပါတယ်။ ပဲစင်းငုံသီးနှံမှာ ယခုနှစ် ပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံး ရခဲ့တဲ့ သီးနှံဖြစ်ခဲ့ကာ တစ်တင်း ၅၃၀၀၀ ကျပ်ထိ ဈေးကောင်းခဲ့ပါတယ်။ ဇွန်၊ ဇူလိုင်လများမှစ၍ ပြည်ပဝယ်လက်ရှိသော မတ်ပဲနှင့် ပဲတီစိမ်းသီးနှံမှာ ဈေးပြိုင်မြင့်တက်လာခဲ့ကြပြီး ဩဂုတ်လမှစ၍ ပဲစင်းငုံသီးနှံက ဈေးပိုခဲ့ကာ အရောင်းအဝယ်ဖြစ်မှုပမာဏကတော့ မတ်ပဲကဲ့သို့ နေ့စဉ်မဖြစ်ပေမယ့် ရက်ခြားလောက်သာ ဝယ်ယူခဲ့တာကို တွေ့ရပါတယ်။

ကုလားပဲသီးနှံမှာ ဒေသတွင်းသာ အဝယ်ရှိပေမယ့် နေ့စဉ်အိတ် ၂၀၀ ကျော် ၃၀၀ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပဲအဝင်မရှိဘဲ လက်ကျန်ပဲများရှိလို့ ခွဲစက်သမားဝယ်ယူမှုရှိတဲ့အတွက် တစ်တင်းကို ၃၄၀၀၀ ကျပ်ခန့်ရရှိခဲ့ကာ ယခင်တစ်ပတ်ထက်လည်း ဈေးပိုလာခဲ့တာကို တွေ့ရပါတယ်။

ယခင်တစ်ပတ်က တစ်တင်း ၃၂၅၀၀ ကျပ်ခန့်ရရှိပြီး ယခုပတ်မှာ တစ်တင်း ၁၅၀၀ ကျပ်ခန့်ဈေးပိုလာသလို လဆန်းရက်က ဈေးထက်လည်း ကျပ် လေးထောင်ခန့် ပိုလာခဲ့ပါတယ်။ ယခုနှစ်အတွင်း ကုလားပဲသီးနှံမှာ ဈေးတရိပ်ရိပ်မြင့်တက်ခဲ့လို့ ယခင်နှစ်က ဈေးထက် တစ်တင်း ကျပ်နှစ်သောင်းခန့် ဈေးပိုရလာခဲ့ကြောင်း သိရပါတယ်။

ပဲကြီးသီးနှံမှာ ကုလားပဲသီးနှံကဲ့သို့ပင် ယခုနှစ်မှာ ဈေးပြန်ကောင်းလာလို့ ပဲကြီး (ရွှေကျွန်း) တစ်တင်း ၃၅၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၂၀၀၀ ကျပ်ဖြင့် စက်တင်ဘာလဆန်းမှစ၍ မပြောင်းဘဲ ဈေးငြိမ်အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ ယခုတစ်ပတ်မှာ (ကမ်းနား) ပဲက (ရွှေကျွန်း) ထက် ပိုအရောင်းအဝယ်ဖြစ်ကာ ပဲကြော်သမားများ နေ့စဉ်အဝယ်ရှိလို့ တစ်ရက် အိတ် ၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီး၊ (ကမ်းနား) ပဲက အိတ် ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲကြီးသီးနှံမှာ ဩဂုတ်လလယ်ထိ တစ်တင်း ကျပ်သုံးသောင်းအောက် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ နောက်ပိုင်း ကျပ်သုံးသောင်းကျော်ထိ မြင့်တက်လာခဲ့ကာ ယခုချိန်ထိ ဈေးဆက်ကောင်းနေခဲ့ပြီး ပြည်ပဝယ်လက်ပဲများထက်လည်း ဈေးကွက်မှာ အရောင်းအဝယ် ပိုသွက်နေခဲ့တာကို တွေ့ရပါတယ်။

လက်လီဝယ်ယူမှုရှိတဲ့ ဘိုကိတ်၊ ပဲလွန်းဖြူ သီးနှံများမှာလည်း လက်ကျန်သိပ်မရှိတော့လို့ အရောင်းအဝယ်အေးခဲ့ကာ ဈေးနှုန်းကတော့ အပြောင်းအလဲမဖြစ်ဘဲ ပဲလွန်းဖြူ တစ်တင်း ၂၇၅၀၀ ကျပ်၊ ဘိုကိတ်တစ်တင်း ၂၆၅၀၀ ကျပ်ဖြင့် ဈေးငြိမ်ခဲ့ကြောင်း သိရပါတယ်။ ဒါကြောင့် ယခုစက်တင်ဘာတတိယပတ်အတွင်း ပြည်ပဝယ်လက်ပဲထဲမှာ မတ်ပဲသီးနှံသာ အရောင်းအဝယ်ဖြစ်ပြီး ကျန်ပဲများ အရောင်းအဝယ်အေးနေပြီး ဒေသတွင်း ဝယ်ယူမှုရှိတဲ့ ကုလားပဲနဲ့ ပဲကြီးသီးနှံကတော့ အရောင်းအဝယ်သွက်ခဲ့ကာ လက်လီပဲအချို့လည်း အရောင်းအဝယ်ပါးသွားခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ခင်ဆွေဝင်း-ပြည်

### ပြည်ထောပတ်ပဲများ ဈေးမငြိမ်ပေမယ့် ပဲသစ်ပေါ်စ အဖွင့်ဈေးထက် ဈေးပိုရလာ

စက်တင်ဘာ တတိယပတ်အတွင်း ပြည်ပဲဈေးကွက်မှာ ပြည်ပဝယ်လက်ပဲအချို့ လက်ကျန်နည်းလာလို့ အရောင်းအဝယ်အေးနေပြီး ဒေသတွင်းလက်လီအရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲတချို့ကတော့ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိရာ ထောပတ်ပဲသီးနှံမှာလည်း တစ်ရက်အိတ် ၁၅ အိတ်ကျော် အရောင်းအဝယ်ဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်း ၁၈၀၀၀ ကျပ်ဖြင့်သာ ဈေးငြိမ်နေပါတယ်။

ယခုနှစ် ထောပတ်ပဲသီးနှံမှာ ပဲသစ်ပေါ်စအချိန်မှာ တစ်တင်း ၁၆၀၀၀ ကျပ်နဲ့ ဈေးဖွင့်ရောင်းခဲ့ပေမယ့် မေ၊ ဇွန်၊ ဇူလိုင်လများတွင် ကျပ် တစ်သောင်းခွဲအောက် လျော့နည်းသွားပြီး ဩဂုတ်လမှစ၍ လက်ကျန်နည်းလာပြီဖြစ်လို့ ပဲဈေးမှာ ဈေးပြန်မြင့်တက်ခဲ့တာကြောင့် ယခုချိန်မှာ အဖွင့်ဈေးထက် ဈေးပိုရခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း-ပြည်**

## မုံရွာကုလားပဲ လုပ်ငန်းသုံးအဆွဲကြောင့် ဆက်လက်ဈေးမာ

မုံရွာကုန်စည်ဒိုင် စက်တင်ဘာလ တတိယပတ် ကုလားပဲမျိုးစုံဈေးကွက်မှာ ကုန်သည်လက်ဝယ် ပဲလက်ကျန် မရှိသလောက်နည်းခဲ့ပြီး၊ လုပ်ငန်းသုံးသမားတွေ ဝယ်လိုအားရှိခဲ့လို့ ကုလားပဲမျိုးစုံ ဈေးဆက်လက် တက်ခဲ့ရာ ကုလားပဲ (ထိုင်ဝမ်) တစ်တင်း ၃၃၀၀၀ ကျပ်၊ V2 တစ်တင်း ၃၄၅၀၀ ကျပ်နဲ့ ၉၂၉ ကုလားပဲတစ်တင်း ၃၄၀၀၀ ကျပ်အထိ ပေါက်ဈေးမြင့်တက်ခဲ့တာ တွေ့ရပါတယ်။

ဝယ်လက်အနေနဲ့ ခွဲစက်သမားတွေ ပဲလက်ကျန်ရှိလို့ အဝယ်လျော့ခဲ့ပေမယ့် ပဲအမှုန့်ကြိတ်သမားတွေက ပဲအစား ထိုးမရလို့ ကုလားပဲဝယ်လိုအားမြင့်ကာ ပုံမှန်ဝယ်ယူမှုရှိတဲ့အတွက် တစ်ရက် ကုလားပဲမျိုးစုံအိတ် ၂၀၀ မှ ၃၀၀ ကြား အရောင်းအဝယ်ဖြစ်နေတယ်လို့ ဈေးကွက်ကသိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## မတ်ပဲလား၊ မတ် (ကွဲ) လား



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတ ခရိုင်အတွင်း ဟင်္သာတ၊ ဇလွန်၊ လေး မျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့ နယ်တို့ပါဝင်ကြပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဟင်္သာတမြို့နယ်တွင် မတ်ပဲ ၁၂၉၈၃၆ ဧက၊ ဇလွန်မြို့နယ်တွင် ၇၄၀၀၈ ဧက၊ လေးမျက်နှာမြို့နယ်တွင် ၅၂၅၇၁ ဧက၊ မြန်အောင်မြို့နယ်တွင် ၇၁၁၈၂ ဧက၊ ကြံခင်းမြို့နယ်တွင် ၂၂၀၇၄ ဧက၊အင်္ဂပူမြို့နယ်တွင်၆၈၆၄၄ ဧက စုစုပေါင်း ၄၁၈၃၁၅ ဧကစိုက်ပျိုး ခဲ့ပါတယ်။ ကွင်းဆင်းလေ့လာချက်များ အရ ဟင်္သာတခရိုင်ရဲ့ ပျမ်းမျှတစ်ဧက အထွက်နှုန်းမှာ ၁၀ ဒသမ ၉၂ တင်းဖြစ် ပြီး၊ စုစုပေါင်းအထွက် ခန့်မှန်းတင်း သိန်းပေါင်း ၄၅ ဒသမ ၆၈၊ မက်ထရစ် တန်အားဖြင့် ၁၄၉၂၂၂ မက်ထရစ်တန် ထွက်ရှိခဲ့ပါတယ်။ မျိုးအလေအလွင့်နှင့် အခြားနည်းဖြင့် သုံးစွဲမှုများကို နုတ် ပယ်ပါက ၁၄၈၉၂၂ မက်ထရစ်တန် ပိုလျှံမှုရှိနိုင်ပါတယ်။ မတ်ပဲဈေးဟာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ ပိဿာ ၂၀ တစ်တင်းကို ၂၈၀၀၀ကျပ်ဖြင့် ရောင်း ဝယ် မှုစတင်ခဲ့ပြီး ဖေဖော်ဝါရီလတွင် အနိမ့်ဆုံးဈေး ၂၅၄၀၀ ကျပ်ဖြစ်ပေါ်ခဲ့ ပါတယ်။ ထို့နောက် ဈေးအတက် ဘက်သို့ဆက်လက်ဦးတည်ခဲ့ရာ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ဒုတိယပတ်မှာ ၄၈၀၀၀ ကျပ်ဈေးအထိ အမြင့်ဆုံးမြင့် တက်ခဲ့ရာ ထွက်ရှိချိန်နဲ့ နောက်ဆုံး ဈေးဟာ တစ်တင်းကို ၂၀၀၀၀ ကျပ် အထိ ပိုမိုတက်လာကြောင်း သိရှိရပါ တယ်။

ဟင်္သာတခရိုင်အတွင်းရှိမြို့နယ် များအနေနဲ့ ဇလွန်မြို့နယ်မှလွဲပြီး ကျန်မြို့နယ်များမှာ ဟင်္သာတမြို့ဈေး ကွက်သို့ အများဆုံးတင်ပို့ရောင်းဝယ် မှုပြုလုပ်ကြပြီး၊ ဟင်္သာတမှတစ်ဆင့် ရန်ကုန်ဈေးကွက်သို့ ဆက်လက်တင်ပို့ ရောင်းဝယ်မှုပြုလုပ်ကြပါတယ်။ ၂၀၁၅ ခုနှစ် မတ်ပဲဈေးဟာ အဖွင့်ဈေးနဲ့ နောက်ဆုံးအမြင့်ဆုံးဈေးမှာ တစ်တင်း ကို ၂၀၀၀၀ ကျပ်ခန့် ကွာခြားလာတဲ့ အတွက် စိုက်ပျိုးထုတ်လုပ်သူပွဲစား၊ ကုန်သည်များအနေနဲ့ ဈေးကွက်အရ အမြတ်ရရှိသူများရှိသလို အရှုံးများ သူများလည်း အကြောင်းအမျိုးမျိုးရှိ လာတဲ့အတွက် ငွေကြေးကိစ္စများ ရှင်းလင်းရခြင်း၊ မရှင်းလင်းနိုင်သူ များရှိခြင်းတို့ကြောင့် တောင်သူ၊ ပွဲစား၊ ကုန်သည်များအနေနဲ့ တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးမှုများ ပျက်ပြားလာကြ သလို မတ်ပဲဈေးတက်လာလို့ မတ် သွားသောသူများရှိသကဲ့သို့ ငွေကြေး ကိစ္စများကြောင့် စိတ်ဝမ်းကွဲသွားသော သူများလာကြပြီး၊ ၂၀၁၆ ခုနှစ် ရောင်း ဝယ်မှုများပြုလုပ်ချိန်မှာ မတ်နေသော ပဲအနေနဲ့သာ မြင်တွေ့လိုကြပြီး ကွဲ ကွာသူများ ထပ်မံ မဖြစ်ပေါ်စေရေး အတွက် အသိတရားများနဲ့သာ ရောင်း ဝယ်မှုပြုလုပ်သွားသင့်ကြောင်း မတ် (ကွဲ)မဖြစ်စေလိုကြောင်း ဆန္ဒပြုလိုက် ပါတယ်။

**လှိုင်ထွဋ်-ဟင်္သာတ**

## မျှစ်ချိုးလို့ ဝင်ငွေတိုး

ယင်းမာပင်မြို့ဟာ အရှေ့ဘက်မှာ အင်ကြင်းတောင်ကြီးဝိုင်း၊ ဖိုလ် ဝင်တောင်ကြီးဝိုင်း၊ အနောက်ဘက်မှာ ယော၊ ဆောတောင်ကြောကြီးက ကာရံထားသလို မြောက်ဘက်နဲ့တောင်ဘက်မှာ ယမားချောင်းကြီးများက ရစ်ခွေစီးဆင်းနေပါတယ်။ ဒီလိုသဘာဝမြစ်ချောင်းအင်းအိုင် တောင်စဉ် တောင်တန်းတွေကလည်း ဒေသခံတွေအဖို့ နေရေးမှအစ စားရေးအထိပါ အဘက်ဘက်က အထောက်အကူပြုနေတာကိုတွေ့မြင်ရပါတယ်။ ချောင်း မှင်း၊ တောင်မှပျားအစ ထင်းခြောက်အဆုံး ရှာဖွေနိုင်သလောက်ရရှိပါ တယ်။

ရာဇကျော်ရွာမှ တောင်သူကြီးတစ်ဦးက “ကျုပ်တို့ရွာနဲ့ အနီးတစ် ဝိုက်မှာ မန်ကျီးတစ်ထောင်၊ မင်းဇူး၊ တယ်ပင်ကန်ရွာကလေးတွေရှိတယ်။ ရွာသူရွာသားတွေက သနပ်ခါးနဲ့ရာသီပေါ် သီးနှံမျိုးစုံစိုက်ပျိုးကြပါတယ်။ ဖိုလ်ဝင်တောင်ကို အမှီပြုပြီး ဘုရားဖူးလာသူတွေကို မျောက်စာတို့ ကျောက်တောင်တွေမှာ ကပ်ပြီးပေါက်နေတဲ့ သစ်ခက်စိမ်းလေးတွေကို ခွေပြီး အပြန်လက်ဆောင် ကျောက်ခက်ပန်းခွေတွေတို့လုပ်ပြီးရောင်းကြ ပါတယ်။

ဒါကကျုပ်တို့ရဲ့ အဓိကအသက်မွေးဝမ်းကျောင်းပါ။ ခုလိုမိုးရာသီမှာ တော့ မျှစ်ချိုးထွက်ရပါတယ်။ တစ်မနက်ကို နှစ်ပိဿာ၊ သုံးပိဿာရတယ်။ ပြုတ်ပြီးရောင်းရင် တစ်ပိဿာ ၃၀၀၀ ကျပ်၊ အစိမ်းဆိုရင် ၂၀၀၀ ကျပ် ရောင်းရတယ်။ ဖိုလ်ဝင်တောင်မျှစ်လို့ခေါ်တာပေါ့။ နည်းနည်းတော့သေး တယ်။ တချို့ကလည်း မျှစ်ချဉ်သိပ်ထားကြတယ်။ ဖိုလ်ဝင်တောင် မျှစ်ချဉ် ကလည်း နာမည်ကြီးပါတယ်။ တစ်ပိဿာ ၄၀၀၀ ကျပ်မှ ၄၅၀၀ ကျပ်အထိ ဈေးရတယ်။ လူပိုရှိတဲ့သူတွေဆိုရင် သုံးယောက်အဖွဲ့၊ ငါးယောက်အဖွဲ့ ဖွဲ့ပြီး အနောက်ဘက်တောင်ကြောပေါ် တက်သွားကြတယ်။ နှစ်ညအိပ် လောက်နေပြီ မျှစ်ချိုးကြတဲ့အခါ အပြန်မှာ ပိဿာ ၅၀-၆၀ ရတယ်။

တောင်ကြောပေါ်မှာတော့ တစ်တောင်ကျော်ကျော်လောက်ရှိတဲ့ မျှစ်စို့ကြီးတွေရပါတယ်။ တစ်ပိဿာ ၅၀၀၊ ၆၀၀ ဆိုတော့ သုံး၊ လေးရက် အတွင်း ၂၅၀၀၀ ကနေ ၃၀၀၀၀ လောက်အထိရပါတယ်။ တစ်လကို လေးခေါက်ထားဦးတော့ အပိုဝင်ငွေက တစ်သိန်းကျော်ပဲ။ သီတင်းကျွတ်လ အထိတော့ လှိုင်လှိုင်ရနေမှာပါတယ်”လို့ ပြောကြားခဲ့ပါ တယ်။

ယင်းမာပင်မြို့နယ်က တောင်သူများဟာ တောင်ကြောတွေကိုအမှီ ပြုပြီး မျှစ်ချိုးရောင်းကြတဲ့အတွက် အပိုဝင်ငွေတွေရရှိနေကြတယ်လို့ သိရ ပါတယ်။

**သန်းပို-ယင်းမာပင်**

## ပြည်ပဲပုပ် ယခင်နှစ် ဈေးကိုမမီ

ပြည်ပဲဈေးကွက်မှာ အခြားပဲများ လက်ကျန်ပြတ်သွားပြီဖြစ်လို့ အရောင်းအဝယ်အေးခဲ့ပေမယ့် ပဲပုပ်သီးနှံမှာ လက်ကျန် အနည်းငယ်ရှိတဲ့အတွက် လက်လီသမားနေ့စဉ် အဝယ်ရှိခဲ့လို့ အိတ်အနည်းငယ်သာ အရောင်းအဝယ် ပုံမှန်ဖြစ်လျက်ရှိခဲ့ပါတယ်။

ပဲဈေးမှာ တစ်တင်း ၁၈၀၀၀ ကျပ်မှ ၁၈၅၀၀ ကျပ်သို့ ဈေးအနည်းငယ် တက်လာပေမယ့် ယခင်နှစ်ကဈေးထက်တော့ ဈေး လျော့နည်းသွားခဲ့ပါတယ်။ ယခင်နှစ် စက်တင်ဘာလ ပဲပုပ်ဈေးမှာ တစ်တင်း ၂၀၀၀၀ ကျပ်ရရှိခဲ့ပြီး ယခုနှစ်ကတော့ ပဲပုပ်ဈေးမှာ နှစ်စမှစလို့ ယခုချိန်ထိ ကျပ်နှစ်သောင်းအောက်သာရရှိခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## မုံရွာမြို့နယ် ကျောက္ကာ (တောင်) ကျေးရွာမှာ ခရမ်းစိုက်တောင်သူတိုးလာ

မုံရွာမြို့နယ်ဟာ ရေမြေသဘာဝအရ စပါး စိုက်ပျိုးမှု အားနည်းပေမယ့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံနဲ့ သစ်သီးဝလံပန်းမန်၊ ဟင်းသီးဟင်းရွက်များ အဓိက စိုက်ပျိုးဖြစ်ထွန်းလျက်ရှိတာတွေ့ရပါတယ်။

ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံကို မြို့နယ်အနှံ့အပြား မှာ စိုက်ပျိုးလျက်ရှိပေမယ့် သစ်သီးဝလံနဲ့ ဟင်းသီး ဟင်းရွက်ကိုတော့ မုံရွာ-အမြင့်လမ်းဘေးဝဲယာမြစ် ရေဝင်ကျေးရွာများနဲ့ မအူ၊ မြေနဲ၊ ဇီးကျွန်း၊ ကျောက္ကာ (တောင်) စတဲ့ကျေးရွာတွေမှာသာ အင်တိုက် အား တိုက် စိုက်ပျိုးလျက်ရှိတာတွေ့ရပါတယ်။

မုံရွာဒေသထွက် ဟင်းသီးဟင်းရွက်များထဲ က ခရမ်းသီးမှာ မုံရွာဈေးကွက်တွင်သာမက မန္တလေးဈေးကွက်ထိ တင်ပို့ရတဲ့ သီးနှံဖြစ်ရာ၊ တောင်သူတွေအားပြုစိုက်ပျိုးမှု နှစ်စဉ်တိုးပွားနေ တာ တွေ့ရပါတယ်။ ယခုနှစ်မှာတော့ မုံရွာ-အမြင့် လမ်းဘေးကျေးရွာတွေနဲ့ မအူကျေးရွာတို့မှာ မြစ် ရေဝင်ရောက်မှုကြောင့် ခရမ်းပင်များပျက်စီးမှုရှိခဲ့ လို့ မုံရွာမြို့နယ် အရှေ့ပိုင်း ကျည်းတောမြေတွေမှာ စိုက်ခဲ့ကြတဲ့ ကျောက္ကာ (တောင်)ရွာက ခရမ်းသီး တွေသာ ဈေးကွက်ထဲဝင်ရောက်လာနိုင်ပြီး ဈေး ကောင်းရရှိခဲ့ကြတယ်လို့ တောင်သူတွေကဆိုပါ တယ်။

ကျောက္ကာ(တောင်) ရွာက ခရမ်းစိုက်တောင် သူတွေအနေနဲ့ ခရမ်းစိုက်ရာမှာ မိုးစိုက်နဲ့ ရေသွင်း စိုက်ဆိုပြီး နှစ်မျိုးရှိရာ မိုးရေကိုသာ အမှီပြုစိုက်တဲ့ တောင်သူတွေ ယခုနှစ်မိုးရွာသွန်းမှုကောင်းခဲ့လို့ အဆင်ပြေတယ်လို့ တောင်သူဦးဘိုတင့်က ပြောပါ တယ်။ သူ့အနေနဲ့ ယခုနှစ် ဇွန်လဆန်းက မြေ သုည ဒသမ ၉၅၀ ဧကပေါ်မှာ ဗမာခရမ်းမျိုးအပင် ၉၅၀ စိုက်ခဲ့ကာ ၃ လသားအရွယ်မှစပြီး၊ အသီး ထောင်ခူးဆွတ်ခဲ့သလို ၃ ရက်ခြား ခူးဆွတ်နေရလို့ ယနေ့အထိ ပိဿာ ၂၀၀၀ ကျော်အတွင်းရပြီးပြီလို့ သိရပါတယ်။

အစောဆုံးခူးဆွတ်ချိန်က ခရမ်းသီး တစ် ပိဿာ ဒိုင်သွင်းဈေး ၉၀၀ ကျပ်အထိ ရရှိခဲ့ပြီး၊ ယနေ့မှာတော့ တစ်ပိဿာ ၄၀၀ ကျပ်မှ ၅၀၀ ကျပ် အတွင်း ပေါက်ဈေးရှိတယ်လို့ သိရပါတယ်။ အဆို ပါတောင်သူအနေနဲ့ ခရမ်းအပင် ၉၅၀ စိုက်ပျိုးကုန် ကျစရိတ်ဟာ ကျပ်ငါးသိန်းကျော်သာရှိပြီး၊ သူ့ ခရမ်းခြံမှာ တပို့တွဲလအထိ ခူးဆွတ်နိုင်ပြီး ပိဿာ ချိန် ၁၀၀၀၀ ခန့်ရရှိနိုင်လို့ ပျမ်းမျှတစ်ပိဿာ ၄၀၀ ကျပ်နှုန်းနဲ့တွက်ရင် ကျပ်သိန်း ၄၀ အထိ ဝင်ငွေရ နိုင်တယ်လို့ဆိုပါတယ်။

ခရမ်းစိုက်ပျိုးခြင်းဖြင့် အကျိုးဖြစ်ထွန်းမှု ရရှိ သဖြင့် ကျောက္ကာ (တောင်) ကျေးရွာမှာ တောင်သူ ၁၀၀ ခန့်ဟာ ရာသီအလိုက် ခရမ်းပင်ကို နှစ်စဉ်တိုး ချဲ့စိုက်ပျိုးလျက်ရှိတယ်လို့ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ချင်း

### ရှမ်းချင်း

အောင်ပန်းဈေးကွက်မှာတော့ ချင်းသစ်တွေစပြီးဝင်လာပါပြီ။ အရင်လကတော့မိုးများပြီး အပင်သေ၊ ဝါပြီး ထိပ်ပုပ်တဲ့အပင်တွေက မဖော်မဖြစ်ဖော်ရတာကြောင့် ဈေးကွက်မှာဝင်လာတဲ့ ချင်းသစ်တွေက အနုတွေသာများတယ်လို့လည်း သိရပါတယ်။ အခုတစ်ပတ်မှာတော့ ချင်းတက်သစ်တွေကဖော်လို့ရတဲ့ အခြေအနေဖြစ်ပြီး အရင်တစ်ပတ်ကထက်လည်း ရင့်လာကြပြီဖြစ်တာကြောင့် ဖော်ရတာလို့ သိရပါတယ်။ ချင်းစိုအသစ်က ချင်းဉမထက် အထားခံတာကြောင့် လှောင်လက်တွေကရော၊ ကုန်သည်တွေကပါပိုပြီး သဘောကျနှစ်ခြိုက်ကြတယ်လို့ သိရပါတယ်။ ချင်းတက်က တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်တဲ့ သီးနှံဖြစ်တာကြောင့် ချင်းဉမလို ခပ်မြန်မြန် မရောင်းရင်လည်း ရတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ်ချင်းသစ်က တစ်ပိဿာ ၅၀၀၀ ကျပ်ပေါက်ဈေးရှိပြီး၊ ချင်းဟောင်း လက်ကျန်ဈေးက တစ်ပိဿာ ၇၀၀၀ ကျပ်ဈေးရှိပါတယ်။ ချင်းစိုဈေးကောင်းတဲ့ အချိန်ကစပြီး ချင်းခြောက်ကိုလည်း သိပ်ပြီးမလုပ်ဖြစ်ကြတော့လို့ ချင်းခြောက်ကလည်း လက်ကျန်မရှိတော့ သလောက်ဖြစ်နေပြီး အရောင်းအဝယ်ကလည်း အေးနေပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်းသစ်တွေ ထပ်ပြီးမဝင်လာတာရယ် ချင်းတက်သစ်တွေ မဝင်သေးတာရယ်ကြောင့် ဈေးကွက်မှာလည်း ချင်းဈေးက ဈေးကွက်ပြတ်သွားပါပြီ၊ ဟိုပုံးချင်းက ဈေးကွက်ကို ၁၂ လပိုင်းမှသာ ပြန်ပြီးအဝင်ရှိတော့မှာဖြစ်တယ်လို့ သိရပါတယ်။ ဟိုပုံးချင်းစိုက တစ်ပိဿာ ၈၀၀ ကျပ်၊ ချင်းခြောက်က တစ်ပိဿာ ၃၀၀၀ ကျပ်နဲ့ ဈေးပိတ်သွားတယ်လို့ ဟိုပုံးဈေးကွက်က သတင်းရရှိပါတယ်။

**ဧခိုင်-တောင်ကြီး**

### ပြည်ဈေးကွက်သို့ ချင်းတက်အသစ်များဝင်ရောက်

ပြည်ချင်းဈေးကွက်ကို ယခုတစ်ပတ်မှာ အောင်ပန်းနဲ့တောင်ကြီးဘက်မှ ချင်းတက်အသစ်များ စတင်ဝင်ရောက်လာပြီး စီးဝင်မှုအဖြစ် အောင်ပန်းဘက်မှ ပိဿာ ၃၀ ဝင်အိတ် ၅၀ ခန့်အဝင်ရှိပြီး ဈေးအမျိုးမျိုးနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။

ချင်းအသစ်ကတော့ တစ်ပိဿာ ၈၀၀ ကျပ်-၁၀၀၀ ကျပ်ဈေးနဲ့ ရောင်းချတယ်လို့ ချင်းပွဲရုံတွေက တစ်ဆင့်သိရပါတယ်။ ယခုတစ်ပတ်ဒေသတွင်း ပွဲရုံများတွင် လက်လီလက်ကား ရောင်းဝယ်သူများ၊ ချင်းခားလှီးသမားများက ပိဿာချိန် ၄၀၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး ဧရာဝတီတိုင်း ဒေသကြီးနှင့် ရခိုင်ပြည်နယ်ဘက်သို့ ပိဿာချိန် ပျမ်းမျှ ၅၀၀ ခန့်ကို ယခုတစ်ပတ်အတွင်း ဈေးကွက်မှတစ်ဆင့် တင်ပို့ခဲ့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

### စစ်တွေမှ ချင်းစိုပုံမှန်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာလ တတိယပတ်မှာလည်း ကန်ဒေါ်လာ ၁၄၄၄၀ တန်ဖိုးရှိ ချင်းစို ၁၉ တန်ကို တင်ပို့မှုရှိခဲ့ပါတယ်။ ယခင်တစ်ပတ်ကတော့ ၉ တန်သာ တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်ချင်းစို တင်ပို့မှုပိုမိုလာတာ တွေ့ရပါတယ်။ စစ်တွေကုန်သွယ်ရေးရဲ့ ငွေလဲနှုန်းများအရ ချင်းစိုတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးဟာ ၉၇၆၂၈၀ ကျပ် ဖြစ်တယ်လို့သိရပါတယ်။

**မော်မော်အောင်**

## နနွင်း

### စင်ကာပူနဲ့ အာရပ်ကိုနနွင်းတင်ပို့

စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်သီတင်းပတ်အတွင်း နနွင်း ၈၄ ဒသမ ၄၆၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၂၈၆၀၀ တန်ဖိုးရှိ နနွင်းတန် ၄၀ ကို အာရပ်နိုင်ငံကိုလည်းကောင်း၊ ကန်ဒေါ်လာ ၃၃၀၄ ဒသမ ၇၃ တန်ဖိုးရှိ နနွင်း ၄၄ ဒသမ ၄၆၅ တန်ကို စင်ကာပူ နိုင်ငံကိုလည်းကောင်း တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန်တစ်ရာကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၇ တန်ကျော်တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### စခန်းစုံမှ နနွင်းတက်တင်ပို့

စက်တင်ဘာလ တတိယပတ်အတွင်း မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃၄၂၅၈ တန်ဖိုးရှိ နနွင်းတက် ၄၇ တန်ခွဲ၊ မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁၀၂၂၄ တန်ဖိုးရှိ နနွင်းတက် ၁၄ တန်ခွဲနဲ့ စစ်တွေကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၃၂၀၀ တန်ဖိုးရှိနနွင်းတက် ၂တန် တင်ပို့ခဲ့ပါတယ်။ယခင်တစ်ပတ်က စစ်တွေကုန်သွယ်ရေးစခန်း တစ်ခုတည်းကသာ နနွင်းတက်တင်ပို့နိုင်ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှ နနွင်းတက် တစ်တန်ကို မိမိဘက်ပေါက်ဈေး (ငွေလဲနှုန်းအရ) ၉၂၃၀၆၅ ကျပ်၊ မြဝတီကုန်စည်ဒိုင်မှာ ၁၄၂၇၆၀၀ ကျပ်နဲ့ စစ်တွေမှာတော့ ၂၀၅၂၈၀၀ ကျပ်ဈေး အသီးသီးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ရှမ်းနနွင်း

ရှမ်းပြည်နယ်တောင်ပိုင်းမှာ ဒီနှစ်က အောင်ပန်းနနွင်းထက် ဟိုပုံးနနွင်းကပိုပြီး အရောင်းသွက်နေပါတယ်။ အောင်ပန်းဈေးကွက်မှာတော့ နနွင်းနဲ့ ချင်းခြောက်က တစ်နှစ်ပတ်လုံးနီးပါး အရောင်းအေး၊ ဈေးအေးနေတယ် လို့လည်း သိရပါတယ်။ အောင်ပန်းဈေးကွက်ကိုဝင်တဲ့ နနွင်းကို ရန်ကုန်ဝယ်လက်ကပဲ အဝယ်ရှိနေပါတယ်၊ ရေကြောင်းကတစ်ဆင့်သွားရတဲ့ ဝယ်လက်တွေက အဓိကဝယ်ယူကြတယ်လို့ သိရပါတယ်။ တစ်ပတ်အတွင်း ပိဿာချိန် တစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးနှုန်းတွေကတော့ တစ်ပိဿာကို ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးနနွင်းကတော့ အောင်ပန်းနနွင်းထက် အရောင်းသွက်ပါတယ်။ မူဆယ်ဝယ်လက်တွေက ဝယ်လို့ အရင်နှစ်တွေကထက်တော့ ပိုပြီးအရောင်းအဝယ်ဖြစ်တယ်လို့လည်း သိရပါတယ်။ အခုလောလောဆယ် တော့ ဈေးကွက်မှာအဝင်မရှိတော့ပါဘူး၊ ပွဲရုံလက်ကျန်တွေနဲ့သာ အရောင်းအဝယ်ဖြစ်နေတယ်လို့လည်း သိရပါတယ်။ မူဆယ်ဝယ်လက်တွေက ဟိုပုံးနနွင်းကို တစ်ပိဿာ ၁၆၀၀ ကျပ်ဈေးနဲ့ ပိဿာချိန် တစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။

**ဧခိုင်-တောင်ကြီး**

## မန်ကျည်း

### မန်ကျည်းတန်ချိန် ၁၀၀ တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်သီတင်းပတ်အတွင်း မန်ကျည်း တန် ၁၀၀ ကို ဘူဂေးရီးယားနိုင်ငံကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်အပို့ပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်မှာ ပြန်လည်တင်ပို့နိုင်ခဲ့တာ ဖြစ်ပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၇၅၀၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## သီဟိုဠ်

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ တန် ၃၀ ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်တာကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၈၇ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၃၁ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့နှိုင်းယှဉ်ပါက ၈၇၀ ကီလိုဂရမ် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ယခုတစ်ပတ်တွင် သီဟိုဠ်စေ့ တင်ပို့နိုင်ခဲ့ခြင်း မရှိခဲ့ပေမယ့် ယခင်တစ်ပတ်က ၃ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်း ကုန်သွယ်ရေးစခန်းကတော့ ယခုတစ်ပတ်မှာ တင်ပို့နိုင်ခြင်းမရှိခဲ့သလို ယခင်တစ်ပတ်ကလည်း တင်ပို့နိုင်ခြင်း မရှိခဲ့ဘူးလို့ သိရပါတယ်။

**ခင်မြနွယ်**

## ကြက်သွန်

### ကြက်သွန်နီတင်ပို့မှုလျော့နည်း

မြဝတီကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ တတိယပတ်အတွင်း ကန်ဒေါ်လာ ၁၀၁၀၁၇ တန်ဖိုးရှိ ကြက်သွန်နီ ၂၀၉ တန်၊ တာချီလိတ်ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၁၈၇၃၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၅၀ ကို လည်းကောင်း၊ စစ်တွေကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၅၂၁၆၅ တန်ဖိုးရှိတဲ့ ကြက်သွန်နီ ၁၀၈ တန်၊ မောင်တော ကုန်သွယ်ရေးမှ ကန်ဒေါ်လာ ၉၉၉၉ တန်ဖိုးရှိ ကြက်သွန်နီ ၂၆တန်ခွဲကို လည်းကောင်း အသီးသီး တင်ပို့ခဲ့ပါ တယ်။

မူဆယ်စခန်းမှ ယခင်တစ်ပတ်က ၅ တန်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်တွင် ကြက်သွန်နီတင်ပို့မှု မရှိခဲ့ပါဘူး။ ယခင်သီတင်းပတ်က မူဆယ်၊ မြဝတီ၊ တာချီလိတ်နဲ့ စစ်တွေစခန်းလေးခုမှ ကြက်သွန်နီ ၅၈၂ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် ကြက်သွန်နီတင်ပို့မှု လျော့နည်းသွားတာ တွေ့ရပါတယ်။ တာချီလိတ်ကုန်သွယ်ရေးကတော့ ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ ကြက်သွန်ဖြူ တန် ၂၀၀ ကို ကန်ဒေါ်လာ ၂၄၆၆၅၆ ဖိုး တင်ပို့လာခဲ့ပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ကြက်သွန်နီဈေး အနည်းငယ်မာနေသော်လည်း အရောင်းအဝယ်အေးနေတယ်လို့ ကြက်သွန်လက်ကားဈေးကွက်မှ သိရပါတယ်။

နယ်မှာ ကြက်သွန်ကုန်နည်းနေသော်လည်း ဈေးကွက်အတွင်း အရောင်းအဝယ်အေးနေတာကြောင့် အခုလို ဈေးငြိမ်နေတာလို့ ကြက်သွန်လုပ်ငန်းရှင်တွေက ပြောကြားပါတယ်။ ဘုရင့်နောင် ကုန်စည်ဈေးကွက်အတွင်း ကြက်သွန်နီ တစ်ပိဿာဈေးနှုန်းများမှာ (ဆိပ်ဖြူရှယ် ၁၀၅၀ ကျပ်၊ လက်ကြီး ၉၅၀ ကျပ်နဲ့ လက်သန့် ၈၅၀ ကျပ်၊ ကြက်သွန်ဖြူ တစ်ပိဿာ ကြူကုတ်(ရှယ်) ၂၅၄၀ ကျပ်၊ အောင်ပန်းထူး(၂) ၂၆၅၀ကျပ်နဲ့ အောင်ပန်းထူး(၃) ၂၈၅၀ ကျပ်ဈေး အသီးသီးရှိကြောင်း သိရှိရပါတယ်။ဒေသအတွင်း ကြက်သွန်နီ/ဖြူ ဈေးနှုန်းများ မြင့်တက်မသွားစေဖို့နဲ့ မှောင်ခိုဈေးကွက် မဖြစ်ပေါ်စေဖို့အတွက် ထိန်းသိမ်းတဲ့အနေနဲ့ ကြက်သွန်အိတ်များကို တစ်ရက်လျှင် အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်လုပ်ပေးနေရတာလို့ နယ်မှ ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးထံမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**



### ယခုနှစ် ကြက်သွန်နီဈေး အတက်သာရှိနိုင်တယ်လို့ ပွဲရုံပိုင်ရှင်များက ပြော

ပြည်ပွဲရုံရှိ ကြက်သွန်နီပွဲရုံများတွင် အရောင်းအဝယ်တွေ ဆက်တိုက်ဖြစ်တယ်လို့ သိရပါတယ်။ စက်တင်ဘာ စတုတ္ထပတ်အတွင်း ကြက်သွန်နီဈေးအတက်သာဖြစ်ဖို့ရှိတယ်လို့ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။ ပွဲရုံများတွင် လက်ကျန်နည်းလာပြီး နယ်မှကုန်သည်များ၏ အဝင်ပေါ် မူတည်ပြီး ဈေးတက် နိုင်ဖွယ်သာရှိတယ်လို့ ခန့်မှန်းကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်နီပွဲရုံဈေး (ကြီး၊ လတ်၊ သေး) ၁၂၅၀ ကျပ်၊ ၁၁၅၀ ကျပ်၊ ၁၀၅၀ ကျပ်ဖြစ်ပြီး ဒေသတွင်းရောင်းဈေးကတော့ တစ်ပိဿာကို (ကြီး၊ လတ်၊ သေး) ၁၄၀၀ ကျပ်၊ ၁၃၅၀ ကျပ်၊ ၁၂၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ပြုနေပါတယ်။ ဆိတ်ဖြူ ပခုက္ကူဘက်မှ အဝင်ရှိပါတယ်။ ရက်ခြားအိတ်ရေ ၁၈၀၀ လောက်အဝင်ရှိပြီး ရခိုင်ဘက်မှ ဝယ်လက်များကလည်း နေ့စဉ်အိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။ **နီနီဝင်း-ပြည်**

Vol: 15, No.37 Monday September 28 2015

# အက်ဖ်တီဇီအေ အမြန်ယာဉ်နဲ့ လိုက်ပါဖို့ ပြင်ဆင်ခြင်း သို့မဟုတ် ကျွန်တော်တက်ရောက်ခဲ့တဲ့ သင်တန်းအတွေ့အကြုံ

| ခပ်လျှန်စွမ်း |

ယနေ့ခေတ်ကို “ဂလိုဘယ်လိုက်ဇေးရှင်း” ခေတ်လို့ခေါ်ဆိုကြပြီး လုပ်ရှားမှုတိုင်းက ကမ္ဘာ့အတိုင်းအတာနဲ့ စဉ်းစားဆောင်ရွက်နေတာကို တွေ့မြင်နေရပါတယ်။ နယ်ပယ်အသီးသီးမှ လှုပ်ရှားမှုတွေက ကမ္ဘာ့နဲ့ချီပြီး ဖြစ်ပေါ်နေပါတယ်။ လူ့အဖွဲ့အစည်းတစ်ခု နိုင်ငံတစ်နိုင်ငံအတွက် အရေးပါတဲ့ ကုန်သွယ်မှုကလည်း တစ်ပြေးညီ ပြုပြင်ပြောင်းလဲလျက်ရှိရာ ကုန်သွယ်မှုဖြေလျှော့မှုများကို အစဉ်တစိုက် ပြုလုပ်လာကြသလို နှစ်နိုင်ငံ ဒါမှမဟုတ် နိုင်ငံစုံ ကုန်သွယ်မှုများမှာ လွတ်လပ်စွာကုန်သွယ်မှုသဘောတူစာချုပ်များကို ချုပ်ဆိုပြီး ကုန်သွယ်မှုအဆင်ပြေ ချောမွေ့စေရေးကို ဆောင်ရွက်လျက်ရှိကြပါတယ်။

ကမ္ဘာ့စီးပွားရေးအခင်းအကျင်းမှာ အမေရိကန်၊ တရုတ်၊ ဂျပန်စတဲ့ နိုင်ငံများကလည်းတစ်နိုင်ငံချင်းအလိုက် လွတ်လပ်စွာကုန်သွယ်မှု သဘောတူ စာချုပ်များ ချုပ်ဆိုနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြသလိုအေပက်၊ အာဆီယံ၊ ဥရောပသမဂ္ဂတို့ကလည်း အဖွဲ့အစည်းတွေအလိုက် အက်ဖ်တီအေစာချုပ်များ ချုပ်ဆိုနိုင်ရေး အတွက် ကြိုးပမ်းလျက်ရှိပါတယ်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံအနေနဲ့လည်း လျင်မြန်စွာပြောင်းလဲလျက်ရှိတဲ့ အခင်းအကျင်းမှာ ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းမှုတစ်ရပ်အဖြစ် “2015 Seminar on Strategy of free Trade Zone for Developing Countries” ဆိုတဲ့ နှီးနှောဖလှယ်ပွဲကို ကျင်းပပြီး ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ ကုန်သွယ်ရေးလှုပ်ရှားမှုများကို စည်းချက်ညီညီ လုပ်သွားနိုင်ရေးအတွက် ကြိုးပမ်းလာခဲ့ပါတယ်။

အဲဒီနှီးနှောဖလှယ်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ ဇူလိုင်လ ၁ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပခဲ့ရာစီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနရဲ့ စေလွှတ်ချက်အရ တက်ရောက်လေ့လာခွင့်ရခဲ့ပါတယ်။

နှီးနှောဖလှယ်ပွဲကို Academy for International Business Officials (AIBO) ကဦးစီး ကျင်းပပေးတာ ဖြစ်ပါတယ်။ အဲဒီနှီးနှောဖလှယ်ပွဲမှာ ဘာသာရပ်ပေါင်း ၁၆ ခုပါဝင်ပြီး နှီးနှောဖလှယ်ပွဲနဲ့အတူ ပေကျင်း၊ ဂျန်းဒေါင်းနဲ့ ရှန်ဟဲမြို့တို့သို့ လေ့လာရေးခရီးစဉ်များလည်း ပါဝင်ပါတယ်။

Seminar မှာ ပညာရှင်များလာရောက် ဆွေးနွေးချက်များထဲက တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှု ကြိုးပမ်းရေးနဲ့ ဖွံ့ဖြိုးမှုပုံစံ အကြောင်းကို အနည်းငယ်ကောက်နုတ်အသိပေးလိုပါတယ်။ ၁၉၄၉ မှ ၁၉၇၆ ခုနှစ်အထိ တရုတ်ခေါင်းဆောင် မော်စီတုန်းလက်ထက် ဆိုဗီယက်ပြည်ထောင်စုပုံစံ စီးပွားရေးစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးခဲ့ သော်လည်း အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ကြောင်း၊ ၁၉၈၀ ခုနှစ်နဲ့ မျိုးတို့ရဲ့ ကြိုးစားအားထုတ်မှုတို့ကြောင့် အံ့သြလောက်အောင် တိုးတက်ခဲ့တာကို မြင်တွေ့ခွင့်ရခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ စီးပွားရေးနိုးထလာရခြင်းမှာ ၁၉၇၀ခုနှစ် တံခါးဖွင့်စီးပွားရေး မူဝါဒ ကျင့်သုံးလာရခြင်း ကြောင့်ဖြစ်သလို တိန့်ရှောင်ဖိန့်ရဲ့ ရဲရင့်ပြတ်သားတဲ့ စီးပွားရေးမူဝါဒကို ကျင့်သုံးကတည်းက စီးပွားရေး တံခါးပွင့်လာခြင်း ဖြစ်ကြောင်း၊နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကို တိုက်ရိုက်ဆောင်ရွက်ခြင်းကြောင့် ပိုမိုအကျိုးရှိကြောင်း ၂၀၁၁ ခုနှစ် နောက်ပိုင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပိုမိုဝင်ရောက်လာရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံအထိ ရှိလာကြောင်း၊ ၂၀၀၁ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ကစပြီး တရုတ်နိုင်ငံဟာ ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့ကြီးရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာတဲ့အချိန်ကစပြီး နိုင်ငံတကာနှင့် ကုန်သွယ်မှုတိုးတက်လာကြောင်း၊ ၂၀၁၃ခုနှစ် အရောက်မှာ တရုတ်နိုင်ငံရဲ့ ပို့ကုန်၊သွင်းကုန်တန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၆ ဘီလီယံရှိရာ ကမ္ဘာ့နံပါတ် တစ်နေရာသို့ရောက်ရှိသွားခဲ့ပါတယ်။ အဲဒီပမာဏဟာ ၁၉၇၈ခုနှစ်က ကုန်သွယ်မှုပမာဏထက် အဆ ၂၀၀ ရှိခဲ့ကြောင်း၊ နိုင်ငံခြားအကူအညီပေးရေးမှာ ၂၀၀၉ ခုနှစ် နောက်ပိုင်း နိုင်ငံပေါင်း ၁၆၀ နိုင်ငံကို ဒေါ်လာ ၂၅၇ ဘီလီယံ ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်း ၃၀ ကျော်မှာ ပါဝင်နေတဲ့ ဆင်းရဲတဲ့ နိုင်ငံတွေရဲ့ ကြွေးမြီတွေလည်းလျှော်ပစ်ပေးခဲ့ပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများကိုလည်း အကောက်ခွန် အတားအဆီးကို သုညအဆင့်အထိ လျှော့ချသတ်မှတ် ထားရှိပေးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ဒီဆွေးနွေးပွဲမှာ ထူးခြားတာက အရှေ့အာရှက နှစ်နိုင်ငံတည်းသာ ပါဝင်ပြီးတော့ ကျန်တဲ့ကိုယ်စားလှယ်တွေက အရှေ့အလယ်ပိုင်းနိုင်ငံ၊ တောင်အမေရိကနိုင်ငံတွေ၊ အရှေ့ဥရောပနိုင်ငံတွေ၊ အာဖရိကနိုင်ငံတွေ၊ ပစိဖိတ်ကျွန်းနိုင်ငံများမှ ကိုယ်စားလှယ်တွေ တက်ရောက်ကြတာဖြစ်ပါတယ်။**

၁၉၉၀ ခုနှစ် ဝန်းကျင်များမှာ တိန့်ရှောင်ဖိန်ဟာ တံခါးဖွင့် ဈေးကွက်စီးပွားရေး စီမံကိန်းစနစ်ကိုစတင် လိုက်တဲ့အခါ အကြီးအကျယ်ပြောင်းလဲလာခဲ့ကြောင်း၊ တံခါးဖွင့် စီမံကိန်းကိုစတင်လိုက်တဲ့ အချိန်ကစပြီး နိုင်ငံရပ်ခြားကုန်သွယ်ရေးနဲ့ဆိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ အထူးစီးပွားရေးဇုန် ထူထောင်ခြင်းတွေအထိ လုပ်ငန်းများတိုးချဲ့လုပ်ကိုင်တဲ့နိုင်ငံ ဖြစ်လာခဲ့တယ်လို့သိရှိရပါတယ်။

၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာ တရုတ်နိုင်ငံဟာ စီးပွားရေးကဏ္ဍမှာ အသွင်သဏ္ဍာန်ရော အနှစ်သာရပါ ပြောင်းလဲလာခဲ့ပါတယ်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနဲ့ အထူးတံခါးဖွင့် ဆိုရှယ်လစ်စီးပွားရေးစနစ်အရ တည်ဆောက်လာတဲ့ အခြေအနေကြောင့် တရုတ်နိုင်ငံကြီး တိုးတက်လာရခြင်းဖြစ်ပါတယ်။ နိုင်ငံရေးဘက်မှာ ကွန်မြူနစ်ပါတီဟာ နိုင်ငံကိုဦးဆောင်မှုပေးတဲ့ အဖွဲ့ကြီးဖြစ်လာကြောင်း၊ နိုင်ငံတော်ရဲ့ ရည်မှန်းချက်အနေဖြင့်လည်း တရုတ်လူမျိုးများ ချမ်းသာတဲ့လူ့ဘဝကို ခံစားနိုင်ဖို့ပင်ဖြစ်ကြောင်း၊ တရုတ်လူမျိုးတို့ရဲ့ အလုပ်ကြိုးစားမှုနှင့် စီးပွားရေးမူဝါဒ ချမှတ်မှုများ အံဝင်ခွင်ကျဖြစ်တဲ့အတွက်ကြောင့် စီးပွားရေးမှာ အောင်မြင်မှုရရှိခဲ့ကြောင်း၊ လက်ရှိနိုင်ငံရဲ့ တိုးတက်မှုကို ကြည့်ရင် စီမံခန့်ခွဲမှုကောင်းခြင်း၊ နည်းပညာတိုးတက်ခြင်း၊ စက်ရုံအလုပ်ရုံများရဲ့ ကုန်ထုတ်လုပ်အား မြင့်မားမှု၊ တရုတ်လူ

## ကျွန်တော့်အမြင်

၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှ ၂၁ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံပေကျင်းမြို့မှာ ကျင်းပပြုလုပ်တဲ့ 2015 Seminar on Strategy of Free Trade Zone for developing Countriesကိုတက်ရောက်တဲ့အခါ ကျွန်တော် ဒီဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး ကျွန် တော့်အမြင်အချို့ကိုပြောပြချင်ပါတယ်။ တက်ရောက်လာတဲ့ ကိုယ်စားလှယ်များရဲ့ အထွေထွေ ကုန်ကျစရိတ်တွေကို အကုန်အကျခံခဲ့တာဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ထားရှိတဲ့ရည်ရွယ်ချက်ကြီးမားတာ ကိုတွေ့ရပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများဟာ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ရဲ့ လုပ်ငန်းစဉ်များ၊ ဆက်နွယ်မှုများ၊ သဘောတူညီချက်များနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အခန်းကဏ္ဍကျယ်ဝန်းပုံကို သိစေလိုတဲ့ သဘောဖြစ်ပါတယ်။

တရုတ်ပြည်သူ့သမ္မတ နိုင်ငံဟာ WTO ကို အဖွဲ့ဝင်အဖြစ် ပါဝင် ခွင့်ရရှိတာဟာနှစ် အနည်းငယ် သာရှိသေးသော်လည်း တရုတ်နိုင်ငံ အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ (Developing Countries) အပေါ် လွှမ်းမိုးနိုင်စွမ်းရှိကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်အခြားနိုင်ငံများကို ပြသလိုက်ခြင်းဖြစ်တယ်။ ဆွေးနွေးပွဲများတွင် နည်းပြဆရာ အတော်များများဟာ သူတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေ အရည်အသွေး ကောင်းမွန်ကြောင်း ထည့်သွင်းပြောကြားလေ့ရှိတာကို ထောက်ထားခြင်းအားဖြင့် သူ့ရဲ့ထုတ်ကုန်များဟာ နိုင်ငံတကာ စံချိန်မီကြောင်း ပြသခြင်းဖြစ်တယ်လို့ ယူဆရပါတယ်။ ဒီဆွေးနွေးပွဲက တရုတ်နိုင်ငံရဲ့ စီးပွားရေးအဆောက်အအုံ ခိုင်မာမှုရှိကြောင်းပြတဲ့ ဆွေးနွေးပွဲတစ်ပွဲ ဖြစ်ပါတယ်။ မဝေးတော့တဲ့ကာလမှာ တရုတ်နိုင်ငံဟာကမ္ဘာ့စီးပွား ရေး ကို ဦးဆောင်ရန် မျှော်မှန်းချက်ထားကြပုံရပြီး ဖွံ့ဖြိုးဆဲနိုင်ငံအချို့ရဲ့ ပို့ကုန်များအပေါ် အခွန်ကင်းလွတ်ခွင့်ပြုတဲ့နည်းတူ သူတို့ရဲ့ကုန်ပစ္စည်းများအပေါ်မှာလည်း အကောက်ခွန် သက်သာခွင့်ရရှိလိုဟန် ရှိပါတယ်။

နည်းပြများရဲ့ ဆွေးနွေးချက်များမှာ စစ်အင်အားအကြောင်း မကြာခဏထည့်ပြောလေ့ရှိတာကို ထောက်ရှုခြင်းအားဖြင့် သူတို့ဟာ မဟာအင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်တာကို ပြသလိုတဲ့ သဘောရှိသလို ဆွေးနွေးပွဲမှာ တရုတ်ရိုးရာ အကြောင်း၊ တရုတ်စာပေနဲ့ တရုတ်လူမျိုးအကြောင်း မကြာခဏ ထည့်ပြောလေ့ ရှိတာကြောင့် သူတို့ရဲ့ စကားနဲ့ရိုးရာကို ကမ္ဘာကပိုမိုသိရန် လိုလားပုံရတယ်လို့ ခံယူမိပါတယ်။

### နှီးနှောဖလှယ်ပွဲနဲ့ လေ့လာရေးခရီးစဉ်ရဲ့ အကျိုးကျေးဇူးများ

ဒီဆွေးနွေးပွဲမှာ ထူးခြားတာက အရှေ့အာရှက နှစ်နိုင်ငံတည်းသာ ပါဝင်ပြီးတော့ ကျန်တဲ့ကိုယ်စား လှယ်တွေက အရှေ့အလယ်ပိုင်းနိုင်ငံ၊ တောင်အမေရိကနိုင်ငံတွေ၊ အရှေ့ဥရောပနိုင်ငံတွေ၊ အာဖရိကနိုင်ငံတွေ၊ ပစိဖိတ်ကျွန်းနိုင်ငံများမှ ကိုယ်စားလှယ်တွေ တက်ရောက်ကြတာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံချင်းအတူတူ ကျွန်တော်တို့နိုင်ငံကို မသိသေးတဲ့ နိုင်ငံအများအပြားရှိနေတာ တွေ့ရတော့ ဝမ်းနည်းချင်လာတယ်။ဒါပေမယ့် ဒီတစ်ခေါက် ဆွေးနွေးပွဲတက်လာတဲ့ ကိုယ်စားလှယ်အားလုံး သိအောင် အကောင်းဆုံးလုပ်ပြနိုင်ခဲ့ပါတယ်။သူများထက် ဆွေးနွေးပွဲမှန်အောင် တက်တယ်။ စည်းကမ်းကို တိတိကျကျ လိုက်နာတယ်။ သင်ခန်းစာကို ကြိုးစားပြီးဆွေးနွေးတယ်။ လေ့လာတယ်။ အဆောင်မှာလည်း တခြားနိုင်ငံက ကိုယ်စားလှယ်တွေနဲ့ ရင်းနှီးအောင် ပေါင်းတယ်။ ရောတယ်။ စကားပြောတယ်။ ဒီလိုနဲ့ ကမ္ဘာမှာ “မြန်မာဟေ့” လို့ ကိုယ်နည်းကိုယ်ဟန်နဲ့ လုပ်နိုင်ခဲ့လို့ ကျေနပ်မိပါတယ်။

ခရီးစဉ်ကာလအတွင်း တရုတ်နိုင်ငံအကြောင်း အနည်းငယ်သိလာရုံသာမကဘဲ သူတို့လူမျိုးရဲ့ရိုးရာ အလေ့အထများကို သိရှိလေ့လာခွင့် ရလာတယ်။ အများတကာ သွားတဲ့လမ်းမကြီးရဲ့ဘေးတို့ ပန်းခြံတို့မှာလည်း အမှိုက်တွေ့ရင် သန့်ရှင်းရေးဝန်ထမ်း အလာကို စောင့်မနေဘဲ ဝင်လုပ်တာမျိုးကို တွေ့ခဲ့ရပါတယ်။ အတုယူဖွယ်ရာတွေဖြစ်ပါတယ်။ဒါ့အပြင် ပညာရဲ့တန်ဖိုးကိုအလေးအမြတ်ထားပုံကိုလည်း လေးစားရပြန်ပါတယ်။ကျွန်တော်တို့ ဆွေးနွေးပွဲကိုလာရောက်တဲ့ ပညာရှင်တွေ၊ အငြိမ်းစားသံတမန်ကြီးတွေကို အချိန်နဲ့ ထိုက်တန်အောင် ညဏ်ပူဇော်ခ ချီးမြှင့်တာလည်း မြင်တွေ့နေရပါတယ်။ ကျွန်တော်တို့ဆီမှာလည်း ပညာရဲ့ တန်ဖိုးနဲ့ထိုက်တန်တဲ့ချီးမြှင့်မှုတွေ ပေးမယ်ဆိုရင် ပညာရှင်တို့ရဲ့ အနေအထား တိုးတက်လာလေမလားဆိုပြီး စိတ်ကူးမိခဲ့ပါတယ်။ပြီးတော့ကုန်သွယ်ရေး ဝန်ထမ်းတွေကလည်း တစ်ချိန်လုံး ဘယ်လိုလုပ်ရင် ကုန်သွယ်ရေး တိုးတက်မယ်ဆိုတာကိုပဲ ကြံဆကြတယ်။ ဒါလည်းပဲ ကျွန်တော်တို့ ဝန်ထမ်းတွေ အတုယူသင့်တယ်လို့ထင်ပါတယ်။

ဘာပဲပြောပြော ဖွံ့ဖြိုးပြီးနိုင်ငံကြီး တစ်နိုင်ငံမှာ အခုလို ဆွေးနွေးပွဲ တက်ရောက်ခွင့်ရတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။ ဒါ့ကြောင့်လည်း ဘာနဲ့ကျေးဇူးတုံ့ပြန်ရမလဲလို့ စဉ်းစားတဲ့အခါ ပထမဦးဆုံး အတွေ့အကြုံကို စာနဲ့ဝေမျှလိုက်ရင် အကောင်းဆုံးလို့သဘောရလိုက်ပါတယ်။ တစ်ဖက်ကလည်း စဉ်းစားပြန်တယ် အများကြီး ရေးရင်ကောင်းပါ့မလား၊ ဖတ်မယ့်လူက ပျင်းစရာကောင်းမှာလားပေါ့၊ လားပေါင်းများစွာနဲ့ ခေါင်းထဲမှာ အတွေးတွေနဲ့ နောက်ဆုံးဘာပဲဖြစ်ဖြစ် မှတ်တမ်းလေးတစ်ခုအဖြစ် ခရီးသွား အတွေ့အကြုံလေးကို စေတနာထား ရေးသားလိုက်ပါတယ်။

## ဓာတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ဓာတ်ဆီ၊ ဒီဇယ် တန်ချိန် ၅၆၀ ကျော် ဝင်

စက်တင်ဘာလ ၁၃ ရက် မှ ၁၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၀၅၇၉၇၇၆ တန်ဖိုးရှိ ဒီဇယ် ၂၉၆ ဒသမ ၁၁၃ တန်နဲ့ ကန်ဒေါ်လာ ၂၀၃၅၀၂၉၀ တန်ဖိုးရှိ ဓာတ်ဆီ ၂၆၅ဒသမ ၉၃၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းရန် သွင်းကုန်လိုင်စင် လျှောက်ထားခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီနဲ့ ဒီဇယ်ကို စင်ကာပူနဲ့ မလေးရှားနိုင်ငံတို့မှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဒီဇယ်အဝင်မှာ ၁၂၅တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၇၀ ကျော်၊ ယခင်တစ်ပတ်ဓာတ်ဆီအဝင်မှာ ၁၅တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ချိန်၂၅၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါအဝင် ပိုခဲ့ပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ စက်တင်ဘာ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါ ဈေးများမှာလည်း ယခင်တစ်ပတ် ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေး၁၀၀၀ ကျပ် ဝန်းကျင်အနည်းငယ်မြင့်လာတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ ဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း (95) မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၆၄၀ ကျပ်၊ အောက်တိန်း (92) ၆၉၀ကျပ်၊ အောက်တိန်း (95) ၇၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၈၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာ ၂၀ ရက်နေ့ ဓာတ်ဆီဝယ်ဈေး ၁၄၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးမှာ စက်တင်ဘာလ ၂၀ ရက်မှာ ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ တစ်ပတ်လုံးဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန် ဝယ်ဈေး၊ ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ် အရောင်းအဝယ်သမားတစ်ဦးထံမှ စုံစမ်းသိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီဈေးငြိမ်နေပြီး အောက်တိန်း၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီတစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၇၀ ကျပ်၊ ဒီဇယ် ၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၉၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ စက်တင်ဘာ ၂၀ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ရောင်းဈေး ၁၃၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ၂၃ ရက်နေ့တွင် ဝယ်ဈေး ၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးကျခဲ့တယ်လို့သိရပါတယ်။ ဓာတ်ဆီဈေးမှာ စက်တင်ဘာလ ၂၀ ရက်နေ့ ဝယ်ဈေး ၁၄၉၀၀၀ ကျပ်၊ရောင်းဈေး ၁၅၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၃၁၀၀ ကျပ်၊ ဒီဇယ် ၃၅၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ အောက်တိန်း၊၊ ဒီဇယ်မှာ ဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများက ဓာတ်ဆီ တစ်ဂါလန် ၃၆၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၀၆၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၇၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**MIRT-DOT**

### Energy NYMEX 24-9-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 44.78 | 0.03 | 0.67 |
| Brent Crude Futr (USD/bbl) | 47.99 | 0.24 | 0.50 |
| Gasoline Rbob Fut (Cent/gal) | 139.15 | 0.99 | 0.72 |
| Natural Gas Futr (USD/MMBtu) | 2.57 | -0.00 | -0.16 |
| Heating Oil Futr (Cent/gal) | 151.61 | 1.05 | 0.70 |

## ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာ

ယခုတစ်ပတ်အတွင်း ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ သွင်းကုန်များအနည်းငယ်ကျဆင်းသွားခြင်းကြောင့် ဈေးကွက်အတွင်း ဝယ်လိုအားများ ကျဆင်းသွားခဲ့သဖြင့် ပြည်တွင်းငွေလဲနှုန်းများ ကျဆင်းသွားခဲ့ရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

ဈေးကွက်အတွင်း ငွေလဲနှုန်းများ ကျဆင်းသွားခြင်းနှင့်အတူ ဗဟိုဘဏ်မှ သတ်မှတ်သည့်ရည်ညွှန်းငွေလဲနှုန်းများလည်း ကျဆင်းလာခဲ့ကြောင်း သိရ သည်။

ငွေလဲနှုန်းများသည်တစ်ပတ်အတွင်း လေးကျပ်ခန့် ကျဆင်းလာခဲ့ခြင်းဖြစ်ပြီး ဈေးကွက်အတွင်း အရောင်းအဝယ်မှာ ပုံမှန်အတိုင်းသာရှိနေကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲမှာ သွင်းကုန်သမားတွေလည်း နည်းသွားတယ်။ သွင်းကုန်ပိုင်းကလျော့သွားတော့ ဝယ်လိုအားလည်းကျသွားတယ်။ ဝယ်လိုအားကျသွားတဲ့အတွက် ဈေးကွက်ထဲမှာ နည်းနည်းလောက် ပြန်ကျလာတာပါ။ အမေရိကန်ဗဟိုဘဏ်ရဲ့ သဘောထား ထုတ်ပြန်ချက်တွေကြောင့်လည်း ဖြစ် နိုင်ပါတယ်။ ငွေလဲနှုန်းတွေကျသွားတဲ့အတွက် နည်းနည်းတော့ အရောင်းအဝယ်ပြန်ဖြစ်လာတယ်"ဟု ငွေလဲဈေးကွက်အတွင်းမှ ရောင်းဝယ်နေသူတစ်ဦးက ပြောကြားခဲ့သည်။

ငွေလဲနှုန်းများ အနည်းငယ်စီပြန်လည်ကျဆင်းလာသော်လည်း ပုဂ္ဂလိကဘဏ်အချို့တွင်မူ အကန့်အသတ်ဖြင့်သာ ရောင်းချနေသေးကြောင်း သိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှလည်း ပြင်ပပေါက်ဈေးနှင့်အတူ ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို လိုက်ပါလျှော့ချခဲ့ရာ စက်တင်ဘာ ၁၈ ရက်က ၁၂၉၂ ကျပ်သတ်မှတ်ခဲ့သော်လည်း စက်တင်ဘာ ၂၄ ရက်တွင် ၁၂၈၆ ကျပ်သို့ လျှော့ချသတ်မှတ်ခဲ့သည်။

ပြည်တွင်းငွေလဲဈေးကွက်တွင် စက်တင်ဘာလ ၂၀ရက်နေ့က ရောင်းဈေး ၁၂၉၂ကျပ်၊ ဝယ်ဈေး ၁၂၈၈ ကျပ်ဖြင့် ရောင်းဝယ်ခဲ့သော်လည်း စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရောင်းဈေး ၁၂၈၇ ကျပ်၊ ဝယ်ဈေး ၁၂၈၄ကျပ်သို့ ကျဆင်းခဲ့သည်။

**မယ်သီတာ**

## မြန်မာ့ရွှေဈေးကွက်တွင် အတက်အကျ ကြမ်း

ယခုတစ်ပတ်အတွင်း မြန်မာ့ရွှေဈေးကွက်တွင် အတက်အကျ ကြမ်းခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

ကမ္ဘာ့ရွှေဈေး ရုတ်ခြည်းမြင့်တက်လာမှုနှင့်အတူ မြန်မာ့ရွှေဈေးကွက်တွင် ရောင်းအားများ များပြားလာခဲ့သဖြင့် ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ ကုန်သည်များက ပြောကြားခဲ့သည်။

"ဘာ့ကြောင့် ကမ္ဘာ့ရွှေဈေးကျသွားသလဲဆိုတာ မသိပေမယ့် ကမ္ဘာ့ရွှေဈေးက ဆယ်ဒေါ်လာနီးပါးလောက်ကျသွားတာ။ ကမ္ဘာ့ရွှေဈေး ကျသွားတယ်လည်းဆိုရော ဒီဈေးကွက်ထဲမှာ ရောင်းလိုအားတွေ များလာတယ်။ အဲဒါကြောင့် မြန်မာ့ရွှေဈေး ကျဆင်းလာခဲ့တာပါ။ ဒါပေမယ့်လည်း သိပ်ပြီးကျသွားတာတော့မဟုတ်ပါဘူး။ ဒေါ်လာဈေးက တအိအိနဲ့ကျနေတော့ ရွှေဈေးကလည်း နည်းနည်းစီ လိုက်ပြီးကျလာတဲ့သဘောပါ။ အဲဒီနေ့က ဈေးနည်းနည်းကျပြီး နောက်နေ့(စက်တင်ဘာလ ၂၄ရက်)နေ့ကျတော့ ဈေးက ပြန်တက်လာတယ်"ဟု ရွှေကုန်သည် ဦးလှမြင့်ကဆိုသည်။

မြန်မာ့ရွှေဈေးသည် စက်တင်ဘာလ ၂၁ ရက်က ကျပ် ၇၇၆၅၀၀ ရှိခဲ့ရာမှ စက်တင်ဘာ ၂၃ ရက် ညနေပိုင်းတွင် ကျပ် ၇၆၈၅၀၀ သို့ကျဆင်းခဲ့သည်။

သို့သော် စက်တင်ဘာ ၂၄ ရက်နေ့တွင် ကျပ် ၇၇၃၀၀၀ သို့ ပြန်လည်မြင့်တက်လာခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် စက်တင်ဘာ ၂၁ ရက်တွင် ၁၁၃၈ ဒေါ်လာရှိခဲ့ပြီး စက်တင်ဘာ ၂၃ ရက်တွင် ၁၁၃၃ ဒေါ်လာသို့ကျဆင်းခဲ့ပြီး စက်တင်ဘာ ၂၄ ရက်တွင် ၁၁၃၂ ဒေါ်လာသို့ အနည်းငယ် ကျဆင်းခဲ့သည်။

**မယ်သီတာ**



### Currency Exchange Rate

September 24, 2015
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.42 |
| BDT | Bangladesh Taka | 77.66 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.38 |
| EUR | Euro | 0.89 |
| HKD | Hong Kong Dollars | 7.75 |
| INR | India Rupees | 66.10 |
| IDR | Indonesia Rupiahs | 14612.41 |
| JPY | Japan Yen | 120.04 |
| MYR | Malaysia | 4.38 |
| PKR | Pakistan Rupees | 104.37 |
| PHP | Philippines Pesos | 46.84 |
| RUB | Russia Rubles | 66.38 |
| SGD | Singapore Dollars | 1.42 |
| KRW | South Korea Won | 1192.01 |
| LKR | Sri Lanka Rupe | 140.48 |
| THB | Thailand Baht | 36.23 |
| GBP | United Kingdom Pounds | 0.54 |
| VND | Vietnam Dong | 22492.13 |

*Source : xe.com*

### World Gold Price

September, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 21 | 1136 | 1136 | 1137 |
| 22 | 1131 | 1131 | 1131 |
| 23 | 1124 | 1124 | 1124 |
| 24 | 1134 | 1134 | 1135 |
| 25 | - | - | - |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 21-9- 2015 | 775.00 | 774.50 |
| 22-9- 2015 | 772.50 | 771.80 |
| 23-9- 2015 | 770.00 | 769.40 |
| 24-9- 2015 | 773.00 | 772.00 |
| 25-9- 2015 | - | - |

### နယ်စပ်ငွေလဲလှယ်နှုန်း

စက်တင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 21 | 6 .37 | 35.76 | 78.71 | 65.74 |
| 22 | 6. 38 | 35.95 | 78.10 | 65.62 |
| 23 | 6 38 | 36.18 | 77.96 | 65.96 |
| 24 | 6 .38 | 36.23 | 77.66 | 66.10 |
| 25 | - | - | - | - |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 21-September | 15.21 | 1684.03 | 1627.81 | 5357.41 | 982.00 |
| 22-September | 15.21 | 1664.10 | 1631.17 | 5320.45 | 971.00 |
| 23-September | 14.82 | 1681.34 | 1604.74 | 5198.37 | 938.00 |
| 24-September | 14.86 | 1673.50 | 1602.27 | 5177.09 | 946.00 |
| 25-September | - | - | - | - | - |

Source:kitco.com

## ဘိလပ်မြေ

### ဘိလပ်မြေတန်ချိန် ငါးသောင်းရှစ်ထောင်ကျော်ဝင်



သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၉၀၈၉၅၅ တန်ဖိုးရှိ ဘိလပ်မြေ ၅၈၂၈၅ ဒသမ ၃၈၆ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူ မှ ၇၅ တန်၊ ထိုင်းနိုင်ငံမှ ၄၈၄၇၁ ဒသမ ၇၃ တန်နဲ့ တရုတ်နိုင်ငံမှ ၉၇၃၈ ဒသမ ၆၅၆ တန် တင်သွင်းခဲ့ပါတယ်။ ဝင်လာတဲ့တံဆိပ်များမှာ ဆင်၊ စိန်နဲ့ အခြားတံဆိပ်များ ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် နှစ်သောင်းနှစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ ယှဉ်ရင် တန်ချိန် ၃၅၆၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေ ဈေးငြိမ်ပြီး အရောင်းအဝယ်အေးနေတဲ့

စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၅၈၂၈၅ တန်ကျော် ရှိခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ ၂၂၉၅၉ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန် ၃၅၆၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၅၂၃၂ တန်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၄၆၂၀ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၁၂ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ အဝင်ပိုခဲ့တယ်လို့ သိရ ပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိပြီး ဘိလပ်မြေဈေးလည်း နည်းနည်းကျလာတယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုပါတယ်။ ဈေးကွက်ထဲ အရောင်း အဝယ်ဖြစ်တဲ့ဈေးက ဆင်(ထိုင်း) ၇၀၀၀ကျပ် ၊ စိန်(ထိုင်း)၆၉၀၀ ကျပ်၊အေသုံးလုံး ၅၄၀၀ ကျပ်၊ မြန်မာဆင် ၄၅၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၆၀၀ကျပ်၊ ကျား ခေါင်း ၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါ တယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ် ရောင်းအားနည်းနည်းတက်လာတယ်လို့ သိရပါတယ်။ အရောင်းထိုင်းနေတာ တော်တော်ကြာနေရာမှ ဒီတစ်ပတ်မှ ပြန်ပြီးအရောင်းအဝယ်ဖြစ်လာတယ်။ ဒီတစ်ပတ်မှာ စိန်နဲ့ ကြံ့(မြိုင်ကလေး) ဘိလပ်မြေဈေးတွေ ၅၀ ကျပ် ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ စိန်(ထိုင်း) ၅၂၀၀ ကျပ်၊ ကြံ့ (မြိုင်ကလေး) ၅၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ်အေးသလို ဈေးလည်း ငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ယိုးဒယား) ၇၄၀၀ ကျပ်၊ ခြသေ့် ၅၀၀၀ ကျပ်၊ အပါချီ ၅၁၀၀ကျပ်၊ ကျားခေါင်း ၄၉၀၀ ကျပ်၊ နဂါး ၅၂၀၀ ကျပ်၊ ကမ္ဘောဇ ၄၉၀၀ ကျပ် ဆင်(ယိုးဒယား) ၇၁၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### မလေး၊ တရုတ်၊ စင်ကာပူ၊ ဂျာမနီ၊ ရုရှားမှ မြေဆီများဝင်

စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၅၉၉၈၀၅ တန်ဖိုးရှိ မြေဩဇာ ၂၈၃၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မလေးရှားနိုင်ငံမှ K Star (ကွန်ပေါင်း)မြေဩဇာ ၇၅ တန်၊ တရုတ်နိုင်ငံမှ Follari ဇင့်ဆာလဖိတ်ကွန်ပေါင်း၊ AMINO ACID စတဲ့ မြေဩဇာ စုစုပေါင်း ၁၁၂၇ တန်၊ စင်ကာပူနိုင်ငံမှ ပိုတက်ဆီယမ်နိုက်ထရိတ် မြေဩဇာတန်ချိန် ၁၂၀၊ ဂျာမနီနိုင်ငံမှ ကွန်ပေါင်းမြေဩဇာ တန်ချိန် ၅၀၀၊ ရုရှားနိုင်ငံမှ ကွန်ပေါင်းမြေဩဇာ ၁၀၀၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မှာ မြေဩဇာအဝင်တန်ချိန် ခြောက်ထောင့်ခုနစ်ရာကျော်ထိ ရှိတာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၉၀၀ ကျော် အဝင်နည်းခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းအဝယ်အေး

စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၂၈၃၀ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၆၇၆၃ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၃၉၃၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာ အဝင်မှာ ၁၈၈၂၈ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၁၂၉၅ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၄၆၆ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ မြေဩဇာအဝင် လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်မြေဩဇာက မိုးလည်းအေး အရောင်းလည်းအေးသလို ဈေးလည်းအေးတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆%(ရွှေတုံး၊ရွှေပျား၊ရွှေတောင်)(တရုတ်) ၂၄၀၀၀ကျပ်၊ ကွန်ပေါင်း(အစိမ်း) ၁၅ပတ်လည်(ထိုင်း) ၃၆၈၀၀ကျပ်၊ကွန်ပေါင်း(ပန်းရောင်) ၁၅ ပတ်လည်(ထိုင်း) ၃၀၀၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၂၈၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးသလိုဈေးလည်း ငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်အတွင်း အရောင်းအဝယ် ဖြစ်နေ တဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃)(အပြာ) ၁၇၂၀၀ ကျပ်၊ ဆင်၁၀း၁၀း၅ ၁၆၄၀၀ ကျပ်၊ အာမို ၁၀း၁၀၅ ၁၇၃၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၀၀၀ကျပ်၊ယူရီးယား-ပုလဲ (ရွှေတောင်- တရုတ်) ၂၅၃၀၀ကျပ်၊ ယူရီးယား ၃၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၀၀၀ ကျပ်၊ တီစူပါ ၂၂၄၀၀ ကျပ်၊ တောင်သူမ ၁၆၂၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဒီတစ်ပတ်မှာ မြေဩဇာကအရောင်းပုံမှန်ရှိပြီး၊ ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၂၄၀၀၀ ကျပ်၊ ယူရီးယား (နေရှက်လှေ-တရုတ်) ၂၄၀၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်)၂၁၀၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ ၃၄၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအေးနေခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တီစူပါ ၁၅ ပတ်လည်နဲ့ မြားကမ္ဘာက ဈေးနည်းနည်းမြင့်ခဲ့ပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်) ၂၃၅၀၀ကျပ်၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၃၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၅၅၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၈၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ၁၇၀၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၇၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၈၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၂၂၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၇၃၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီတန်ချိန် ၃၄၀ ကျော်နဲ့ နို့မှုန့် ၆၆ တန်ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၅၇၈၉၆ တန်ဖိုးရှိ နို့ဆီ ၃၄၇ ဒသမ ၆၁၆ တန် ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ နို့ဆီအဝင်မှာ တန်ချိန် ၅၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၃၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၂၂ ဒသမ ၁၅၀ တန်၊ ပြင်သစ်နိုင်ငံမှ သုည ဒသမ ၈၆၄ တန်၊ စင်ကာပူမှ ၄၂ ဒသမ ၇၁၅ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ သုည ဒသမ ၃၇၄ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်မှာ တန်ချိန် ၄၀ ကျော်ဝင်လာခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၁၈ တန်ကျော် အဝင်ပိုခဲ့တယ် လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၂/၉ မှ ၁၈/၉ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၅/၉ မှ ၁၁/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၃၆၂.၂၅ | ၉၅၁.၀၀ | (+) | ၄၁၁.၂၅ |
| ၂။ | လွယ်ဂျယ် | ၆၃၈.၀၀ | ၃၇၄.၀၀ | (+) | ၂၆၄.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၇၂၉.၀၀ | ၂၁၂၃.၅၀ | (-) | ၃၉၄.၅၀ |
| ၅။ | တာချီလိတ် | ၂၅၀၅.၀၀ | - | (+) | ၂၅၀၅.၀၀ |
| ၆။ | မြဝတီ | ၂၇၉၂.၉၄ | ၂၉၉၆.၅၀ | (-) | ၁၀၃.၅၆ |
| ၇။ | ကော့သောင်း | ၅၄၃၀.၀၀ | ၇၈၂၅.၀၀ | (-) | ၂၃၉၅.၀၀ |
| ၈။ | မြိတ် | ၆၇၅.၀၀ | ၃၅၀.၀၀ | (+) | ၃၂၅.၀၀ |
| ၉။ | မောင်တော | - | - | | - |
| | စုစုပေါင်း | ၁၅၂၃၂.၁၉ | ၁၄၆၂၀.၀၀ | (+) | ၆၁၂.၁၉ |

မြင့်မြင့်မာ MIRT (DCCA)

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၁၂/၉ မှ ၁၈/၉ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၅/၉ မှ ၁၁/၉ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၆၂၉၀.၉၂၀ | ၁၇၃၄၅.၉၀၀ | (-) | ၁၀၅၄.၉၈၀ |
| ၂။ | လွယ်ဂျယ် | ၁၆၄.၀၀၀ | ၃၁၄.၅၀၀ | (-) | ၁၅၀.၅၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၄၁.၀၀၀ | ၁၁၁၂.၀၀၀ | (-) | ၅၇၁.၀၀၀ |
| ၄။ | တာချီလိတ် | - | - | | - |
| ၅။ | မြဝတီ | ၁၄၈၃.၉၉၅ | ၁၀၆၅.၈၀၀ | (+) | ၄၁၈.၁၉၅ |
| ၆။ | ကော့သောင်း | ၁၄၉.၀၀၀ | ၂၃၂.၀၀၀ | (-) | ၈၃.၀၀၀ |
| ၇။ | မြိတ် | - | ၃၂၅.၀၀၀ | (-) | ၃၂၅.၀၀၀ |
| ၈။ | ရိဒ် | ၂၀၀.၀၀ | ၉၀၀.၀၀ | (-) | ၇၀၀.၀၀၀ |
| | စုစုပေါင်း | ၁၈၈၂၈.၉၁၅ | ၂၁၂၉၅.၂၀၀ | (-) | ၂၄၆၆.၂၈၅ |

တင်တင်ထွန်း MIRT (DCCA)

## နှမ်း/မြေပဲ

### ချင်းရွှေဟော်စခန်းမှ နှမ်းပိုမိုတင်ပို့

စက်တင်ဘာလ တတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃ ဒသမ ၈၄၈ သန်းတန်ဖိုးရှိ နှမ်းဖြူတန် ၅၇၀၊နှမ်းနက် ၂၄၆၂ တန်နဲ့ နှမ်းညို ၁၂၄ တန် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၁၉၈၁ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် နှမ်းတင်ပို့မှုတွင် ချင်းရွှေဟော်မှ ပိုမိုတင်ပို့လာတာ တွေ့ရပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ ကန်ဒေါ်လာ သုည ဒသမ ၁၀၃ သန်းတန်ဖိုးရှိ နှမ်းဖြူ ၁၇ တန်၊ နှမ်းညို ၁၇ တန်ခွဲနဲ့ နှမ်းဖြူ(အခွံချွတ်)၃၆ တန်သာ တင်ပို့မှုရှိခဲ့ပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူ တစ်တန် ၁၇၈၄၉၄၅ ကျပ်နဲ့ နှမ်းဖြူ တစ်တန် ၂၀၈၃၇၄၉ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် နှမ်းဖြူဈေး ၁၈၃၆၀၀၀ ကျပ်နဲ့ နှမ်းနက်ဈေး ၂၂၄၄၀၀၀ ကျပ်သို့ ဈေးများထပ်မံမြင့်တက်လာခဲ့ပါတယ်။ နှမ်းလိုအပ်ချက်မြင့်မားခဲ့သော်လည်း နှမ်းဈေး အဆမတန်မြင့်တက်နိုင်မည်မဟုတ်ကြောင်း ၊နှမ်းများကို တရုတ်၊ ကိုရီးယားနဲ့ ဂျပန်နိုင်ငံတွေကိုတင်ပို့ကြပြီး တရုတ်နိုင်ငံသို့ တင်ပို့မှုကတော့ ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း နှမ်းကုန်သည်များထံမှ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ဈေးကွက်မှာ ဝယ်လက်ရှိလို့ နှမ်းဈေးပြန်မြင့်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းအဝယ်ရှိပြီး မြေပဲအဝယ် အနည်းငယ် လျော့သွားသဖြင့် နှမ်းဈေးမြင့်ပြီး မြေပဲဆန်ဈေး အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ မိုးနှမ်းမှာ အရည်အသွေးကောင်းခြင်း၊ လှောင်ထားရင်လည်း အထားခံခြင်း၊ ဆီစက်သမားများက အကြိုက်တွေ့ခြင်းတို့ကြောင့် မိုးနှမ်းရာသီတွင် နှမ်းဈေးပြန်မြင့်လာတာ တွေ့ရပါတယ်။ ဝယ်လက်များက ယခင်ကမြေပဲဆန်ကို အဓိကထားဝယ်ယူကြပေမယ့် ယခုအချိန်တွင် နှမ်းကို ဦးစားပေးပြန်လည်ဝယ်ယူနေကြသဖြင့် ပြည်ဈေးကွက်တွင် နှမ်းဈေးပြန်မြင့်လာပြီး မြေပဲဆန်ဈေး အနည်းငယ်ကျလာတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းဈေးမှာ နှမ်းနီတစ်တင်းကို ၄၀၀၀၀ ကျပ်၊ ရိုးရိုးနှမ်းနက် တစ်တင်းကို ၄၇၀၀၀ ကျပ်နဲ့ စမုံနက်နှမ်းတစ်တင်းကို ၇၃၀၀၀ ကျပ်ဖြင့် တစ်နေ့ကို အိတ် ၁၀၀၀ ခန့် ဝင်ရောက်ပြီး ဝင်သလောက် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ မြေပဲဆန်ဈေးမှာ ဆီဆန် တစ်ပိဿာကို ၂၃၅၀ ကျပ်၊ လုံးဆန်အဖြူ တစ်ပိဿာကို ၂၇၀၀ ကျပ်နဲ့ လုံးဆန်အနီ တစ်ပိဿာ ၂၈၅၀ ကျပ်ဖြင့် မကွေး၊ မြင်းခြံဘက်မှ ဆီဆန်ကို အဝယ်ရှိပြီး၊ လုံးဆန်ကို ရန်ကုန်ဝယ်လက်များက အဝယ်ရှိနေတာ တွေ့ရပါတယ်။

မြေပဲဆန်ကို မင်းတုန်း၊ ကံမနဲ့ ရွှေတောင် ဘက်မှ တစ်နေ့ကို အိတ် ၁၅၀၀ ခန့် အဝင်ရှိသော်လည်း အရောင်းအဝယ်မှာ ပုံမှန်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း-ပြည်**

## စားအုန်းဆီ

# ပို့ကုန်ကိန်းဂဏန်းများ တိုးတက်ကောင်းမွန်မှုကြောင့် မလေးရှားစားအုန်းဆီဈေး တစ်ပတ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ

ပို့ကုန်ကိန်းဂဏန်းတွေအရ အလားအလာကောင်းမွန်ခြင်း၊ ရင်းဂစ်တန်ဖိုး ကျဆင်းခြင်းနဲ့ ရာသီဥတု ခြောက်သွေ့လာခြင်းတို့ကြောင့် မလေးရှား စားအုန်းဆီကြိုရောင်းကြိုဝယ်ဈေးက စက်တင်ဘာ ၂၃ ရက်မှာ ရက်သတ္တပတ် တစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းထိမြင့်တက်ခဲ့ကြောင်း စတားအွန်လိုင်း သတင်းမှာ ဖော်ပြပါတယ်။

ဘာဆာ မလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange ) မှာ ဒီဇင်ဘာအတွက် စာချုပ်ဈေးနှုန်းက ဈေးပိတ်ချိန်မှာ ၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ပြီး တစ်တန်ကို ၂၁၈၃ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၀၈ ) နှုန်းရှိခဲ့ပါတယ်။ ဈေးနှုန်းက စောစောပိုင်းမှာ ၂၂၀၁ ရင်းဂစ်နှုန်းရှိခဲ့ရာ စက်တင်ဘာ ၁၅ ရက်နောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ ယခုတစ်လအတွင်း တိုးတက်မှုနှုန်းက ၁၀ ရာခိုင်နှုန်းအထိ ရှိခဲ့ပါတယ်။

“ထုတ်လုပ်မှု ကျဆင်းနေပါတယ်။ ပို့ကုန်တွေ မြင့်တက်နေပြီး ရင်းဂစ်တန်ဖိုး ကျဆင်းနေပါတယ်။ အဲဒီအဖြစ်အပျက်အားလုံးက ဈေးကွက်အတွက် အခြေအနေကောင်းတွေကို ညွှန်ပြနေပါတယ်”လို့ ကွာလာလမ်ပူရှိ ကုန်စည်အကျိုးဆောင်တစ်ဦးက ပြောပါတယ်။ ယခုရက်သတ္တပတ်အတွင်းမှာ စားအုန်းဆီဈေးက တစ်တန်ကို ၂၂၅၀ ရင်းဂစ်နှုန်းထိ ရှိနိုင်တယ်လို့လည်း သူကပြောပါတယ်။

ဈေးပိတ်ချိန်မှာ စုစုပေါင်းရောင်းချရတဲ့ ပမာဏက ၂၅ တန်ရှိအတွဲ ၅၂၄၄၈ တွဲရှိခဲ့ရာ တစ်ရက်ပျမ်းမျှရောင်းဝယ်မှုနှုန်းဖြစ်တဲ့ အတွဲ ၃၅၀၀၀ ထက် အများကြီးကျော်လွန်နေတာကို တွေ့ရပါတယ်။ စက်တင်ဘာ ၁ ရက်မှ ၂၀ ရက်ထိ မလေးရှားစားအုန်းဆီတင်ပို့မှုက ၁၃ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း Societe Generalede Surveillance က စက်တင်ဘာ ၂၀ ရက်ဈေးပိတ်ချိန်မှာ ပြောပါတယ်။

ရင်းဂစ်တန်ဖိုး ကျဆင်းမှုကြောင့် ပြည်ပစားအုန်းဆီဝယ်ယူသူများအနေနဲ့စားအုန်းဆီဈေးသက်သာစေတဲ့အတွက် မကြာသေးမီက သီတင်းပတ်များအတွင်း စားအုန်းဆီရောင်းဝယ်ရေးကို အထောက်အကူဖြစ်စေခဲ့ပါတယ်။ ယခုနှစ်အတွင်းမှာ ရင်းဂစ်တန်ဖိုးက ၁၈ ရာခိုင်နှုန်းအထိကျဆင်းခဲ့ပြီး ထွန်းသစ်စ အာရှငွေကြေးများအနက် စွမ်းဆောင်ရည် အနိမ့်ဆုံးငွေကြေးဖြစ်ခဲ့ပါတယ်။

ယခုနှစ်အတွင်းမှာ အယ်လ်နီညိုရာသီဥတု အခြေအနေပြင်းထန်မှုရှိမယ်လို့ တော်တော်များများက ယူဆထားကြပြီး ယခုနှစ် ရာသီဥတုအခြေအနေက အယ်လ်နီညိုဖြစ်ပွားခဲ့တဲ့ သမိုင်းကြောင်းမှာ အပြင်းထန်ဆုံး ဖြစ်မယ်လို့ တချို့ကျွမ်းကျင်သူတွေက ခန့်မှန်းထားကြပါတယ်။

ဒါပေမယ့် စားအုန်းဆီဈေးနှုန်းတွေက ရက်သတ္တပတ်နှစ်ပတ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိနေပြီး စက်တင်ဘာ ၂၁ ရက်နေ့က တစ်တန်ကို ၂၀၈၈ ရင်းဂစ်အထိ ရောက်ရှိခဲ့ပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ ဇီဝဒီဇယ်ထုတ်လုပ်ရာမှာအသုံးပြုတဲ့ ဖက်တီးအက်ဆစ်မီသိုင်းအက်စတာ လိုအပ်ချက်က ၂၀၁၅ ခုနှစ်က ကီလိုလီတာ ၁ ဒသမ ၂ သန်းရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်မှာ လေးဆတက်ပြီး ကီလိုလီတာ ၅ ဒသမ ၁၄ သန်းထိ ရောက်ရှိမယ်လို့ ခန့်မှန်းထားကြောင်း၊ နိုင်ငံတော်ပိုင်စွမ်းအင်ကုမ္ပဏီပါတာမီနာ ကုမ္ပဏီရဲ့အမှုဆောင်ချုပ်က ပြောပါတယ်။ တောမီးပြဿနာနဲ့ပတ်သက်ပြီး စွပ်စွဲခံထားရတဲ့ စားအုန်းဆီထုတ်လုပ်ရေးကုမ္ပဏီသုံးခုကို လုပ်ငန်းတွေရပ်ဆိုင်းထားဖို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရာရှိတွေက ပြောပါတယ်။

အခြားဈေးကွက်တစ်ခုဖြစ်တဲ့ ပဲပုပ်ဆီဈေးကွက်ကို ကြည့်ရင် တရုတ်နိုင်ငံ ဒါလီယံဈေးကွက်ရှိ ဇန်နဝါရီ အတွက် ပဲပုပ်ဆီဈေးက သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန် ပြည်ထောင်စုရဲ့ ဒီဇင်ဘာအတွက် စားအုန်းဆီစာချုပ်ဈေးက သုည ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

**ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၂၄-၉-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၈၀၀ | ၄၅၀၀ | ▽ | ၄၀၀၀ | ၃၈၀၀ | ▽ | ၁၇၀၀ | ၁၆၀၀ | ▽ |
| ရန်ကုန် | ၆၅၀၀ | ၇၀၀၀ | △ | ၄၅၀၀ | ၅၅၀၀ | △ | ၁၃၆၀ | ၁၃၆၀ | □ |
| မန္တလေး | ၅၀၀၀ | ၅၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၄၅၀ | ၁၄၄၀ | ▽ |
| ပဲခူး | ၃၆၀၀ | ၃၆၀၀ | □ | ၅၁၀၀ | ၄၉၀၀ | ▽ | ၁၄၂၀ | ၁၄၃၀ | △ |
| မကွေး | ၅၅၀၀ | ၅၅၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၅၀၀ | ၁၅၀၀ | □ |
| မုံရွာ | ၅၆၀၀ | ၅၄၀၀ | ▽ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၀၀ | ၁၅၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*

### စားအုန်းဆီဈေးနှုန်းများ (၂၁-၉-၂၀၁၅ မှ ၂၃-၉-၂၀၁၅ နေ့ထိ)

ရေတွက်ပုံ - ဒေါ်လာ

| စဉ် | နေ့စွဲ | CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၂၁-၉-၂၀၁၅ | ၅၃၅ |
| (၂) | ၂၂-၉-၂၀၁၅ | ၅၃၅ |
| (၃) | ၂၃-၉-၂၀၁၅ | ၅၈၅ |

Source: ဆီကုန်သည်များအသင်း

### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၄-၉-၂၀၁၅ US$/Ton

| အမျိုးအစား | စက်တင်ဘာလတတိယပတ် | စက်တင်ဘာလစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၀၈.၀၀ | ၅၀၀.၀၀ | ▽ |
| RBD P.Olein | ၅၂၂.၀၀ | ၅၂၃.၅၀ | △ |
| RBD P.Strarin | ၃၉၇.၀၀ | ၃၉၄.၀၀ | ▽ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၃- ၉ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၂၂၉.၂၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၀၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၀၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၆.၇၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၀.၆၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၇.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၀ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၃၇၀.၆၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၂၃-၉-၂၀၁၅ နေ့ (CIF ဈေး Cloud Point 8 ˚C Max ၅၈၅ ဒေါ်လာ၊ FOB ၅၆၀ ဒေါ်လာနှင့် USD ဈေး ၁၂၈၆ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၂၃-၉-၂၀၁၅ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၈၆ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ် လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများအပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

၈။ ၂၄. ၉. ၁၅ နေ့သည် မလေးရှားနိုင်ငံရုံးပိတ်ရက်ဖြစ်ပါသည်။

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# နယ်သာလန်နိုင်ငံတွင် NBI Expo 2015 ကုန်စည်ပြပွဲကျင်းပ

National Branding & Investment (NBI) International ၏ စီစဉ်ဆောင်ရွက်မှုဖြင့် National Branding & Investment Expo (NBI Expo) 2015 ကုန်စည်ပြပွဲအား Region Business Dagen 2015 (RBD 2015) နှင့်အတူ နယ်သာလန်နိုင်ငံ အိုင်ဟိုဗန်မြို့တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁ ရက်ထိ ပြုလုပ်ကျင်းပမည်ဖြစ်ပါသည်။

RBD သည် Brabant ဒေသ အရှေ့တောင်ပိုင်း၏ အကြီးမားဆုံးနှင့် အအောင်မြင်ဆုံးစီးပွားရေးဆိုင်ရာ တွေ့ဆုံပွဲတစ်ခုဖြစ်ပြီး ယခုနှစ်တွင် ကမ္ဘာ့နိုင်ငံများရှိ စီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးမှ တာဝန်ရှိသူ ၅၀၀၀ ခန့် တက်ရောက်မည်ဟု မျှော်မှန်းထားပါသည်။

NBI Expo 2015 ၏အဓိကရည်ရွယ်ချက်တစ်ရပ်မှာ " စိုက်ပျိုးရေးဆိုင်ရာ ဆန်းသစ်တီထွင်မှု "ဖြစ်ပါသည်။ NBI Expo 2015 သို့တက်ရောက်ခြင်းဖြင့် ကမ္ဘာ့နိုင်ငံ ၆၀ ခန့်မှ စီးပွားရေးလုပ်ငန်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရရှိနိုင်သည့်အပြင် NBI International ကဖန်တီးပေးထားသည့် အွန်လိုင်းမှ တစ်ဦးချင်းတွေ့ဆုံမှုအစီအစဉ်ကို အပြည့်အဝအသုံးချနိုင်သည့် အခွင့်အလမ်းကိုလည်း ရရှိနိုင်ကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# ဥရောပသမဂ္ဂက ထောက်ပံ့သည့် ငွေယူရိုသန်း ၃၀ ခန့်ကို ဒတ်ချ်တောင်သူများ လက်ခံရရှိမည်

နို့ဈေးနှုန်းများနှင့်ဝက်သားဈေးနှုန်းများ အလွန်အမင်း ကျဆင်းနေမှုကို တွေ့ကြုံခံစားနေရသည့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ တောင်သူများအား " စိုက်ပျိုးရေးဆိုင်ရာထောက်ပံ့ငွေအဖြစ် " ယူရိုသန်း ၅၀၀ ခန့် ထပ်မံထောက်ပံ့ရန် ဥရောပသမဂ္ဂက ရည်မှန်းထားပါသည်။

ထိုသို့ ဥရောပသမဂ္ဂက ထပ်မံထောက်ပံ့ရန် ရည်မှန်းထားသည့် ဘဏ္ဍာငွေအနက် ယူရို ၂၉ ဒသမ ၉ သန်းခန့်အား ဒတ်ချ်တောင်သူများ လက်ခံရရှိနိုင်ကြောင်း "The Volkskrant" သတင်းအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်တစ်ရပ်အရ သိရှိရပါသည်။

ယူကရိန်းနိုင်ငံအရေးနှင့်ပတ်သက်၍ အနောက်နိုင်ငံမှ ထုတ်ကုန်များအပေါ် ရုရှားနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာတန်ပြန်ပိတ်ဆို့မှုများကြောင့် ဝက်သားဈေးနှုန်းများ ကျဆင်းမှုနှင့် ဒတ်ချ်အစိုးရ၏ တင်းကျပ်သော စည်းမျဉ်းများကြောင့် နယ်သာလန်နိုင်ငံရှိ ဝက်မွေးမြူရေးတောင်သူ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းခန့်သည် ငွေကြေးအကျပ်အတည်းများနှင့်ရင်ဆိုင်နေရပါသည်။ အလားတူရုရှားနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာတန်ပြန်ပိတ်ဆို့မှုနှင့်အလွန်အမင်း နို့ထုတ်လုပ်မှုတို့ကြောင့် နယ်သာလန်နိုင်ငံရှိ နို့တောင်သူများသည်လည်း အခက်အခဲမျိုးစုံနှင့်ရင်ဆိုင်နေရကြောင်း သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# အီးယူ၏နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်းကျဆင်း

အီးယူ၌ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် သုည ဒသမ ၂ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် သုည ဒသမ သုညရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ အလားတူယူရိုဇုန်၌ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းသည် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် သုည ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် သုည ဒသမ ၁ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်ဩဂုတ်လတွင် အီးယူအဖွဲ့ဝင်နိုင်ငံများအနက် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း အနိမ့်ဆုံးနိုင်ငံများမှာ ဆိုက်ပရက်နိုင်ငံ (အနုတ် ၁ ဒသမ ၉ ရာခိုင်နှုန်း)၊ ရိုမေးနီးယားနိုင်ငံ(အနုတ် ၁ ဒသမ ၇ ရာခိုင်နှုန်း)နှင့်လစ်သူယေးနီးယားနိုင်ငံ(အနုတ် ၁ ဒသမ သုည ရာခိုင်နှုန်း) တို့ဖြစ်ကြပြီး နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးနိုင်ငံများမှာ မော်လ်ကာနိုင်ငံ (၁ ဒသမ ၄ ရာခိုင် နှုန်း)၊ ဩစတြီးယားနိုင်ငံ (သုည ဒသမ ၉ ရာခိုင်နှုန်း) နှင့်ဘယ်လ်ဂျီယံနိုင်ငံ (သုည ဒသမ ၈ ရာခိုင်နှုန်း) တို့ဖြစ်ကြောင်း အီးယူစာရင်းအင်းရုံးက ထုတ်ပြန်ကြေညာခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအရ သိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# အမေရိကန်ပြည်ထောင်စု၏ ဇီဝဒီဇယ်တင်သွင်းမှုအပေါ် အီးယူက အခွန်ကောက်ခံမှုသက်တမ်း ထပ်မံတိုးမြှင့်

အီးယူသည် Archer Daniels Midland Company နှင့် Cargill Inc., အပါအဝင် အမေရိကန်ပြည်ထောင်စုရှိ ဇီဝဒီဇယ် ထုတ်လုပ်ရေးကုမ္ပဏီအမြောက်အမြားမှ ဇီဝဒီဇယ် တင်သွင်းမှုများအပေါ် ၂၀၀၉ ခုနှစ်မှစ၍ တန်ပြန်စုပုံခွန်နှင့် တန်ပြန်ထောက်ပံ့ကြေးကောက်ခံခွန်တို့ကို သတ်မှတ်ကောက်ခံလျက်ရှိပါသည်။ ယင်းကဲ့သို့ကောက်ခံလျက်ရှိသော အခွန်များအား သက်တမ်းထပ်မံတိုးမြှင့်ကာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက်နေ့က ထုတ်ဝေခဲ့သည့် EU Official Journal တွင် ဖော်ပြထားချက်များအရ သိရှိရပါသည်။ ထပ်မံတိုးမြှင့်လိုက်သော သက်တမ်းသည် စုစုပေါင်းငါးနှစ်ဖြစ်သည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# အီးယူ၏အလုပ်အကိုင်ခန့်ထားမှုနှုန်းတိုးတက်

၂၀၁၅ ခုနှစ် ပထမသုံးလပတ်နှင့် နှိုင်းယှဉ်ပါက ၂၀၁၅ ခုနှစ် ဒုတိယသုံးလပတ်တွင် အလုပ်အကိုင်ခန့်ထားမှုနှုန်းသည် အီးယူ၌ သုည ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ ယူရိုဇုန်၌ သုည ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဒုတိယသုံးလပတ်နှင့်နှိုင်းယှဉ်ပါက ၂၀၁၅ခုနှစ် ဒုတိယသုံးလပတ်တွင် အလုပ်အကိုင်ခန့်ထားမှုနှုန်းသည် အီးယူ၌ သုည ဒသမ ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ယူရိုဇုန်၌ သုည ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အီးယူစာရင်းအင်းရုံးက ထုတ်ပြန်ကြေညာခဲ့သည့် ကိန်းဂဏန်းအချက်အလက်များ အရသိရှိရပါသည်။

**ဖြူနှင်းဝတ်ရည်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့**

# စင်ကာပူနိုင်ငံ၌အစိုးရငွေစုစာချုပ်များ ထုတ်ဝေရောင်းချမည်

စင်ကာပူနိုင်ငံ၌ ဗဟိုဘဏ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့(MAS) သည် ယခုနှစ်အတွက် ပထမဆုံးအကြိမ်အဖြစ် ထုတ်ဝေရောင်းချမည့် အစိုးရငွေစုစာချုပ်များ ဝယ်ယူရန်အတွက် လျှောက်လွှာတင်သွင်းမှုများကို၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၂၅ ရက်နေ့အတွင်းလက်ခံမည်ဖြစ်ကြောင်း စက်တင်ဘာ၁ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် ပထမအကြိမ်ထုတ်ဝေသည့် စင်ကာပူအစိုးရငွေစုစာချုပ်များ၏ အတိုးနှုန်း အစီအစဉ်

| Year* | 1st | 2nd | 3rd | 4th | 5th | 6th | 7th | 8th | 9th | 10th |
|---|---|---|---|---|---|---|---|---|---|---|
| Interest, % | 0.96 | 1.09 | 1.93 | 2.93 | 3.25 | 3.25 | 3.25 | 3.25 | 3.30 | 3.70 |
| Average return per year, %** | 0.96 | 1.02 | 1.32 | 1.71 | 2.01 | 2.20 | 2.34 | 2.44 | 2.53 | 2.63 |

Source: Monetary Authority of Singapore

စင်ကာပူဗဟိုဘဏ်မှ ယခုရောင်းချပေးမည့် Singapore Savings Bond ငွေစုစာချုပ်များမှာ သက်တမ်း ၁၀ နှစ်ရှိမည်ဖြစ်ပြီး နှစ်စဉ် ပျမ်းမျှအတိုးနှုန်း ၂ ဒသမ ၆၃ ခန့် ရရှိခံစားနိုင်မည်ဖြစ်ပါသည်။ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ ပထမနှစ်တွင် အတိုးနှုန်း သုညဒသမ ၉၆ သာရရှိမည်ဖြစ်သော်လည်း နှစ်ကာလကြာသည်နှင့်အမျှ အတိုးနှုန်းမြင့်တက်လာပြီး ၁၀ နှစ်ပြည့်မြောက်ချိန်၌ ၃ ဒသမ ၇ ရာခိုင်နှုန်းအထိရောက်ရှိလာမည်ဖြစ်ကြောင်း အထက်ပါဇယားအတိုင်း တွေ့ရှိရပါသည်။

ပထမအသုတ်၌ အစိုးရငွေစုစာချုပ်များကို တန်ဖိုးစင်ကာပူဒေါ်လာငွေ ၁ ဒသမ ၂ ဘီလီယံရောင်းချမည်ဖြစ်ပြီး ငွေစုစာချုပ်များ ထုတ်ဝေမည့်ရက်စွဲမှာ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ဖြစ်၍ ၂၀၂၅ခုနှစ် အောက်တိုဘာလ ၁ရက်နေ့၌ စာချုပ်သက်တမ်းပြည့်မည်ဖြစ်သည်။ ငွေစုစာချုပ် ဝယ်ယူရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် တိုက်ရိုက်ကြွေးမြီဝန်ဆောင်မှု (Direct Crediting Service) ပြုနိုင်သော CDP Securities Account ခေါ် ငွေချေးစာချုပ်များအတွက် တစ်ဦးချင်းစပေါ်ငွေ ပေးသွင်းသည့် ဘဏ်ငွေစာရင်းရှိရမည်ဖြစ်ပြီး DBS, POSB, OCBC နှင့် UOB ဘဏ်များ၏ ATMs စက်များမှလည်းကောင်း၊ DBS နှင့် POSB အင်တာနက်ဘဏ်ငွေလွှဲစနစ်မှလည်းကောင်း စင်ကာပူဒေါ်လာ ၅၀၀ ၏ ဆတိုးတန်ဖိုးအလိုက် တစ်ကြိမ်လျှင် အများဆုံးတန်ဖိုး စင်ကာပူဒေါ်လာ ၅၀၀၀၀ အထိပေးသွင်းလျှောက်ထားနိုင်ပါသည်။

ငွေစုစာချုပ်များ ရောင်းချမှုတွင် ဦးရာလူစနစ်ကို အခြေခံခြင်းမပြုဘဲ လျှောက်လွှာများအားလုံးစုစည်း လက်ခံပြီးမှ ခွဲဝေချထားမှုပြုသည့် စနစ်ကို ကျင့်သုံးခြင်းဖြင့် လျှောက်လွှာတင်သွင်းသူအများအပြားမှ ဝယ်ယူခွင့်ရရှိစေမည်ဖြစ်ကြောင်း မှာယူသည့် ပမာဏသည် ရောင်းချပေးနိုင်သည်ထက် ကျော်လွန်နေပါက အများဆုံးမှာယူသူအနေဖြင့် အပြည့်အဝ ဝယ်ယူရရှိနိုင်မည်မဟုတ်ကြောင်း၊ ငွေစုစာချုပ်ဝယ်ယူခွင့်ပြုသည့် စာရင်းကို စက်တင်ဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ ဝယ်ယူခွင့်ရရှိသည့် တန်ဖိုးထက်ပို၍ စပေါ်ငွေ ပိုမိုပေးသွင်းထားသူများအနေဖြင့် ပိုလျှံငွေများကိုစက်တင်ဘာ ၂၉ ရက်နေ့၌ ပြန်လည် ထုတ်ယူနိုင်မည်ဖြစ်ကြောင်းဖြင့် MAS မှဖော်ပြပါသည်။

ယခု ထုတ်ဝေရောင်းချမည့် စင်ကာပူအစိုးရ ငွေစုစာချုပ်များ၏ အတိုးနှုန်းများမှာ အစိုးရငွေချေးစာချုပ်များ (Singapore Government Securities)၏ ၂၀၁၅ ခုနှစ် ဩဂုတ်လ၌ဖြစ်ပေါ်သည့် ဈေးကွက်အတိုးနှုန်းများအပေါ် အခြေခံတွက်ချက်ထားခြင်းဖြစ်ပြီး၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှစ၍ ခြောက်လတစ်ကြိမ် အတိုးထုတ်ယူခွင့်ရှိမည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူအနေဖြင့် စာချုပ်သက်တမ်း မပြည့်မီကာလအတွင်း ငွေပြန်လည်ထုတ်ယူလိုပါက ထုတ်ယူနိုင်ခွင့်ရှိပြီး နောက်ဆုံးအကြိမ်အတိုးနှုန်းထုတ်ယူခဲ့ပြီးသည့်နောက်ကျန်ရှိသည့်ကာလများအတွက် အတိုးနှုန်းကိုတွက်ချက်ခံစားခွင့် ရရှိနိုင်မည်ဖြစ်သည်။ သို့ရာတွင် ငွေစုစာချုပ်တစ်ခုအားသက်တမ်းမစေ့မီ စုဆောင်းငွေပြန်လည်ထုတ်ယူခြင်းအတွက် ငွေပေးငွေယူဆောင်ရွက်ခအဖြစ် စင်ကာပူ ၂ ဒေါ်လာပေးဆောင်ရမည်ဖြစ်သည်။

စင်ကာပူငွေကြေး အာဏာပိုင်အဖွဲ့အနေဖြင့် ဝယ်လိုအားအပေါ်မူတည်၍ ၂၀၁၅ ခုနှစ်အတွင်းအစိုးရငွေစုစာချုပ်များကို ၃ ကြိမ်ခွဲလျက် တန်ဖိုးစင်ကာပူဒေါ်လာ ၂ ဘီလီယံမှ ၄ ဘီလီယံအထိရောင်းချပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် နောင်လာမည့် ၅ နှစ်တာကာလအတွင်း ငွေစုစာချုပ်များအားလစဉ် ရောင်းချပေးရန်ကိုလည်း စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## ကိုရီးယား-ရုရှား လျှပ်စစ်ဓါတ်အား ကွန်ရက်အား တင်ပြ

တောင်ကိုရီးယားနိုင်ငံနှင့် ရုရှားနိုင်ငံ ကြား လျှပ်စစ်ဓာတ်အားလိုင်းကွန်ရက် တစ်ခုတည်ဆောက်ရန်အလျင်အမြန်လို အပ် လျက်ရှိကြောင်း အစီရင်ခံစာတစ်ရပ်က ဖော်ပြခဲ့သည်။ ရုရှားနိုင်ငံနှင့် ကိုရီးယား သမ္မတနိုင်ငံ အပါအဝင် အာရှပစိဖိတ်ဒေသ ကိုခြုံငုံမိစေနိုင်တဲ့ လျှပ်စစ်ဓာတ်အားကွန်ရက်တစ်ခု တည်ဆောက်ခြင်းဟာ အရှေ့အာရှနိုင်ငံများနဲ့ ရုရှားကိုပါ အကျိုးကျေးဇူးရှိနိုင်ကြောင်း၊ ဒေသတစ်ခုလုံးရဲ့ လျှပ်စစ်ဓာတ်အားလုံခြုံမှုအတွက်ပါ လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ စက်တင်ဘာလ ၈ ရက်နေ့က ဆိုးလ်မြို့တွင် ကျင်းပသည့် International Energy Forum တစ်ခု၌ JSC Rosseti မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Roman Berdnikov က ပြောကြားခဲ့သည်။

အထူးသဖြင့် ရုရှားနှင့် ကိုရီးယားတို့ ကြား ဓါတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဆက်သွယ်ရန် ဖြစ်ကြောင်း၊ ရုရှားသည် တရုတ်အပါအဝင် အရှေ့အာရှဒေသနှင့် ရေအားလျှပ်စစ်ထုတ်လုပ် ဖြန့်ဖြူးသွားနိုင် ပါက ကိုရီးယားသမ္မတနိုင်ငံသို့ လျှပ်စစ် ကီလိုဝပ် ၄ သန်းအထိ ထောက်ပံ့ပေးနိုင်ကြောင်း၊ ယင်းလျှပ်စစ်ဓါတ်အားပမာဏသည် ကိုရီးယား၏ စုစုပေါင်း လျှပ်စစ်ဓါတ်အား ထုတ်လုပ်မှုစွမ်းရည်၏ ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အရှေ့အာရှဒေသတွင်း နိုင်ငံများကြား တင်းမာမှုများ ရှိနေသော်လည်း တည်ငြိမ်စွာ ထောက်ပံ့ နိုင်မည့် စွမ်းအင်ကိစ္စအတွက်မူ အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဖြစ် ကြောင်း၊ ဥရောပ အာရှဒေသတွင် စွမ်းအင်ပေါကြွယ်ဝသော နိုင်ငံများနှင့် စွမ်းအင်လို အပ်ချက်ရှိသော နိုင်ငံများကြား Eurasian Initiative အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းကို နမူနာယူနိုင်ကြောင်း၊ ယင်းဆွေးနွေးပွဲသို့သက်ဆိုင်ရာ ကဏ္ဍနှင့် အဖွဲ့အစည်းအသီးသီးမှ တက်ရောက်လာသူ ၂၀၀ ဦးခန့်တွင်ပါဝင်သော Korea Energy Economics Institute ၏ ဥက္ကဌဖြစ်သူ Park Joo-heon က မှတ်ချက်ပြုပြောဆိုခဲ့သည်။ **သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အမေရိကန်နိုင်ငံ၏ သွင်းကုန်ပို့ကုန်ဈေးနှုန်းများ ကျဆင်း

အမေရိကန်နိုင်ငံတွင် ၂၀၁၅ ခုနှစ် ဩဂုတ်လ၌ လောင်စာဆီဈေးနှုန်း သိသိသာသာ ကျဆင်းခြင်းကြောင့် သွင်းကုန်ဈေးနှုန်းများသည် ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး စိုက်ပျိုးရေးထွက်ကုန်များသာမက စိုက်ပျိုးရေးထွက်ကုန်မဟုတ်သည့် ကုန်စည်များ၏ ပို့ကုန်ဈေးနှုန်းများ ကျဆင်းခဲ့ခြင်းကြောင့် ပို့ကုန်ဈေးနှုန်းများသည် ၁ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန၏ အလုပ်သမားစာရင်းအင်းဆိုင်ရာ ဗျူရိုက စက်တင်ဘာ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ယခုနှစ် ဩဂုတ်လတွင် သွင်းကုန်လောင်စာဈေးနှုန်းမှာ ၁၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းပြီး လောင်စာမဟုတ်သည့် ကုန်စည်ဈေးနှုန်းများသည် သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ လောင်စာဈေးနှုန်းများအနက် ရေနံဈေးနှုန်းသည် ၁၄ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းသော်လည်း သဘာဝဓာတ်ငွေ့ဈေးနှုန်းသည် သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ လောင်စာဆီမဟုတ်သည့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ၏ သွင်းကုန်ဈေးနှုန်း ကျဆင်းပြီး အစားအသောက်နှင့် အဖျော်ယမကာဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။

ဂျုံ၊ ပြောင်းနှင့်ပဲပုပ်စေ့ ဈေးနှုန်းများ ကျဆင်းခဲ့သဖြင့် စိုက်ပျိုးရေးထွက်ကုန်များ၏ ပို့ကုန်ဈေးနှုန်းများ ကျဆင်းခဲ့ခြင်း၊ လူသုံးကုန်ပစ္စည်းများ၊ အရင်းအနှီးကုန်စည်များနှင့်စက်မှုလုပ်ငန်းသုံး ပစ္စည်းများ၏ ဈေးနှုန်းများ ကျဆင်းခြင်းတို့ကြောင့် ပို့ကုန်ဈေးနှုန်း ကျဆင်းခဲ့ပါသည်။ အမေရိကန်နိုင်ငံသို့ တရုတ်၊ ဂျပန်၊ ကနေဒါ၊ မက္ကဆီကိုနှင့် ဥရောပ သမဂ္ဂတို့မှ သွင်းကုန်ဈေးနှုန်းများလည်း ကျဆင်းခဲ့ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## အမေရိကန်နိုင်ငံ၏ ဩဂုတ်လ ထုတ်လုပ်သူဈေးနှုန်း တည်ငြိမ်

အမေရိကန်နိုင်ငံ၏ ၂၀၁၅ ခုနှစ် ဇူလိုင်လ ထုတ်လုပ်သူဈေးနှုန်း အညွှန်းကိန်းသည် ၁၁၀ ဒသမ ၅ ဖြင့် သုည ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဩဂုတ်လတွင်မူပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေကြောင်း အလုပ်သမားဝန်ကြီးဌာန၏ Bureau of Labor Statistics ကစက်တင်ဘာ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ကုန်သွယ်ရေးနှင့် ဆက်နွယ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အညွှန်းကိန်းသည် သုည ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခြင်းကြောင့် Final demand services ၏ ထုတ်လုပ်သူဈေးနှုန်းအညွှန်းကိန်းသည် သုညဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။ စွမ်းအင်ဈေးနှုန်းအညွှန်းကိန်းသည် ၃ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခြင်းကြောင့် ဩဂုတ်လ၌ Final demand goods ၏ အညွှန်းကိန်းသည် သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

## မြောက်ကိုရီးယားမှ ထွက်ပြေးလာသူများ အတွက် အလုပ်အကိုင် ဖန်တီးပေးမည်ဟု ကတိပြု

ကိုရီးယား သေး/လတ်စီးပွားရေးလုပ်ငန်းများအသင်းနှင့် ကိုရီးယားနှစ်နိုင်ငံပေါင်းစည်းရေး ဝန်ကြီးဌာနတို့က နှစ်နိုင်ငံပေါင်းစည်းရေးအတွက် အရေးပါသည့် မြောက်ကိုရီးယားမှ ထွက်ပြေးလာသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည်ဖြစ်ကြောင်း ကတိပြုလိုက်သည်။ ယင်းကြေညာချက်သည် ဂျပန်နိုင်ငံမှ ကိုရီးယားနိုင်ငံလွတ်လပ်ရေး ရရှိသည့် အနှစ် ၇၀ ပြည့် အခမ်း အနားနှင့် တိုက်ဆိုင်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

သေး/လတ်စီးပွားရေးလုပ်ငန်းများအသင်း ဥက္ကဌဖြစ်သူ Park Sung-taek နှင့် နှစ်နိုင်ငံပေါင်းစည်းရေးဝန်ကြီး Hong Yong-pyo တို့သည် အလုပ်အကိုင်ဖန်တီးပေးရေးအတွက် သဘောတူစာချွန် လွှာ (MOU) ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ စီးပွားရေးလုပ်ငန်းများအသင်း၏ အဖွဲ့ဝင်ကုမ္ပဏီများမှ တစ်ဆင့်မြောက်ကိုရီးယားမှ ထွက်ပြေးလာသူများအတွက် အလုပ်အကိုင်များ ဖန်တီးပေးရန်နှင့် သေး/လတ် စီးပွားရေးလုပ်ငန်းများတွင် အဓိကအလုပ်ပေးနိုင်ရန်အတွက် နှစ်ဖက်စလုံးက သဘောတူညီခဲ့ကြသည်။ ၎င်းအပြင် သေး/လတ်စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းဆောင်တာများမှတစ်ဆင့် နှစ်နိုင်ငံ ပေါင်းစည်းရေးနှင့် သက်ဆိုင်သည့် အခက်အခဲပြဿနာများကိုလည်း ဂရုပြုဆောင်ရွက်သွားမည်လည်း ဖြစ်သည်။

**သန့်ဇင် ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်း အပြောင်းအလဲကြောင့် တောင်ကိုရီးယား ဈေးကွက်တွင် အနည်းငယ်သာ သက်ရောက်မှုရှိခဲ့

အမေရိကန် ဗဟိုဘဏ်သည် ၎င်း၏ ရှိရင်းစွဲ ဗဟိုဘဏ်အတိုးနှုန်းကို အပြောင်း အလဲမလုပ်ဘဲ ယခုအတိုင်းထားသွားရန် ကြေညာခဲ့သည်။ အမေရိကန် ဗဟိုဘဏ် အတိုးနှုန်းအပြောင်းအလဲကို စောင့်မျှော် ပြင်ဆင်နေကြရသည့် ရင်းနှီးမြှုပ်နှံသူများနှင့် စတော့ဈေးကွက်များသည်လည်း ၎င်းတို့ လပေါင်းများစွာ ရှိနေသည့် ဝန်ထုပ်ဝန်ပိုးတစ်ရပ် လျော့ကျသွားခဲ့သည်။ ကိုရီးယား ငွေရေးကြေးရေး ဈေးကွက်တွင်လည်း ကိုရီးယားဗဟိုဘဏ်အတွက် နောက်လတွင် အတိုးနှုန်း ထပ်မံလျှော့ချသွားရန် အခွင့်အလမ်းတစ်ခု ပေါ်ပေါက်လာခဲ့သည်။

ကိုရီးယားနိုင်ငံတွင်းနှင့် အခြားကမ္ဘာ့နိုင်ငံများ၏ ငွေရေးကြေးရေး ဈေးကွက်တွင် အမေရိကန်အတိုးနှုန်း ပြောင်းလဲလိမ့် မည်ဟူသည့် မှန်းဆချက်ကြောင့် ဈေးကွက်မတည်မငြိမ်ဖြစ်နေခဲ့သည်မှာ ကာလအတန် ကြာပြီဖြစ်သည်။ ကိုရီးယားနိုင်ငံအတွင်း တွင်လည်း နိုင်ငံခြားငွေများ စီးထွက်သွားခဲ့သည့်အတွက် ကိုရီးယားဝမ်ငွေတန်ဖိုး ကျဆင်းနေခဲ့သည်ကိုတွေ့နိုင်သည်။ သို့ရာတွင် အမေရိကန် အတိုးနှုန်း မြှင့်တင်နိုင်သည့် မသေချာမရေရာမှုများလည်း ဈေးကွက်အတွင်းဆက်လက်တည်ရှိနေဆဲဖြစ်သည်။ ကိုရီးယား ဗဟိုဘဏ် ဥက္ကဌ က အမေရိကန်အတိုးနှုန်းသည် ယခုနှစ် အတွင်းမြှင့်တင်နိုင်သည်ဟု ခန့်မှန်း ထားသည်။ ထို့ကြောင့် ကိုရီးယား ဗဟိုဘဏ်အတိုးနှုန်းကိုလည်း ဝမ်ငွေတန်ဖိုးကြိုတင်ကာကွယ်သည့်အနေဖြင့် တိုးမြှင့်ကောင်းတိုးမြှင့်သွားရ မည်ဟု ဥက္ကဌက ဆက်လက်ပြောကြားခဲ့သည်။

ကိုရီးယားဗဟိုဘဏ် အတိုးနှုန်းသည် သတ်မှတ်ထားသည့် အနိမ့်ဆုံးအဆင့်သို့ မရောက်သေးသဖြင့် ကိုရီးယားစီးပွားရေး အခြေအနေပေါ်မူတည်၍ အတိုးနှုန်း ဆက်လက်နှိမ့်ချကောင်း နှိမ့်ချနိုင်သည်။ လက်ရှိ ဗဟိုဘဏ်အတိုးနှုန်းသည် ၂ ဒသမ ၈ ရာခိုင် နှုန်းဖြစ်သည်။ ကိုရီးယားစီးပွားရေး ဖွံ့ဖြိုးနှုန်းသည် ၂ ဒသမ ၃ ရာခိုင်နှုန်းမှ ၂ ဒသမ ၅ ရာခိုင်နှုန်း အထိသာ ရှိနိုင်ကြောင်း၊ နိုင်ငံ၏ ပို့ကုန်အခြေအနေ၊ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုအခြေအနေတို့အပေါ် ထောက်ရှု၍ မော်ဂန်စတန်လေက ခန့်မှန်းထားသည်။

**သန့်ဇင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဆိုးလ်မြို့**

## အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အမေရိကန် FDA ကစည်းမျဉ်းအသစ်အချို့ အတည်ပြု

အမေရိကန် FDA သည် အစားအသောက်မှတစ်ဆင့် ရောဂါဖြစ်ပွားမှုများကို ကာကွယ်ရန်အတွက် Food Safety Modernization Act (FSMA) တွင်ပါရှိသည့် အဓိကစည်းမျဉ်း ခုနစ်ခုအနက်နှစ်ခုကို စက်တင်ဘာ ၁၀ ရက်နေ့က အတည်ပြုခဲ့ပါသည်။

အဆိုပါ စည်းမျဉ်းအသစ်များအရ အမေရိကန်နိုင်ငံတွင် ထုတ်လုပ်သည့် အစားအသောက်များ၏ ဘေးအန္တရာယ်ကင်းရှင်းရေး စံသတ်မှတ်ချက်များနှင့်ပြည်ပမှ တင်သွင်းမည့် အစားအသောက်များ၏ စံသတ်မှတ်ချက်များကို တန်းတူသတ်မှတ်မည်ဖြစ်ပြီး ပြည်နယ်နှင့်ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ပူးပေါင်း၍ အမျိုးသားအဆင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးစနစ်ကို ချမှတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

**အေးစန္ဒာလွင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

# လျှာအရသာတွေ့ မျက်စိပသာဒရှိရင်

# စိတ်ချ လက်ချ စားလိုက်ရမလား



**မာမာရီ - CTQM**

အစားအစာနှင့်ပတ်သက်၍ ဓာတုဆေးအသုံးပြုပြီး ထည့်သွင်းထုတ်လုပ်ထားသည့် အစားအစာများကို စားနေကြရသည့်အတွက် လူတော်တော်များများသည် နေ့တိုင်း ကျန်းမာရေးထိခိုက်လာကြောင်း၊ အစာအဆိပ်သင့်ခြင်းများလာကြောင်းကြားနေရပါသည်။ မူလဇာစ်မြစ် အနေဖြင့် အဘယ်ကြောင့် အစားအသောက်နှင့်ဆေးဝါးများ၌ ယင်းဖြည့်စွက်ပစ္စည်း ထည့်သွင်းအသုံးပြုရောနှောရခြင်းကို ဂဃနဏ သိသူ မရှိသလို သိသူများလည်းရှိကြပါသည်။ ယင်းဓာတုဖြည့်စွက်ပစ္စည်းများမှာ စားသောက်ကုန်ထုတ်လုပ်ရာ၌ မိမိတို့အသုံးပြုမည့် သက်ဆိုင်ရာ နည်းပညာနှင့်ထုတ်လုပ်မှုအပိုင်း၌ တိကျသောအချိုးအစားအတိုင်း ထည့်သွင်းအသုံးပြုနိုင်ရန် ပညာရှင်များက ဖော်စပ်တီထွင်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း မမှန်ကန်သော အကြံအဖန်နည်းလမ်းများ အသစ်ထွင်၍ အသုံးပြုသူ၊ စီးပွားရေးဖြတ်လမ်းလိုက်သူများကြောင့် တန်ဖိုးရှိသော ဓာတ်ဆေးပစ္စည်းများမှာ တန်ဖိုးမဲ့ပစ္စည်းအဖြစ် အမည်တွင်ရပါတော့သည်။

ရှေးယခင်က လူကြီးများသည် နည်းပညာအသိပညာအားနည်းခဲ့သလို စိတ်ကူးစိတ်ထားရိုးရှင်းစွာ အသက်မွေးဝမ်းကျောင်းခဲ့ကြသည်။ လူဦးရေအရလည်း နည်းပါးပြီး မိမိတို့စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်သစ်သီးဝလံများ၊ တစ်နိုင်တစ်ပိုင်ထုတ်လုပ်လိုက်သော မုန့်ပဲသွားရေစာတို့အား ကြာရှည်ခံထားရန်နည်းလမ်းသိပ်မရှိခဲ့ကြပါ။ အကြောင်းအမျိုးမျိုးကြောင့် ရှာဖွေမှုအားနည်းခဲ့ကြသည်။ တစ်နိုင်တစ်ပိုင်ထုတ်လုပ် ရောင်းချခြင်းနှင့်ကုန်ပစ္စည်းဖလှယ်ခြင်းအပြင် ရောင်းမကုန်လျှင် ဝေငှစားသောက်ရုံသာရှိခဲ့၍ သိရှိထားသောနည်းလမ်း (traditional method) အရနေလှန်း (drying)၊ ချဉ်ဖတ်စိမ် (pickling)၊မီးဖုတ်မီးကင် (smoking)၊ ဆီစိမ်၊ ပျားရည်စိမ်၊ ဆားစိမ်(salting) ခြင်း၊ ယိုထိုးခြင်း (conserves/jams)ပြုလုပ်ခြင်းသာ အစားအစာကို ပြုပြင်ထိန်းသိမ်းမှုရှိခဲ့ပါသည်။ အေးသောနေရာ၊ လေလုံ၊ ရေလုံ၊ နေရောင်ခြည်လုံသောနေရာများ၌ ရှာဖွေထားခဲ့ကြောင်း တွေ့ရသည်။ ထိုနည်းလမ်းရှာဖွေမှု အားနည်းခဲ့သောကြောင့် သဘာဝဘေးအန္တရာယ်နှင့်စစ်ဘေးကျရောက်လာသောအခါ အစားအသောက်ရှားပါးမှုကို ရင်ဆိုင်ရတော့သည်။ အဘက်ဘက်မှ နိုင်ငံအချင်းချင်း ဆက်သွယ်မှုအားနည်းချက်လည်းပါခဲ့ပါသည်။

ယခုအခါ ထိုသို့မဟုတ်ဘဲ အစားအစာ၊ ဆေးဝါး၊ လူသုံးကုန်အထိ ကနဦးအစဖြစ်သော အပင်များစိုက်ပျိုးစဉ်မှပင် နည်းပညာအသုံးပြုလာပါသည်။ အရသာနှင့်အထွက်နှုန်းကောင်းရန်၊ စွမ်းဆောင်ရည်နည်းပညာလည်း မြင့်တက်လာပြီဖြစ်ပါသည်။ ထွက်ကုန်သီးနှံ၏ ပိုလျှံမှုများအပေါ် တန်ဖိုးမြှင့်(value added)ထုတ် ကုန်အဖြစ်လည်းကောင်း၊ အချိန်မရွေး၊ ကာလမရွေးအသင့်စားသုံးနိုင်ရန် နည်းလမ်းများဖြင့် ရူပ၊ ဓာတုနည်းပညာအရ ပြုပြင်ထိန်းသိမ်းရန် အမြင်ရှိလာပြီဖြစ်ပါသည်။ ရူပ၊ ဓာတုနည်းပညာများသုံး၍ အစားအသောက်များအား ကြာရှည်ခံရန် (preservation)ပြုပြင်ထုတ်လုပ်နည်းမှာ-

(၁) အပူချိန်မြင့်အသုံးပြုနည်း (High Temperatures Method)
ဎင်းတွင် အပူချိန် ၁၀၀ံ C ထက် အပူပေး၍ အဏုဇီဝပိုးများ သတ်ခြင်း (Sterilization) နှင့်အပူချိန် ၁၀၀ံ Cအောက် အပူပေး၍ အဏုဇီဝပိုးများ ပေါက်ပွားခြင်းကိုသတ်ခြင်း (Pasteurization and blanching) ဟူ၍ နှစ်မျိုးပါဝင်ပါသည်။

(၂) အငွေ့ပျံအခြောက်ခံနည်း (Evaporation and Drying Method)

(၃) အပူချိန်နိမ့်တွင် အအေးခံခြင်း (Low Temperature Method)
ယင်းတွင် အအေးခံခြင်း (Refrigeration and Cool Storage) ပါဝင်သည်။

(၄) ဓာတ်ရောင်ခြည်သင့်စေသောနည်း (Preservation by Irradiation and allied operation in food industry)

အထက်ပါနည်းများ၏ အဓိကရည်ရွယ်ချက်မှာ အစားအစာများ၏ အစိုဓာတ်ကိုလျှော့ချစေခြင်း၊ အချဉ်ဓာတ်များမတိုးပွားစေရန် (အချဉ်မပေါက်ရန်) ဓာတ်သဘာဝအရ ယိုယွင်းပျက်စီးခြင်း မဖြစ်စေရန်။ မှို၊ ဘက်တီးရီးယားမဖြစ်စေရန် စားသောက်ကုန်တွင် ပါသော အဏုဇီဝဖျက်ပိုးများအား ပေါက်ပွားခြင်းကို ခေတ္တရပ်တန့်ခြင်း၊ သေစေခြင်းတို့ကို ဖြစ်စေပါသည်။

ဒုတိယပိုင်းအနေဖြင့် ကြာရှည်ခံပစ္စည်းများ (preservatives) များထည့်သွင်းပြုလုပ်ခြင်းဖြင့် အစားအသောက်များကြာရှည်ခံစေခြင်းဖြစ်ပါသည်။ ထုတ်လုပ်စဉ်အတွင်း ဓာတုအစားအစာ ဖြည့်စွက်ပစ္စည်း (Chemical food additives ) များထည့်သွင်းခြင်းကို ဆိုလိုပါသည်။ (Food additives ) ဆိုသည်မှာ အစားအသောက်များကို အမြင်လှစေရန်၊ အရသာကောင်းစေရန်၊ ကြာရှည်သိုလှောင်ထားနိုင်ရန်အတွက် ထည့်သွင်းအသုံးပြုနိုင်သော်လည်း အာဟာရမဖြစ်သော ဓာတုပစ္စည်း အမျိုးအစားများစွာကိုခေါ်ပါသည်။ ထို့အပြင် ပင်ကိုယ်အာဟာရဖြစ်စေသည့် ဗီတာမင်နှင့် သတ္တုဓာတ်များကိုလည်း အာဟာရ မြင့်တက်လာစေရန် (food additives ) များကို အသုံးပြုကြောင်းလည်းတွေ့ရသည်။

ယင်းဖြည့်စွက်ပစ္စည်း (Food additives ) များအား အစားအသောက် ကာကွယ်ရေးကော်မတီ (The Food Protection Committee) မှ (food additives ) အစားအသောက်ဖြည့်စွက်ပစ္စည်း၏အဓိပ္ပါယ်ကိုအဓိကကျသောပါဝင်ပစ္စည်းမဟုတ်ဘဲ၊ ထုပ်ပိုးခြင်း၊ သိမ်းဆည်းခြင်းနှင့်အစားအသောက် ထုတ်လုပ်ရာတွင်ပါဝင်သည့် အရာဝတ္ထု(သို့) ဒြပ်ပေါင်းတစ်မျိုးဟု သတ်မှတ်ထားကြသည်။ ဖြည့်စွက်ပစ္စည်းများ အသုံးပြုခြင်းကို အောက်ပါအချက်များအနက် တစ်ခုကိုဖြစ်စေ တရားဝင်အသုံးပြုဖြည့်စွက်ရန် ခွင့်ပြုထားကြောင်း သိရပါသည်။

(၁) အာဟာရတန်ဖိုးကိုထိန်းသိမ်းပေးနိုင်ရန်

(၂) အစားအစာများ ပျက်စီးဆုံးရှုံးမှု လျော့နည်းစေပြီး ကြာရှည်ခံစေရန်

(၃) အစားအစာများအားဆွဲဆောင်မှုရှိစေပြီး စားသုံးသူများအား လှည့်စားရန်မဟုတ်ဘဲ ကျေနပ်လက်ခံနိုင်စေရန်

(၄) အစားအစာထုတ်လုပ်ရာ၌ မရှိမဖြစ်အထောက်အကူပြုစေလျှင်ဆိုသည့်အချက်များပါဝင် ကြောင်းလေ့လာသိရှိရပါသည်။

နည်းပညာအရထုတ်လုပ်ရာတွင် အစားအသောက် ဖြည့်စွက်ပစ္စည်း (food additives ) များအား ထည့်ဝင်ပေါင်းစပ်ရာ၌ နှစ်မျိုးကွဲပြားကြောင်းတွေ့ရှိရပါသည်။

(၁) ရည်ရွယ်ချက်ရှိဖြည့်စွက်ပစ္စည်းများ (intentional food additives ) များ
ယင်းဓာတုပစ္စည်းများမှာ အစားအစာထုတ်လုပ်ရာ၌ စံသတ်မှတ်ထားသော နည်းပညာနှင့် တိကျသောလုပ်ဆောင်ချက်ဖြင့် ရည်ရွယ်ပြီးထည့်သွင်းအသုံးပြုသည့် ဓါတုပစ္စည်းများ ဖြစ်ပါသည်။(ဥပမာ-ကိတ်မုန့်၊ပေါင်မုန့် ထုတ်လုပ်ရာ၌မဖြစ်မနေထည့်ရသော ပွဆေးများ/ ကြာရှည်ခံဆေး/ဆန်နှင့်သီးနှံများမှ အရက်ချက်ရာ၌ အချဉ်ဖောက်ရန်သုံးသော တဆေးပစ္စည်းများ)

(၂) သီးသန့်ရည်ရွယ်ချက်မရှိ ဖြည့်စွက်ပစ္စည်းများ (unintentional or incidental food additives )
သီးသန့်ရည်ရွယ်ထားခြင်းမရှိသော်လည်း အစားအစာများကို အပြီးသတ် ထုတ်လုပ်ရာ၌လည်းကောင်း (သို့မဟုတ်)ထုတ်လုပ်မှုဖြစ်စဉ်အတွင်း၌ အစိတ်အပိုင်းတစ်ပိုင်းအဖြစ် ပါဝင်သွားသော ဓါတုပစ္စည်းများကိုဆိုလိုပါသည်။ (ဥပမာ- ဘီယာဝိုင်၊ အချိုရည် ထုတ်လုပ်ရာ၌ပုလင်းပိတ်ခြင်းကိစ္စရပ်များတွင်ဂက်စ်အသုံးပြုခြင်း/စားသောက်ကုန်များကို အရောင်ချွတ်ရာတွင်လည်းကောင်း)

ရည်ရွယ်ချက်ရှိသော (Intentional food additives ) အမျိုးအစားများတွင်

- ကြာရှည်ခံစေသောပစ္စည်းများ (Preservatives)
- ဓါတ်တိုးဆန့်ကျင်ပစ္စည်းများ (Anti - oxidants)
- (iron) ကိုခွဲထုတ်သောပစ္စည်းများ ( Sequestrants )
- မျက်နှာပြင်တင်းအား (Surface tension ) ကိုလျှော့ချစေသောပစ္စည်းများ
- ကြာရှည်ခံပစ္စည်းနှင့်ပို၍ထူထဲစေသောပစ္စည်း (Stabilizers and thickeners )
- အရောင်ချွတ်ခြင်းနှင့်ရင့်မှည့်စေသောပစ္စည်း (Blea-ching and maturing agents )
- အဆီဓါတ်ကိုပိုတိုးစေသောပစ္စည်း (starch modifiers)
- buffers ပျော်ရည်များ (buffers solution)
- အက်ဆစ်နှင့်အယ်ကာလီ (acids and alkalies)
- အစားအသောက်ဆိုးဆေး (food colours )
- အာဟာရမဖြစ်သောအထူးအဆီထုတ်ထားသောနို့မှုန့်(non nutritive special dietary sweeteners)
- အာဟာရတိုးပစ္စည်းများ (nutrient supplements)
- အခြားအမျိုးမျိုးသော ဖြည့်စွက်ပစ္စည်းများ (miscellaneous additives) တို့ပါဝင်ပါသည်။

အထက်ပါပစ္စည်းများ၏ပင်ကိုယ်လက္ခဏာအရ အရောင်လှစေခြင်း၊ အရသာပို၍ကောင်းလာ စေ ခြင်း၊ အစိုဓါတ်များကာကွယ်ထိန်းသိမ်းပေးခြင်း၊ pH ထိန်းချုပ်ထားနိုင်ခြင်း၊ရင့်မှည့်ခြင်းကို မြန်အောင်(သို့)နှေးအောင်ဖြစ်ပေါ်စေခြင်း၊ gases ဖြင့်ဖိအားပေး၍ လေဟာနယ်ပြုလုပ်နိုင်ခြင်း (ဥပမာ- ဘူး၊ ပုလင်းများတွင်အချို ရည်ကိုအဖုံးပိတ်ခြင်းကိုဆိုလိုပါသည်)

ထုတ်လုပ်ထားသော အစားအသောက်များအတွင်းအဏုဇီဝပိုးမွှားများမပေါက်ပွားရန်နှင့်တားဆီးရန်၊ ကြာရှည်ခံထားနိုင်ရန်တို့ဖြစ်ပါသည်။အထက်ပါ Food additives များအား မှားယွင်း၍ အလွန်အကျွံသုံးထားသော၊ နည်းပညာမမှန်မကန်ထုတ်လုပ်ထားသော၊ အစားအသောက်နှင့်ဆေးဝါးများကို များများသုံးစွဲမိပါက အောက်ပါဆိုးကျိုးများကို ဖြစ်စေတတ်ပါသည်။

- အဖု၊အပိန့်ထွက်ခြင်း (Allergies)
- အသက်ရှုမြန်ခြင်း၊ ဂနာမငြိမ်၊ ယောက်ယက်ခတ်ခြင်း၊ စိတ်ကြွခြင်း (Hyper activity)
- အဖျားရှည်ခြင်း (Long term illnesses)

စာမျက်နှာ - ၁၅ သို့

## PROPAK MYANMAR 2015 ကုန်စည်ပြပွဲကျင်းပ

PROPAK MYANMAR 2015 ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၄ ရက် နံနက် ၉ နာရီ တွင် ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP)တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ စက်မှုနှင့် လျှပ်စစ်ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ UMFCCI ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ Food Science and Technology Association မှ ဥက္ကဋ္ဌ ဒေါက်တာဝင်းဝင်းကြည်၊ Bangkok Exhibition Services Ltd မှ အထွေထွေမန်နေဂျာ မစ္စတာ ဂျပ်စတင်ပေါလ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများအား တက်ရောက်ကြပါသည်။ အဆိုပါပြပွဲတွင် တရုတ်၊ စင်ကာပူ၊ ပြင်သစ်၊ တရုတ်(တိုင်ပေ)၊ ထိုင်းနိုင်ငံစသည့် ကုမ္ပဏီ ၂၀ ခုတို့မှ ပြခန်းပေါင်း ၁၁၀ ကျော်ဖြင့် ထုပ်ပိုးပစ္စည်းများ၊ ဆေးဝါးဆိုင်ရာ ထုပ်ပိုးပစ္စည်းများ၊ စက္ကူ/သားငါး ထုပ်ပိုးမှုပစ္စည်းများ၊ သယ်ယူပို့ဆောင်မှုပစ္စည်းများအား မြန်မာနိုင်ငံရှိစား သောက်ကုန်လုပ်ငန်းနှင့် ဆေးဝါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အခြားအသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိစေရန် ရည်ရွယ်ချက်ဖြင့် ပြသခဲ့ပါသည်။ ၎င်းကုန်စည်ပြပွဲအား ထိုင်းနိုင်ငံအခြေစိုက် Bangkok Exhibition Services (BES)၊ မြန်မာနိုင်ငံမှ Information Matrix Co.,Ltd နှင့် NMT Ltd တို့က တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၎င်းပြပွဲအား စက်တင်ဘာလ ၂၄ရက်မှ ၂၆ အထိ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ရာ စက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ လာရောက်လေ့လာခဲ့ကြကြောင်း သိရှိရပါသည်။

**KMT**

## Manufacturing and Oil & Gas Myanmar Exhibition 2015 ပြပွဲကျင်းပမည်

ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park (MEP) ခန်းမတွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် Manufacturing and Oil & Gas Myanmar Exhibition 2015 ပြပွဲကို ထိုင်းနိုင်ငံအခြေစိုက် Singapore Exhibition Services (SES) မှ ဦးစီး၍ ပြည်တွင်းကုမ္ပဏီများဖြစ်သော Information Matrix Co. Ltd., Lucky Stone Trading Services Co., Ltd. နှင့် Care Freight Services Ltd. တို့မှ တာဝန်ယူ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ Manufacturing and Oil & Gas Myanmar Exhibition 2015 ပြပွဲသို့ နိုင်ငံပေါင်း ၂၀ နိုင်ငံရှိ ကုမ္ပဏီပေါင်း ၁၀၀ ခန့်မှ ကုန်ထုတ်လုပ်မှုဆိုင်ရာ ပစ္စည်းများ၊ ကြိတ်ခွဲစက်များ၊ အမှုန့်ကြိတ်စက်များ၊ ဝါယာကြိုး ဖြတ်စက်များ၊ ပုံသွင်းခြင်း၊ တံဆိပ်နှိပ်ခြင်းဆိုင်ရာကိရိယာများ၊ ဂဟေဆော်ခြင်းနှင့် တွယ်ဆက်ပေးသော ကိရိယာများ၊ စက်မှုလုပ်ငန်းသုံးလေဆာ စနစ်များ၊ တွင်ခုတ်စက်များ၊ နည်းပညာများ၊ ရေနံနှင့် ဓာတ်ငွေ့တူးဖော်ရေး၊ ထုတ်လုပ်ရေးပစ္စည်းများ၊ မြေအောက်ဖောက်တွင်းတူးဖော်ခြင်းဆိုင်ရာ ပစ္စည်းများ၊ သန့်စင်ချက်လုပ်ရေးဆိုင်ရာ နည်းပညာများ၊ စက်ပိုင်းဆိုင်ရာ ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများကို လာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (ကုန်စည်ပြပွဲ)

## Korea Products Show 2015 ပြပွဲ ကျင်းပမည်

ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် Korea Products Show 2015 ပြပွဲကို ပြည်တွင်းကုမ္ပဏီ များဖြစ်သော Logic Myanmar Co., Ltd. နှင့် Blue Ocean Agency တို့က တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ Korea Products Show 2015 ပြပွဲသို့ ကိုရီးယားနိုင်ငံရှိ ကုမ္ပဏီများက လျှပ်စစ်ပစ္စည်းများ၊ Electronic Machinery, Cosmetic, Fashion, Construction Materials, Food and Auto Mobile များကို လာရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ဥမ္မာကြူ (ကုန်စည်ပြပွဲ)

➲ လျှာအရသာတွေ့...စာမျက်နှာ ၁၅ မှ အဆက်

- မကြာခဏခေါင်းကိုက်ခြင်း (Frequent headache)
- ကင်ဆာရောဂါအားပေးခြင်း (Potent carcinogenic )
- ဘေးထွက်ဆိုးကျိုးပေးခြင်း (Side effects) ဖြစ်ပေါ်စေသည့် အပြင် အစားအစာများ၏ အပေါ်ယံဆိုးဆေးနှင့် အစားလွန်စေသော ဓါတ်ဆေးများကြောင့် ကလေးငယ်များ၌ မွေးရာပါ (Enzyme) ပြောင်းလဲမှုကြောင့် အတားအဆီးမရှိ အဝလွန်ခြင်း၊ ကန်ကြောက်ခြင်း (Kicking)၊မူးဝေခြင်း(Dizziness)၊ မအီမသာအော့အန်ခြင်း(Nausea) လက္ခဏာများကို ဖြစ်စေတတ်ပါသည်။

ခေတ်မီသော နိုင်ငံများ၌အစားအစာများကို နည်းပညာ အမျိုးမျိုးဖြင့် ယင်းဖြည့်စွက်ပစ္စည်းများကို အသုံးပြု၍နှစ်ပေါင်းများစွာကပင်ထုတ်လုပ်စားသောက်လာပြီးဖြစ်ပါသည်။ ယင်းတို့မှာ မှန်ကန်စွာ(standard) အတိုင်းထုတ်လုပ်ခြင်း(process) တွင် တိကျစွာထည့်ဝင် အသုံးပြုပေါင်းစပ်ခဲ့ကြောင်း တွေ့ရသည်။ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော အန္တရာယ်ဖြစ်စေသည့် အစားအသောက်များကိုတွေ့ရှိသည်နှင့် အရေးယူဆောင်ရွက်မှုပြုလုပ်ခြင်း၊ ဖျက်ဆီးခြင်းတို့ပြုလုပ်ခဲ့ကြသည်။ ထုတ်လုပ်သောစက်ရုံများ၊ ရောင်းဝယ်သောနေရာများသို့ ရှောင်တခင် လိုက်လံစစ်ဆေးခြင်းများ လည်းတွေ့ရှိရသဖြင့် မသန့်ရှင်းသော အဆိပ်အတောက်ဖြစ်စေသည့် စံချိန်စံညွှန်းမညီသည့် အစားအစာပြုလုပ်ဖန်တီးခွင့် မရရှိကြပါ။

ထို့အပြင်ထွက်ရှိလာသော စားသောက်ကုန်များအပေါ် ပြန်လည်ဝေဖန်ဆန်းစစ်သော သုတေသနလုပ်နိုင်သည့် စက်ပစ္စည်းများနှင့် ဓါတ်ခွဲခန်းအဖွဲ့အစည်းများစွာရှိကြောင်းလည်း တွေ့ရ သည်။ မြန်မာနိုင်ငံ၏ တရားဝင်မှတ်ပုံတင်ပြီး စက်ရုံ၊ အလုပ်ရုံကြီးများတွင် အရည်အသွေးကောင်းသော စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်သူများလည်းရှိပါသည်။

မူရင်း ကုန်ကြမ်းမကောင်း၍ အရည်အသွေးကောင်း မထွက်သော ပစ္စည်းအပေါ် ကောင်းစေလိုသောဆန္ဒဖြင့် လိုသည်ထက် ပို၍ဓာတ်ဆေးအသုံးပြုခြင်း၊ နည်းပညာ အဆင့်ကျော်၍ထုတ်လုပ်ခြင်း၊ စက်ရုံအလုပ်ရုံမရှိဘဲ မိမိအမြတ်အစွန်းအတွက် ထွက်ရှိပြီးသားအစားအသောက်များအပေါ် အရေအတွက ပွားများစေရန် မသက်ဆိုင်သောဓာတ်ဆေးပစ္စည်းများရောနှောခြင်း၊ နာမည်ရနေသော စားသောက်ကုန်ပုံစံဖန်တီးယူခြင်းကိစ္စတွေ ပါလာကြောင်းလည်း တွေ့နေရသည်။ ပြည်တွင်းမှမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများမှ နည်းမျိုးစုံဖြင့်ဝင်လာသော အရည်အသွေး မသေချာမရေရာ အာမခံချက်မရှိနိုင်သည့် ကုန်ပစ္စည်း အချို့လည်း ရှိပါသေးသည်။

ထို့ကြောင့်အစမကောင်းလျှင်အနှောင်းမသေချာဆိုသလို မိမိထုတ်လုပ်လိုက်သောစားသောက်ကုန်ပစ္စည်းများသည်စားသုံးသူအားသေစေသည်အထိအန္တရာယ်ဖြစ်စေနိုင်ပါသည်။ ထို့အပြင်ပြည်တွင်းကုန်သွယ်မှုသာမက နိုင်ငံတော်၏ ပြည်ပကုန်သွယ်မှု အထိအနှောင့်အယှက်ဖြစ်စေနိုင်ပါသည်။ နည်းပညာများကို ဖြတ်လမ်းလိုက်စမ်းသပ်တီထွင်မှုကို ချီးကျူးစရာဖြစ်သော်လည်း၊ အကောင်းထက်အဆိုးဘက်ကို ပေးသဖြင့်မိမိ၏လုပ်ဆောင်ချက်အား ပြန်လည်ဆန်းစစ်သင့်ပါသည်။ သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးဖြစ်စေ၍၊ ထုတ်လုပ်မှုနည်းပညာမှန်မမှန်၊ထည့်သွင်းအသုံးပြုမှုမှန်မမှန်အား၊ တတ်ကျွမ်းသောပညာရှင်များနှင့် မေးစမ်းလေ့လာသင်ယူသင့်ပါသည်။ ပေါ့စေလို၍ ကြောင်ဆေးထိုး ဆေးအတွက်လေးရသည့်ကိစ္စလည်းမဖြစ်စေလိုပါ။ စစ်ဆေးခံနိုင်သည့် အရည်အချင်းဖြင့်ထုတ်လုပ်ထားသော စားသောက်ကုန်၏ နာမည်သေမသွားရန်နှင့်တစ်ပါးသူများ၏ တုပအသုံးချခြင်းမခံရစေရန်သတိရှိဖို့လိုပါသည်။ တန်ဖိုးရှိသောဓါတ်ဆေးပစ္စည်းများ၏ တန်ဖိုးကိုလျော့ကျအောင် မလုပ်စေလိုပါ။

သေချာရေရာသောစားသောက်ကုန်ဖြစ်စေရန် မိမိတို့စက်ရုံ၊ အလုပ်ရုံများ၌ ကိုယ်ပိုင်ဓါတ်ခွဲခန်းများနှင့်စံချိန်စံညွှန်း ဘောင်ဝင်အောင် ထုတ်လုပ်သူများလည်းရှိပါသည်။ ရိုးရှင်းစွာ ထုတ်လုပ်မှုမရှိသော စားသောက်ကုန်များထုတ်လုပ်သည့် လုပ်ငန်းရှင်များအတွက် အစားအစာ ကာကွယ်ရေးဥပဒေအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသား အစားသောက် ဥပဒေကို၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင်ပြည်ထောင် စုလွှတ်တော်ဥပဒေအမှတ် ၂၄ ကိုပြဋ္ဌာန်းပြီးဖြစ်သည်။

အချုပ်ဆိုသော် ဓါတုဆေးများများသုံး၍ထွက်လာသော စားသောက်ကုန်များနှင့်ဘောင်မဝင် အမှောင်ဝင်ပြီး ရောနှောထားသောစားသောက်ကုန်များအား စားသုံးသူတိုင်းသည်လက်၊ မျက်စိလျှာဖြင့် စမ်းသပ်ရုံဖြင့်မသိနိုင်ကြပါ။ ခေတ်ကာလအရ မည်သည့်စားသောက်ကုန်မဆို ယင်းဓာတု ဖြည့်စွက်ပစ္စည်းများ နှင့်ကင်းလွတ်သည်ဟူ၍ မရှိသလောက်ရှားပါးနေပြီဖြစ်ပါသည်။မစားမသောက်ဘဲမနေနိုင်ကြသဖြင့် ချင့်ချိန်စားသောက်ရပါမည်။ စားသုံးသူအား အန္တရာယ်ဖြစ်မဖြစ်မသိသော်လည်းရေများများ သောက်ခြင်း၊ ဓာတ်သဘာဝအား ပြန်လည်ချေဖျက်နိုင်သည့် သဘာဝ အသီးအနှံများကိုလည်း စားသုံးသင့်ပါသည်။ ယခင် ဇွန်လ ၃ ရက် ၂၀၁၃ရက်စွဲဖြင့် ဓာတုဆေးအသုံးပြု ထုတ် လုပ်ရာ၌"လိုသည်ထက်မပိုစေရန်" ဆောင်းပါးဖြင့်အသိပညာ ပေးရေးသားခဲ့ပြီးဖြစ်ပါသည်။ စာရေးသူအနေဖြင့် လေ့လာသိရှိထားသောအကြောင်းအရာများအား ဗဟုသုတအနေဖြင့်ပြန်လည် ရေးသားတင်ပြလိုက်ခြင်းဖြစ်ပါသည်။

**Reference: Internet,Food Processing and Preservation By Sivasankar**

## လက်တွေ့အသုံးချ နိုင်ငံတကာ ကုန်သွယ်မှု ရက်တိုသင်တန်း ဖွင့်လှစ်မည်

မကြာမီ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ဖော်ဆောင်တော့မည်ဖြစ်ပြီး ယနေ့ပွင့်လင်းလာသော ကုန်သွယ်မှုအခွင့်အလမ်းများကို စီးပွားရေးလုပ်ငန်းရှင်တိုင်း သိရှိနားလည်ပြီး လက်တွေ့အသုံးချနိုင်သည့် "နိုင်ငံတကာကုန်သွယ်မှု အထူးရက်တိုသင်တန်း" ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း (Trade Training Institute) အစီအစဉ်ဖြင့် ၂၀၁၅ ခုနှစ် အောက်တိုဘာ လ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့ထိ မန္တလေးမြို့Diamond Plaza ရှိကုန်သည်/စက်မှုအသင်းချုပ်၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ပို့ချသွားမည် ဖြစ်ပါသည်။

အထူးရက်တိုသင်တန်းသို့ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီ ဝန်ထမ်းများနှင့် လူငယ်များ လျှောက်ထားနိုင်ပါသည်။

နိုင်ငံတကာကုန်သွယ်မှုနယ်ပယ်ဖြစ်သော လက်ရှိပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ သိရှိလိုက်နာဆောင်ရွက်ရမည့် ကုန်သွယ်မှုဆိုင်ရာ ဝေါဟာရများ၊ ကုန်ရောင်းကုန်ဝယ်စာချုပ်ချုပ်ဆို ခြင်း၊ သင်္ဘောတင်ခြင်းနှင့် သင်္ဘောတင်အထောက်အထားများ၊ ငွေစာရင်းဖွင့်လှစ်ခြင်းနှင့် ငွေကြေးပေးချေခြင်းကိစ္စရပ်များ၊ ကုန်သွယ်မှုဆိုင်ရာဘဏ်လုပ်ငန်း၊ ဈေးကွက်ဖော်ဆောင်မှု၊ ဆိပ်ကမ်းရှင်းလင်းရေးနှင့် အကောက်ခွန်လုပ်ထုံးလုပ်နည်း စသည့် နယ်ပယ်များတွင် အတွေ့အကြုံများစွာရှိသည့် ပညာရှင်ကြီးများနှင့် ဌာနဆိုင်ရာအရာရှိများက သင်ကြားပို့ချမည် ဖြစ်ပါသည်။

သင်တန်းသားဦးရေ ၄၀ လက်ခံမည် ဖြစ်ပါသည်။ တက်ရောက်လိုသူများသည် ချမ်းအေးသာစံ မြို့နယ်၊ ၃၅ လမ်းနှင့် ၆၅ လမ်းထောင့်ရှိ ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသ ကြီးဦးစီးမှူးရုံး (၀၂ ၃၆၃၃၈၊ ၃၆၃၃၉၊ ၃၆၃၄၀၊ ၀၉ ၅၀၉၆၁၃၁၊ ၀၉ ၅၀၁ ၆၈၉၁၊ ၀၉၂၀၁၈၄၄၃ ) သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ပါသည်။

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၂၈-၉-၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲအရောင်းအဝယ်ပါး

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲလက်ကျန်နည်းလာသလို ပဲမျိုးစုံအရောင်းအဝယ်ပြုလုပ်လိုသော ကုန်သည်ကြီးများ လာရောက်မှုနည်းပါးကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ မတ်ပဲအနေဖြင့် ရောင်းသူကုန်သည်တွေထံမှာ ပဲလက်ကျန်တန်ချိန် သောင်းဂဏန်းဝန်းကျင်သာကျန်ရှိနေပြီး ပစ္စည်းလက်ဝယ်ကိုင်ထားသူတွေကလည်း ဈေးအမြင့်မှန်းပြီး အရောင်းနည်းခဲ့ကြောင်း၊ အိန္ဒိယရဲ့ ဝယ်လိုအားကလည်း တစ်တန်ကို ၁၅ သိန်းဝန်းကျင်ခန့်သာဈေးဖွင့် အဝယ်ရှိပေမယ့် နှစ်ဖက်ရောင်းဈေး ဝယ်ဈေးညှိမရလို့ အရောင်းအဝယ် အေးခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကလည်း လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန် တန်ချိန် ထောင်ဂဏန်းဝန်းကျင်သာရှိပြီး အိန္ဒိယဘက်မှ ဈေးဖွင့် အဝယ်မရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

## ပခုက္ကူဈေးကွက်မှ ပဲတီစိမ်းလုံးသေးကို ရန်ကုန်ဝယ်အားပုံမှန်ရှိ

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းလုံးသေးကို ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၁၉၀ ကျပ် (တစ်တန်ကို ၁၃၄၁၁၃၀ ကျပ်)ဈေးဖြင့် နေ့စဉ် အိတ် ၃၀၀ မှ ၅၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို မြို့ခံပဲခွဲစက်တွေကဝယ်လိုအားသွက်တာကြောင့် ဈေးမြင့်လာပြီး တစ်ပိသာကို ၁၈၀၀ ကျပ် (တစ်တန်ကို ၁၁၀၂၃၀၀ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## မူဆယ်ဈေးကွက်သို့ ပြောင်း(သစ်) ဝင်ရောက်မှုပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ နယ်စုံမှ ပြောင်း(သစ်)တွေ တစ်ပတ်အတွင်း တန်ချိန် ၁၄၀၀၀ ခန့်ဝင်ရောက်လာသလို တရုတ်ဝယ်လက်ကလည်း အရည်အသွေးအပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ ပြောင်း(သစ်)တွေ အရောင်းအဝယ်ဖြစ်သလို လက်ကျန် ပြောင်းတချို့လည်း သူ့ဈေးနဲ့ သူ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ပြောင်း(သစ်) ၅၀ ကီလို တစ်အိတ်ကို ၁၀၀ ယွမ်၊ လက်ကျန်ပြောင်း ၅၀ ကီလိုတစ်အိတ်ကို ၁၀၃ ယွမ်ဖြင့် အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းကြီး အရောင်းအဝယ်ပါး၊ ကုလားပဲဖြူလုံးကြီး ဈေးစွာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဝယ်ယူမှုတွေရှိခဲ့ကြောင်း သိရပါတယ်။ ပဲကတော့ နယ်စုံမှ ပုံမှန်အဝယ်ရှိပေမယ့် တရုတ်ဘက်မှ ဝယ်လိုအားပါးတာကြောင့် ဈေးကွက်မှ ပဲအရောင်းအဝယ် ပါးခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၁၅၀ ကျပ် (တစ်တန်ကို ၁၃၁၆၆၃၈ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်များက ဝယ်လိုအားကောင်းတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၈၁၀ ကျပ် (တစ်တန်ကို ၁၁၀၈၄၂၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါ တယ်။

## မန္တလေးဈေးကွက်မှ ပဲတီစိမ်းကြီးကို တရုတ်ဝယ်အားနည်း၊ ကုလားပဲဈေးမြင့်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်ပဲတီစိမ်းကြီးကို တရုတ်ဝယ်လက်က ဝယ်လိုအားနည်းသွားပေမယ့် အရောင်းအဝယ်တော့ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၁၆၀ ကျပ်(တစ်တန်ကို ၁၃၂၂၇၆၀ ကျပ်)ဈေးဖြင့် တစ်ရက်ကို အိတ် ၁၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်)ကိုလည်း မြို့ခံပဲခွဲစက်၊ အမှုန့်ကြိတ်စက်နှင့်ကြာဇံစက်များက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၈၃၀ ကျပ် (တစ်တန်ကို ၁၁၂၀၆၇၀ ကျပ်)နှင့် ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၁၇၇၀ ကျပ်(တစ်တန်ကို ၁၁၀၄၃၀၀ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်း တစ်ရက်ကိုအိတ် ၈၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေဖြင့် လှောင်လက်ကုန်သည်တွေထံမှာ ပစ္စည်းလက်ကျန်နည်းနေသလို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားအထိုက်အလျောက်သာရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာ ၂၆၆၇ ကျပ် (တစ်တန်ကို ၁၆၃၃၂၄၀ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

## အောင်လံဈေးကွက်သို့ ပဲတီစိမ်းပုံမှန်ဝင်ရောက်လာ၊ သီပွံနှမ်း ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်သို့ ဒီတစ်ပတ် နယ်စုံမှ ပဲတီစိမ်းကြီး ပုံမှန်ဝင်ရောက်လာသလို မန္တလေးဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၇၅ ကျပ် (တစ်တန်ကို ၁၁၄၈၂၃၀ ကျပ်) ဒေသထွက်သီပွံနှမ်းကိုတော့ ရန်ကုန်-မန္တလေး ဝယ်လက်က တစ် ပိဿာကို ၄၇၇၈ ကျပ်ဈေးဖြင့် ဝယ်လိုအားပုံမှန်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်)ကိုတော့ မြို့ခံပဲခွဲစက်များက ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာ ၁၇၂၅ ကျပ်(တစ်တန်ကို ၁၀၅၆၃၇၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။

## မကွေးဈေးကွက်မှ နှမ်းမျိုးစုံကို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် ဆီစက်များ ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်များ အရောင်းနည်း

မကွေးဈေးကွက်မှာ ဒီတစ်ပတ်နှမ်းမျိုးစုံကို ရန်ကုန်-မန္တလေး ဝယ်လက်နှင့် ဆီစက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်များက အရောင်းနည်းနေကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းဖြူ(ထိပ်စ) တစ်ပိဿာကို ၂၆၂၂ ကျပ်၊ နှမ်းဖြူ(ပုံမှန်စ) တစ်ပိဿာ ၂၄၈၉ ကျပ်၊ နှမ်းနီတစ်ပိဿာ ၂၃၅၆ ကျပ်ဈေးဖြင့် နှမ်းမျိုးစုံတစ်ရက်ကိုအိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ဟသ်ာတဈေးကွက်မှာ မတ်ပဲ အရောင်းအဝယ်အေး

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကို Export အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က အိန္ဒိယဈေးကွက်ရဲ့ဝယ်လိုအား အခြေအနေပေါ် မူတည်ပြီး တွက်ချက်ဝယ်ယူမှုတွေရှိတာကြောင့် ပဲအရောင်းအဝယ်ပါးခဲ့ကြောင်း သိရပါတယ်။ လတ်တလော အရောင်းအဝယ်ဖြစ်တဲ့ဈေးက တစ်ပိဿာကို ၂၄၀၀ ကျပ် (တစ်တန်ကို ၁၄၆၉၇၃၆ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏ နည်းခဲ့ကြောင်း သိရပါတယ်။

## တောင်ကြီးဈေးကွက်သို့ ပြောင်း(သစ်)အဝင်ပိုလာ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်း(သစ်)တွေ ဝင်ရောက်မှုများလာသလို မန္တလေးဝယ်လက်ကလည်း အစိုဓာတ်ကင်းတဲ့ပြောင်းတွေကို တစ်ပိဿာ ၄၆၅ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိ ခဲ့တယ်လို့ ဈေးကွက်အတွင်းမှသိရပါတယ်။



## လားရှိုးဈေးကွက်သို့ ပြောင်း(သစ်) စတင်ဝင်ရောက်လာ

လားရှိုးဈေးကွက်သို့ ဒီတစ်ပတ်နယ်စုံမှ ပြောင်း(သစ်)တွေ ဈေးကွက်ထဲစတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၄၈၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့သလို တရုတ်ဝယ်လက်ကလည်း အရည်အသွေးပေါ် မူတည်ပြီး ဝယ်လိုအားရှိခဲ့ကြောင်း၊ အရောင်းအဝယ်အနေဖြင့် တစ်ပတ်အတွင်းပိဿာချိန် ၁ သိန်းခွဲခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ကုလားပဲပုံမှန် အရောင်းအဝယ်ဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (Raw) ကိုရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၂၄၈၀ ကျပ်(တစ်တန်ကို ၁၅၁၈၇၂၇ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် လှောင်လက်ကုန်သည်တွေထံမှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်တွေက ဝယ်လိုအားဆက်တိုက်ရှိတာကြောင့် အမြင့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု များခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၁၇၂၀ ကျပ် (တစ်တန်ကို ၁၀၅၃၃၁၀ ကျပ်)၊ ကုလားပဲ(ထိုင်ဝမ်)တစ်ပိဿာ ၁၇၅၀ ကျပ်(တစ်တန်ကို ၁၀၇၁၆၈၀ ကျပ်)ဈေးဖြင့် နှစ်မျိုးပေါင်းတစ်ရက်ကို အိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## ရေစကြိုဈေးကွက်မှာ ကုလားပဲ(ထိုင်ဝမ်) ဈေးမာ

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ်ကုလားပဲ (ထိုင်ဝမ်)ကိုမြို့ခံပဲခွဲစက်တွေက ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေးမြင့်လာပြီး တစ်ပိဿာကို ၁၆၅၀ ကျပ် (တစ်တန်ကို ၁၀၁၀၄၄၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

## DrinkTech Myanmar 2015 နှင့် PlasPak Myanmar 2015 ပြပွဲများပါဝင်သည့် နိုင်ငံတကာပြုပြင်ထုပ်ပိုးမှု နည်းပညာများဆိုင်ရာပြပွဲ (ProPak Myanmar 2015) ပြသ




DrinkTech Myanmar 2015 ပြပွဲနှင့် PlasPak Myanmar2015 ပြပွဲများပါဝင်သည့် နိုင်ငံတကာထုပ်ပိုးမှု နည်းပညာများဆိုင်ရာ ပြပွဲဖြစ်သည့် ProPak Myanmar 2015 ပြပွဲကို ရန်ကုန်မြို့၊ ရှင်စောပုလမ်းရှိ Myanmar Event Park တွင် စက်တင်ဘာလ ၂၄ ရက်မှ ၂၆ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ပြပွဲပြသသူပေါင်း ၁၇၀ ကျော်နှင့်တရုတ်၊ ပြင်သစ်၊ စင်ကာပူ၊ တရုတ်(တိုင်ပေ)နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံအလိုက် ပြခန်းကြီးငါးခုတို့ဖြင့် ပါဝင်ပြသခဲ့ကြောင်း သိရသည်။

"တိုးတက်လာမယ့် အနာဂတ်စားသောက်ကုန်လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့အတွက် ထုတ်လုပ်သူများဘက်ကလည်း ထုတ်လုပ်ခြင်းနဲ့ထုပ်ပိုးခြင်းဆိုင်ရာ နည်းပညာတွေကို အဆင့်မြှင့်တင်နိုင်ဖို့ ကြိုးပမ်းနေကြပါတယ်။ ProPak Myanmar 2015 ကို လာရောက်လေ့လာတဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေအနေနဲ့ မိမိလုပ်ငန်းနဲ့ စီးပွားရေးအတွက် အကျိုးဖြစ်ထွန်းစေမယ့် နောက်ဆုံးပေါ် စက်ပစ္စည်းတွေ နည်းပညာတွေကို မြင်တွေ့လေ့လာခွင့် ရရှိမှာဖြစ်ပါတယ်"ဟု Bangkok Exhibition Services Ltd. မှ အထွေထွေမန်နေဂျာ မစ္စတာဂျပ်စတင်ပေါ်လ်က ပြောကြားခဲ့သည်။

အဆိုပါပြပွဲတွင် ထည့်သွင်းပြသသည့် DirnkTech Myanmar 2015 တွင် အချိုရည်နှင့်အဖျော်ယမကာဆိုင်ရာ ခေတ်မီစက်ပစ္စည်းများ၊ နည်းပညာများ၊ကုန်ကြမ်းများနှင့် ဝန်ဆောင်မှုများကို ပြသထားသည်။

ထို့ပြင် PlasPak Myanmar 2015 ပြပွဲတွင်လည်း ပလတ်စတစ်ဖြင့်ထုပ်ပိုးသည့် စက်ပစ္စည်းများ၊ နည်းပညာများ၊ ကုန်ကြမ်းနှင့် ဝန်ဆောင်မှုများကိုလည်း ထည့်သွင်းပြသထားကြောင်း သိရသည်။

ပြပွဲ၏ ထူးခြားသည့်အချက်မှာ အစားအစာများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရေးအတွက် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာဟောပြောပွဲများနှင့်ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မယ်သီတာ**

## တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် တရုတ်-မြန်မာ ရွှေလီအပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာ ယှဉ်ကျေးမှုပွဲတော်ပြုလုပ်မည်

တရုတ်-မြန်မာ ရွှေလီအပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာ ယှဉ်ကျေးမှုပွဲတော်ကို အောက်တိုဘာ ၁ ရက်မှ ၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရွှေလီမြို့တွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ အသင်းဝင် ကုမ္ပဏီ ၁၁ ခု တို့မှ ကျောက်မျက်လက်ဝတ်ရတနာပစ္စည်းများအား သွားရောက်ပြသရောင်းချမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**ဥမ္မာကြူ (ကုန်စည်ပြပွဲ)**

## တတိယအကြိမ်မြောက် မြန်မာနိုင်ငံ၏အကြီးဆုံး စက်ပစ္စည်းများနှင့် တစ်ဆင့်ခံကန်ထရိုက်လုပ်ငန်းပြပွဲ INTERMACH & SUBCON Myanmar ပြပွဲ ပြသ



အာဆီယံ၏ အကြီးမားဆုံးသော နိုင်ငံတကာနှင့် စက်မှုလုပ်ငန်းသုံးစက်ပစ္စည်းနှင့် တစ်ဆင့်ခံကန်ထရိုက်လုပ်ငန်း ပြပွဲဖြစ်သည့် INTERMACH & SUBCON Myanmar ပြပွဲကို ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် စက်တင်ဘာ ၂၄ ရက်မှ ၂၆ရက်အထိပြသခဲ့ကြောင်း သိရသည်။

ယင်းပြပွဲသည် စီးပွားရေးလုပ်ငန်းရှင်များကို အဓိကထား၍ပြသသည့်ပြပွဲတစ်ပွဲဖြစ်ပြီး အသေးစားစီးပွားရေးလုပ်ငန်းများအား ပိုမိုအောင်မြင်မှုရရှိစေရန် ပံ့ပိုးကူညီပေးမည့်ပြပွဲတစ်ပွဲလည်းဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် နိုင်ငံပေါင်းရှစ်နိုင်ငံမှ ကုမ္ပဏီများက ကမ္ဘာ့အဆင့်အတန်းမီ ကုန်ပစ္စည်းပေါင်း ၁၀၀ ကျော်ကို ပြသခဲ့ကြောင်း သိရသည်။ ထို့ပြင် စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ ကိရိယာတန်ဆာပလာများ၊ မြေအောက်ရထားစနစ်တွင် အသုံးပြုသည့်ကိရိယာများ၊ လက်မှု လုပ်ငန်းသုံးပစ္စည်းများနှင့်စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ ပန့်နှင့်မော်တော်ကား စက်ပစ္စည်းအစိတ်အပိုင်းများကိုလည်း ပြသခဲ့ကြောင်းသိရသည်။

ယင်းပြပွဲတွင် မြန်မာနိုင်ငံမှ အသေးစားအလတ်စား စက်မှုလုပ်ငန်းများအား ကိုယ်စားလှယ်များရယူလိုသည့် ကုမ္ပဏီများနှင့်လုပ်ငန်းရှင်များကိုလည်း တွေ့ရှိခဲ့ရသည်။

"ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံဟာ အာဆီယံရဲ့ အရေးပါတဲ့နိုင်ငံတွေဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ စီးပွားရေးအခွင့်အလမ်းတွေ ပေါ်ပေါက်လာပြီးနောက်ပိုင်း အလုပ်အကိုင်အခွင့်အလမ်းများ အများအပြားပေါ်ပေါက်လာခဲ့တာဟာ တကယ့်ကို စိတ်လှုပ်ရှားဖို့ကောင်းပါတယ်။ ဒီပြပွဲမှာ ပြသတဲ့နည်းပညာတွေက ဖွံ့ဖြိုးဆဲစက်မှုလုပ်ငန်းတွေမှာ အသုံးဝင်မယ့်နည်းပညာတွေဖြစ်ပါတယ်။ တချို့သော စက်ပစ္စည်းတွေဟာ မြန်မာနိုင်ငံမှာ တစ်ခါမှ မိတ်ဆက်ပြသခြင်းမရှိသေးတဲ့ စက်ပစ္စည်းတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီပြပွဲဟာ မြန်မာနိုင်ငံရဲ့ အသေးစားစက်မှုလုပ်ငန်းရှင်တွေအတွက် တကယ့်ကို အခွင့်အလမ်းကောင်းတစ်ခုပဲဖြစ်ပါတယ်" ဟု UBM Asia ၏ အာဆီယံစီးပွားရေးလုပ်ငန်းဆိုင်ရာ မန်နေးဂျင်းဒါရိုက်တာ မစ္စတာအမ်ဂန္ဒီက ပြောကြားခဲ့သည်။

ထို့ပြင်မြန်မာနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်း၏ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်သိန်းက "ဒီ INTERMACH & SUBCON MYanmar ပြပွဲဟာ ကုန်ထုတ်လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ နည်းပညာသစ်တွေနဲ့ လုပ်ဆောင်ပြီး စက်မှုလုပ်ငန်း အဆင့်မြှင့်တင်ပေးခြင်းနဲ့ထုတ်လုပ်မှုတိုးမြှင့်လာအောင် ကူညီပေးဖို့ဒီဇိုင်းရေးဆွဲထားတာဖြစ်ပါတယ်။ ဒီအချက်ဟာ မြန်မာနိုင်ငံရဲ့စက်မှုကုန်ထုတ်လုပ်ငန်းမှာ ထုတ်ကုန်တွေရဲ့အရည်အသွေးတွေ တိုးတက်လာအောင် စွမ်းဆောင်ရည်တွေ မြှင့်တင်ပေးနိုင်လိမ့်မယ်လို့ ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါပြပွဲသည် ထိုင်းနိုင်ငံတွင် အောင်မြင်မှုရရှိခဲ့သည့် ပြပွဲတစ်ပွဲဖြစ်ပြီး အဆိုပါပြပွဲကိုအခြေခံ၍ မြန်မာနိုင်ငံတွင် လာရောက်ပြသခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တောင်ဥက္ကလာပမြို့နယ် ပဒေသာဈေးတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ ဆေးဝါးများ ဝယ်ယူစားသုံးနိုင်ရေးကိုရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်း များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ ဈေးများဌာန၊ ဌာနစုမှူး၊ ပဒေသာဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးသာယာရေးအဖွဲ့ဝင်များ၊ ဈေးမိ၊ ဈေးဖများနှင့်ပူးပေါင်း၍ စက်တင်ဘာလ ၂၂ ရက်နေ့က တောင်ဥက္ကလာပမြို့နယ်(ပဒေသာဈေး) ကော်မတီရုံးတွင် ဈေးရောင်းချသူများအားတွေ့ဆုံ၍ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ ဈေးဆိုင်များ၌ ရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ ဈေးများဌာန၊ ဌာနစုမှူး ဒေါ်ဝင်းချိုစန်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မာဆွေက စားသုံးသူအကာအကွယ်ပေးရေးဥပဒေတွင်ပါရှိသည့် စားသုံးသူအကာအကွယ်ပေးရေး အဓိပ္ပာယ်နှင့် စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ ထုတ်လုပ်ရောင်းချသူစီးပွာရေးလုပ်ငန်းရှင်၏ အဓိပ္ပာယ်၊ စီးပွားရေးလုပ်ငန်ရှင်များအခွင့်အရေးနှင့်တာဝန်၊ တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ အမှတ်တံဆိပ်တွင် မြေပဲဆီအမည်ခံပြီး အခြားဆီများနှင့်ရောနှောရောင်းချနေမှုကို ဌာနအနေဖြင့် စားသုံးသူပြည်သူများသိရှိအောင် ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများကို လည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာ ဖြိုးမာန်သက်ဦးက ဌာနအနေဖြင့် တင်သွင်း/တင်ပို့သည့် အစားအသောက်များကို စစ်ဆေးခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ အစားအစာ၊ လူသုံးကုန်ပစ္စည်းများတွင် အသုံးပြုသည့် ဓါတုဆိုးဆေးများအကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ နိုင်ငံပိုင်သတင်းစာတွင် ကြေညာထားသည့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သည့် ကုန်ပစ္စည်းများကို ဈေးရောင်းချသူများသိရှိစေရန် မှတ်တမ်းဓာတ်ပုံများဖြင့် ပြသ၍ဆွေးနွေးဟောပြောခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာသည့် လက်ဖက်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးမှ စားသောက်ကုန်များတွင် ဖော်မလင်ဆေးအသုံးပြုထားခြင်းကို သိရှိနိုင်မည့်အခြေအနေကို ဆွေးနွေးခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာ ဖြိုးမာန်သက်ဦးက မိမိတို့စားသုံးမည့် စားသောက်ကုန်ပစ္စည်းသည် လိုအပ်သည်ထက် အချိန်ကာလကြာရှည်စွာ သိမ်းထားနိုင်ကြောင်းကို ခန့်မှန်းမိပါက ဌာနသို့တရားဝင်စာဖြင့် ပေးပို့နိုင်ကြောင်း၊ ဌာနမှ ဓာတ်ခွဲစမ်းသပ်ပေးနိုင်မည့် အခြေအနေကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ကျန်းမာရေးဝန်ကြီးဌာနမှ ကြေညာထားသည့် စားသုံးရန်နှင့် သုံးစွဲရန်မသင့်သည်များကို ရောင်းချခြင်းမပြုရန်၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အသိပေးကြေညာထားသည့် အမှတ်တံဆိပ်တွင် မြေပဲဆီအမည်ခံပြီး အခြားဆီများနှင့်ရောနှောရောင်းချလျက်ရှိသည့် ဆီများ ရှိ/မရှိ ကို ကြည့်ရှုစစ်ဆေးပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေတွင်ပါရှိသည့် ထုတ်လုပ်ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် တာဝန်၊ တားမြစ်ချက်များနှင့် မလိုက်နာလျှင် အရေးယူခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များကို ဈေးရောင်းချသူများအား အသိပေးရှင်းလင်းပြောကြားခဲ့ပါသည်။

ကွင်းဆင်းဆောင်ရွက်ခဲ့သည့် တောင်ဥက္ကလာပမြို့နယ် (ပဒေသာဈေး) သည် ဈေးရုံ ၂၂ ရုံရှိပြီး စားသောက်ကုန်၊ လူသုံးကုန်၊ ငပိ၊ ငါးခြောက်၊ ငံပြာရည်၊ အလှကုန်၊ ဆေးဝါး၊ စားသုံးဆီနှင့် ကုန်ပစ္စည်းမျိုးစုံ ရောင်းချသည့် ဆိုင်ခန်း ၁၉၀၀ ခန်းရှိကြောင်း သိရှိရပါသည်။

**ခင်သီ (စားသုံးသူ)ရန်ကုန်**

# ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ၂၀၁၅ ခုနှစ် ၊စက်တင်ဘာလ ၁၂ ရက်မှ ၁၈ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၄၂၁ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၂၄၃၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၀ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ-

**မြဝတီကုန်သွယ်ရေးဇုန်မှ** ကန်ဒေါ်လာ သုည ဒသမ ၁၁၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၅၆ တန် ၊ကဏန်း ၂၂ တန်ကျော်နဲ့ ပုစွန် ၁ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၃တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ကော့သောင်းကုန်သွယ်ရေးစခန်းမှ** ကန်ဒေါ်လာ သုည ဒသမ ၃၉၁ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၄၉၂တန်ကျော်၊ ပုစွန် ၁ တန်ခန့်၊ ကင်းမွန် ၁၂ တန်၊ ငါးလေးခြောက် ၄ တန်ကျော်နဲ့ ကဏန်း ၄၂၅ ကီလိုဂရမ် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၀၈ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**မြိတ်ကုန်သွယ်ရေးစခန်းမှ** ကန်ဒေါ်လာ ၂ ဒသမ ၉၁၃သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၂၈၇ တန်ကျော်၊ ငါးမှုန့် ၂၀၄ တန်၊ ပုစွန် ၈၄တန်ကျော်၊ ကင်းမွန် ၁၀၁တန်ကျော် ၊ ကင်းမွန် (အခွံချွတ်) ၂၁ တန်နီးပါး၊ အေးခဲအသားလွှာ ၄၈ တန်၊ အေးခဲခရုအသား ၄ တန်ကျော် ၊ စကဏန်းနီ ၆၄ ကီလိုဂရမ်နဲ့ သဲကဏန်း ၆၁၀ ကီလိုဂရမ် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၁၀၆ တန် လျော့နည်းတင်ပို့ခဲ့သော်လည်း တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၀၆၂ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# စစ်တွေကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်၊ လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော ပိုမိုတင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ စက်တင်ဘာလ ၁၂ ရက်မှ ၁၈ ရက်ထိ ကာလအတွင်း ရေထွက်ကုန်၊ လယ်ယာထွက်ကုန်နဲ့ စက်မှုကုန်ချော တန် ၆၆၀ ကျော် တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၂၀၅ သန်းဖိုး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ကန်ဒေါ်လာ သုည ဒသမ ၀၈၄ သန်းဖိုးတင်ပို့ခဲ့သဖြင့် ယခုသီတင်းပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၁၂၁ သန်းဖိုး ပိုမိုတင်ပို့လာတာတွေ့ရပါတယ်။

ယခုသီတင်းပတ်မှာ တင်ပို့ခဲ့တဲ့ ရေထွက်ကုန်ပစ္စည်းများကတော့ ရေချိုငါး၊ ငါးမြစ်ချင်း၊ငါးခေါင်းပွ ၇၁ တန်နဲ့ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်တဲ့ ကြက်သွန်နီ ၁၀၈ တန်၊ဆီးသီးခြောက် ၁၄၁ တန်၊ မန်ကျည်းစေ့ ၂၈၀ တန်၊ ချင်း(အစို)၁၉ တန်၊ နနွင်းတက် ၂တန်၊မန်ကျည်းဖတ်(အစေ့ပါ)၃ တန်နဲ့ စက်မှုကုန်ချောပစ္စည်းဖြစ်တဲ့ ဆီးယိုထုပ် ၄၁ တို့ကို တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးနဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား ဘန်လတ်တန်နယ်စပ်ဂိတ် မကြာမီပြန်လည်ဖွင့်လှစ်မည်

နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးနဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ထိုင်း-မြန်မာနှစ်နိုင်ငံအကြား ဘန်လတ်တန်နယ်စပ်ဂိတ်ကို မကြာမီ ပြန်လည်ဖွင့်လှစ်တော့မယ်လို့ ချင်းမိုင်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌက ပြောကြားပါတယ်။

အဆိုပါနယ်စပ်ဂိတ်ကို လုံခြုံရေးအခြေအနေကြောင့် ပိတ်ထားသည်မှာ ၁၃ နှစ်ကြာခဲ့ပြီဖြစ်ပါတယ်။ နယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်တဲ့အခါ ထိုင်းနိုင်ငံ ချင်းမိုင်ပြည်နယ် ဗီယန်ဟန်ခရိုင်နဲ့ မြန်မာနိုင်ငံ တောင်ကြီး မြို့နယ်အကြား ကီလိုမီတာ ၂၂၀ ကျော်ရှည်တဲ့ လမ်းကြောင်းပေါ်မှာ ဝင်ပေါက်သစ်တစ်ခုဖြစ်လာတော့မှာဖြစ်ပါတယ်။

ဗီယန်ဟန်နဲ့ တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်မြို့နယ်များအကြား ကုန်းလမ်းခရီးနဲ့ သွားရောက်နိုင်ကြမှာဖြစ်ပါတယ်။ တောင်ကြီးနဲ့ ဗီယန်ဟန်ကအနီးဆုံးဖြစ်ပြီး တောင်ကြီးမှတစ်ဆင့်မြန်မာနိုင်ငံရဲ့ ဒုတိယမြို့တော် မန္တလေးမြို့ထိရောက်ရှိနိုင်မယ့် လမ်းသစ်တစ်ခု ထပ်မံပေါ်ပေါက်လာဖွယ်ရှိတယ်လို့ ခန့်မှန်းနေကြပြီး ဗန်ကောက်-မန္တလေးဆက်သွယ်ရေးလမ်းကြောင်းအစား ချင်းမိုင်-မန္တလေးလမ်းမကို အသုံးပြုကာ သွားလာနိုင်ကြတော့မှာ ဖြစ်ပါတယ်။အဆိုပါ နယ်စပ်ဂိတ် ဖွင့်ပြီးပါက ခရီးသွားလုပ်ငန်းနဲ့ကုန်သွယ်မှုလုပ်ငန်းများမှ ကန်ဒေါ်လာတစ်ဘီလီယံကျော် ရရှိနိုင်မယ်လို့ မျှော်လင့်ကြောင်း ချင်းမိုင်ကုန်သည်အသင်းဥက္ကဋ္ဌကပြောကြားပါတယ်။

**CMK**

# ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ဆန်အိတ်များနဲ့ CD ယာဉ်ပေါ်မှ ဆန်အိတ်၊ ပဲအိတ်များကို မူဆယ် Mobile Team မှ စစ်ဆေးတွေ့ရှိ

တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ မူဆယ်ကုန်သွယ်ရေးဇုန် ထုတ်နုတ်အင်အား Mobile Team အဖွဲ့သည် စက်တင်ဘာလ ၉ ရက်နေ့တွင် မူဆယ် မောင်းတံအနီး ရှောင်ကွင်းလမ်းပေါ်မှာ တရားမဝင်စုပုံထားတဲ့ ဆန်အိတ် ၃၅ အိတ်၊ တံခါးကျည်းဘောင်ရှည် ၁၆ ချောင်းနဲ့ တံခါးကျည်းဘောင်တိုရှစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့တယ်လို့သိရပါတယ်။ အလားတူ စက်တင်ဘာလ ၉ ရက်နေ့တွင်လည်း မူဆယ် မောင်းတံအနီး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အောက်တုန်ခမ်းရွာအနီးတွင် CD ယာဉ်အမှတ်2J/xxxx ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ ဆန်အိတ် ၃၀ နဲ့ ပဲပုတ်စေ့အိတ် ၁၀၀ တို့ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိတရားမဝင် ဆန်အိတ်၊ ပဲအိတ်များနဲ့ တံခါးကျည်းဘောင်များရဲ့ခန့်မှန်း တန်ဖိုးမှာ ကျပ်သိန်းပေါင်း ၃၃ သိန်းခန့်ဖြစ်ပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ခဲ့တယ်လို့ သိရပါတယ်။

**MIRT**

# အကောက်ခွန်မဲ့စားသောက်ကုန်များနှင့် ဟိုတယ်သုံးပစ္စည်းများကို လရ-၁အဖွဲ့မှစစ်ဆေးတွေ့ရှိ

နောင်ချိုမြို့ အေးရှားဝေါလ်တိုးဂိတ်အနီး ယာယီအခြေပြုဆောင်ရွက်လျက်ရှိတဲ့ Mobile Team လရ-၁ အဖွဲ့သည် စက်တင်ဘာလ ၂ရက်မှ ၉ ရက်ထိကာလတွင်း လိုက်ထရပ်၊ ဗင်၊ ဟိုင်းအေ့စ်နဲ့ ခြောက်ဘီးဂျူတီ ယာဉ်များ ပေါ်မှ တရားမဝင် အကောက်ခွန်မဲ့ သို့ဝှက်တင်ဆောင်လာတဲ့ နို့မှုန့်အိတ်၁၁ အိတ်၊ အချဉ်ရည်ဖာ၂၂ ဖာ၊ကြာညို့ဖာ ၃၀ ဖာ၊ ပန်းသီး Sauce ၁၀ ဖာ၊ အားလူးခြောက်အိတ်၁၅ အိတ်၊မာလာဟင်း ၁၀ ဖာ ၊ ကြာစွယ် ၇ဖာ၊ မာလာဟင်းချဉ်ရည်၃၀ ဖာ၊ခေါက်ဆွဲခြောက်၉ အိတ်နဲ့ ID ထက်ပိုမိုတင်ဆောင်လာတဲ့ ပဲငံပြာရည်နဲ့အကြော်မှုန့်များကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိတဲ့ တရားမဝင်အကောက်ခွန်မဲ့ စားသောက်ကုန်များကို Mobile Team အဖွဲ့စုံဖြင့် အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

အလားတူ စက်တင်ဘာလ ၈ရက်နဲ့ ၉ ရက်နေ့များတွင် မန္တလေးမှ မူဆယ်သို့ ထွက်ခွာလာတဲ့ ယာဉ်များကို စစ်ဆေးရာ 7D/xxxx , 4c/xxxxနဲ့ 8I/xxxx ခရီးသည်ယာဉ်သုံးစီးပေါ်မှ ခရီးသည်ပစ္စည်းများကြား ရောနှော တင်ဆောင်လာတဲ့ ပြည်ပနိုင်ငံသို့ တင်ပို့မည့် တရားမဝင်ကန့်သတ်အမဲခြောက်အိတ် ၁၉ အိတ်ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းနိုင်တယ်လို့ သိရပါတယ်။စစ်ဆေးတွေ့ရှိ တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့မည့် အကောက်ခွန်မဲ့ ကန့်သတ်အမဲခြောက်များအား နောင်ချိုမြို့စည်ပင်သာယာရေးဦးစီးဌာနသို့ဖြင့် စနစ်တကျလွှဲပြောင်းအပ်နှံပြီး အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သွားမယ်လို့ သိရပါတယ်။

စက်တင်ဘာလ ၈ ရက်နေ့တွင် မူဆယ်မှ မန္တလေးသို့ ထွက်ခွာလာတဲ့ ယာဉ်များကို စစ်ဆေးရာ ရွှေမန္တလာခရီးသည်တင် မှန်လုံယာဉ်အမှတ် 7G/xxxx ယာဉ်နဲ့ Saloon EE/xxxx ယာဉ်နှစ်စီးပေါ်မှ သို့ဝှက်တင်ဆောင် လာတဲ့ ဟိုတယ်သုံးဖိနပ်ထုပ်ကြီး တစ်ထုပ်နဲ့ ဖိနပ်ဖူးငါးဖူးကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ တရားမဝင်တင်သွင်းလာတဲ့ အကောက်ခွန်မဲ့ ဖိနပ်ထုပ်များအား အကောက်ခွန်အမှုတွဲဖွင့်လှစ်ပြီး အကောက်ခွန်ဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်း အပ်နှံသွားမယ်လို့ သိရပါတယ်။

**MIRT**

# ကျိုက်ထိုဘက်မှ ဝင်ရောက်လာသော ကိုယ်ပိုင်ယာဉ်ပေါ်မှ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများကို လရ-၂ အဖွဲ့မှ စစ်ဆေးတွေ့ရှိ

ပဲခူးတိုင်းဝေါမြို့နယ် ညောင်ခါးရှည်အခြေပြု Mobile Team လရ-၂ အဖွဲ့သည် စက်တင်ဘာလ ၉ ရက်နေ့တွင် ကျိုက်ထိုဘက်မှ ဝင်ရောက်လာတဲ့ ကိုယ်ပိုင်ယာဉ်အမှတ် 5J/xxxx ပေါ်မှ ဖုန်းနှင့်ဆက်စပ်ပစ္စည်းများ စစ်ဆေးတွေ့ရှိ၍ မေးမြန်းခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ ဖုန်းနှင့် ဆက်စပ်ပစ္စည်းများကို ရန်ကုန်မှ မော်လမြိုင်ဘားအံမြို့များသို့ ရောင်းချပြီး လက်ကျန် ပြန်လည်သယ်ဆောင်လာခြင်းဖြစ်ကြောင်း ပြောကြားသဖြင့် လရ-၂ အဖွဲ့မှ မူလတရားဝင် တင်သွင်းခွင့်ပြုထားတဲ့ ID မိတ္တူများအား တစ်ပတ်အတွင်း တင်ပြစေရာ ပိုင်ရှင်မှ တရားဝင်တင်သွင်းအထောက်အထားများအား တင်ပြနိုင်ခြင်းမရှိတဲ့အတွက် အဖွဲ့စုံဖြင့် အကောက်ခွန်အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းခဲ့တယ်လို့သိရပါတယ်။ အဆိုပါ ဖုန်းနဲ့ ဆက်စပ်ပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ၁၀၈ သိန်းကျော် ဖြစ်တယ်လို့သိရပါတယ်။

**MIRT**

# သစ်သီးမျိုးစုံနဲ့ သံပုရာပင်များအား လေလံတင်ထုခွဲရောင်းချ

တာချီလိတ် Mobile Team က စက်တင်ဘာလ ၁ ရက်မှ ၉ ရက်အတွင်း သိမ်းဆည်းရမိခဲ့တဲ့ အကောက်ခွန်မဲ့ သစ်သီးမျိုးစုံ ၁၈၃၈ ကီလိုဂရမ်နဲ့ သံပုရာပင် ၁၅၀ တို့ကို ဌာနစုံပါဝင်သော လေလံတင်ထုခွဲ အဖွဲ့နဲ့ စက်တင်ဘာလ ၁၇ ရက်နေ့က လေလံပစ်ခဲ့ရာ ကျပ် ၂၃ ဒသမ ၀၃၇ သိန်းရရှိခဲ့တယ်လို့ သတင်းရရှိပါတယ်။ လေလံထုခွဲခဲ့တဲ့ သစ်သီးစုံတွေကတော့ ကြက်မောက်သီး၊ ကျွဲကောသီး၊ မင်းဂွတ်သီး၊ ပန်းသီး၊ ဝါရှင်တန်သီး၊ ဒူးရင်းသီး၊ စပျစ်သီး၊ ကနစိုသီး၊ နဂါးမောက်သီး၊ ဆီးသီး၊ လိမ္မော်သီး၊ မာလကာသီး၊ လော်ဂန်သီး၊ သရက်သီးတို့ ဖြစ်ကြပါတယ်။

## ပေါင်းသတ်ဆေး ၊ တိရစ္ဆာန်အစားအစာ၊ ဆင်ဆာမဲ့စီဒီချပ်နဲ့ ဆေးဝါးမျိုးစုံတို့အား ဖမ်းဆီးရမိ

စက်တင်ဘာလ ၁၅ ရက်မှ ၁၉ ရက်နေ့များအတွင်းမှာ တာချီလိတ်မြို့နယ် ဝမ်ကောင်းမွန်ကျေးရွာအနီး တာဝန်ထမ်းဆောင်နေသော မိုးဘိုင်းတင်းမ်က ၁၂ ဘီးယာဉ် ၆ဂ/xxxxပေါ်မှ ဆေးဝါးမျိုးစုံ ၇ဖာ၊ သုံးဘီးယာဉ်များဖြစ်တဲ့ ၁ဟ/xxxxပေါ်မှ ပေါင်းသတ်ဆေး ၁၅ဖာ၊ ၄ဟ/xxxx ပေါ်မှ တိရစ္ဆာန်အစားအစာ ၁၅ အိတ်၊ ဟိုင်အေ့စ် 8H/xxxxပေါ်မှာ ဆင်ဆာမဲ့ CD ချပ် ၄ ထုပ်တို့ကို သိမ်းဆည်းရမိခဲ့တယ်လို့ ကနဦးသတင်းရရှိပါတယ်။ **MIRT**

## ပန်းပုရုပ်တုနဲ့ ကျွန်းသစ်ထိုင်ခုံများအား နောင်ချိုရှောင်ကွင်းလမ်းမှာ Mobile Team ကသိမ်းဆည်းရမိ

နောင်ချိုရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ ပန်းပုရုပ်တု ၃ ဖာနဲ့ ကျွန်းသစ်ထိုင်ခုံ၊ ထမင်းစားပွဲခုံ လက်တန်းမပါ အလုံး ၂၀ ကို နောင်ချို AsiaWorld Toll Gate အနီး စစ်ဆေးရေးတာဝန်ထမ်းဆောင်နေသော Mobile Team အဖွဲ့က စစ်ဆေတွေ့ရှိသိမ်းဆည်းခဲ့ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး နောင်ချိုသစ်တောဦးစီးဌာနသို့ အပ်နှံရန် ဆောင်ရွက်ထားတယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ကျောက်စိမ်းဟုယူဆရသော ကျောက်အိတ်များကို မူဆယ် Mobile Team မှ စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာနမှ မူဆယ်စခန်းထုတ်နုတ်အင်အားဖြင့် ဦးစီးအရာရှိ ဦးစီးတဲ့ Mobile Team အဖွဲ့သည် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လိုင်ဖန် 4E/xxxx ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ ကျောက်စိမ်းဟုယူဆရတဲ့ ကျောက်အိတ် ၅၀ အိတ်(၂၁၄၈ ကီလိုဂရမ်)ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။အဆိုပါသိမ်းဆည်းရမိကျောက်စိမ်းဟု ယူဆရသော ကျောက်အိတ်များနဲ့ တင်ဆောင်လာတဲ့ ယာဉ်ရဲ့ခန့်မှန်းတန်ဖိုးမှာ ကျပ် ၂၁၉၈ သိန်းခန့်ဖြစ်ပြီး မူဆယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနတွင် အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ **MIRT**

## တရားမဝင် တင်သွင်းလာတဲ့ မျိုးစေ့၊ ပိုးသတ်ဆေးနဲ့ အပင်အားတိုးဆေးများ နောင်ချို Mobile Team မှ စစ်ဆေးတွေ့ရှိ

စက်တင်ဘာလ ၁၆ ရက်မှ ၂၃ ရက်ထိ ၈ ရက်အတွင်းမှာ နောင်ချိုအေးရှားဝေါလ်တိုးဂိတ် အနီး တာဝန်ထမ်းဆောင်နေသော Mobile Team အဖွဲ့က ယာဉ် ၅ စီးပေါ်မှ မျိုးစေ့ဖာ ၂၀ နဲ့ ၂ အိတ်၊ပိုးသတ်ဆေး ၄ ဖာနဲ့ အပင်အားတိုးဆေး ၁၃ ဖာကို စစ်ဆေးတွေ့ရှိသိမ်းဆည်းရမိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်ထားတယ်လို့ သတင်းရရှိပါတယ်။ဒ့ါအပြင် တစ်ဖက်နိုင်ငံထုတ်ကြက်ဆေးဖာများကိုလည်း ၆ ဘီးယာဉ်တစ်စီးပေါ်မှ အကောက်ခွန်မဲ့သယ်ဆောင်လာတာကိုလည်း စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သိရပါတယ်။

## ကား/ဆိုင်ကယ်အပိုပစ္စည်းများ ၊LED TVများ ဓာတုကုန်ကြမ်းပစ္စည်းများ သိမ်းဆည်းရမိ

စက်တင်ဘာလ ၁၆ ရက်မှ ၂၃ ရက်ထိ ၈ ရက်အတွင်းမှာ နောင်ချိုအေးရှားဝေါလ်တိုးဂိတ် အနီး တာဝန်ထမ်းဆောင်နေသော Mobile Team အဖွဲ့က ယာဉ် ၅ စီးပေါ်မှ မျိုးစေ့ဖာ ၂၀ နဲ့ ၂ အိတ်၊ပိုးသတ်ဆေး ၄ ဖာနဲ့ အပင်အားတိုးဆေး ၁၃ ဖာကို စစ်ဆေးတွေ့ရှိသိမ်းဆည်းရမိခဲ့တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်ထားတယ်လို့ သတင်းရရှိပါတယ်။ဒ့ါအပြင် တစ်ဖက်နိုင်ငံထုတ်ကြက်ဆေးဖာများကိုလည်း ၆ ဘီးယာဉ်တစ်စီးပေါ်မှ အကောက်ခွန်မဲ့သယ်ဆောင်လာတာကိုလည်း စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သိရပါတယ်။

# အကောက်ခွန်မဲ့သယ်ဆောင်လာသည့် စားသောက်ကုန်မျိုးစုံကို ဖမ်းဆီးရမိ

နောင်ချိုအေးရှားဝေါလ်တိုးဂိတ်အနီး စစ်ဆေးရေးတာဝန်ထမ်းဆောင်နေသော Mobile Team လရ-၁ အဖွဲ့သည် ပန်သီးဖာ ၇၀ ၊ပဲကတ္တီပါ ၈ ဖာ၊အာလူးခြောက် ၆ အိတ်၊ အုန်းသီးမှုန့် ၉ အိတ်၊ နို့မှုန့်နဲ့ နို့ထုပ်များ မုန့်ဖာများ၊ ထောပတ်ဖာများ၊ Birdy Coffee ဖာများကို ယာဉ် ၁၀ စီးနဲ့တင်ဆောင်ပြီး အကောက်ခွန်မဲ့ သယ်ဆောင်လာတဲ့အတွက် သိမ်းဆည်းခဲ့ပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲဖွင့်လှစ်ထားတယ်လို့ သတင်းရရှိပါတယ်။

စားသောက်ကုန် မုန့်ဖာများ၊ အာလူးခြောက်၊ အုန်းသီးမှုန့်အိတ်များမှာ အများပြည်သူစားသုံးရန် သင့်တော်ကြောင်း FDA ထောက်ခံချက်များမပါရှိသဖြင့် Mobile Team အဖွဲ့ဝင်များမှ ဌာနကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့နဲ့ စနစ်တကျဖျက်သိမ်းသွားမယ်လို့ သိရှိရပါတယ်။

**MIRT**

# ရှောင်ကွင်းလမ်းမှာ စုပုံထားတဲ့ သစ်များအား တရားမဝင်ခိုးထုတ်ရန်လုပ်ဆောင်စဉ် ဝင်ရောက်ပိတ်ဆို့တားဆီး

နောင်ချို မူးယစ်ဂိတ် အနောက်ဘက် ရှောင်ကွင်းလမ်းအတွင်း စုပုံထားတဲ့ သစ်များကို တရားမဝင် ခိုးထုတ်ရန် လုပ်ဆောင်နေကြောင်း သတင်းရတဲ့အတွက် နောင်ချိုအထွက် အေးရှားဝေါလ်တိုးဂိတ်အနီး စားသုံးသူ အကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိစဉ် အရာရှိများ ဦးစီးတဲ့ အဖွဲ့နှစ်ဖွဲ့ ဝင်ရောက်ပိတ်ဆို့တားဆီးဆောင်ရွက်ခဲ့ပါတယ်။ Grande Mark II 3F/xxxx နဲ့ သစ်အချို့ သယ်ထုတ်နေစဉ် မိမိတို့ Mobile Team အဖွဲ့ဝင်ရောက်လာသည်ကို သိရှိသွားသဖြင့် သစ်များအား ပြန်ချပြီး မောင်းနှင်ထွက်ပြေးရန် ကြိုးပမ်းခဲ့ပါတယ်။ ဝိုင်းဝန်းတားဆီးပိတ်ဆို့စဉ် ယာဉ်မောင်းက ယာဉ်အားရှောင်ကွင်းလမ်းအတွင်းထားရှိ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပါတယ်။

တမလန်းလို့ယူဆရတဲ့ ခါးရွှေတုံးများနဲ့ Grande Mark II ယာဉ်တို့အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရန် လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ဆောင်ရွက်နေပါတယ်။

သစ်ခါးရွှေတုံးများကို နောင်ချိုမြို့သစ်တောဦးစီးဌာန သို့လည်းကောင်း၊ မော်တော်ယာဉ်အား အကောက်ခွန်ဦးစီးဌာနသို့လည်းကောင်းလွှဲပြောင်းအပ်နှံသွားမယ်လို့သတင်းရရှိပါတယ်။

**MIRT**

# ဟွန်ဒါအိုဒက်ဆီ ယာဉ်အံဝှက်အတွင်းမှ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးနဲ့ ကျောက်ဖြတ်စမျိုးစုံ စစ်ဆေးတွေ့ရှိ

လရ-၁နောင်ချို မိုဘိုင်းတင်း(မ်)မှ ညွှန်ကြားရေးမှူးဦးစီးအဖွဲ့သည် နောင်ချိုအေးရှားဝေါလ်တိုးဂိတ်၊ အနီး တာဝန်ထမ်းဆောင်စဉ် သတင်းအရ မန္တလေးမှ မူဆယ်ဘက်သို့ မောင်းနှင်လာသောဟွန်ဒါအိုဒက်ဆီ ယာဉ်အား သတင်းအရရပ်တန့်စေ၍ အသေးစိတ်ဖွင့်ဖောက်စစ်ဆေးမှုကို အချိန်ယူပြုလုပ်ခဲ့ရပါတယ်။

ယာဉ်နောက် ထိုင်ခုံအောက်ဘက်တွင် အံဝှက်ပြုလုပ်ပြီး အပေါ်မှ ပတ်တီးကိုင်မှုတ်ဆေးများပြန်မှုတ်ပြီး စနစ်တကျမူလပုံစံအတိုင်း အချောကိုင်ထားတဲ့ အောက်ခံပြားအား ဆို့ဖြင့်ဖြတ်တောက်စစ်ဆေးခဲ့ရာ အံဝှက်အတွင်း ထည့်သွင်းသယ်ဆောင်လာသော ကျောက်စိမ်းလို့ ယူဆရတဲ့ ကျောက်တုံးနဲ့ ကျောက်ဖြတ်စမျိုးစုံအား စစ်ဆေးတွေ့ရှိခဲ့တယ်လို့ သိရပါတယ်။ ဖမ်းဆီးရမိ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးများ၊ကျောက်ဖြတ်စများနဲ့ မော်တော်ယာဉ်တို့ကို လုပ်ထုံးလုပ်နည်းနဲ့အညီအကောက်ခွန် အမှုတွဲဖွင့်လှစ်၍ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမယ်လို့ သိရပါတယ်။

MIRT

# ပရိဘောက် ယာဉ်ပေါ်မှတရားမဝင်တင်ဆောင်လာတဲ့ ကားအပိုပစ္စည်းများ မူဆယ်တွင် စစ်ဆေးတွေ့ရှိ

ကုန်သွယ်ရေးဦးစီးဌာန မူဆယ်စခန်း ထုတ်နုတ်အင်အားဖြင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးစီးတဲ့ Mobile Team အဖွဲ့သည် စက်တင်ဘာလ ၁၀ ရက်နေ့တွင် အေးရှားဝေါလ်တိုးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ပရိဘောက်ယာဉ်အမှတ် DD/xxxx ပေါ်မှ တရားမဝင်တင်ဆောင်လာတဲ့ နာရီ ၁ ဖာ ၊ ကားဖင်ထိုင်ခုံခွက် ၄ ထုတ်၊ ကားကူရှင်စုံ ၆ ထုတ်၊ ကားမိုးကာ ၂၆ ခုနဲ့ ကားခြေနင်းပြား ၅ ထုတ်ကို စစ်ဆေးတွေ့ရှိသိမ်းဆည်းခဲ့တယ်လို့သိရပါတယ်။ စစ်ဆေးတွေ့ရှိ အကောက်ခွန်မဲ့ တရားမဝင် ကားအပိုပစ္စည်းများရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ် ရှစ်သိန်းရှစ်သောင်းသုံးထောင်ခန့်ဖြစ်ပြီး မူဆယ်မြို့နယ်အကောက်ခွန် ဦးစီးဌာနတွင် အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ MIRT

# တာချီလိတ်ကုန်သွယ်ရေးစခန်း မိုဘိုင်းတင်း(မ်)မှ ဘဏ္ဍာနှစ် ဩဂုတ်လထိ အေးခဲအသားစုံနဲ့ ကြက်ဥဖမ်းဆီးရမိမှု ကျပ်သိန်း ၂၃၀ ကျော်ရှိ

တာချီလိတ်ကုန်သွယ်ရေးစခန်း မိုဘိုင်းတင်း(မ်)မှ အများပြည်သူ စားသုံးရန်မသင့်သော အေးခဲကြက်သား၊ အေးခဲအသား၊အသားတုံ၊ ကြက်မြစ်ကြက်သည်း၊ငါးခူ၊ ပလာတူး၊ပုစွန်၊ ငါး၊ကြက်အူချောင်း၊ကြက်ဥ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၂၃၄ ဒသမ ၈၂၅ သိန်းဖိုးကို ဖမ်းဆီးရမိခဲ့တယ်လို့ သတင်းရရှိပါတယ်။အသားတုံ ၄၆၁၀ ကီလိုဂရမ်၊ အေးခဲအသား ၅၂၅ ကီလိုဂရမ်၊ အေးခဲကြက်သား၊ကြက်အူချောင်း၊ ငါးခူ၊ ပလာတူး၊ ပုစွန်၊ငါး၊ ကြက်အသည်းအမြစ် ၈၂၅ ကီလိုဂရမ်၊ ကြက်ဥ ၁၀၈၀၀ လုံးလို့ သိရပါတယ်။

စက်တင်ဘာလအတွင်းက မော်တော်ဆိုင်ကယ် ၄ စီးနဲ့ တရားမဝင်သယ်ဆောင်လာတဲ့ ပီနန်အိတ် ၆ အိတ်အတွင်းက သိမ်းဆည်းရမိသော အေးခဲအသား ၂၉၀ ကီလိုဂရမ် ၊ ခန့်မှန်းတန်ဖိုး ကျပ် ၈ ဒသမ ၉၇၀ သိန်း ကျော်ဖိုးကို စက်တင်ဘာလ ၁၇ ရက် ၁၄း၀၀ ချိန်ခန့်မှာ အဖွဲ့မှ စနစ်တကျမီးရှို့မြေမြှုပ်ဖျက်ဆီးခဲ့ပြီး ဖြစ်တယ်လို့ သိရပါတယ်။ FDA ထောက်ခံချက်မပါတဲ့ ကြက်ဥများ၊Kitchen of the World xx တံဆိပ်ပါ အေးခဲကြက်သားများ၊ ကုန်အမှတ်တံဆိပ်မပါသော အသားတုနဲ့ အေးခဲအသားများဖြစ်ကြပါတယ်။ MIRT




မြန်မာ့စီးပွားရေးကို အနီးကပ်စောင့်ကြည့်၊ နည်းပညာဆိုင်ရာ အကူအညီတွေလည်းပေး၊ ပုံမှန်အစီရင်ခံစာတွေလည်း ထုတ်ပြန်တဲ့ အဖွဲ့အစည်းတစ်ခုကတော့ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ပဲ ဖြစ်ပါတယ်။ အခုလည်း စက်တင်ဘာလ ၁၈ ရက်နေ့က မြန်မာ့စီးပွားရေးနဲ့ပတ်သက်လို့ သတင်းတစ်ခု ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့တာတွေ့ရပါတယ်။ အိုင်အမ်အက်ဖ်ရဲ့ သုံးသပ်ချက်တွေကို ဆက်လက်တင်ပြပါမယ်။

မြန်မာ့စီးပွားရေးတိုးတက်မှုဟာ ဆက်လက်အားကောင်းနေပေမယ့် နိုင်ငံအဆင့် မေကရိုစီးပွားရေး တစ်ဖက်စောင်းနင်းဖြစ်နေတာတွေဟာ မကြာမီနှစ်တွေမှာ ပိုဆိုးလာခဲ့တယ်လို့ အိုင်အမ်အက်ဖ်က သုံးသပ်ထားပါတယ်။ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာ ဂျီဒီပီ အမှန်တကယ် တိုးတက်မှု ၈ ဒသမ ၅ ရာခိုင်နှုန်းလောက်ရှိမယ်။ ငွေဖောင်းပွမှုနှုန်းဟာ ၂၀၁၄ အောက်တိုဘာလလောက်တုန်းက ၄ ရာခိုင်နှုန်းလောက်ပဲရှိပေမယ့်၊ ၂၀၁၅ မေလမှာ ပြီးခဲ့တဲ့နှစ်ကထက် ၈ ရာခိုင်နှုန်းတက်လာခဲ့ပြီး၊ ဒါဟာ ပြည်တွင်းဝယ်လိုအားက အားကောင်းနေတာကို ပြသတယ်။ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်လိုငွေဟာ ဂျီဒီပီရဲ့ ၃ ရာခိုင်နှုန်း မှာ ရှိနေပြီး၊ ပုဂ္ဂလိကကဏ္ဍရဲ့ချေးငွေက အရင်နှစ်ထက် နည်းနည်းပဲ လျော့ပေမယ့် ၃၅ ရာခိုင်နှုန်း တက်လာ တာတွေ့ရပါတယ်။ ပြည်ပငွေပေးငွေယူရှင်းတမ်း သာမန်စာရင်းမှာ လိုငွေပြနေတာဟာ ဂျီဒီပီရဲ့ ၆ ရာခိုင်နှုန်း အထိဖြစ်လာပြီး၊ အဓိက အားဖြင့် ကုန်သွယ်ရေးလိုငွေ လျင်မြန်စွာတိုးတက်နေတာကြောင့်ဖြစ်တယ်။ တရားဝင်ငွေလဲနှုန်း ကျဆင်းစေတဲ့ ဖိအားတွေ တွေ့ရပြီး၊ မြန်မာငွေတန်ဖိုးဟာ ၂၀၁၄ စက်တင်ဘာလနဲ့ ၂၀၁၅ ဇူလိုင်လအတွင်းမှာ ၂၀ ရာခိုင်နှုန်းလောက် တန်ဖိုးကျဆင်းလာတာကို တွေ့ရပါတယ်။ ၂၀၁၅ မတ်လကုန်မှာ မြန်မာနိုင်ငံဗဟိုဘဏ်ရဲ့ လက်ထဲမှာရှိတဲ့ နိုင်ငံခြားသီးသန့်ရန်ပုံငွေဟာ သွင်းကုန်သုံးလစာလောက်ပဲရှိတယ်။

ဒီနှစ်မှာ မြန်မာ့စီးပွားရေးဟာ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်လွန်ကဲနေတဲ့ အရိပ်အယောင်တွေကြားထဲမှာ ဆက်လက်တိုးတက်နေပါဦးမယ်။ တိုးတက်မှုအရှိန် ဆက်ရှိနေတာရယ်၊ ငွေကြေးသုံးစွဲမယ့် မူဝါဒတွေရယ်ကြောင့် ၈ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းတယ်။ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်မှာ ဘတ်ဂျက်လိုငွေတွေ များလာမယ်လို့ ခန့်မှန်းတာကြောင့် ငွေကြေးတွေများနေမယ်၊ ချေးငွေတွေလည်းဆက်ပြီးတိုးတက်နေမယ်။ သာမန်စာရင်းလိုငွေတွေ ပိုပြီးပြမယ်လို့ တွက်ထားတော့ ဗဟိုဘဏ်ကပဲ ဒီလိုငွေကို သိသိသာသာကြီးဖြည့်ဆည်းပေးရဦးမယ်။ ချေးငွေတွေ လည်း ဆက်ပြီး တိုးတက်နေဦးမယ်။ ဒါကြောင့် ၂၀၁၅-၁၆ မှာ ငွေဖောင်းပွမှုမြင့်မားပြီး သာမန်စာရင်းလိုငွေလည်း တိုးပွားလာဦးမယ်လို့ တွက်ဆထားတာ တွေ့ရတယ်။

စီးပွားရေးတိုးတက်မှု အရှိန်အဟုန်နဲ့ တည်ငြိမ်မှုကို ကျဆင်းစေနိုင်တဲ့ အန္တရာယ်တွေကတော့ တိုးပွားနေပြီး မကြာမီက တွေ့ကြုံရတဲ့ ရေဘေးကြောင့် ပိုပြီးဆိုးရွားစေနိုင်ပါတယ်။ သဘာဝဓာတ်ငွေ့ဈေးနှုန်းကျဆင်းတာကြောင့် ပို့ကုန်ကရတဲ့ ဝင်ငွေနဲ့ အစိုးရရဲ့ဝင်ငွေကို ကျဆင်းစေနိုင်တဲ့ ကာလလတ်ကနေကာလရှည်မှာ မျှော်လင့်ထားတာထက်လျော့နည်းတဲ့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုတွေ ကို ရနိုင်တယ်။ မျှော်လင့်ထားတာထက် မြန်ဆန်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးမှုဟာ ကုန်သွယ်ရေး လမ်းကြောင်းတွေက တစ်ဆင့် မြန်မာ့စီးပွားရေးအပေါ် အနုတ်လက္ခဏာ အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ် စေနိုင်ပါတယ်။



ဒ့ါအပြင် အမေရိကန်ပြည်ထောင်စုဟာ တင်းကျပ်တဲ့ ငွေကြေးမူဝါဒကို ကျင့်သုံးတဲ့အတွက်ကြောင့် ဒေါ်လာတန်ဖိုးခိုင်မာလာပြီး ကျပ်ငွေတန်ဖိုး ပိုမိုကျဆင်းစေနိုင်ပါတယ်။ ချေးငွေတိုးတက်မှုနှုန်း မြန်ဆန်ခြင်း၊ သာမန်စာရင်းလိုငွေ တိုးပွားနေခြင်း၊ ဘတ်ဂျက်လိုငွေ များပြားနေခြင်းတို့ကြောင့် ဈေးနှုန်းတည်ငြိမ်မှု၊ ပြည်ပငွေပေးငွေယူ ရှင်းတမ်း တည်ငြိမ်မှုတို့ကို ထိခိုက်စေနိုင်ပါတယ်။ ဒီနှစ်မှာ နိုင်ငံခြားဘဏ်တွေ ဝင်ခွင့်ပြုလိုက်ပြီး၊ ဘဏ္ဍာရေးကဏ္ဍကို ဆက်လက်ဖြေလျှော့ခွင့် ပေးလိုက်တာတွေကြောင့် အကျိုးခံစားရစရာတွေရှိပေမယ့် ဗဟိုဘဏ်ရဲ့ စည်းကမ်းထိန်းသိမ်းမှုနဲ့ ကြီးကြပ်မှုစွမ်းရည် နိမ့်နေသေးတော့ အန္တရာယ်တွေလည်း ရှိနေပါသေးတယ်။ တစ်ဖက်မှာတော့ အများလက်ခံတဲ့ ရွေးကောက်ပွဲရလဒ်နဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေက အံ့သြစရာရလဒ်ကောင်းတွေကို ဖြစ်ပေါ်စေပြီး၊ မျှော်လင့်တာထက် များပြားတဲ့ နိုင်ငံခြားတိုက်ရိုက်ရင်း နှီးမြှုပ်နှံမှုတွေ စီးဝင်လာနိုင်တယ်လို့ သုံးသပ်ထားတာ တွေ့ရပါတယ်။

အိုင်အမ်အက်ဖ်ရဲ့ ဘုတ်အဖွဲ့ကတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု အရှိန်အဟုန်ကောင်းနဲ့ အာဏာပိုင်တွေရဲ့ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေ တိုးတက်လာတာကို ကြိုဆိုပါတယ်။ စီးပွားရေးတိုးတက်မှု အရှိန်လွန်လာတဲ့ လက္ခဏာတွေနဲ့ ရေဘေးကြောင့် စီးပွားရေး ထိခိုက်လာနိုင်တာတွေကို အာဏာပိုင်တွေအနေနဲ့ စီးပွားရေးဦးမော့ရေး၊ ပြန်လည်တည်ဆောက်ရေးနဲ့ တစ်ဖက်က နိုင်ငံအဆင့် စီးပွားရေးတည်ငြိမ်မှုကို အချိန်အဆမျှတအောင် ကြိုတင်ပြီး လုပ်ဆောင်ကြဖို့ အားပေးတိုက်တွန်းထားပါတယ်။

စီးပွားရေးတိုးတက်မှု အရှိန်လွန်တဲ့ အရိပ်အယောင်တွေကို အဖြေညှိဖို့က ဘတ်ဂျက်လိုငွေ ထိန်းချုပ်ရေးဟာ အရေးပါတဲ့ အကြောင်း အလေးအနက် ပြောဆိုထားပါတယ်။ တစ်ဖက်မှာတော့ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းတွေအတွက် သုံးစွဲဖို့ စွမ်းအားစုတွေ ထပ်မံလိုအပ်မှာ ဖြစ်ပြီး၊ နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်နိုင်ငံတွေ၊ အဖွဲ့အစည်းတွေကနေ ရရှိဆောင်ရွက်နိုင်မယ်လို့ တွက်ဆထားတယ်။ တစ်ဖက်မှာ ဘဏ္ဍာငွေကောက်ခံရရှိမှုတွေကနည်း၊ တခြားတစ်ဖက်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် လုပ်ဆောင်စရာတွေကများ၊ ဘဏ္ဍာရေး အခြေအနေကို စဉ်ဆက် မပြတ်စေဖို့ကလည်း လိုတာတွေကြောင့် အခြေခံကို ချဲ့ထွင်ပြီး၊ တန်ဖိုး ထပ်တိုးခွန် (Value Added Tax) ကောက်ခံနိုင်ဖို့ ပြင်ဆင်စေချင်တဲ့အကြောင်း တိုက်တွန်းထားတာကိုလည်း တွေ့ရပါတယ်။ အခွန်နဲ့ပတ်သက်တဲ့ မက်လုံးတွေ သိပ်မပေးစေချင်သလို၊ အကောင်အထည်ဖော်နိုင်စွမ်းအပေါ် မူတည်ပြီးမှ အခြေအနေကိုလိုက်ပြီး၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို ငွေကြေးအရင်းအမြစ်တွေ လွှဲပေးဖို့၊ အသုံး စရိတ်တွေ သုံးစွဲရာမှာ ဦးစားပေး အစီအစဉ်တွေ သေသေချာချာ ပြန်ချမှတ်ဖို့တွေ အကြံပြု တိုက်တွန်းထားပါတယ်။

မြန်မာအစိုးရ က သယံဇာတတူးဖော်ရေးမှာ မြင်သာထင်သာရှိရေး (EITI) အကောင်အထည်ဖော်ဖို့ သန္နိဋ္ဌာန်ချထားတာတွေကို ကြိုဆိုထားပါတယ်။ ငွေတိုက်စာချုပ်တွေ စတင်လေလံပစ်တာကို ချီးကျူးထားပြီး၊ ငွေတိုက်စာချုပ်တွေရဲ့ အတိုးနှုန်းတွေကို အလျင်အမြန် တိုးပေး၊ များများစားစား ဝယ်ယူကြအောင်ဆွဲဆောင်ပြီး ဗဟိုဘဏ်က ဘတ်ဂျက်လိုငွေတွေ စိုက်ထုတ်ရတဲ့နည်းကို ရပ်ဆိုင်းနိုင်ဖို့လည်းအကြံပြုထားပါတယ်။ စီးပွားရေး တိုးတက်မှု အရှိန်အဟုန် လွန်ကဲလာတဲ့အတွက်ကြောင့် နိုင်ငံအဆင့် စီးပွားရေး မတည်မငြိမ် ဖြစ်လာနိုင်တာကို ရှောင်ရှားဖို့ဆိုရင် တင်းကျပ်တဲ့ ငွေကြေးမူဝါဒကို ချမှတ်ကျင့်သုံးဖို့ လိုပါတယ်။ ရေဘေးဒုက္ခ ကြုံတွေ့နေခဲ့ရတော့ စီးပွားရေးစနစ်ထဲမှာ ငွေများများရောက်နေဖို့ လိုအပ်နိုင်တာကို တွက်ဆပြီး တင်းကျပ်တဲ့ ငွေကြေးမူဝါဒကို ကျင့်သုံးရာမှာ တိုးသာဆုတ်သာရှိဖို့တော့ လိုပါတယ်။ သတ်မှတ်တဲ့ သီးသန့်ငွေသားအချိုးကို အောက်တိုဘာလမှာ ရရှိအောင် အကောင်အထည်ဖော်မယ့် ကိစ္စကိုဆက်လက် ထိန်းသိမ်းထားသင့်တယ်။ ဗဟိုဘဏ်အနေနဲ့ နိုင်ငံခြားသီးသန့်ရန်ပုံ ငွေတိုးပွားဖို့ အပ်ငွေလေလံပစ်တဲ့ စနစ်ကို အရှိန်မြှင့်ဖို့တွေကိုပြင်ဆင်ထားပြီး၊ စားသောက်ကုန်တွေဈေးနှုန်း တက်စေမယ့် ဒုတိယအကျော့အရိပ်အယောင်တွေ ပေါ်လာရင် ရင်ဆိုင်သင့်ပါတယ်။ မကြာခင်က ဗဟိုဘဏ်အနေနဲ့ ရည်ညွှန်းငွေလဲနှုန်းနဲ့ ဈေးကွက် ငွေလဲနှုန်းအကြား ကွာဟချက် နည်းပါးအောင် ဆောင်ရွက်ခဲ့တာကို ကြိုဆိုတယ်။ ပြင်ပက ရုတ်တရက် အပြောင်းအလဲတွေ ဖြစ်လာရင် ဒဏ်ခံနိုင်ဖို့ ငွေဖောင်းပွမှု ဖြစ်နေချိန်မှာ ကိုယ့်ရဲ့ ပို့ကုန်တွေ ပြည်ပမှာတခြားနိုင်ငံက ပို့ကုန်တွေနဲ့ ပုခုံးချင်းယှဉ်နိုင်စေဖို့ ငွေဖလှယ်နှုန်းတိုးသာဆုတ်သာ ရှိရေးဟာ အရေးကြီးကြောင်း အသိအမှတ်ပြုထားပါတယ်။

အိုင်အမ်အက်ဖ်ဒါရိုက်တာအဖွဲ့က လောလောဆယ် ချမှတ်ဆောင်ရွက်နေတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုအပ်ရင်လိုအပ်သလို ပိုမိုတင်းကျပ်ပြီး ချေးငွေတိုးတက်မှုနဲ့ ဘဏ္ဍာရေးအန္တရာယ်ဖြစ်နိုင်တဲ့ အလားအလာတွေကို ထိန်းချုပ်ဖို့လည်း အကြံပြုထားပါတယ်။ ကျန်တဲ့စည်းမျဉ်းစည်းကမ်းတွေ ညွှန်ကြားချက်တွေကို မြန်မြန် ဆန်ဆန် ဗဟိုဘဏ်ကထုတ်ပေးပြီး အထူးသဖြင့် ဝင်ရောက်ခွင့်ပြုခဲ့တဲ့ နိုင်ငံခြားဘဏ် ကိုးခုအပါအဝင် ဘဏ်တွေကို ကြီးကြပ်ထိန်းသိမ်း မှုစွမ်းရည် မြင့်မားစေလိုပါတယ်။ ဘဏ္ဍာရေးတည်ငြိမ်မှု ရရှိဖို့ဆိုရင် နိုင်ငံပိုင်ဘဏ်တွေကို ပြုပြင်ပြောင်းလဲဖို့ မူအရချပေးလိုက်တဲ့ ဘဏ်တွေနဲ့ ဘဏ်မဟုတ်တဲ့ ဘဏ္ဍာရေး အဖွဲ့အစည်းတွေကို သေသေချာချာ ကြီးကြပ်ဖို့ အရေးကြီးပါတယ်။

ဘဏ္ဍာရေး ခိုင်မာတောင့်တင်းမှု ညွှန်းကိန်းတွေ ပြုစုပြီး ထုတ်ပြန်ဖို့ ငွေမည်းခဝါချမှု တိုက်ဖျက်ရေး အကောင်အထည်ဖော်မှု မြန်မာဘဏ်တွေနဲ့ ဆက်သွယ်ဆောင်ရွက်နေတဲ့ ဘဏ်တွေကို အကာအကွယ်ပေးနိုင်ဖို့၊ အကြမ်းဖက်မှု ငွေကြေးထောက်ပံ့ရေး တိုက်ဖျက်မှု လုပ်ငန်းတွေ အကြောင်းကိုလည်း ထုတ်ပြန်ဖို့ အားပေးထားပါတယ်

အများနဲ့သက်ဆိုင်ပြီး စဉ်ဆက်မပြတ် စီးပွားရေးတိုးတက်မှုကို ရရှိဖို့ဆိုရင် စီးပွားရေးအဆောက်အအုံ ပြုပြင်ပြောင်းလဲရေး အစီအစဉ်တွေကို ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် စီးပွားရေးလုပ်ငန်းတွေအတွက် ပိုမိုကောင်းမွန်တဲ့ ပတ်ဝန်းကျင်ဖြစ်စေဖို့ ဘဏ္ဍာရေးကဏ္ဍမှာ အများပြည်သူ ပါဝင်ခွင့်ရဖို့ ပညာရေးနဲ့ ကျန်းမာရေးကဏ္ဍတွေ တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ပေးဖို့တွေကိုပါ တစ်ပါတည်း အကြံပြုထားတာ တွေ့ရပါတယ်။ နိုင်ငံအဆင့် စီးပွားရေး စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရာမှာ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မြင့်မားလာဖို့ နည်းပညာ အထောက်အပံ့တွေ ဆက်လက်ရရှိဖို့နဲ့ စီးပွားရေးစာရင်းအင်းတွေ ပိုမိုပီပြင်လာဖို့တွေ လိုအပ်ကြောင်းထောက်ပြတာတွေ တွေ့ရပါတယ်။



## ပြောင်း

### စခန်းစုံမှ ပြောင်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီးနယ်စပ်ကုန်သွယ်ရေးစခန်းများမှ စက်တင်ဘာလ တတိယပတ်အတွင်း ကန်ဒေါ်လာ ၄ ဒသမ ၄၄၆ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၁၄၈၃၆ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။စခန်းအလိုက် တင်ပို့ခဲ့တာကတော့ မူဆယ်မှ ၁၄၂၁၀ တန်၊ လွယ်ဂျယ်မှ တန် ၅၀၀ နဲ့ ကန်ပိုက်တီးမှ ၁၂၆ တန်ဖြစ်ပါတယ်။ယခင်ရက်သတ္တပတ်က မူဆယ်စခန်းတစ်ခုတည်းကသာ ပြောင်းတင်ပို့ခဲ့တာပါ။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို ၃၈၅၁၄၅ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၄၀၃၉၂၀ ကျပ်သို့ ပြောင်းဈေးတွေ ဆက်လက်မြင့်တက်နေတာ တွေ့ရပါတယ်။ဒီတစ်ပတ်မှာတော့ မူဆယ်ကုန်စည်ဒိုင်ကို နယ်စုံကပြောင်းတွေ ဝင်ရောက်လာသလို တရုတ်ဝယ်လက်ကလည်း ပုံမှန်ဝယ်လိုအားရှိတယ်လို့ သိရပါတယ်။ စီပီအစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း၃၀ မှ ၁၀၀ အထိထွက်ရှိကြောင်း၊ စီပီပြောင်းကို တစ်နှစ် နှစ်ကြိမ် စိုက်ပျိုးပေးခြင်းကြောင့် ပြောင်းဖူးတွင် အာဟာရ ပိုမိုရရှိပြီး အောင်မြင်တဲ့ပြောင်းဖူးများရရှိကြောင်း သိရှိရပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်စခန်းမှ သကြားဖြူတန်ချိန် ခုနစ်ထောင်ကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်တရုတ်နိုင်ငံသို့ စက်တင်ဘာလ ၁၂ ရက်မှ ၁၈ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၄ ဒသမ ၅၇၂ သန်းတန်ဖိုးရှိ သကြားဖြူ ၇၆၁၉ တန် ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် သကြားဖြူ ၁၄၀၆ တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ပြည်တွင်းမှာ သကြားလက်ကျန် ကုန်ကြမ်းနည်းခြင်းကြောင့် သကြားဈေး တစ်ပိဿာကို ကျပ် ၅၀ ခန့် ဈေးမြင့်တက်လာပါတယ်။ ယခင်သကြားဖြူ တစ်ပိဿာ လက်လီ ၁၂၀၀-၁၂၅၀ ကျပ်ဈေးရှိရာမှ ယခု ၁၃၀၀ ကျပ် ဈေးရှိတယ်လို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မြင့်မြင့်မာ**



| ၂၁-၉-၂၀၁၅ မှ ၂၄-၉-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 212 | 11353971.481 |
| 2 | Form D | 14 | 1040202.32 |
| 3 | Form E | 71 | 706295.364 |
| 4 | Korea GSP | 4 | 34548.70 |
| 5 | Form AK | 69 | 3269083.85 |
| 6 | Form AJ | 6 | 374931.10 |
| 7 | Form AI | 31 | 1618481.65 |
| 8 | Form AANZ | - | - |
| 9 | Form DFTP | - | - |
| **Grand Total** | | **407** | **18397514.465** |

## ရော်ဘာ

### ဂျပန်နဲ့ ကိုရီးယားသို့ ရော်ဘာတန် ၂၀၀ နီးပါးတင်ပို့

စက်တင်ဘာ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့ထိကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဂျပန်နဲ့ ကိုရီးယားနိုင်ငံသို့ ရော်ဘာ တန် ၂၀၀ နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။ ဂျပန်နိုင်ငံသို့ MSR-20 ၉၈တန် တန်ဖိုး ကန်ဒေါ်လာ ၉၈၀၀၀ နဲ့ ကိုရီးယားနိုင်ငံသို့ MSR-20 ၁၀၁ တန် ကန်ဒေါ်လာ ၁၀၀၈၀၀ ဖိုး တင်ပို့ခဲ့တာ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၂၀၉ တန်တင်ပို့ခဲ့တာမို့ ယခုတစ်ပတ်မှာ ၉ တန်ခန့်လျော့နည်းခဲ့ပါတယ်။

နိုင်ငံတကာရော်ဘာဈေးကတော့ ယခုတစ်ပတ်မှာ အတက်အကျ သိပ်မရှိဘူးလို့ သိရပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းကလည်း မြန်မာ့ရော်ဘာ FOB ဈေးကို ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိဘူးလို့ ထုတ်ပြန်ခဲ့ပါတယ်။ အသင်းကထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကို ဖော်ပြပေးလိုက်ပါတယ်-

| | | |
|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၂၀၀-၁၃၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၅၀-၁၂၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၀၀-၁၁၀၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၁၀၀-၁၂၀၀** |
| **MSR 20** | **တစ်တန်လျှင်** | **ဒေါ်လာ ၁၀၅၀-၁၁၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀ -၁၀၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၀၀ -၁၀၀၀** |
| **Concentrate** | **တစ်တန်လျှင်** | **ဒေါ်လာ ၉၅၀ - ၈၅၀** |
| **Latex 60% DRC** | | |

**ယဉ်ယဉ်အေး**

### မူဆယ်မှ ရော်ဘာပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ စက်တင်ဘာလ ၁၂ ရက်နေ့မှ ၁၈ ရက်နေ့ထိ ကန်ဒေါ်လာ သုည ဒသမ ၈၁၇ သန်းတန်ဖိုးရှိ ရော်ဘာ ၇၈၂ တန်ခန့်တင်ပို့နိုင်ခဲ့ပါတယ်။တင်ပို့ခဲ့တဲ့ ရော်ဘာအမျိုးအစားနဲ့ တန်ချိန်တွေကတော့ RSS-3 တန် ၇၀၀ နဲ့ MSR-20 ၈၂ တန်ခန့်ဖြစ်ပါတယ်။

ယခင်တစ်ပတ်က မူဆယ်မှ ၅၄၂ တန်ခန့်သာ တင်ပို့နိုင်ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန် ၂၄၀ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးအနည်းငယ် ကျဆင်းသွားပါတယ်။ ယခင်တစ်ပတ်က RSS-3 တစ်တန် ၁၇၈၄၉၄၅ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၁၇၃၄၀၀၀ ကျပ်သို့ ဈေးကျသွားတာဖြစ်ပါတယ်။ ယမန်နှစ်ကာလတူဈေးကတော့ ၁၆၀၁၂၀၀ ကျပ်ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

# ဩဂုတ်လအတွင်း ဗီယက်နမ်နိုင်ငံမှ ရော်ဘာတင်ပို့မှု ခြောက်ရာခိုင်နှုန်းခန့်မြင့်တက်

ဩဂုတ်လတွင် ဗီယက်နမ်နိုင်ငံမှ ရော်ဘာတန် ၁၁၈၅၆၀ တင်ပို့နိုင်ခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံ အနေဖြင့် ရော်ဘာတင်ပို့မှုတွင် တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၇၅ ရာခိုင်နှုန်းနဲ့ ဇူလိုင်လကထက် ၁၂ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဗီယက်နမ် အကောက်ခွန်ဌာနက ထုတ်ပြန်လိုက်ပါတယ်။

ဩဂုတ်လအတွင်း ဗီယက်နမ် ရော်ဘာကိုအများဆုံးဝယ်ယူတဲ့နိုင်ငံအဖြစ် တရုတ်နိုင်ငံက ထိပ်ဆုံးမှာရှိနေပြီး မလေးရှားနိုင်ငံက ဒုတိယနေရာနဲ့ အိန္ဒိယနိုင်ငံတို့က တတိယနေရာမှာ အသီးသီးရှိနေကြပါတယ်။ နိုင်ငံအလိုက် တင်ပို့ရတဲ့ ရော်ဘာပမာဏတွေကတော့ တရုတ်နိုင်ငံသို့ ၆၁၀၁၃ တန်၊ မလေးရှားသို့ ၁၈၂၀၃ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၅၈၁၉ တန်ဖြစ်ပြီး ယမန်နှစ်ကာလတူထက် မလေးရှားသို့ ၁၈ ရာခိုင်နှုန်းကျော် အိန္ဒိယသို့ ၄၆ ရာခိုင်နှုန်းကျော် လျော့နည်းတင်ပို့ခဲ့ပြီး တရုတ်နိုင်ငံသို့ ၁၇ ရာခိုင်နှုန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ဇန်နဝါရီလမှ ဩဂုတ်လထိ ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့ ရော်ဘာတင်ပို့မှုပမာဏမှာ ၆၃၉၅၆၀ တန်ရှိပြီး ယခင်နှစ်ကာလတူထက် ၁၂ ရာခိုင်နှုန်းကျော်ပိုမိုခဲ့ပါတယ်။ ရော်ဘာတင်ပို့မှုမှရရှိငွေသည် ဒေါ်လာ ၉၂၈ သန်းဖြစ်ပြီး ယခင်နှစ်ကထက် ၉ ရာခိုင်နှုန်းကျော် လျော့နည်းခဲ့ပါတယ်။

ပထမ ရှစ်လအတွင်း ဗီယက်နမ်မှတင်ပို့တဲ့ ပျမ်းမျှ ရော်ဘာဈေးဟာ တစ်တန်ကို ၁၄၅၈ ဒေါ်လာဈေး ရခဲ့ပြီး ယခင် နှစ်ဈေးထက် ၁၉ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့တယ်လို့ ဗီယက်နမ်ရော်ဘာအသင်းရဲ့ စက်တင်ဘာလ ၁၁ ရက်နေ့က ထုတ်ပြန်ချက်အရ သိရပါတယ်။

ဗီယက်နမ်နိုင်ငံဟာ ကမ္ဘာ့သဘာဝ ရော်ဘာဈေးကွက်ကို အဓိကတင်ပို့တဲ့နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး ယမန်နှစ်က ရော်ဘာတန် တစ်သန်းကျော်တင်ပို့ခဲ့ကာ ၂၀၁၃ ခုနှစ်ကထက် သုည ဒသမ ၂ ရာခိုင်နှုန်းပိုမိုတင်ပို့ နိုင်ခဲ့တယ်လို့စိုက်ပျိုးရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်ဆန်းက ထုတ်ပြန်ထားပါတယ်။

**CMK**



# ပြည်တွင်းဈေးကွက်ဖြစ်သည့် မြို့ပြဒေသများတွင် မိုးစပါးမရိတ်သိမ်းမီ၊ ဆန်ဈေးသိသာစွာမြင့်လာပါက ဝင်ငွေနည်းသောစားသုံးသူများအား ကာကွယ်ရန်အတွက် အရန်ဆန်များအား ပြန်လည်အသုံးပြုရန် လိုအပ်မည်

ကျော်မြင့်

မြန်မာနိုင်ငံသည် ဆန်ကိုအခြေခံ အစားအစာအဖြစ် စားသုံး လေ့ရှိသည့် အပြင် ဆန်နှင့်ပြုလုပ်သည့် မုန့်ပဲသွားရေစာ အမျိုးမျိုး ဥပမာ မုန့်ဟင်းခါး၊ ဆန်ခေါက်ဆွဲ၊ ဆန်ကြာဆံ၊ မုန့်တီ စသည်တို့ကို လည်း နှစ်ခြိုက်စွာ စားသုံးကြသည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ထုတ်ပြန်သည့် Foodoutlook စာစောင်မှ မြန်မာ နိုင်ငံ၏ ဆန်အသုံး ပြုမှုများနှင့် ပတ်သက် ၍၊ ဇယား-၁တွင် စုစည်း ဖော်ပြထားပါသည်။

**ဇယား-၁။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ထုတ်ပြန်သည့် Foodoutlook စာစောင်မှ မြန်မာနိုင်ငံ၏ဆန်အသုံးပြုမှု**

| စုစုပေါင်း အသုံးပြုမှု (Total utilization ) | | | နှစ်ဆုံးကာလတွင်ရှိမည် လက်ကျန် (Stock ending in ) | | | လူတစ်ဦးအစားအစာအသုံးပြုမှု (Per capita food use ) | | |
|---|---|---|---|---|---|---|---|---|
| ၀၇/၀၈-၀၉/၁၀ | ၂၀၁၀/ ၂၀၁၁ ခန့်မှန်း | ၂၀၁၂/ ၂၀၁၃ ကြိုတင် ခန့်မှန်း | ၀၇/၀၈-၀၉/၁၀ | ၂၀၁၀/ ၂၀၁၁ ခန့်မှန်း | ၂၀၁၂/ ၂၀၁၃ ကြိုတင် ခန့်မှန်း | ၀၇/၀၈-၀၉/၁၀ | ၂၀၁၀/ ၂၀၁၁ ခန့်မှန်း | ၂၀၁၂/ ၂၀၁၃ ကြိုတင် ခန့်မှန်း |
| **(Million tonnes, milled equivalent)** | | | | | | **(Kg/Year)** | | |
| ၁၉. ၀ | ၁၉. ၂ | ၁၉. ၁ | ၅. ၅ | ၄. ၈ | ၃. ၉ | ၂၃၇. ၉ | ၂၄၀. ၀ | ၂၃၉ |

Source: Food outlook global analysis, May 2012, FAO, Table A.8(a). Rice statistics, Page-82

၂၀၁၃-၂၀၁၄ ခုနှစ်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ စပါးစိုက်ပျိုးထွက်ရှိမှု ခန့်မှန်းခြေစာရင်း များအရ မြန်မာနိုင်ငံသည် စပါးစုစုပေါင်းဧက ၁၈ သန်းခန့် စိုက်ပျိုးပြီး၊ စပါးတင်းသန်းပေါင်း ၁၃၅၇ သန်း။ (မက်ထရစ် တန်ချိန် ၂၈ သန်း) ကျော်ထွက်ရှိသည်ဟုခန့်မှန်းထားပါသည်။

**ဇယား-၂။ မြန်မာနိုင်ငံ၏စပါးအထွက်ခန့်မှန်းခြေ ( ၂၀၁၃-၂၀၁၄)**

| အကြောင်းအရာ | စိုက်ဧက | ရိတ်သိမ်းဧက | အထွက်နှုန်း | စပါးအထွက် | |
|---|---|---|---|---|---|
| | (သန်း) | (သန်း) | (တင်း/ဧက) | တင်းသန်း | မက်ထရစ် တန် (သန်း) |
| စပါးစုစုပေါင်း | ၁၇. ၉၉ | ၁၇. ၉၅ | ၇၅. ၆၃ | ၁၃၅၇ | ၂၈. ၃၁ |
| မိုးစပါး | ၁၅. ၃၈ | ၁၅. ၃၃ | ၇၂. ၉၃ | ၁၁၁၈ | ၂၃. ၃၂ |
| နွေစပါး | ၂. ၆၁ | ၂. ၆၂ | ၉၁. ၄၅ | ၂၃၉ | ၄. ၉၉ |

မြန်မာနိုင်ငံ၏မိုးစပါးအထွက်ပမာဏသည်စပါးစုစုပေါင်း အထွက်ပမာဏ၏၈၂ ရာခိုင်နှုန်းရှိပြီး၊ နွေစပါးအထွက်ပမာဏ သည် စပါးစုစုပေါင်းအထွက်ပမာဏ၏ ၁၈ ရာခိုင်နှုန်းသာရှိသည်။ ဆန်စပါး ဖူလုံပိုလျှံသော မြန်မာနိုင်ငံအောက်ပိုင်းဒေသသည် အနောက်တောင် မုတ်သုံမိုးမှရရှိသောမိုးရေဖြင့် မိုးစပါးကိုမိုးရာသီကာလအတွင်း စိုက်ပျိုးပြီး၊ အောက်တိုဘာလ တွင်မိုးစပါးစတင်ရိတ်သိမ်းကြသည်။ နွေစပါးကို ဒုတိယသီးနှံအဖြစ် ရေသွင်းစိုက်ပျိုးနိုင်သောဒေသများတွင် စိုက်ပျိုးကြသည်။

**ဇယား-၂။ မြန်မာနိုင်ငံ၏ဒေသအလိုက် မိုးစပါး၊ နွေစပါး စိုက်ချိန်၊ ရိတ်သိမ်းချိန်**

| Particular | May. | Jun. | Jul | Aug. | Sep. | Oct | Nov. | Dec. | Jan. | Feb. | Mar. | Apr. | May | Jun. | Jul. |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| **Wet season paddy(Monsoon paddy)** | | | | | | | | | | | | | | | |
| Lower Myanmar | S | S/G | S/G | S/G | S/G | G/H | G/H | H | H | | | | | | |
| Central Myanmar | | | S | S/G | S/G | S/G | H | H | H | | | | | | |
| Southern Shan | | S | S | S/G | S/G | H | H | H | | | | | | | |
| **Dry season paddy(Summer paddy)** | | | | | | | | | | | | | | | |
| Lower Myanmar | | | | | | S | S/G | S/G | S/G | H | H | H | | | |
| Central Myanmar | | | | | | | | | S | S/G | S/G | S/H | H | H | |
| Southern Shan | | | | | | | | | | | S | S | G | H | H |

*Note: s=sowing, g=Growing, h=Harvesting,Source: Agricultural marketing in Myanmar (TCP/ MYA/8821), FAO MIS project, Oct. 2000 and Department of Agriculture*

လယ်စိုက်ဧက ၅ ဧကအောက်သာ ပိုင်ဆိုင်ကြသည့် လယ်သမားငယ်အချို့သည်မိသားစုစားသုံး မှုအတွက်သာ သိုလှောင် ကြပြီး၊ ရောင်းချရန်အပိုအလျှံစပါးကို မိသားစု ငွေကြေးလိုအပ်ချက် အရ၊ သိုလှောင်နိုင်စွမ်းမရှိကြပါ။ လယ်စိုက်ဧက ၁၀ ဧကအထက် ပိုင်ဆိုင်ကြသည့် လယ်သမားကြီးများသာ မိသားစုစားသုံးမှုနှင့် ရောင်းချမည့် အပိုအလျှံစပါးကို သိုလှောင်ကြပါသည်။ အငှားလုပ်သားအဖြစ် လုပ်ကိုင်ရသည့် လယ်လုပ်သားများသည် ကျေးရွာရှိ ဆန်စက်ငယ်များမှကြိတ်ခွဲသည့်ဆန်ကို နေ့စဉ်အားထား ဝယ်ယူစားသုံးရသည့် အခြေအနေဖြစ်ပါသည်။

အနောက်တောင်မုတ်သုံလေဝင်ရောက်သည့် မိုးရာသီ မိုးစပါးစိုက်ပျိုးသည့် ကာလတွင် မြန်မာ နိုင်ငံအောက်ပိုင်း မြစ်ဝကျွန်း ပေါ် ဒေသနှင့် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် သဘာဝဘေးအန္တရာယ် (NATURAL DISASTER) များ ဖြစ်သည့် ရေလွှမ်းမိုးခြင်း၊ စိုက်ပြီးစပါးခင်းများ ရေနစ်မြုပ်ခြင်းခံရသဖြင့် ပြန်လည်စိုက်ပျိုးရခြင်း၊ အချိန်မီပြန်လည်မစိုက်ပျိုးနိုင်သောကြောင့် လက်လွှတ်ဆုံးရှုံးရခြင်းများဖြစ်ပေါ် စေပါသည်။ နေထိုင်သည့် ကျေးရွာများတွင် ရေကြီးနစ်မြုပ်ခြင်း၊ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင် ရခြင်း၊ မိသားစုနေ့စဉ် စားသုံးမှုအတွက်အခြေခံအစားအစာဖြစ်သည့် ဆန်လိုအပ်ချက်ဖြစ်ပေါ် လာခြင်း၊ မိသားစု စားသုံးမှုအတွက် သိုလှောင်ထားသောစပါးအချို့ ရေနစ်မြုပ်ခံရခြင်း၊ မိသားစုစားသုံးမှုအတွက် သိုလှောင်ထားသော စပါးများကြိတ်ခွဲရန် အခက်အခဲဖြစ်ပေါ် ခြင်း၊ ရေကြီးနစ်မြုပ်သည့်အတွက် သယ်ယူပို့ ဆောင်မှု အခက်အခဲအရ ဆန်စက်များတွင် စပါးကြိတ်ခွဲမှု လျော့နည်းသွားသဖြင့် ဈေးကွက်သို့ ဆန်အဝင် နည်းသွားသောကြောင့် ဆန်ဈေးမြင့်လာခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ် စေပါသည်။

မြန်မာနိုင်ငံတွင် တစ်စုံတစ်ရာသောအတိုင်းအတာအထိ အရန်ဆန်များကို သိုလှောင်ထားရှိပြီး လက်ဝယ်ထားရှိပါက သဘာဝ ဘေးအန္တရာယ်များဖြစ်ပေါ် သည့် ဒေသများအတွက် အရန်ဆန်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးနိုင်ခြင်း၊ လူမှုရေးအသင်း အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုဖြင့် သဘာဝဘေးအန္တရာယ်ခံစားရသည့် ပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံမှုကို အထောက်အကူ ပေးနိုင်ပါသည်။

**ပုံ-၁။ မြန်မာနိုင်ငံတွင် ဆန်အရန်သိုလှောင်ထားရှိမှုကို အသုံးပြုခြင်း**




၂၀၀၈ ခုနှစ်တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ် ဒေသတွင် သဘာဝ ဘေးအန္တရာယ် နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ယခု ၂၀၁၅ ခုနှစ် တွင် ဖြစ်ပေါ် ခဲ့ သည့် ရေလွှမ်းမိုးခြင်းများသည် မြန်မာနိုင်ငံအလယ်ပိုင်း၊ မြန်မာနိုင်ငံအောက်ပိုင်းမြစ်ဝကျွန်းပေါ် ဒေသနှင့် ရခိုင် ကမ်းရိုးတန်းဒေသများတွင်ပါ ဖြစ်ပေါ် ခဲ့သဖြင့် သဘာဝဘေးအန္တရာယ်ခံစားရသည့် မြို့နယ်နှင့် ပြည်သူဦးရေများပြားလာသည့် အခြေအနေဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အရန်ဆန်အဖြစ် တစ်စုံတစ်ရာသော အတိုင်းအတာအထိ လက်ဝယ်ထားရှိပါက ပြည်တွင်းဈေးကွက် မြို့ပြ ဒေသ များတွင်မိုးစပါးမရိတ်သိမ်းမီ၊ ဆန်ဈေး သိသာစွာမြင့်လာပါက(A surge rice price in local markets)၊ ဝင်ငွေနည်းသော စားသုံးသူ များအားကာကွယ် (CONSUMER PROTECTION) သောအားဖြင့် အရန်ဆန်များအားအမြတ်ရယူခြင်းမရှိဘဲ ကုန်ကျစရိတ်အတိုင်း ရောင်းချပေးခြင်း ကို ဆောင်ရွက်နိုင်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော သဘာဝဘေးအန္တရာယ်များမဖြစ် ပေါ် ခြင်း၊ ပြည်တွင်းဈေးကွက် မြို့ပြ ဒေသများတွင် မိုးစပါးမရိတ် သိမ်းမီ ဆန်ဈေးသိသာစွာ မြင့်လာခြင်းမရှိပါက၊ လက်ဝယ်ထားရှိသော အရန်ဆန်ကို ပြည်ပသို့တင်ပို့ရောင်းချပြီး၊ နောက်ထပ်အရန်ဆန် အသစ်ဝယ်ယူသိုလှောင်ခြင်းကို ဆောင် ရွက်ရန်ဖြစ်ပါသည်။

**မည်သူတွေက၊ အရန်ဆန်များကို ဝယ်ယူသိုလှောင်စီမံခန့်ခွဲ ကြမှာလဲ။**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန (Ministry of commerce)၏ လမ်းညွှန်ကြီးကြပ် မှုဖြင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် (Myanmar Rice Federation-MRF ) မှဦးဆောင်အကောင် အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။ ရန်ပုံငွေရရှိရေး၊ ဝယ်ယူရေး၊ သိုလှောင်ရုံများအား အရေးပါ သောနေရာ (Strategic point) များတွင်ထားရှိသိုလှောင်ရေး၊ ကြိတ်ခွဲရေး၊ အရည်အသွေးထိန်းသိမ်းရေး၊ အချိန်နှင့် တစ်ပြေးညီဖြန့်ဖြူးရေး၊ အကယ်၍ ပြည်ပသို့တင်ပို့ရောင်းချပါက ရရှိသောဝင်ငွေများဖြင့် အရန်ဆန် အသစ်များ ပြန်လည် ဝယ်ယူရေး၊ လေလွင့်မှုမဖြစ်ပေါ် ရေး၊ အကျင့်ပျက် အဂတိလိုက်စားခြင်း မဖြစ်ပေါ် ရေးစသည့်ဆောင်ရန် ရှောင်ရန်များနှင့်အတူ ထိရောက်စွာဆောင်ရွက်နိုင်ရေးကို အကြေအလည် ညှိနှိုင်းပြီးလုပ်ငန်းအောင်မြင်ရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ဖော်ပြအပ် ပါသည်။



## သံကုန်းမြို့နယ်ရှိ စာသင်ကျောင်းများတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေး

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ ၁၆ ရက်နေ့၌ သံကုန်းမြို့နယ် တည်သီးပင် အ. မ. က ကျောင်းတွင် ကျောင်းအုပ်ဆရာကြီးနဲ့ ဆရာ၊ ဆရာမများ အပါအဝင် ကျောင်းသား၊ ကျောင်းသူအင်အား ၂၀၅ ဦးနှင့် စက်တင်ဘာလ ၁၈ ရက်နေ့တွင် သံကုန်းမြို့နယ်၊ ထန်းရင်း အ. မ. က ကျောင်း၌ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမ အပါအဝင် ကျောင်းသား၊ ကျောင်းသူ အင်အား ၁၂၄ ဦးတို့အား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေးခြင်းအား မိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ဆွေးနွေးဟောပြောပွဲများတွင် သံကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်ထွေး၊ သံကုန်းမြို့နယ် ပညာရေးမှူး ဦးအေးကျော်တို့ တက်ရောက် အမှာစကား ပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ သံကုန်းမြို့နယ်တာဝန်ခံ ဦးသောင်းသိန်းက ကျောင်းသား၊ ကျောင်းသူများ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဗဟုသုတများရရှိစေရန်နှင့် သန့်ရှင်းလတ်ဆတ်သော အစားအစာများ ရွေးချယ်ဝယ်ယူစားသောက်တတ်စေရန်၊ စားသောက်ကုန်များတွင် သဘာဝအရောင်များထက် သိသာထင်ရှားသော တားမြစ်ဓာတုဆိုးဆေးများပါဝင်မှုရှိသည့် အစားအသောက်များ စားသုံးမိပါက ကျန်းမာရေး ထိခိုက်စေနိုင်သည့် အကြောင်းအရာများအား အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သံကုန်းမြို့နယ် ဦးစီးမှူး ဦးနိုင်လင်းက ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆွေးနွေး ဟောပြောခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**နိုင်လင်းထွန်း၊ စားသုံးသူရေးရာ (ပြည်)**

## ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ အထောင်မြို့ အထက်တန်းကျောင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စားသုံးသူရေးရာပညာပေး သင်တန်းဖွင့်လှစ်

စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ဓာတုဆိုးဆေးကင်းစင်သော အစားအသောက်များ၊ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များနှင့် ဝယ်ယူစားသောက်သုံးစွဲနိုင်ရန် စားသုံးသူ အကာအကွယ်ပေးရေးနှင့်ပတ်သက်သည့် အသိပညာများ စဉ်ဆက်မပြတ်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စားသုံးသူရေးရာပညာပေး သင်တန်းများ ဖွင့်လှစ်ခဲ့ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊အထောင်မြို့၊ အထက်တန်းကျောင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စားသုံးသူရေးရာ ပညာပေးသင်တန်းကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးနှင့် တာဝန်ရှိသူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်လက်ထောက်ပညာရေးမှူး ဦးကျော်ကျော်နိုင်၊ စည်ပင်သာယာရေးအဖွဲ့၊ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်အုန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းမုန့်ဈေးတန်းတွင် ဈေးရောင်းချသူများ၊ ရပ်ကွက်လေးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများ၊ စုစုပေါင်း ၄၈၂ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေး နှင့် စားသုံးသူရေးရာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဌေးက ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးများကိုလည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန် ကျန်းမာရေး ရှုထောင့်များကို လည်းကောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အဆင့် သုံးဆင့်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမ အဆင့်အနေဖြင့် စာသင်ကျောင်းတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ ဒုတိယ အဆင့်အနေဖြင့် ဈေးသူဈေးသားများ၊ အသင်းအဖွဲ့များ၊ပြည်သူလူထု၊ လုပ်ငန်း ရှင်များ၊ တတိယအဆင့် အနေဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကျေး၊ အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များကိုလည်းကောင်း အသိပညာပေးသင်တန်းများ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးစိုးမိုးကျော်က စည်ပင်သာယာဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊အသား၊ ငါးများကို ယင်လုံဆန်ခါများ ဖုံးအုပ်၍ အလေးချိန်မှန်ကန်မှုရရှိစေရန်နှင့် အိုင်အိုဒင်းဆားများ မှန်ကန်မှုရှိစေရန် စစ်ဆေးချက်များကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယကြီးကြပ်ရေးမှူး ဒေါ်လွင်မာစိုးက အစားအသောက်များတွင် သုံးစွဲထားသော ဓာတုဆိုးဆေးများအကြောင်းကိုလည်းကောင်း၊ ပြည်တွင်းအစားအသောက်များကိုအရည်အသွေးစစ်ဆေးခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်း၊ မိတ်ဖက်ဌာနများအပြင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊အမျိုးသားအစားအသောက်ဥပဒေအရ စားသုံးရန်မသင့်သော အစားအစာများကို ထုတ်ပြန်ကြေညာခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဆွေဝင်းက စားသုံးရန်မသင့်သော အစားအစာများနှင့် ဓာတုဆိုးဆေးဘေး အန္တရာယ်ဖြစ်ပေါ်မှုများကိုလည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေများကို လည်းကောင်း အကျယ်တဝင့် ရှင်းလင်းခဲ့ပါတယ်။

ဆက်လက်၍ ကျောင်းမုန့်ဈေးတန်းများကို သွားရောက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သော အစားအစာများ ရောင်းချမှုရှိ၊ မရှိ လေ့လာကြည့်ရှုပညာပေး ခဲ့ပြီးစားသုံးသူအကာအကွယ်ပေးရေးဥပဒေစာအုပ်များနှင့် လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မြင့်အောင်-ပုသိမ်**

## စားသုံးသူအသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပပြုလုပ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ စိုက်ပျိုးရေး အခြေခံစားသောက်ကုန်ထုတ်လုပ်ရောင်းချသူများအသင်း၊ ကြက်ဥ/ကြက်သားမွေးမြူ ထုတ်လုပ်ရောင်းချသူများအသင်းနှင့် လက်လီရောင်းဝယ်သူများအသင်းတို့ ပူးပေါင်းပြုလုပ်သော စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမြင့်သန်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသူ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ညီနောင်အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူ ၂၅၀ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ စားသုံးသူတိုင်တန်းမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌပါမောက္ခ ဒေါက်တာအောင်မြင့်(ညွှန်ချုပ်၊ ငြိမ်း)ကစားသုံးသူ အကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ကမ္ဘာကုလသမဂ္ဂမှ ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများအကြောင်း၊ ဥရောပသမဂ္ဂမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအကြောင်း၊ အာဆီယံဒေသတွင်း နိုင်ငံများတွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာကိုမူလတန်းအရွယ်မှစပြီး စနစ်တကျသင်ကြားပုံများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

မွေးမြူရေးဆေးတက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာတင်တင်မြိုင်က သား/ငါးအစိမ်းတွင် ရောဂါပိုးများ အမြောက်အမြားပါဝင်လေ့ရှိသဖြင့် ရေစင်အောင်ဆေးကြောပြီးမှ ချက်ပြုတ်စားသောက်သင့်ပုံများကိုလည်းကောင်း၊ တိရစ္ဆာန်များတွင် အသုံးပြုထားသော ဆေးကြွင်း ဆေးကျန်များ၏ အန္တရာယ်ရှိပုံများကိုလည်းကောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါပိုးနှင့်ဒေါင့်သန်းရောဂါပိုးတို့၏ အန္တရာယ်ရှိပုံများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးငြိမ်းမြတ်က အမျိုးသားအစားအသောက် ဥပဒေတွင်ပါဝင်သည့် အချက်များကိုလည်းကောင်း၊ အစားအသောက်နှင့်ပတ်သက်ပြီး ကုန်ကြမ်း ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့် အကြောင်းကိုလည်းကောင်း၊ အစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်သက်ပြီး FDAမှ ပါဝင်ဆောင်ရွက်နေမှုအပိုင်းများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဆွေတင့်ကြူးက မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၏ ဖွဲ့စည်းပုံ၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့မှုနှင့် လက်ရှိဆောင်ရွက်နေပုံများအားလည်းကောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေမှ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် အချက်များကို အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသူများက စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ကုန် သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးသူက ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်းသတင်းရရှိပါသည်။

**တင်ချစ်ကောင်း**
**စားသုံးသူ(မန္တလေး)**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) စက်မှုဇုန်စီမံခန့်ခွဲရေးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပပြီး စက်မှုဇုန်အတွင်းရှိ စက်ရုံများအား ကွင်းဆင်းစစ်ဆေး



လုံခြုံစိတ်ချရမှုရှိသော ကုန်စည်များအား စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသုံးနိုင်စေရန်အတွက် ထုတ်လုပ်သူ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေပါ ညွှန်ကြားချက်များကို သိရှိလိုက်နာရန် ရည်ရွယ်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် အရာထမ်း၊ အမှုထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)နှင့်ပူးပေါင်း၍ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့က ဒဂုံမြို့သစ် (အရှေ့ပိုင်း) စက်မှုဇုန် စီမံခန့်ခွဲရေးရုံး ကနောင်ခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများကို အသိပညာပေးခြင်းနှင့် စက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှုပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။

ပထမဦးစွာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက ယခုပြုလုပ်သော ဟောပြောပွဲမှာ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲဖြစ်ပြီး စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေမှာ ယခင်က အခြားနိုင်ငံများတွင်သာရှိခဲ့ပြီး မိမိတို့မြန်မာနိုင်ငံ တွင် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့၌ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သောကြောင့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် ပတ်သက်သည့် အသိပညာ ဗဟုသုတများကို အခြေခံပညာကျောင်းများ၊ စက်ရုံအလုပ်ရုံများ၊ ဈေးများနှင့် မြို့နယ် ရပ်ကွက်နေ ပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်များရှိကုန်ပစ္စည်း ထုတ်လုပ်သောလုပ်ငန်းရှင်များအနေဖြင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှ ရေရှည်တွင် အကျိုးရှိပြီး စားသုံးသူများလည်း ဘေးကင်းမှာဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေး ရေး ဥပဒေပါအတိုင်း ဗဟိုကော်မတီ၏ ကွပ်ကဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခဲ့ပြီးအဆိုပါအဖွဲ့အောက်တွင် လုပ်ငန်းများအကောင်ထည်ဖော်ဆောင်ရွက်ရန် စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ကိုဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဥပဒေတွင်ပါရှိသည့်အတိုင်း စားသုံးသူ၏ အခွင့်အရေးများကိုရယူပြီး တာဝန်များကို လိုက်နာရန် လိုကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များဘက်ကလည်း ဥပဒေပြ ဋ္ဌာန်းချက်ပါ အခန်း (၇) ပုဒ်မ (၈) အပိုဒ်ခွဲ (ဂ)မှာဖော်ပြပါရှိသော အချက်အလက်များနှင့် ကိုက်ညီသည့် ကုန်ပစ္စည်းများ ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ မိမိတို့ထုတ်ကုန်များတွင် လိုအပ်ချက်များရှိပါက ထပ်မံဖြည့်စွက်ထုတ်လုပ်ပေးဖို့ လိုအပ်ကြောင်း၊ မိမိအကျိုးစီးပွားအပြင် စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးကိုပါ ထည့်သွင်းစဉ်းစား၍ ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသား တစ်ယောက်အနေဖြင့် ကိုယ့်နိုင်ငံက ထုတ်ပြန်ထားသောဥပဒေကို လိုက်နာ စေ လိုကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းကို တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်းနှင့် လုပ်ဆောင်၍မရဘဲ အစိုးရဌာနများ၊ NGO အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများအားလုံး ပူးပေါင်းပါဝင်မှသာလျှင် ထိရောက် အကျိုးရှိမည်ဖြစ်ခြင်းကြောင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) စက်မှုဇုန်မှ လုပ်ငန်းရှင်များကလည်း ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်စေလိုခြင်းကိုလည်းကောင်း၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဒုတိယကြီးကြပ်ရေးမှူးဒေါ်ဖြူဖြူခိုင်က စားသုံးသူအကာအကွယ်ပေးရေးနှင့်ပတ်သက်၍ ဌာန၏လုပ်ဆောင်ချက်များ၊ ပြည်သူများ သုံးစွဲနေသော အစားအသောက်၊ အလှကုန်၊ ဆေးဝါးများအား အရည်အသွေးကောင်းမွန်ပြီး လုံခြုံစိတ်ချရမှုရှိအောင် အမြဲတမ်းစမ်းသပ်ဆောင်ရွက်မှုတို့ကိုလည်းကောင်းအကျယ်တဝင့် ပြောကြားခဲ့ပါသည်။

ဦးဦးခေါက်ဆွဲခြောက်လုပ်ငန်းပိုင်ရှင် ဦးစိုးသိန်းက မိမိတို့ ခေါက်ဆွဲခြောက်နှင့်ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်မသင့်ဟု သတင်းစာများတွင် ဖော်ပြပါရှိခြင်းကြောင့် ယခုအခါလိုအပ်သည့် ထောက်ခံချက်များရယူကာ အဆင့်မြင့်အရည်အသွေးကောင်းမွန်ပြီး သတ်မှတ်စံချိန်၊ စံညွှန်းကိုက်ညီအောင် ပြုလုပ်လျက်ရှိကြောင်း၊ အလားတူ အခြားခေါက်ဆွဲခြောက်များအပြင်ဈေးကွက် အတွင်းရောင်းချလျက်ရှိသည့် ခေါက်ဆွဲအစိုများကိုလည်း စစ်ဆေးပေးသင့်ကြောင်း၊ အခြားစီးပွားရေး လုပ်ငန်းရှင်များကိုလည်း မိမိလိုမကြံ့ကြစေရန်ဂရုတစိုက်နှင့် ထုတ်လုပ်သင့်ကြောင်း ပြန်လည်ဆွေးနွေးတင်ပြခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲအပြီးတွင် ဒုတိယညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ဦးဦးခေါက်ဆွဲခြောက် ထုတ်လုပ်သည့်စက်ရုံနှင့် Happy Snow ရေခဲမုန့် ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်ကွင်းဆင်းကြည့်ရှုပြီး စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာဗဟုသုတများကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ဖြူဖြူခိုင်နှင့် စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၄၉ ဦး တက်ရောက်ခဲ့ပြီး စက်ရုံပေါင်း ၁၀၆ ရုံရှိကြောင်း သတင်းရရှိပါသည်။

**လဲ့လဲ့ဌေး (စားသုံးသူ)ရန်ကုန်**

## လက်ပံတန်းမြို့ မြို့မဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ ဆွေးနွေးဟောပြော ကွင်းဆင်းဆောင်ရွက်

သာယာဝတီခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်သန်း၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးနှင့်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မျိုးဝင်း၊မြို့နယ် စည်ပင်ဦးစီးအရာရှိ ဦးစန်းလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်ဖွံ့တောက် ဥက္ကဌ ဦးကျော်မြင့်စိုး၊မြို့နယ်ပညာရေးမှူး ဒေါ်ခင်သက်နွယ်၊မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာစိုင်းအောင်စိုင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးအောင်ဇော်လွင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ဈေးမိဈေးဖအဖွဲ့များ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များသည် စက်တင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းက လက်ပံတန်းမြို့နယ် မြို့မစည်ပင်သယ်ယာဈေးတွင် စားသုံးသူအကာ အကွယ်ပေးရေးအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ခရိုင်မြှင့်တင်၊ စားသုံးသူဦးစီးမှူးနှင့် အဖွဲ့သည် မြို့မစည်ပင်သာယာဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ဈေးအတွင်းကြည့်ရှုစစ်ဆေးခဲ့ရာတွင် ဩဂုတ်လ ၂၁ ရက်နေ့နိုင်ငံပိုင်သတင်းစာများ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အစားအသောက်များ၌ သုံးစွဲရန်ခွင့်မပြုသော ဆိုးဆေးနှင့်ဓါတုပစ္စည်းများပါဝင်ခြင်းကြောင့် ပြည်သူများစားသုံးရန်မသင့်သည့် စားသောက်ကုန်နှင့်မုန့်မျိုးစုံ စုစုပေါင်း ၂၇ မျိုးစာရင်းများကို မုန့်ဆိုင်ကြီးများ၊ကုန်စုံဆိုင်များနှင့်ငါးပိငါးခြောက်ဆိုင်များတွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေအကြောင်းအရာများကို အသိပညာပေးခြင်း၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းနှင့် ဈေးအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ထို့ပြင် စားသုံးရန်မသင့်သည့် ဦးဦးခေါက်ဆွဲ၊ ရောင်စုံဝေဖာနှင့် တုတ်ထိုးချိုချဉ်မျိုးစုံကိုလည်းသိမ်းဆည်းခဲ့ပါသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့များက စည်ပင်သာယာရုံးဝင်းအတွင်း၌ အဆိုပါသိမ်းဆည်းရရှိသည့် စားသောက်ကုန်များအား မီးရှို့ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ခိုင်ခိုင်ရီ၊ စားသုံးသူ**

## ပေါင်မြို့နယ်ရှိ မြို့မဈေးတွင် စားသုံးရန်/သုံးစွဲရန်မသင့် တားမြစ်ထားတဲ့ ကုန်စည်များအား စစ်ဆေးတွေ့ရှိ

မွန်ပြည်နယ်၊ ပေါင်မြို့ရှိ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် ပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုး၊ ဒုတိယဦးစီးမှူး ဦးချို့ဝင်းတို့သည် ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး (ဆေးဝါး တာဝန်ခံ) ဒေါက်တာစိုးနိုင်၊ ဦးစီးအရာရှိ (အစားအသောက်တာဝန်ခံ) ဒေါက်တာဖြူဖြူခင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်စုစုဟန် (ပေါင်မြို့နယ်)၊ ကျန်းမာရေးမှူး ဦးကျော်ဆန်း၊ ဒုတိယရဲအုပ်သန်းဝင်း (မြို့မရဲစခန်း-ပေါင်မြို့နယ်) တို့ ပူးပေါင်းလျက် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပေါင်မြို့ရှိ မြို့မဈေးတွင် လုံခြုံစိတ်ချရမှု မရှိသော စားသုံးရန်၊ သုံးစွဲရန် မသင့်တားမြစ်ထားသည့် ကုန်စည်များ ရောင်းချနေခြင်း ရှိ၊ မရှိကွင်းဆင်း စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့စစ်ဆေးရာတွင် တားမြစ်ထားသည့် ကုန်စည်များဖြစ်သော အလှကုန်အုပ်စုမှ Polla-16 Box, Lay Now-8 Box, Dr-Japan-6 Box, 19 Nano-7 Box, အစားအသောက်အုပ်စုမှ ဦးဦးခေါက်ဆွဲခြောက်၃၃ ထုပ်၊ Miki-ko ချယ်ရီသီးဗူးကြီး ၁၀ ဗူး၊ ဗူးသေး ငါးဗူး၊ ဆေးဝါးအုပ်စုမှ ရက်လွန်ဆေးခြောက်ပုလင်း၊ ရွှေစင်အကိုက်အခဲပျောက်ဆေး၊ ယိုးဒယား၊ သုံးရာသီ၊ ချောင်းဆိုး၊ ပန်းနာရင်ကြပ်ပျောက်ဆေး အမည်များဖြင့် အင်္ဂလိပ်စပ်ဆေး ၃၅၁ ထုပ်တို့အား တွေ့ရှိသိမ်းဆည်းခဲ့ပါတယ်။ ဈေးဆိုင်ပိုင်ရှင်များ၊ ဈေးဝယ်သူများအား စားသုံးရန်၊ သုံးစွဲရန်မသင့်တားမြစ်ထားသည့် ကုန်စည်များရဲ့ ဘေးဥပဒ် အန္တရာယ်များအား ရှင်းလင်းဆွေးနွေးခြင်း၊ ထပ်မံမရောင်းချရန် တားမြစ်ခြင်းနှင့် လက်ဆင့်ကမ်း အသိပေးခြင်းများ ဆောင်ရွက်ရန် ဆွေးနွေးခဲ့ပါတယ်။

**Cho Win ( Mon-Consumer )**

# Vietjet က မြန်မာနိုင်ငံခရီးစဉ်အတွက် Airbus A320 ဖြင့် ပျံသန်းမည်



ဗီယက်နမ်နိုင်ငံ၏ ခေတ်မီလေကြောင်းလိုင်းတစ်ခုအဖြစ် ပြေးဆွဲလျက်ရှိသော Vietjet သည် Airbus A320 လေယာဉ်ကိုအသုံးပြု၍ ရန်ကုန်မြို့နှင့် ဟိုချီမင်းမြို့များသို့ ပျံသန်းမည်ဖြစ်ကြောင်း စက်တင်ဘာလ ၂၁ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါလေကြောင်းလိုင်းသည် မြန်မာနိုင်ငံ၏ နောက်ဆုံးပေါ် လေကြောင်းလိုင်း တစ်လိုင်းဖြစ်လာခဲ့ပြီဖြစ်သည်။

ခေတ်မီသစ်လွင်သည့် A320 လေယာဉ်သည် ပျံသန်းချိန်အတွင်းခရီးသည်များ သက်သောင့်သက်သာ စီးနင်းနိုင်ရန်အတွက် ကျယ်ဝန်းသည့်ထိုင်ခုံများတပ်ဆင်ထားသည်။ Vietjet ၏ လေယာဉ်များအားလုံးကို Vietjet ၏ သန္နိဋ္ဌာန်ဖြစ်သည့် အာရှဒေသအတွင်း ခရီးသွားလာလျက်ရှိသည့်ခရီးသွားများအားလုံး နွေးထွေပျူငှာသောဝန်ဆောင်မှုနှင့်တကွ သက်သာသည့်နှုန်းထားများဖြင့် ဘေးကင်းလုံခြုံစွာဖြင့် ခရီးသွားလာနိုင်ရေးကိုကိုယ်စားပြုသည့် အဝါရောင်နှင့် အနီရောင်ကို အသုံးပြုထားသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ Airbus A320လေယာဉ်ဟာ ကျွန်တော်တို့ တန်ဖိုးထားရတဲ့မြန်မာပြည်က ခရီးသွားမိဘပြည်သူတွေကို အဆင်ပြေပြေ၊ သက်သောင့်သက်သာရှိရှိနဲ့ သူတို့လိုရာခရီးတွေကို သွားရောက်နိုင်အောင် ကူညီပေးနိုင်မယ်လို့ ကျွန်တော်တို့ Vietjet အနေနဲ့ ယုံကြည်ပါတယ်။ ကျယ်ဝန်းပြီး သက်သောင့်သက်သာရှိတဲ့သားရေထိုင်ခုံမှာထိုင်ရင်း လေယာဉ်ပျံသန်းချိန်မှာ ပြသမယ့်ဖျော်ဖြေရေးအစီအစဉ်တွေကိုခံစားရင်း စီးနင်းရမှာဖြစ်လို့ ခရီးစဉ်တိုင်းဟာခရီးသွားတွေအတွက် အမှတ်တရဖြစ်နေမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်"ဟု Vietjet ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဒါရိုက်တာဖြစ်သူ မစ္စတာဒက်စ်မွန်လင်းက ပြောသည်။

Vietjet သည် သစ်လွင်ပြီးခေတ်မီကာသဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ရှိသည့် A320 နှင့် A321 လေယာဉ် ၂၇ စင်းဖြင့် ပျံသန်းပြေးဆွဲလျက်ရှိသည်။ လေယာဉ်များ၏ အသုံးပြုထားသည့် ပျမ်းမျှသက်တမ်းမှာလည်း သုံးနှစ်ထက်ကျော်လွန်ခြင်းမရှိပေ။ လေယာဉ်တိုင်းအတွက်လည်း အထူးကျွမ်းကျင်၍ နိုင်ငံတကာအဆင့်မီလေ့ကျင့်သင်ကြားပေးထားသည့် လေယာဉ်အမှုထမ်းများကို ခန့်အပ်ထားသည်။

Vietjet သည် ၎င်း၏ ရန်ကုန်-ဟိုချီမင်းခရီးစဉ်ကိုလာမည့်အောက်တိုဘာလ ၂ ရက်နေ့တွင် စတင်ပျံသန်းပြေးဆွဲမည်ဖြစ်သည်။ အဆိုပါခရီးစဉ်ကိုတနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် အသွားအပြန်ခရီးစဉ်များဖြင့် ပျံသန်းပြေးဆွဲသွားမည်ဖြစ်သည်။ မြို့နှစ်မြို့အကြား ခန့်မှန်းပျံသန်းကြာမြင့်ချိန်မှာ ၂ နာရီနှင့် ၁၅ မိနစ်ရှိမည်ဖြစ်သည်။ ဟိုချီမင်းမြို့မှ ဒေသစံတော်ချိန် ၁၀ နာရီ ၂၅ တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်မြို့သို့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီ ၁၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကာ ရန်ကုန်မြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ဟိုချီမင်းမြို့သို့ ဒေသစံတော်ချိန် ၃ နာရီ ၃၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

**မယ်သီတာ**

# စလစ်ဈေးတန်းအနည်းငယ်မြင့်တက်လာပြီး နံပါတ်ထွက်ပြီး ကားများသာ အဝယ်ရှိနေ

စက်တင်ဘာလ နှောင်းပိုင်း ရန်ကုန်မြို့ ကားဈေးကွက်၏ အခြေအနေမှာအရောင်းအဝယ် အနည်းငယ်ဖြစ်လာသော်လည်း ပြည်ပလေလံနှင့် တင်သွင်းသည့်ကားများ၊စလစ်ကပ်အင်ဂျင်ပါဝါမြင့်ကားများ အဝယ်ပါးနေကြောင်းသိရသည်။

ဒေါ်လာဈေး မြင့်တက်နေပြီး အတက်အကျ ဈေးသိပ်မကွာသော်လည်း ဗဟိုဘဏ်သတ်မှတ်ဈေးနှုန်းလည်းလိုက်ပါမြင့်တက်နေပြီး အခွန်ပေးဆောင်ကြေး ကွာဟချက်များလာသဖြင့် စလစ်ကပ်အင်ဂျင်ပါဝါမြင့်ကားများအသွင်းနည်းသလို ဖရီးပါမစ်ကားများလည်း ဂျပန်လေလံဈေးမြင့်လာသဖြင့် အသွင်းနည်းမှုရှိလာကြောင်း သိရသည်။

ယင်းသို့ ဒေါ်လာဈေးအတက်အကျလျင်မြန်နေပြီး အတက်ဘက် သို့ ဦးတည်နေသောကြောင့်လည်းကောင်း ပြည်တွင်း၌ သတ်မှတ်အခွန်ပေးချေရာတွင်လည်း လက်ရှိပေါက်ဈေး သတ်မှတ် ဈေးဖြင့်တွက်ချက်ပေးဆောင်ရသဖြင့် ကားဈေးများလိုက်ပါမြင့်တက်လာရသဖြင့် လက်ထဲတွင် ကားကိုင်ထားသည့် သူများလည်း ဝယ်သူ၏ စစ်ဈေးမပေးနိုင်သလို လက်ရှိကုန်ကျစရိတ် ထပ်ဆောင်းပေးပြီးဈေးမြှင့်တင် ရောင်းချပါကလည်း အဝယ်မရှိသဖြင့် နောက်ဆုံး အက္ခရာ၊ နံပါတ်ထွက်ရှိမည့် ကားများအဝယ်ပါး၊ အရောင်းနည်း ဖြစ်လာရကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း အကျိုးဆောင်ကိုမြင့်ကျော်မှ ရှင်းပြသည်။

လတ်တလော ကားဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသည်မှာ နံပါတ်ထွက်ပြီးသည့် ကားများသာဖြစ်ပြီး ရုပ်ထွက်အလိုက်၊ ကီလိုအလိုက် ဈေးနည်း/များသတ်မှတ်ကာ အရောင်းအဝယ်ဖြစ်ကြကြောင်း၊ နိုင်ငံတစ်ဝန်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်း လုပ်စဉ်ကာလက ရောင်းအားသွက်ခဲ့သည့် လိုက်ထရပ်များ၊ ပစ်ကပ်ကားလေးများ ယခုအခါ အရောင်းပြန်အေးသွားကြောင်း၊ ရေဘေးအန္တရာယ်လျော့ပါးသွားပြီး မိုးကုန်ကာလလည်း နီးကပ်လာသဖြင့် နယ်ဝယ်လက်များအနည်းငယ်ဆင်းလာပြီး တိုယိုတာခရောင်း၊ ကလူဂျာ၊ ဝှစ်ရှ်ကားများ အနည်းငယ် အဝယ်ရှိကြောင်း သိရသည်။

စလစ်ဈေးတန်းမှာ ယခုရက်ပိုင်းအတွင်း တစ်သိန်း၊ နှစ်သိန်းပြန်တက်နေသော်လည်း ၂၀၁၄ ခုနှစ်ကလိုပင်နှစ်တစ်နှစ်ကုန်ခါနီးတွင် သတ်မှတ်နေကြအတိုင်း စလစ်ကပ်ကားများ မိုဒယ်ခုနှစ်အလိုက်သတ်မှတ်ချက်များထွက်ပေါ်တော့မည်ဖြစ်၍ ဈေးကွက်အတွင်း လတ်တလောစလစ်ဈေးတန်းဆက်မာနေနိုင်သည်ဟု သုံးသပ်ကြသလို ၂၀၁၆ ခုနှစ်အတွင်း မိုဒယ်(လ်)သတ်မှတ်ချက် ၂၀၀၆/၂၀၀၇/၂၀၀၈ အဖြစ် ပုံသေတွက်ချက်မှုအရ ဖြစ်လာနိုင်သဖြင့် မတ်လနောက်ပိုင်းစလစ်ဈေးတန်းများ ၂၀၁၃ ခုနှစ်ကကျဆင်းခဲ့သလိုတဖြည်းဖြည်း ကျဆင်းလာမည်ဟု ထင်မြင်ကြောင်း ဝါရင့်ဝယ်ရောင်းအကျိုးဆောင်များက ပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မာဇဒါဒီမီယို (၂၀၁၁) | ယာယီ | ၁၁၅ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | တိုယိုတာဗစ် (၂၀၁၂) | ယာယီ | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | ပရိုဘောက် (၂၀၁၀) | ယာယီ | ၁၀၅ သိန်း | 1 .3 ဓာတ်ဆီ |
| ၄။ | ဟွန်ဒါဖစ် (၂၀၁၀) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၅။ | ဗီလ်ဒါ (၂၀၀၉) | FF | ၁၄၅ သိန်း | 3 .5 ဓာတ်ဆီ |
| ၆။ | ကိုရိုလာဗင် (၂၀၁၀) | EE | ၁၂၀ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ကလူဂျာ (၂၀၀၃) | ယာယီ | ၂၅၅ သိန်း | |
| ၈။ | မတ် (ခ်)တူး (၂၀၀၁) | 9D | ၁၂၀ သိန်း | |
| ၉။ | လိုက်အေ(စ်) (၂၀၀၅) | 9F | ၇၅ သိန်း | |
| ၁၀။ | အပ်ကား (စက်မှု) | - | ၆၂ သိန်း | |

# စိတ်ဝင်စားသူမည်သူမဆိုတက်ရောက်နိုင်သည့် ၂၀၁၅အိမ်ခြံမြေဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

မြန်မာနိုင်ငံ၏ အနာဂတ်အိမ်ခြံမြေရေးရာ ကျွမ်းကျင်သူများနှင့်အိမ်ခြံမြေဆိုင်ရာနားလည်တတ်ကျွမ်းသူများက ဦးဆောင်ပြုလုပ်သည့် ၂၀၁၅ အိမ်ခြံမြေဆိုင် ရာဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ ရက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဟောပြောဆွေးနွေးပွဲတွင် ဟောပြောသူ သုံးဦးနှင့် အိမ်ခြံမြေကဏ္ဍဆိုင်ရာများမှ ကိုးဦးတို့သည် အိမ်ခြံမြေနှင့်ပတ်သက်သည့် ရှာဖွေမှုစစ်တမ်းများ၊ ဗဟုသုတများကို မျှဝေဟောပြောကြမည်ဖြစ်ပြီး လာရောက်ကြသည့် စိတ်ဝင်စားသူများ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ဖြေကြားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ အိမ်ခြံမြေနှင့်ပတ်သက်သည့်ကိစ္စရပ်များအား စိတ်ဝင်စားသူ မည်သူမဆိုတက်ရောက် နားထောင်ကာ မေးမြန်းဆွေးနွေးနိုင်ကြောင်း သိရသည်။

ယင်းဟောပြောပွဲတွင် House.com.mm မှ မန်နေးဂျင်းဒါရိုက်တာ မစ္စတာဘာလာဂျီရာမာဆွာမိက မြန်မာနိုင်ငံ၏အိမ်ခြံမြေကဏ္ဍအား အွန်လိုင်းပေါ်တွင် ပိုမိုကျယ်ပြန့်စွာ ပြုလုပ်လာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့်အကျိုးသက်ရောက်မှုများနှင့်လက်ရှိဖြစ်ပေါ်နေသည့် အိမ်ခြံမြေဈေးကွက်ဆိုင်ရာ အခြေအနေများအတွက် ရှာဖွေထားသော အချက်အလက်များကို လည်းကောင်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးနှင့် အိမ်ရာဆောက်လုပ်ရေးဘဏ်မှ မန်နေးဂျင်းဒါရိုက်တာ ဦးဝင်းဇော်က မြန်မာနိုင်ငံ၏ ချေးငွေစနစ်နှင့်ပတ်သက်သည့် အချက်အလက်များ၊ တန်ဖိုးနည်း အိမ်ရာများနှင့်ပတ်သက်သည့် အမြင်များအကြောင်းကို လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့ပြစီမံကိန်းရေးဆွဲရေး ညွှန်ကြားရေးမှူး ဒေါက်တာတိုးအောင်က အနာဂတ်ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲကို အိမ်ခြံမြေစီးပွားရေးလုပ်ငန်းရှင်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် အိမ်ခြံမြေဒီဇိုင်းလုပ်ငန်းများအပြင် တစ်နိုင်တစ်ပိုင်ရင်းနှီးမြှုပ်နှံသူများနှင့် အိမ်ခြံမြေပိုင်ရှင်များအတွက်ပါ သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ကျွမ်းကျင်ပုဂ္ဂိုလ်များ ရှာဖွေထားသည့်သတင်းအချက်အလက်များကို သိရှိနိုင်မည်ဖြစ်ရာ အိမ်ခြံမြေကဏ္ဍတွင် စိတ်ပါဝင်စားသူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

သင့်ကျန်းမာရေး

# စိတ်ဖိစီးမှုလျှော့ချနည်း နည်းလမ်းခုနစ်သွယ်

ဒေါက်တာလွင်သန့်

စိတ်ဖိစီးမှုတိုင်း အပြစ်များတာချည်း မဟုတ်ပါဘူး။ စာမေးပွဲဖြေဆိုမယ့် ကျောင်းသားဟာ စိတ်ဖိစီးမှုမရှိရင် စာမကျက်စာမရလို့ စာမေးပွဲမအောင်နိုင်ပါဘူး။ ကိစ္စရပ်အပေါ် ပို အာရုံစိုက်တယ်။ နိုးနိုးကြားကြားရှိနေမှုလည်း အောင်မြင်တတ်ပါတယ်။ စိတ်ဖိစီးမှုလျှော့ချနည်းလမ်းများထဲက ခုနစ်မျိုးလုပ်ဆောင်ကြည့်ရအောင်။

**(၁)ဆုံးဖြတ်ချက်အလွဲတွေပိုမိုချမှတ်ဖြစ်ခြင်း။** သေချာစဉ်းစားဆုံးဖြတ်သင့်တဲ့ ကိစ္စမျိုးကို စိတ်ဖိစီးနေချိန် မဆုံးဖြတ်သင့်ပါဘူး။ လူမှုစိတ်ပညာကျွမ်းကျင်သူများက စိတ်ဖိစီးနေတဲ့အခါ မိမိစိတ်သန်ရာကိုဆွဲပြီး ဆုံးဖြတ်မိလို့ မိမိ ဆုံးဖြတ်ချက်တိုင်း အကောင်းချည်းပဲမြင်လို့ အဆိုးဘက်ရောက်ဖို့ စိတ်ထက်သန်နေတယ်။ စိတ်တည်ငြိမ်နေတဲ့ အခါမျိုးမှသာ အကောင်းနှင့် အဆိုးချင့်ချိန်ပြီး ဆုံးဖြတ်သင့်ပါတယ်။

**(၂) ပေါင်းလို့သင်းလို့မကောင်းဖြစ်နေခြင်း။** အလွန်အကျွံစိတ်ဖိစီးနေရင် လုပ်မိရာလုပ်ဖြစ်လို့ ကိုယ့်ကိစ္စပဲအာရုံစိုက်ဖြစ်နေမယ်။ ဘေးပတ်ဝန်းကျင်အာရုံစိုက်ဖို့စိတ်မရှည်တော့ ဘေးကလူတွေ ကိုယ့်အတွက်ဒေါသဖြစ်စရာ၊ စိတ်မရှည်စရာ ဖြစ်နေလိမ့်မယ်။ ကိုယ့်စိတ်မထား တတ်ရုံတစ်ခုတည်းကြောင့်တော့မဟုတ်ဘူး၊ ကြွက်များနဲ့လေ့လာတဲ့အခါ အလွန်အကျွံစိတ်ဖိစီးရင် ကြွက်ရဲ့ဦးနှောက်ကနေ အင်ဇိုင်းတစ်မျိုးထွက်လာတယ်။ ယင်းအင်ဇိုင်းက ပေါင်းသင်းဆက်ဆံရေးကို ကျဆင်းစေတဲ့ အင်ဇိုင်းဖြစ်ကြောင်း တွေ့ရတယ်လို့ဆိုတယ်။

**(၃) အလုပ်ပြီးမြောက်ဖို့ ပိုခက်လာခြင်း။** အလွန်အကျွံစိတ်ဖိစီးလာတဲ့အခါ ဦးနှောက်တွင်းရည်မှန်းချက် ဖော်ဆောင်ရေးတာဝန်ယူတဲ့အပိုင်းမှာ စိတ်ဖိစီးမှုဟော်မုန်းများ ဖုံးလွှမ်းနှောင့်ယှက်နေတော့ လူဟာလုပ်မယ့်အလုပ်ကို ပြီးအောင်လုပ်ဖို့ ခက်ခဲလာတယ်။ ရည်မှန်းချက်ပေါက်မြောက်ရေးအတွက် နည်းလမ်းသစ်များ၊ တီထွင်ဖန်တီးအသုံးချနိုင်စွမ်း ကုန်ခမ်းသွားပြီး လမ်းဆုံး၊ အကျင့်ဆိုးများဆက်လုပ်မိလို့ အလုပ်မပြီးတာဖြစ်လာတယ်။

**(၄) မယဉ်ကျေးသူဖြစ်လာခြင်း။** အလွန်စိတ်ဖိစီးလာရင် လုပ်မိလုပ်ရာလုပ်ဖြစ်တယ်။ စာမေးပွဲကျမှာ စိုးရိမ်လွန်တဲ့စိတ်မခိုင်ဘဲ စာခိုးချဖြစ်တဲ့အထိရောက်သွားတာမျိုးဖြစ်တယ်။ တက်စတြိုစတုန်း ဟော်မုန်းနှင့်စိတ်ဖိစီးစေတဲ့ ကော်တီဇုန်းဓာတ်များနေရင် စာမေးပွဲခိုးချဖို့ ဝန်မလေးတတ်ဘူးဆိုတယ်။

**(၅) တစ်ခုခုရရှိဖို့ လျှာထွက်မတတ် ဇွတ်လုပ်ဖို့ ဝန်မလေးခြင်း။** စိတ်အလွန်ဖိစီးလာတဲ့အချိန် ဘောပင်တစ်ချောင်း ပျောက်နေတာတောင် တစ်အိမ်လုံးအဝတ်ဗီရိုမကျန်၊ လျှောက်ဖွင့်ရှာဖွေနေပေမယ့် အကျီဆက်ဆိုးကျိုးက ဘောပင်တစ်ချောင်းတွေ့ခြင်းထက်များစွာ ကြီးမားတဲ့ စိတ်ဖိစီးမှုက ဘာမှမတွေ့နိုင်ဘဲ ဖွနေမြဲဖြစ်တယ်။ စိတ်ငြိမ်သွားတဲ့အခါ ရောက်မှ မိမိဖွထားသမျှ ပင်ပန်းကာသိပြီး "ငါတော်တော်မိုက်ပါလား" ဆိုပြီး အပြစ်တင်မိတော့တယ်။

**(၆) မလိုအပ်ဘဲပိုမိုစွန့်စားခြင်း။** စိတ်မိမိစီးရင် ကိုယ်တိုင်စိတ်ဖိစီးမှုပြဿနာ မြန်မြန်ပြေလည်ရေးအာရုံထားတယ်။ ကျန်တာမတွေးတော့၊ အန္တရာယ်ဖြစ်မှန်းမသိ၊ ဇွတ်တိုးလုပ်တော့တယ်။ ကိုယ့်ကျောပေါ်မှာ ခွစီးထားတဲ့ စိတ်ဖိစီးမှု ဝန်ထုပ်မြန်မြန်ချပစ်နိုင်ဖို့၊ ကိုယ့်စိတ်ထဲရှိရာ အလုပ်နဲ့ချည်း ဝန်ပိတော့သာ အန္တရာယ်ရှိမှန်းသတိမထားဖြစ်တော့ဘူး။

**(၇) မေ့လျော့တာဖြစ်ခြင်း။** အလွန်စိတ်ဖိစီးသူဟာ လူကလောလာတာနဲ့အမျှ အခြေအနေအရာများမေ့လျော့လာတယ်။ အလုပ်များဖိစီးပြီး အာရုံများများနေလို့ မေ့လာတယ်။ ကြွက်များနဲ့လေ့လာကြည့်တဲ့အခါ စိတ်ဖိစီးလွန်းရင် ဦးနှောက်အတွင်းစိတ်ဖိစီးမှုဟော်မုန်းပုံစံပြောင်းကာ၊ ခံစားချက်နောက်လိုက်ပြီး တုံ့ပြန်အောင်လုပ်ပစ်တတ်တယ်။ လူမှာအချက်အလက်များအားနည်းသွားကာ မှတ်သားထားတာ မေ့လျော့လာတယ်။ အေးဆေးသွားရင် မေ့နေတာပြန်မှတ်မိလာတယ်။

# ငှက်ဖျားရောဂါကြောင့် သေဆုံးမှုနှုန်းကျဆင်းလာ

ကမ္ဘာတစ်ဝန်းလုံးတွင် ငှက်ဖျားရောဂါကြောင့် သေဆုံးမှုနှုန်း ကျဆင်းလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organisation) နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) တို့၏ စစ်တမ်းများကို ကိုးကား၍ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

၂၀၀၀ပြည့်နှစ်အတွင်းက ကမ္ဘာတစ်ဝန်းလုံးတွင် ငှက်ဖျားရောဂါခံစားရသူပေါင်း ၂၆၂သန်းရှိပြီး သေဆုံးသူပေါင်းမှာ ၈၄၀,၀၀၀ရှိပြီး ၂၀၁၅ ခုနှစ်သို့အရောက်တွင် ရောဂါဖြစ်ပွားသူ ပေါင်း ၂၁၄ သန်းသို့ကျဆင်းခဲ့ပြီး သေဆုံးသူပေါင်းမှာ ၄၃၈,၀၀၀ သာရှိခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ငှက်ဖျားရောဂါတိုက်ဖျက်ရေးကို လွန်ခဲ့သည့် ၁၅ နှစ်ကတည်းက လုပ်ဆောင်ခဲ့ရာအောင်မြင်မှုရရှိခဲ့သည်ကို အဆိုပါအစီရင်ခံစာက သက်သေခံနေကြောင်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် လိုအပ်သည့်အကူအညီများ၊ ကိရိယာများ၊ ဆေးဝါးများကို ထောက်ပံ့ပေးခဲ့သည့်အတွက် ယခုကဲ့သို့ ရောဂါဖြစ်ပွားသည့်နှုန်းသာမက သေဆုံးသည့်နှုန်းပါကျဆင်းလာရခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် မာဂရက်ချန်းက ပြောကြားခဲ့သည်။

"ကမ္ဘာလုံးဆိုင်ရာငှက်ဖျားရောဂါ တိုက်ဖျက်ရေးကို လွန်ခဲ့တဲ့ ၁၅နှစ် လောက်ကတည်းက လုပ်ဆောင်ခဲ့တာ ပါ။ ပြည်သူ့ကျန်းမာရေးအတွက် အရေးကြီးတဲ့ လုပ်ဆောင်ချက်ဖြစ်လို့အောင်မြင်မှုရရှိအောင်လုပ်ဆောင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ငှက်ဖျားကြောင့်သေဆုံးသူအရေအတွက်ရော၊ ရောဂါဖြစ်ပွားတဲ့သူအရေအတွက်ပါ ကျဆင်းလာတာပါ။ ကျွန်မတို့အနေနဲ့ ဂုဏ်ဝင်လူသတ်သမားကြီးကို အနိုင်ယူလိုက်နိုင်တာပါ"ဟု ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ယူနီဆက်ဖ်တို့မှ ကောက်ယူထားသည့် စစ်တမ်းသည် အာရှဒေသတွင်းနိုင်ငံများနှင့် ကော့ကေးရှပ်တောင်တန်းဒေသမှ နိုင်ငံများရှိပြည်သူများကို အခြေခံ၍ စာရင်းကောက်ယူထားခြင်းဖြစ်ကြောင်း၊ အဆိုပါစစ်တမ်းတွင် အာဖရိကဒေသနိုင်ငံများ မပါဝင်ကြောင်း၊ အဆိုပါဒေသများတွင် ငှက်ဖျားရောဂါကြောင့်သေဆုံးမှုနှုန်းမှာ ၈၀ ရာခိုင်နှုန်းခန့်ရှိနေကြောင်းဖြင့် ယူနီဆက်ဖ်မှ အမှုဆောင်ဒါရိုက်တာ အန်သိုနီလိတ်က ပြောကြားခဲ့သည်။

မယ်သီတာ

# လေထုညစ်ညမ်းမှုကြောင့် ၂၀၅၀ ပြည့်နှစ်တွင် လူပေါင်းခြောက်သန်းကျော် သေဆုံးနိုင်

သတ္တရာဇ် ၂၀၅၀ ပြည့်နှစ်တွင် လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာပေါ်ရှိ လူပေါင်း ၆ ဒသမ ၆သန်းကျော် သေဆုံးနိုင်ကြောင်း သိပ္ပံပညာရှင်များက ထုတ်ပြန်ကြေညာခဲ့သည်။ လေထုထဲတွင်ပါဝင်သည့် သတ္တုအမှုန်လေးများ၊ အိုဇုန်းလွှာပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသည့်လေထုညစ်ညမ်းမှုများကြောင့် ကမ္ဘာပေါ်တွင် သေဆုံးမှုနှုန်းမြင့်တက်လာနိုင်ကြောင်းဖြင့် Nature ဂျာနယ်တွင် ရေးသားဖော်ပြထားသည်။

ယခုအခါတွင် လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် လူပေါင်း ၃ ဒသမ ၃သန်းခန့် သေဆုံးခဲ့ပြီးဖြစ်ရာ လာမည့် သတ္တရာဇ် ၂၀၅၀တွင် ယခုထက်နှစ်ဆကျော် ပိုမိုသေဆုံးလာနိုင်ကြောင်းဖြင့် အဆိုပါဂျာနယ်တွင်ဆက်လက်ဖော်ပြထားသည်။

"နောက် ၃၅ နှစ်အရောက်မှာ လေထုညစ်ညမ်းမှုကြောင့် လူပေါင်း ၆ ဒသမ ၆သန်းလောက် သေဆုံးနိုင်ပါတယ်။ အဲဒါဟာ စိုးရိမ်စရာ ဖြစ်နေပါပြီ။ ပြတင်းပေါက်ကိုဖွင့်ပြီး အပြင်ကိုကြည့်လိုက်မယ်၊ တံခါးကိုဖွင့်ပြီး အပြင်ကို ထွက်လိုက်မယ်ဆိုတာနဲ့ပဲ လေထုညစ်ညမ်းမှုနဲ့ပြိုင်ရင်ဆိုင်နေရပြီ။ အထူးသဖြင့် အာရှဒေသနိုင်ငံတွေမှာ သေဆုံးမှုနှုန်းမြင့်တက်လာနိုင်ပါတယ်။ အဲဒီဒေသက ပြည်သူတွေရဲ့နေထိုင်မှု စနစ်ပုံစံ၊ ချက်ပြုတ်စားသောက်မှုပုံစံနဲ့ နေအိမ်တွေကနေထုတ်လွှတ်လိုက်တဲ့ စွမ်းအင်တွေကြောင့် ပိုပြီးဖြစ်နိုင်ပါတယ်"ဟု ဂျာမနီနိုင်ငံ မက်စ် ပလန့်ခ်တက္ကသိုလ်မှ ဓာတုဗေဒပညာရှင် ဂျိုစ်လီလီဗယ်လ်က ပြောကြားခဲ့သည်။

ဂျိုစ်သည် ယခုလုပ်ဆောင်လျက်ရှိသည့် သုတေသနလုပ်ငန်းအား ဦးဆောင်လုပ်ကိုင်နေသူတစ်ဦးဖြစ်သည်။ လေထုညစ်ညမ်းမှုကြောင့် နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ အဆုတ်ရောဂါတို့ကဲ့သို့သော နာတာရှည်ရောဂါများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။ အဆိုပါ လေထုညစ်ညမ်းမှုပြဿနာရပ်များကို အဓိကပြဿနာတစ်ရပ်အဖြစ် ထားရှိကာ လုပ်ဆောင်ကြရန်လိုနေပြီဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

မယ်သီတာ

# ရေမလိုလက်ဆေးဆပ်ပြာများသည် ရောဂါပိုးမွှားများကို အမှန်တကယ် ကာကွယ်မပေးနိုင်ဟုဆို

ကမ္ဘာ့စျေးကွက်အတွင်း ကျယ်ပြန့်စွာ ရောင်းချရလျက်ရှိနေသလို ကမ္ဘာ့လူနေမှုစနစ်အတွင်းတွင်လည်း တွင်ကျယ်စွာ အသုံးပြုလျက်ရှိသည့် လက်ဆေးဆပ်ပြာများသည်ရောဂါပိုးမွှားများ ကို အမှန်တကယ် ကာကွယ်ပေးနိုင်ခြင်းမရှိကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

လက်ဆေးခြင်းကြောင့် ရောဂါပိုးမွှားများကို ကာကွယ်ပေးနိုင်သည်မှာ မှန်ကန်သော်လည်း မှန်ကန်သည့်လက်ဆေးခြင်းဖြင့်သာ ရောဂါပိုးမွှားများကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရေမလို လက်ဆေးဆပ်ပြာများသည် ရောဂါပိုးမွှားများကို အမှန်တကယ်ကာကွယ်ပေးနိုင်ခြင်း ရှိ မရှိဆိုသည်ကို စစ်ဆေးကြရမည်ဖြစ်ကြောင်း အဆိုပါလေ့လာချက်တွင် ဖော်ပြထားသည်။

ရေမလိုလက်ဆေးဆပ်ပြာများတွင် ရောဂါပိုးမွှားများကို သေစေနိုင်သည်ဟု ၎င်းတို့၏ ကြော်ငြာများတွင်ဖော်ပြထားရာ အဆိုပါကြော်ငြာများအရ ရောဂါပိုးမွှားများကိုသေစေနိုင်သည်ဟုဆိုလျှင် ယင်းဆပ်ပြာတွင် ဘက်တီးရီးယားရောဂါပိုးများကိုသေစေနိုင်သည့် ဓာတုပစ္စည်းများကို အလွန်အကျွံသုံးစွဲထားမည်ဖြစ်သည်ဟု ဓာတုဗေဒဆိုင်ရာ ဂျာနယ်တစ်စောင်ဖြစ်သည့် Antimicrobial Chemotherapy ဂျာနယ်တွင် ဖော်ပြထားသည်။

ရေမလိုဆပ်ပြာရည်များသည် ပြည်သူများအကြားတွင် တွင်ကျယ်စွာ ရောင်းချရလျက်ရှိရာ အမေရိကန်ပြည်ထောင်စုတစ်ခုတည်းတွင်ပင် နှစ်စဉ်အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့် ရောင်းချနေရကြောင်း၊ ရေကို အသုံးမပြုရသည့်အတွက် ခရီးသွားလာရာတွင် အဆိုပါရေမလိုဆပ်ပြာများကို အသုံးပြုနေကြကြောင်း၊ ထို့ပြင် ရောဂါပိုးမွှားများကို သေစေနိုင်သည်ဆိုသည့် ဆပ်ပြာများတွင် ရောဂါပိုးမွှားများကို သေစေနိုင်သည့်ဓာတုဗေဒပစ္စည်းများကို လွန်ကဲစွာထည့်သွင်းထားနိုင်သဖြင့် အဆိုပါဆပ်ပြာများသည်သုံးစွဲသူများအား ရောဂါများဖြစ်ပွားစေနိုင်ကြောင်းဖြင့် အဆိုပါဂျာနယ်မှ ဓာတုဗေဒဆိုင်ရာ ကျွမ်းကျင်သူများက သုံးသပ်ပြောကြားခဲ့သည်။

မယ်သီတာ

# (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

## ၂၈-၉-၂၀၁၅ မှ ၄-၁၀-၂၀၁၅ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ဖော်ကိုင်ဖက်များ၏ အားပေးကူညီမှုကြောင့် စီးပွားရေးကံကောင်းနေတတ်ပါသည်။ ခရီးသွားလုပ်ငန်းဝန်ဆောင်မှုလုပ်ငန်းတို့ အကျိုးပေးတတ်ပါသည်။ စီးပွားရေးလုပ်ငန်းတို့ကို အားကြိုးမာန်တက်ကြိုးစားမှုကြောင့် ပင်ပန်းခြင်း၊ နွမ်းနယ်ခြင်းဖြစ်ပြီး ကျန်းမာရေးညံ့တတ်ပါသည်။ အချစ်ရေးတွင် မိမိအပေါ် ချစ်သူ၏ ယုံကြည်အားထားမှုကို ခံရတတ်ပါသည်။ အနစ်နာခံ၍ ပြုစုထိန်းသိမ်းစောင့်ရှောက်ခံရလိမ့်မည်။

**ယတြာ။ အုန်းနို့ခေါက်ဆွဲဆွမ်းကပ်ပါ။**



**တနင်္လာသားသမီးများအတွက်** လူအများ၏ ချစ်ခင်နှစ်သက်ခြင်း အထင်ကြီးခြင်း ခံရလိမ့်မည်။ စားသောက်ကုန်လုပ်ငန်းများတွင် ရေနှင့် ရေထွက်ပစ္စည်းများထုတ်လုပ်ရောင်းဝယ်ရေးတွင် စီးပွားဖြစ်ထွန်းနေတတ်ပါသည်။ ဒီအချိန် သည်အခါတွင် စည်းကမ်းရှိလျှင် ကံကောင်းခြင်းများရရှိနိုင်ပါသည်။ ကျန်းမာရေးတွင် အဆုတ်ပွခြင်း၊ အဆုတ်ရောင်ခြင်း၊ အသက်ရှူပြွန်ရောင်ခြင်းတို့ ဖြစ်တတ်ပါသည်။ အချစ်ရေးတွင် ကံကောင်းသော်လည်း အိမ်ထောင်ရေးတွင် စိတ်တိုင်းမကျဖြစ်တတ်သည်။

**ယတြာ။ ရွှေရင်အေးလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်ပြီး အမှား အယွင်းများမဖြစ်ပေါ်စေရန် အထူးဂရုစိုက်လုပ်ကိုင်ဆောင်ရွက်နေရတတ်သည်။ အိမ်၊ ခြံ၊ မြေ၊ ယာဉ်ကိစ္စများအတွက် ကံအခွင့်အလမ်းကောင်းလာတတ်ပါသည်။ ငွေများဝင်တတ်သည်။ ကျန်းမာရေး အားနည်းချက်ရှိသည်။ အစားအသောက်များမှားတတ်သော သဘောရှိပါသည်။ အချစ်ရေးတွင် အကျင့်သီလများဖြင့် ပြည့်စုံသောသူကို ရရှိလိမ့်မည်။ ပညာရေးတိုးတက်မှု အားကောင်းနေတတ်ပါသည်။

**ယတြာ။ သီးစုံဖျော်ရည်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အလုပ်အကိုင် စီးပွားရေးသစ်များ အောင်မြင်နိုင်သော အခြေအနေများစွာရှိနေတတ်ပါသည်။ ငွေကြေးအတွက် ခက်ခဲကြန့်ကြာမှုများရှိတတ်သည်။ လက်အောက်ငယ်သားများနှင့် အဆင်မပြေဖြစ်တတ်သည်။ အနုပညာလုပ်ငန်းများ အကျိုးပေးအားကောင်းလိမ့်မည်။ ကျန်းမာရေးတွင် ကိုယ်ရေကိုယ်ပြားယားယံသော ဝေဒနာခံစားရတတ်သည်။ အရေပြားပွိုင်စင်ဖြစ်တတ်သည်။ အချစ်ရေးတွင် ကံကောင်းနေသော်လည်း၊ အိမ်ထောင်ရေးတွင် ဆုံးဖြတ်ရခက်ခဲနေတတ်ပါသည်။

**ယတြာ။ သက်ကြီးရွယ်အိုအားဆေးဝါးလှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လူမှုရေး၊ စီးပွားရေး၊ လုပ်ငန်းအနေအထားအလိုက် ဆက်ဆံပြောဆိုနေရတတ်သည်။ စနစ်တကျနှင့် ဝီရိယရှိခဲ့လျှင် ချမ်းသာပြီးစုဆောင်းမှုပြုနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်းများအကျိုးပေးနိုင်ပါသည်။ ကျန်းမာရေးတွင် အစာအိမ်သွေးကြောမျှင်ပေါက်သောရောဂါ၊ အပူကြောင့်ဖြစ်သော အဖျားရောဂါစသည်တို့ကို သတိရှိသင့်ပါသည်။ အချစ်ရေးတွင် စိတ်တိုင်းမကျမှုများတွေ့ရတတ်ခြင်းကြောင့် အေးဆေးစွာပဲနေလိုနေမည်။

**ယတြာ။ သစ်သီးဆွမ်းလှူပါ။**



**သောကြာသားသမီးများအတွက်** ကိုယ်တိုင်ကြိုးစားမှုများ ပေါင်းစုံသွားသောကြောင့် အောင်မြင်မှုများကို ရရှိတတ်ပါသည်။ စီးပွားရေးလုပ်ငန်း များတိုးတက်အောင်မြင်ပါမည်။ ရတနာပစ္စည်းများ ပုလဲ၊ ရွှေ၊ စိန် စသော စီးပွားရေးအကျိုးပေးပါသည်။ လုပ်ငန်းခွင်စာမေးပွဲတို့တွင် အောင်မြင်နိုင်ပါသည်။ ကျန်းမာရေးတွင် မိသားစု၏ ကျန်းမာရေးကတစ်ဖက်၊ မိမိ၏ ကျန်းမာရေးက တစ်မျိုးတို့ကြောင့် ဆေးကုသခံရမှုကို လျစ်လျူရှုနေတတ်သည်။ မိမိဖြစ်ချင်သောဆန္ဒကတစ်မျိုး ပတ်ဝန်းကျင်၏ ဆန္ဒကတစ်မျိုးဆိုသလို ဖြစ်နေတတ်ပါသည်။

**ယတြာ။ ဘုရားသွား၍ ဘာသာတရား အနည်းငယ်ပြုလုပ်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ အကျဉ်းအကျပ်အခက်အခဲတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ လျှပ်စစ်ပစ္စည်း၊ မိုဘိုင်းဖုန်း များ၊ ကွန်ပျူတာ၊ တီဗွီ၊ တယ်လီဖေးရှင်းဝန်ဆောင်မှုလုပ်ငန်းများစသည့်တို့ အကျိုးပေးအားကောင်းတတ်ပါသည်။ အချစ်ရေးတွင် စိုးရိမ်ပူပန်မှုရှိတတ်သည်။ ချစ်သူနှင့် သဘောထားကွဲလွဲမှုကို ပြန်လည်ညှိနှိုင်းဖြေရှင်းနေရတတ်ပါသည်။ ပညာရေးတွင် ရည်မှန်းချက်ကြီးစွာထား၍ သင်ယူတတ်မြောက်နိုင်ပါသည်။ ကျန်းမာရေးတွင် ပင်ပန်းမှုလွန်ကဲလျှင်ဖြစ်တတ်သော စိတ်ဝေဒနာခံစားမှု၊ ဖိစီးမှုရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ နို့မလိုင် လှူဒါန်းပါ။**

# Myanmar Idol ပြိုင်ပွဲတွင် ပလက်တီနမ်စပွန်ဆာအဖြစ် MPT ပါဝင်ပံ့ပိုးကူညီပေးမည်

မြန်မာနိုင်ငံ၏ ဦးဆောင်ဆက်သွယ်ရေး အော်ပရေတာဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေဖြင့် မကြာမီ စတင်ကျင်းပမည့် Myanmar Idol ပြိုင်ပွဲတွင် ပလက်တီနမ်စပွန်ဆာအဖြစ် ပါဝင်ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း စက်တင်ဘာလ ၂၁ ရက်နေ့သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Myanmar Idol ပြိုင်ပွဲကြီး၏လူရွေးပွဲကို မြန်မာနိုင်ငံ၏ မြို့ကြီးငါးမြို့တွင် လာမည့် အောက်တိုဘာလအတွင်း ကျင်းပသွားမည်ဖြစ်ပြီး MRTV နှင့် Channel 9 ရုပ်သံလိုင်းများတွင် ၂၀၁၅ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ခုနှစ် ဧပြီလအထိ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်သည် အမေရိကန်နိုင်ငံတွင်အလွန်အောင်မြင်ခဲ့သည့် American Idol အစီအစဉ်ကိုအခြေခံ၍ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း အရည်အချင်းရှိသော ရွက်ပုန်းသီးလူငယ်များ၊ အစွမ်းအစရှိသောလူငယ်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ Myanmar Idol ဟု အမည်ပေးကာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလိုစိတ်လှုပ်ရှားစရာကောင်းတဲ့ အစီအစဉ်မှာ ပါဝင်ခွင့်ရတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။ မြန်မာနိုင်ငံမှာ MPT က လူတိုင်းရဲ့ နေ့စဉ်ဘဝမှာ ပါဝင်နေတာပါ။ ဒီလိုပျော်ရွှင်စရာကောင်းတဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို အတူခံစားရင်းအသုံးပြုသူအားလုံးကို အတွေ့အကြုံသစ်တွေ မိတ်ဆက်ပေးချင်တာပါ။ ဒါကြောင့် ဒီအစီအစဉ်မှာ စပွန်ဆာအနေနဲ့ ပါဝင်ခွင့်ရတာကို ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု MPT နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် KSGM (KDDI Summit Global Myanmar Co., Ltd.) ၏ မားကက်တင်းမန်နေဂျာဖြစ်သူ မစ္စတာတာကရှိ ရှီဂျီနိုက ပြောကြားခဲ့သည်။

MPT အနေဖြင့် ယခုအခါတွင် LINE App နှင့် ပူးပေါင်းကာ ဆွေသဟာ အသုံးပြုသူများအတွက် LINE App ကို အခမဲ့ဒေါင်းလုပ်ရယူခွင့်ကို စက်တင်ဘာလ ၃၀ ရက်နေ့အထိ ပေးထားကြောင်း သိရသည်။ ထို့ပြင် ဖုန်းကတ်အသစ်ကို စတင်ဝယ်ယူအသုံးပြုသူများ အနေဖြင့် ပိုမိုလွယ်ကူစွာအသုံးပြုနိုင်ရန် ဆွေသဟာအစီအစဉ်ကို လျှောက်ထားရန်မလိုဘဲ ချက်ချင်းအသုံးပြုနိုင်ရန် စီစဉ်ပေးထားသည်ဟု ဆိုသည်။

ဆွေသဟာအစီအစဉ်ကို အသုံးမပြုလိုသောသူများ အနေဖြင့်လည်း လွယ်ကူစွာဖြင့် unsubscribe လုပ်နိုင်ကြောင်း သိရသည်။

အထူးအစီအစဉ်အနေဖြင့် ဆွေသဟာ အသုံးပြုသူများအတွက် ၅၅မိနစ် အထိ အများဆုံးဖုန်းပြောဆိုနိုင်ပြီး ဖုန်းပြောခအဖြစ် ငါးမိနစ်စာသာ ကျသင့်မည့် "နာရီတိုင်းမှာ ငါးမိနစ်စာ"အထူးအစီအစဉ်ကိုလည်း စက်တင်ဘာလ ၃၀ ရက်နေ့အထိ အသုံးပြုနိုင်ကြောင်းသိရသည်။ **မယ်သီတာ**

# ၂၀၁၅ ခုနှစ် စက်တင်ဘာလ စတုတ္ထပတ်အတွင်း မန်းသကြားဒိုင်မှ သကြား၊ သကာရည်ဈေးနှုန်းနဲ့ ဈေးကွက်

မန္တလေးမြို့၊ သကြားကုန်စည်ဒိုင် (သကြား၊ သကာရည်လုပ်ငန်းရှင်များ ကထိန်တော်အသင်း)မှာ အနယ်နယ်အရပ်ရပ်မှ သကြား၊ သကာရည်လုပ်ငန်းရှင်များလာရောက်၍ နေ့စဉ် (ဥပုသ်နေ့မှအပ) အရောင်း အဝယ်ပြုလုပ်လျက်ရှိကြောင်း သိရပါတယ်။ စက်တင်ဘာလ စတုတ္ထအပတ်မှာ အရောင်းအဝယ်ပြုလုပ်တဲ့ သကြားနဲ့ သကာပွက်ရည်ဈေးနှုန်းများမှာ သကြား A တစ်ပိဿာ ၁၂၇၀ ကျပ်၊ သကြား B 1 ၂၅၀ ကျပ်၊ သကြား C ၁၂၄၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး သကာပွက်ရည်မှာ တစ်ပိဿာကို ၇၃၀ ကျပ်မှ ၇၅၀ ကျပ်ကြား အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး စက်ကျရည်မှာ တစ်ပိဿာ ၄၇၀ ကျပ်မှ ၅၂၀ ကျပ် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး နေ့စဉ် သကြားအိတ် ၈၀၀၀ မှ ၁၀၀၀၀ ကြား (ပိဿာ ၃၀ ဝင်အိတ်) အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ကုန်ကြမ်းဖြစ်တဲ့ သကာပွက်ရည် လက်ကျန်နည်းနေလို့ ဈေးနှုန်းလည်း မြင့်တက်လာတဲ့အတွက် ကုန်ချောသကြားဈေးလည်း စွာလာကြောင်း ဒေသတွင်း နို့ဆီချက်လုပ်ငန်း၊ အချိုရည်လုပ်ငန်း၊ မုန့်မျိုးစုံလုပ်ငန်းများကြောင့် ပုံမှန်အရောင်းအဝယ်ရှိသလို ပြည်ပ (တရုတ်) မှလည်း မှာယူပါက တင်ပို့ရောင်းချမှုရှိကြောင်း ကုန်ကြမ်း (သကာပွက်ရည်) ဈေးအပေါ် မူတည်ပြီး ကုန်ချော (သကြား) ဈေးနှုန်းမှာ အတက်အကျ အပြောင်းအလဲရှိကြောင်း၊ ယခု သကြားပေါက်ဈေးနှုန်းမှာ သင့်တင့်မျှတမှုရှိကြောင်း မိမိတို့ အနေဖြင့် ပြည်တွင်းမှ သကြားများကို ပြည်ပ (တရုတ်) သို့ တင်ပို့ခြင်းတွင် ဈေးကွက်တစ်နေရာ ခိုင်မြဲနိုင်ရန်အတွက် သကြားထုတ်လုပ်မှု အရည်အသွေးအား အဆင့်မီရန်နဲ့ လက်ရှိအရည်အသွေးထက် ပိုမိုကောင်းမွန်အောင် ထုတ်လုပ်တင်ပို့ရန် လိုအပ်ကြောင်း သကြားစက်ပိုင် ကုန်သည်တစ်ဦးက ပြောကြားကြောင်း သိရပါတယ်။

**စိုးအောင်-မန္တလေး**

# ဈေးကွက်လိုအပ်ချက်အရ ရွှေညောင် CP ပြောင်း မုံရွာသို့ ဝင်ရောက်



မုံရွာကုန်စည်ဒိုင် စက်တင်ဘာလ စတုတ္ထပတ် CP ပြောင်းဖူးစေ့ဈေးကွက်မှာ နယ်ကပစ္စည်းအချို့ ဝင်ရောက်မှုရှိပေမယ့် အရည်အသွေးနိမ့်တဲ့အတွက် ယခုပတ်နောက်ဆုံးရက်မှာ တစ်တင်း ၉၄၀၀ ကျပ်အထိ ဈေးကျ ဆင်းသွားတယ်လို့သိရပါတယ်။

CP အဟောင်းဈေးကတော့ တစ်တင်း ၁၁၆၀၀ ကျပ်အထိ ဆက်လက်မာနေပြီး မုံရွာဒိုင်မှာ လက်ကျန် နည်းကာ ကြက်စာသမား ဝယ်လိုအားများနေလို့ ရှမ်းပြည်နယ် ရွှေညောင်ဘက်က CP ပြောင်းအသစ်တွေ စက်နဲ့အခြောက်လှမ်းပြီး မုံရွာဈေးကွက်ကိုတင်ဖို့ ဝင်ရောက်မှုရှိနေတယ်လို့ ကုန်သည်ရပ်ကွက်ကသိရပါတယ်။

လောလောဆယ်မှာ မုံရွာကုန်စည်ဒိုင်အနေနဲ့ CP ပြောင်းဖူးစေ့ကို တရုတ်ပြည်သို့တင်ပို့ရန် ဝယ်ယူမှုမရှိသေးဘဲ ဒေသတွင်းလုပ်ငန်းသုံးအဝယ်သာရှိလို့ တစ်ရက် အိတ် ၃၀၀ မှ ၅၀၀ ကြားသာ အရောင်းအဝယ်ဖြစ်နိုင် တယ်လို့ ဈေးကွက်ကသိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## မြို့ကြီးများ၏ ၂၈-၉-၂၀၁၅ မှ ၂-၁၀-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂၈-၉-၂၀၁၅) | အင်္ဂါ(၂၉-၉-၂၀၁၅) | ဗုဒ္ဓဟူး(၃၀-၉-၂၀၁၅) | ကြာသပတေး(၁-၁၀-၂၀၁၅) | သောကြာ(၂-၁၀-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | ၄၀% ၃၂°C/၉၀°F | ၈၀% ၃၃°C/၉၂°F | ၆၀% ၃၄°C/၉၃°F | ၅၀% ၃၂°C/၉၀°F | ၅၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F |
| မန္တလေးမြို့ | ၈၀% ၃၄°C/၉၃°F | ၈၀% ၃၅°C/၉၅°F | ၅၀% ၃၆°C/၉၇°F | ၆၀% ၃၆°C/၉၇°F | ၅၀% ၃၄°C/၉၄°F |
| မြစ်ကြီးနား | ၈၀% ၃၂°C/၈၉°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၃°F | ၆၀% ၃၃°C/၉၁°F | ၈၀% ၃၁°C/၈၇°F |
| လားရှိုး | ၉၀% ၂၉°C/၈၅°F | ၄၀% ၃၁°C/၈၈°F | ၅၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၅°F |
| ကျိုင်းတုံ | ၅၀% ၃၀°C/၈၆°F | ၃၀% ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၂၉°C/၈၅°F |
| လွိုင်ကော် | ၅၀% ၂၈°C/၈၃°F | ၄၀% ၂၉°C/၈၄°F | ၄၀% ၃၀°C/၈၆°F | ၄၀% ၂၉°C/၈၅°F | ၅၀% ၂၉°C/၈၅°F |
| တောင်ကြီး | ၈၀% ၂၃°C/၇၄°F | ၄၀% ၂၄°C/၇၅°F | ၄၀% ၂၄°C/၇၆°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၃°C/၇၄°F |
| မော်လမြိုင် | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F |
| ဘားအံ | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F |
| တောင်ငူ | ၅၀% ၃၂°C/၈၉°F | ၈၀% ၃၃°C/၉၂°F | ၈၀% ၃၄°C/၉၄°F | ၈၀% ၃၁°C/၈၈°F | ၈၀% ၃၁°C/၈၇°F |
| မုံရွာ | ၈၀% ၃၂°C/၉၀°F | ၆၀% ၃၃°C/၉၁°F | ၃၀% ၃၄°C/၉၄°F | တိမ်အသင့်အတင့် ၃၅°C/၉၅°F | နေသာ ၃၄°C/၉၃°F |
| ပုသိမ် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F |
| မြိတ် | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F |
| စစ်တွေ | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၉၀°F | တိမ်အသင့်အတင့် ၃၂°C/၉၀°F | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၁°C/၈၈°F |
| မကွေး | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F |
| ဖလမ်း | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၃°C/၇၃°F | ၅၀% ၂၄°C/၇၆°F | ၈၀% ၂၁°C/၇၀°F | ၈၀% ၂၃°C/၇၄°F |

## ရေလွှမ်းမိုးမှုကြောင့် ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းကို ထိခိုက်မှုရှိနိုင်ဟုဆို

ထိုင်းနိုင်ငံတွင် ယခုလအတွင်းဖြစ်ပွားလျက်ရှိသည့် ရေလွှမ်းမိုးမှုများကြောင့် ထိုင်းနိုင်ငံ၏ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများကိုထိခိုက်မှုရှိလာနိုင်ကြောင်း ထိုင်းနိုင်ငံရေလွှမ်းမိုးမှုဆိုင်ရာ စီမံခန့်ခွဲမှုကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ထို့ပြင် ရေလွှမ်းမိုးမှုများကြောင့် ပရာချတ်ခီရီခမ် အပါအဝင်ကမ်းခြေဒေသများတွင် နုံးများတင်ကျန်နေခဲ့သဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့ရကြောင်း၊ရေလွှမ်းမိုးမှုများကြောင့်လည်း ရေထုညစ်ညမ်းမှုများဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များအတွက် စိတ်ပျက်ဖွယ်ရာဖြစ်ရကြောင်းဖြင့် Hydro and Agro Informatics Institute(HAII) မှ ညွှန်ကြားရေးမှူး ရိုယိုချစ်ရာဒွန်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဖြစ်ပေါ်ခဲ့သည့် ဗင်ကိုမုန်တိုင်းကြောင့် ပရာချတ်ခီရီခမ်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည်။

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် အပူပိုင်းမုန်တိုင်း ဗင်ကိုသည် တစ်နာရီလျှင် ၆၅ ကီလိုမီတာနှုန်းဖြင့် ထိုင်းနိုင်ငံအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ကြောင်း၊ အဆိုပါမုန်တိုင်းသည် ဗီယက်နမ်နှင့်လာအိုနိုင်ငံတို့ကို ဖြတ်ကျော်ပြီးမှ ထိုင်းနိုင်ငံသို့ဝင်ရောက်လာခြင်းဖြစ်၍ အားပျော့သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကို တစ်ပတ်နီးပါး ခံစားခဲ့ရကြောင်းဖြင့် ဒေသဆိုင်ရာအာဏာပိုင်များက ထုတ်ဖော်ပြောကြားခဲ့သည်။ ဗင်ကိုမုန်တိုင်းသည်ချောင်ဘူရီ၊ ပတ္တယား၊ ဟွာဟင်းစသည့် ကမ္ဘာလှည့်ခရီးသွားများ အများအပြား ဝင်ရောက်သည့်ဒေသများကို ဦးတည်တိုက်ခတ်ခဲ့ခြင်းဖြစ်ရာ ယင်းဒေသများကို သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများအဖြစ် ကြေညာခဲ့ရကြောင်း ဗန်ကောက်ပို့စ်သတင်းတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင်း ကျေးရွာပေါင်း ၁၂၅ရွာတွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ရပြီး အဆိုပါကျေးရွာအနီးဝန်းကျင်မှ ကျေးရွာများတွင်လည်း ရေလွှမ်းမိုးမှုဒဏ်ကို ခံစားခဲ့ရကြောင်းဖြင့် အဆိုပါသတင်းတွင်ဖော်ပြထားသည်။

**မယ်သီတာ**



## အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ် လူပေါင်း ၄၀ နီးပါး ဒဏ်ရာရရှိ

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်းတွင် အင်အားပြင်းထန်သည့်ငလျင် လှုပ်ခတ်ခဲ့ရာ လူပေါင်း ၃၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေးလီးစတားသတင်းတွင် ဖော်ပြထားသည်။

စက်တင်ဘာ ၂၄ရက်ညတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆အဆင့်ရှိသည့်ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပါပူဝါပြည်နယ်၏ အနောက်ဘက်၊ ဆိုရိုရွန်မြို့မှ ကီလိုမီတာ ၃၀ အကွာ ပင်လယ်ပြင်ရေအောက် ၂၄ကီလိုမီတာကိုဗဟိုပြုကာလှုပ်ခတ်သွားခြင်းဖြစ်ကြောင်း အမေရိကန်ငလျင်တိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့်ဆေးရုံများ၊ ဟိုတယ်များတွင် ရောက်ရှိနေကြသည့် ဒေသခံများမှာ လမ်းမများပေါ်သို့ ပြေးထွက်လာခဲ့ကြသည်ဟု ဆိုသည်။

ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်အချို့ပျက်စီးခဲ့ရပြီး ဒဏ်ရာရရှိသူများမှာ နေအိမ်ပျက်စီးမှုများကြောင့် ခြေကျိုးလက်ကျိုး ဒဏ်ရာရရှိသူများ၊ ဦးခေါင်းကွဲဒဏ်ရာရရှိသူများသာဖြစ်ကြောင်း ပါပူဝါဒေသမှ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ငလျင်လှုပ်ခတ်မှုကြောင့် နေအိမ်ပေါင်း ၂၈၀ ခန့်ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် တောမီးများလောင်ကျွမ်းလျက်ရှိသည့်အပြင် ဆူနာဘန်းမီးတောင်မှာလည်း ပေါက်ကွဲလျက်ရှိနေသဖြင့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်နေရကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ပြင် ပြီးခဲ့သည့် ဇူလိုင်လအတွင်းကလည်း အင်အားရစ်ချ်တာစကေး အဆင့် ၇ ရှိသည့် အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သေးကြောင်း၊ ယင်းငလျင်လှုပ်ခတ်မှုသည် ပင်လယ်ပြင်အတွင်းဖြစ်ပွားခဲ့ပြီး မြို့နှင့်အလှမ်းကွာဝေးသဖြင့် ထိခိုက်မှုမရှိခဲ့ခြင်းဖြစ်သည် ဟုဆိုသည်။

ယခုလှုပ်ခတ်ခဲ့သည့် ငလျင်သည် အင်အားပြင်းထန်ပြီး ပင်လယ်ပြင်ကိုဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်သော်လည်း ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၄ ခုနှစ်က လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံပေါင်း ၁၂နိုင်ငံမှ ပြည်သူပေါင်း နှစ်သိန်းခွဲနီးပါး သေဆုံးခဲ့ရသည်။

**မယ်သီတာ**

Domestic Sport News
Vol: 15, No.37 Monday September 28 2015




## သန်းသန်းထွေးနှင့် စန်းစန်းမော်တို့ဘောလုံးလောကမှ အနားယူပြီ

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်းမှ ကွင်းလယ်ကစားသမား သန်းသန်းထွေးနှင့် အသင်းခေါင်းဆောင် စန်းစန်းမော်တို့နှစ်ဦးစလုံး ဘောလုံးလောကမှ အနားယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးစလုံးသည် ပြီးခဲ့သည့် အိုလံပစ်ခြေစစ်ပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပွဲစဉ်၏ နောက်ဆုံးပွဲစဉ်တစ်ပွဲဖြစ် သည့် တရုတ်(တိုင်ပေ)နှင့်ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် ဘောလုံးသမားဘဝမှအနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ကွင်းလယ်ဗိုလ်ချုပ်ဟု တင်စားခေါ်ဝေါ်ခြင်းခံထားရသည့် သန်းသန်းထွေးသည် ခြေသလုံးကြွက်သားဒဏ်ရာကြောင့် ကာလရှည်အနားယူနေရသူဖြစ်ပြီး ပြီးခဲ့သည့်အိုလံပစ်ခြေစစ်ပွဲတွင်မှ ပါဝင်ကစားခွင့်ရခဲ့သူဖြစ်သည်။

သို့သော် သန်းသန်းထွေးသည် အပြည့်အဝ ကောင်းမွန်နေခြင်းမဟုတ် သောကြောင့် လူစားဝင်ကစားသမားအဖြစ်ဖြင့်သာ ရှိနေခဲ့ရသည်။ တရုတ်(တိုင်ပေ)နှင့် နောက်ဆုံးပွဲစဉ်တွင် သန်းသန်းထွေးသည် သူ၏ကစားသမားဘဝ နောက်ဆုံးသွင်းဂိုးကို သွင်းယူနိုင်ခဲ့သည်။

လက်ရွေးစင်ကစားသမားသက်တမ်း ၁၄ နှစ်ရှိပြီး အသက် ၂၉ နှစ်သာရှိသေးသည့် သန်းသန်းထွေးသည် ကျောနံပါတ် (၇)ကို ပိုင်ဆိုင်ထားပြီး ကံကောင်းသူတစ်ဦးဖြစ်သည်ဟု မြန်မာဘောလုံးချစ်ပရိသတ်များက ခံယူထားကြသည်။ ၎င်းတို့နှစ်ဦးစလုံးသည် ၂၀၀၁ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲမှစတင်ကာ မြန်မာ့လက်ရွေးစင်ဘောလုံးသမားများဖြစ်လာခဲ့ပြီး ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် အသင်းနှင့်အတူ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ဖလားကို ရယူပေးနိုင်ခဲ့သည်။

"လက်ရွေးစင်ကစားသမားဘဝကနေ အနားယူဖို့ဆုံးဖြတ်လိုက်ပါပြီ။ ဒဏ်ရာအခြေအနေနဲ့အသက်အရွယ်အရ အနားယူဖို့ ဆုံးဖြတ်လိုက်တာပါ။ ကစားသမားဘဝက အနားယူလိုက်ပေမယ့် နည်းပြသင်တန်းတွေတက်ပြီး နည်းပြလုပ်ဖို့ စီစဉ်ထားပါတယ်"ဟု သန်းသန်းထွေးက ပြောကြားခဲ့သည်။ ထို့ပြင် စန်းစန်းမော်သည်လည်း အသက် ၃၆နှစ်အရွယ်ရှိနေပြီဖြစ်ရာ အသက်အရွယ်အရ အနားယူရတော့မည်ဖြစ်သည်။ သန်းသန်းထွေးနှင့် စန်းစန်းမော်တို့သည် အာရှအိုလံပစ်ခြေစစ်ပွဲ အုပ်စု နောက်ဆုံးပွဲဖြစ်သည့် တရုတ်(တိုင်ပေ)နှင့်ပွဲတွင် လူစားဝင်ကစားသမားများအဖြစ် ပါဝင်ကစားခဲ့ပြီး သန်းသန်းထွေးက ပွဲချိန် ၇၉မိနစ်တွင် အသင်းအတွက် အနိုင်ဂိုးတစ်လုံးကို ရယူပေးနိုင်ခဲ့သည်။ အဆိုပါပွဲတွင် မြန်မာအမျိုးသမီးအသင်းသည် တရုတ်(တိုင်ပေ)ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

## အာရှယူ-၁၉ ခြေစစ်ပွဲ အောင်မည်ဟု မြန်မာယူ-၁၉နည်းပြချုပ် ဂတ်ဆီဇီ ပြောကြား

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အာရှယူ-၁၉ ပြိုင်ပွဲတွင် မြန်မာယူ-၁၉အသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ကြောင်း မြန်မာယူ-၁၉အသင်း၏ နည်းပြချုပ် ဂတ်ဆီဇီက ပြောကြားခဲ့သည်။

ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းတွင် လာမည့်စက်တင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ခြေစစ်ပွဲ၌ မြန်မာအသင်းသည် ဘရူနိုင်း၊ အရှေ့တီမော၊ ဟောင်ကောင်၊ ဗီယက်နမ် အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပြိုင်ဘက်အသင်းများကိုကြည့်၍ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ထိုင်းနဲ့ ခြေစမ်းပွဲအပြီးမှာ ကျွန်တော်တို့အသင်း ပြင်ဆင်စရာတွေ အများကြီးရှိနေတယ်ဆိုတာကို တွေ့ခဲ့ရတယ်။ အခုအချိန်အထိ ကွင်းလယ် ကစားပုံမကောင်းသေးဘူး။ ဘောလုံးကို ကောင်းကောင်းထိန်းကျောင်းပြီး မကစားနိုင်သေးပါဘူး။ ဒါပေမယ့် ရတဲ့အချိန်တစ်ပတ်အတွင်းမှာ ပြင်ဆင်မှုတွေလုပ်မယ်။ ပြစ်ဒဏ်ဘောတွေမပေးရအောင် ကစားနိုင်ဖို့ ပြင်ဆင်ရပါမယ်။ ပွဲစဉ်ဇယားအရ အင်အားအကောင်းဆုံးဖြစ်တဲ့ ဗီယက်နမ်နဲ့ နောက်ဆုံးမှ တွေ့မှာဖြစ်လို့ ရှေ့သုံးပွဲမှာ ကိုးမှတ်အပြည့်ယူထားနိုင်ရင် ဗီယက်နမ်နဲ့ပွဲကို ဖိအားမရှိဘဲ ကစားနိုင်မှာပါ။ ဒါကြောင့် ဒီခြေစစ်ပွဲကို အောင်မှာပါ"ဟု ဂတ်ဆီဇီက ပြောကြားခဲ့သည်။

မြန်မာယူ-၁၉အသင်းနှင့် ထိုင်းယူ-၁၉ အသင်းတို့သည် ပြီးခဲ့သည့် စက်တင်ဘာလ ၁၈ရက်နေ့က ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။



အဆိုပါပွဲအပြီးတွင် ထိုင်းယူ-၁၉ နည်းပြ ဆရီကတ်က "မြန်မာအသင်းဟာ အသင်းကောင်းတစ်သင်းပါ။ ကစားသမားကောင်းတွေလည်း ရှိပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် အချိတ်အဆက်မိအောင် ကစားနိုင်မယ်ဆိုရင် အရှေ့တောင်အာရှအသင်းတွေ အလေးထားရတဲ့အသင်းတစ်သင်း ဖြစ်လာပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၄ ခုနှစ် အာရှယူ-၁၉အုပ်စု ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရအောင် စွမ်းဆောင်နိုင်မှုများကြောင့် နည်းပြချုပ် ဂတ်ဆီဇီ ကိုင်တွယ်ခဲ့သည့် မြန်မာယူ-၁၉ အသင်းသည် အုပ်စုအဆင့်မှ တက်ရောက်နိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သဖြင့် နယူးဇီလန်တွင် ကျင်းပခဲ့သည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

အဆိုပါ မြန်မာယူ-၂၀အသင်းသည် မြန်မာ့ဘောလုံး၏ အောင်မြင်မှု တစ်စိတ်တစ်ဒေသကို ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုလက်ခံနိုင်သည်အထိ စွမ်းဆောင်ပေးနိုင်ခဲ့သည်။

**အာရှယူ-၁၉ချန်ပီယံရှစ် အုပ်စု(ဆ) ပွဲစဉ်များ**

| | | | |
|---|---|---|---|
| ၂၈-၉-၁၅ | ဟောင်ကောင် | - | ဗီယက်နမ် |
| | တီမော | - | ဘရူနိုင်း |
| ၃၀-၉-၁၅ | တီမော | - | ဟောင်ကောင် |
| | ဘရူနိုင်း | - | မြန်မာ |
| ၂-၁၀-၁၅ | ဗီယက်နမ် | - | ဘရူနိုင်း |
| | မြန်မာ | - | တီမော |
| ၄-၁၀-၁၅ | ဗီယက်နမ် | - | တီမော |
| | ဟောင်ကောင် | - | မြန်မာ |
| ၆-၁၀-၁၅ | ဘရူနိုင်း | - | ဟောင်ကောင် |
| | မြန်မာ | - | ဗီယက်နမ် |

## ကြံ့ခိုင်မှု အားနည်းချက်ကြောင့် ရန်ကုန်အသင်းရှုံးပွဲကြုံရဟု နည်းပြချုပ်သုံးသပ်

စက်တင်ဘာလ ၂၃ ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် မကွေးအက်ဖ်စီနှင့်ပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် မကွေးအက်ဖ်စီအသင်းကို ရှုံးနိမ့်ခဲ့ရခြင်းသည် အသင်းသားများ၏ ကြံ့ခိုင်ရေးအားနည်းချက်ကြောင့်ဖြစ်ရသည်ဟု နည်းပြချုပ်ဖြစ်သူ ဦးတင်မောင်ထွန်းက သုံးသပ်ပြောကြားခဲ့သည်။

"ဒီနေ့ပွဲမှာ ကျွန်တော်တို့အသင်း ကစားပုံအားနည်းခဲ့တာကို တွေ့ရပါတယ်။ အဓိကကတော့ အသင်းရဲ့ကြံ့ခိုင်မှုအပိုင်းမှာ အနည်းငယ် အားနည်းနေတာကို တွေ့ရပါတယ်။ ချန်ပီယံဆုအတွက်ကတော့ စိုးရိမ်စရာမရှိပါဘူး။ ရှုံးပွဲအတွက် ကျွန်တော် တာဝန်ယူပါတယ်။ ကစားသမားတွေရဲ့ပါဝါက ဒီပွဲမှ ကျဆင်းတာမဟုတ်ပါဘူး။ ဒုတိယအကျော့စကတည်းက ကျဆင်းနေတာပါ။ ကျွန်တော်ကိုင်တွယ်ခွင့်ရခဲ့တာကလည်း ဒီပွဲမတိုင်ခင် နှစ်ရက်ပဲရခဲ့တာပါ။ ဘာပဲဖြစ်ဖြစ် နောက်ပွဲတွေမှာ အနိုင်ကစားပြီး ချန်ပီယံဖြစ်အောင် ကြိုးစားသွားမှာပါ။ချန်ပီယံဆုနဲ့လွဲချော်ခဲ့မယ်ဆိုရင်တော့ အဲဒီအတွက် ကျွန်တော် တာဝန်ယူသွားမှာပါ"ဟု အသင်းနည်းပြချုပ်ဖြစ်သူ ဦးတင်မောင်ထွန်းက ပြောကြားခဲ့သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ်(၁၆)အဖြစ် ကစားခဲ့သည့် ရတနာပုံအသင်းနှင့်ပွဲစဉ်တွင်လည်း ရတနာပုံအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ယခု ပွဲစဉ်(၁၈) အဖြစ် မကွေးအက်ဖ်စီနှင့်ပွဲတွင်လည်း သုံးဂိုး-နှစ်ဂိုးဖြင့်



ရှုံးနိမ့်ခဲ့ရသဖြင့် အိမ်ကွင်းတွင် နှစ်ပွဲဆက် အရှုံးပေးခဲ့ရခြင်းဖြစ်သည်။ အဆိုပါပွဲတွင်ပွဲအစ နှစ်မိနစ်တွင် ရန်ကုန်ယူနိုက်တက်အသင်း အဖွင့်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကိုဦးဆောင်ခဲ့သော် လည်း နောက်ပိုင်းတွင် ကစားအား ကျဆင်းလာခဲ့ခြင်းကြောင့် မကွေးအသင်းမှ ဂိုးသွင်းခွင့်များ ပိုမိုရရှိလာခဲ့ပြီး ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ပေးခဲ့ရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းသည် ပွဲစဉ်(၁၈)ပွဲကစားပြီးချိန်တွင် ရမှတ် ၄၆မှတ်ရရှိထားပြီး ဒုတိယနေရာမှ လိုက်နေသည့် ရတနာပုံအသင်းကို ၁၀ မှတ်အထိဖြတ်ထားနိုင်ဆဲပင်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် လာမည့်စက်တင်ဘာ ၃၀ ရက်တွင် ကမ္ဘောဇအက်ဖ်စီအသင်းကို အိမ်ကွင်းတွင်ပင်လက်ခံကစားရမည်ဖြစ်သည်။

## မြန်မာနေရှင်နယ်လိဂ်ပွဲများတွင် နှလုံးနှိုးစက်များထားရှိရန် စီစဉ်

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၏ အမှတ်ပေးပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်ဘောလုံးသမားများ ကွင်းအတွင်း နှလုံးခုန်နှုန်းရပ်ကာ လဲကျသေဆုံးတတ်သည့်ဖြစ်ရပ်များမှ ကာကွယ်ရန်အတွက်နှလုံးနှိုးစက် (Electronic Heart Shock Machine) များထားရှိရန်စီစဉ်ထားကြောင်း သိရသည်။

အဆိုပါနှလုံးနှိုးစက်များသည် တစ်လုံးလျှင်အမေရိကန်ဒေါ်လာ သုံးထောင်ကျော် တန်ကြေးရှိပြီး လက်ရှိတွင် မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်များ ကျင်းပသည့် ရန်ကုန်မြို့ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့တွင်သာ ထားရှိနိုင်သေးကြောင်း သိရသည်။

ယင်းနှလုံးနှိုးစက်၏ လုပ်ဆောင်ချက်သည် နှစ်မိနစ် သုံးမိနစ်အတွင်း နှလုံးပြန်လည်ခုန်လာစေရန် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး ယခုနှစ်ရာသီ မြန်မာနေ ရှင်နယ်လိဂ် လက်ကျန်ပွဲစဉ်များအမီ နယ်ကွင်းများဖြစ်သည့်နေပြည်တော်၊ မန္တလေး၊ မုံရွာ၊ တောင်ကြီးနှင့် ပုသိမ် စသည့် နယ်မြို့တို့၌ပါထားရှိရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

၂၀၀၉ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့သည့်မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲများတွင် ပြိုင်ပွဲယှဉ်ပြိုင်စဉ်အတွင်း ကစားသမားများ ကွင်းအတွင်း နှလုံးရပ်ကာ လဲကျသေဆုံးမှုဖြစ်စဉ်များ ရှိခဲ့သော်လည်း နိုင်ငံတကာပြိုင်ပွဲများနှင့် အခြားလိဂ်ပြိုင်ပွဲများ၌ အဆိုပါဖြစ်ရပ်များ နှစ်စဉ်ကြုံတွေ့နေရကြောင်း သိရသည်။



## ရီယိုဒီဂျနေးရိုး အိုလံပစ်ပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲ အခမ်းအနားများအတွက် ရန်ပုံငွေမလုံလောက်ဟုဆို

ဘရာဇီးနိုင်ငံ ရီအိုဒီဂျနေးရိုးမြို့တွင် ကျင်းပတော့မည့် ရီအိုအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများအတွက် သုံးစွဲရမည့် ရန်ပုံငွေမှာ လောက်ငှခြင်းမရှိဟု ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများကို တာဝန်ယူကျင်းပရမည့် ဒါရိုက်တာ ဖာနန်ဒိုမာရီလီက ပြောကြားခဲ့သည်။

City of God ရုပ်ရှင်ဇာတ်ကားကိုဖန်တီးပုံဖော်ခဲ့သည့် မာရီလီက ၎င်းအနေဖြင့် ဘရာဇီးအိုလံပစ်ပွဲတော်ကျင်းပရေးကော်မတီက ချထားပေးသည့် ဖွင့်ပွဲပိတ်ပွဲအတွက် အသုံးစရိတ်မှာ လန်ဒန်မြို့တွင် ကျင်းပခဲ့သည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများတွင် သုံးစွဲခဲ့သည့် ကုန်ကျစရိတ်ထက် အလွန်ပင်နည်းပါးလွန်းလှသည်ဟု ဝေဖန်ပြောကြားခဲ့သည်။

၂၀၁၂ ခုနှစ်က ကျင်းပခဲ့သည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲ၏ အိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအိုလံပစ်ပြိုင်ပွဲနှစ်ရပ်ပေါင်း၏ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားများကျင်းပရန် သုံးစွဲသည့် ကုန်ကျစရိတ်မှာ ပေါင်သန်း ၈၀ (အမေရိကန်ဒေါ်လာ ၁၀၄သန်း) ရှိခဲ့သည်ဟု ဆိုသည်။ ယခုဘရာဇီးနိုင်ငံတွင် ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအိုလံပစ်ပြိုင်ပွဲ နှစ်ရပ်ပေါင်း၏ ဖွင့်ပွဲပိတ်ပွဲအခမ်းအနား ကုန်ကျစရိတ်မှာ ဘရာဇီးငွေ ၃၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀ သန်း) သာရှိသည်ဟုဆိုသည်။

"ဒီငွေပမာဏနဲ့ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားလေးခုကို ကျင်းပရမှာ တကယ်ကို ရှက်ဖို့ကောင်းပါတယ်။ လန်ဒန်အိုလံပစ်ပြိုင်ပွဲ ကုန်ကျစရိတ်ရဲ့ ဆယ်ဆကျော်လောက် ကွာဟနေတာက နိုင်ငံရဲ့ စီးပွားရေးအခြေအနေကို ဖော်ပြနေတာပါ" ဟု မာရီလီက ပြောကြားခဲ့သည်။ ထို့ပြင် ရီအိုဒီဂျနေးရိုးမြို့တော်ဝန် အယ်လ်ဒွါရာဒိုပီးစ်က ရေကူးပြိုင်ပွဲ ကျင်းပရာနေရာကို ချုံ့လိုက်ပြီး ထိုင်ခုံပေါင်း ၁၇၀၀၀ ထားရှိရမည့် အစားထိုင်ခုံပေါင်း ၁၃၀၀၀ သာထားရှိခဲ့သည်ဟု ဆိုသည်။

"ဒီအခမ်းအနားမှာ အဆင့်မြင့်နည်းပညာတွေဖြစ်တဲ့ဒရုန်းတွေသုံးပြီး ကကွက်အဆန်းတွေကို ပုံဖော်ဖို့ဆိုတာ ဒီငွေနဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး"ဟု မာရီလီက ထပ်မံပြောကြားခဲ့သည်။

# ကိုးမိနစ်အတွင်း ငါးဂိုးသွင်းနိုင်သည့် ဘေယန်မြူးနစ်အသင်း၏ လီဝန်ဒေါ်စကီး ဘွန်ဒက်စလီဂါဘောလုံးသမိုင်းတွင် မှတ်တမ်းတင်နိုင်ခဲ့




ဘေယန်မြူးနစ်အသင်း၏တိုက်စစ်မှူး လီဝန်ဒေါစကီးသည် ပြီးခဲ့သည့် ဘွန်ဒက်စလီဂါ ပွဲစဉ်တစ်ပွဲဖြစ်သည့် ဝုဖ်ဘတ်နှင့်ပွဲတွင် ပွဲချိန် ကိုးမိနစ်အတွင်း ငါးဂိုးသွင်းနိုင်ခဲ့သဖြင့် ဘွန်ဒက်စ်လီဂါ ဘောလုံးသမိုင်းတွင် အချိန်တိုအတွင်း ဂိုးအများဆုံးသွင်းနိုင်သည့် တိုက်စစ်မှူးတစ်ဦးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

အဆိုပါပွဲ၏ ပထမပိုင်းတွင် ဘေယန်မြူနစ်အသင်းသည် ဝုဖ်ဘတ်အသင်းမှ ဒါနီယယ်၏ သွင်းဂိုးတစ်ဂိုးကြောင့် ရှုံးနိမ့်လျက်ရှိနေခဲ့ရာ ချန်ပီယံဟူသည့် စံချိန်တင်ထားမှုကို ချိုးဖျက်ရဖွယ်ရှိနေ ခဲ့သည်။

သို့သော် ပထမပိုင်းပြီး၍ နားချိန်တွင် ဘေယန်မြူးနစ်နည်းပြ ပက်ဂွာဒီယိုလာသည် ပထမပိုင်းက အရန်ခုံတန်းတွင် ထိုင်ခိုင်းထားသည့် အယ်လ်ကန်တာရာနှင့် လီဝန်ဒေါစကီးတို့ကို အစားထိုးလဲလှယ်ခဲ့သည်။

၎င်းတို့နှစ်ဦး ဝင်လာပြီးသည့်နောက် ဒုတိယပိုင်းပွဲအစ ခြောက်မိနစ်တွင် လီဝန်ဒေါစကီးက ပထမဆုံး ချေပဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါခြောက်မိနစ်အတွင်း သွင်းယူခဲ့သည့် လီဝန်ဒေါ စကီး၏သွင်းဂိုးသည် ဘွန်ဒက်စ်လီဂါ ဘောလုံးသမိုင်းတွင် အမြန်ဆုံး ဂိုးတစ်ဂိုးအဖြစ် သမိုင်းတွင်ခဲ့သည်။

ထို့နောက် လီဝန်ဒေါစကီးကပင် ဂိုးများ ဆက်တိုက်သွင်းယူခဲ့ရာ လေးမိနစ်အတွင်း ဟက်ထရစ် သုံးဂိုးသွင်းယူနိုင်ခဲ့သည်။

လီဝန်ဒေါစကီးသည် ပွဲချိန် ၅၁၊ ၅၂၊ ၅၅၊ ၅၇နှင့် ၆၀မိနစ်တို့တွင် ဂိုးများ သွင်းယူခဲ့ခြင်းဖြစ်ပြီး ကိုးမိနစ်တွင်း ငါးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်း၏ သွင်းဂိုးများမှာ ကွာခြားချိန် အများဆုံးမှာ သုံးမိနစ်ဖြစ်ပြီး တစ်မိနစ်အတွင်း သွင်းယူနိုင်သည့်ဂိုးမှာ နှစ်ဂိုးရှိခဲ့သဖြင့် အမြန်ဆုံးဂိုးသွင်းနိုင်သည့် စံချိန်ကိုလည်း ရရှိခဲ့သည်။

၁၉၉၁ခုနှစ်အတွင်းက ဒူးစ်ဘတ်အသင်းမှ မိုက်ကယ်တိုနီသည်လည်း ခြောက်မိနစ်အတွင်း သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့ပြင် ပရီးမီးယားလိဂ်တွင်လည်း ၂၀၀၉ ခုနှစ်အတွင်းက တော့တင်ဟမ်အသင်းမှ တိုက်စစ်မှူး ဂျာမိန်းဒီဖိုးသည် ဝီဂန်အသင်းဘက်သို့ ပွဲတစ်ပွဲတည်းတွင် ငါးဂိုးသွင်းယူပေးခဲ့သည့် စံချိန်ရှိခဲ့ဖူးသည်။ ထိုပွဲတွင် တော့တင်ဟမ်အသင်းက ဝီဂန်အသင်းကို ကိုးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

"ကျွန်တော် အရမ်းကိုပျော်မိပါတယ်။ ကျေလည်းကျေနပ်မိတယ်။ ကိုးမိနစ်အတွင်းမှာ ငါးဂိုးဆိုတော့ တကယ့်ကို ထူးခြားတဲ့ဂိုးတွေလို့ ဆိုရမှာပါ။ ဒီလိုဖြစ်လိမ့်မယ်လို့ထင်တောင် မထင်ထားခဲ့ဘူး"ဟု လီဝန်ဒေါစကီးကပြောကြားခဲ့သည်။

ဘေယန်မြူးနစ် နည်းပြဂွာဒီယိုလာက "ဒီပွဲမှာ ကျွန်တော်တို့ ပြန်ပြီး နိုင်လိမ့်မယ်လို့ထင်တောင်မထင်ဘူး။ တစ်ခါတစ်လေမှာ ဘောလုံးဆိုတာ အရူးလိုပါပဲ"ဟု ပြောကြားခဲ့သည်။

# တိုကျိုမြို့တွင် ကျင်းပသည့် Phillippine Festa ပွဲတော်သို့ လက်ဝှေ့ကျော် ပက်ကွီအိုတက်ရောက်



ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စက်တင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည့် Phillippine Festa 2015 ပွဲတော်သို့ ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကွီအို တက်ရောက်ခဲ့ကြောင်း ဒေးလီးမေးသတင်းတွင် ဖော်ပြထားသည်။ အဆိုပါပွဲတော်သည် ဂျပန်နိုင်ငံတွင် ရောက်ရှိနေသည့် ဖိလစ်ပိုင်နိုင်ငံသားများစုစည်းမှု အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင်ဂျပန်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုနှင့်ဖိလစ်ပိုင်တို့၏ ရိုးရာယဉ်ကျေးမှုများကို ဖလှယ်သည့်ပွဲအဖြစ်ကျင်းပခြင်းလည်းဖြစ်သည်ဟု ဆိုသည်။

ဖိလစ်ပိုင်လူမျိုးများနှင့် ဂျပန်လူမျိုးများ၏ ရင်းနှီးကျွမ်းဝင်မှုကို နိုင်ငံတကာသို့ ဖော်ထုတ်ပြသနိုင်မည်ဖြစ်ပြီး ယခုကဲ့သို့ လက်ဝှေ့ကျော် ပက်ကွီအို တက်ရောက်လာသည့်အတွက်လည်း ပွဲတော်၏အနှစ်သာရကို ပိုမိုပီပြင် အောင်ဖော်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီအိုသည် ၎င်း၏ထိုးသတ်ဖက် မေဝဲသားနှင့် ပြန်လည်ထိုးသတ်ရန်စီစဉ်နေခြင်းကို ဖျက်သိမ်းခဲ့ပြီး ယခုပွဲတော်သို့ တက်ရောက်လာခြင်းဖြစ်သည်ဟု ဆိုသည်။

ပက်ကွီအိုသည် ယခုပွဲသို့ တက်ရောက်လာခဲ့ပြီး ပွဲတော်သို့ လာရောက်သည့် ဂျပန်နိုင်ငံရောက် ဖိလစ်ပိုင်လူမျိုးများ၊ ဂျပန်လူမျိုးများ၊ ၎င်း၏ပရိသတ်များအား တွေ့ဆုံနှုတ်ဆက်ခဲ့ကာ အမှတ်တရလက်မှတ်များ ရေးထိုးပေးခဲ့သည်။ ထို့ပြင် ပက်ကွီအိုသည် ဂျပန်ရောက် ဖိလစ်ပိုင်နိုင်ငံသားများအတွက်လည်း အမှတ်တရ မိန့်ခွန်းများ ပြောကြားရန် စီစဉ်ထားကြောင်း သိရသည်။

အသက် ၃၆နှစ်ရှိပြီဖြစ်သည့် ပက်ကွီအိုသည် ဘော်လတွန်အခြေစိုက် ဗြိတိန်နိုင်ငံသား အာမီခန်းနှင့် ထိုးသတ်ရန်စီစဉ်ထားကြောင်း သိရသည်။ အာမီခန်းနှင့် ပက်ကွီအိုတို့၏ ထိုးသတ်ပွဲကို လာမည့်နှစ်အတွင်း ဖြစ်မြောက်နိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ပက်ကွီအိုသည် မေဝဲသားနှင့် မထိုးသတ်မီက အာမီခန်းနှင့် ထိုးသတ်ရန်စီစဉ်ထားခဲ့သော်လည်း မေဝဲသား၏ စိန်ခေါ်မှုကြောင့် မေဝဲသားနှင့် ထိုးသတ်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

# နောက်ကျောဒဏ်ရာကြောင့် တိုက်ဂါးဝုဒ် တစ်နှစ်ကျော်ကြာ အနားယူရဦးမည်



ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးချန်ပီယံဟောင်းဖြစ်သူ တိုက်ဂါးဝုဒ်သည် နောက်ကျောဒဏ်ရာကြောင့် တစ်နှစ်ကျော်ကြာ အနားယူရဦးမည်ဖြစ်ကြောင်း သိရသည်။ အသက် ၃၉ နှစ်ရှိပြီဖြစ်ပြီး အမိကဖလား ၁၄ လုံးရရှိထားသည့် တိုက်ဂါးဝုဒ်သည် စက်တင်ဘာလ ၂၃ရက်နေ့က ၎င်း၏နောက်ကျောဒဏ်ရာကို ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။

ခွဲစိတ်မှုအောင်မြင်ခဲ့သော်လည်း အနည်းဆုံး ၁၈လခန့် အနားယူရမည်ဖြစ်သည်။ သို့သော် တိုက်ဂါးဝုဒ်ကမူ လာမည့် ၂၀၁၆ ဂေါက်သီးရာသီတွင် ပြန်လည်ကစားနိုင်ရန် မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

"ခုလို ခွဲစိတ်ကုသလိုက်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုစိတ်ပျက်မိတယ်။ ဒါပေမယ့် ကျွန်တော် ကြိုးစားသွားမှာပါ။ ကျွန်တော် ရာနှုန်းပြည့်ပြန်ကောင်းလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်ပြန်ကောင်းလာမယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်ရမှာပါ"ဟု ဝုဒ်က ပြောကြားခဲ့သည်။

အဆိုပါနောက်ကျောဒဏ်ရာကြောင့် တိုက်ဂါးဝုဒ်သည် Frys.com Open, Bridgestone American's Golf Cup နှင့် Hero World Challenge ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရသည်။ ထို့ပြင် အမိကဖလားပြိုင်ပွဲသုံးပွဲနှင့်လည်း လွဲချော်ခဲ့ရပြီး ကမ္ဘာ့အဆင့်တွင် ၂၈၃ အထိရောက်ရှိခဲ့သည်။

# ရွှေ့ပြောင်းလုပ်သားများနှင့် တရားဝင် ငွေလွှဲပြောင်းမှု တိုးတက်လာရေး

|ဒေါက်တာမောင်အောင်|

*ယခင်အပတ်မှ အဆက်*

**ကမ္ဘာ့ရွှေ့ပြောင်းလုပ်သားအခြေအနေနှင့် အလားအလာ**

ယေဘုယျအားဖြင့် Globalization ခေတ်တွင် ရွှေ့ပြောင်းလုပ်သားများ ကမ္ဘာအရပ်ရပ်တွင် ဆက်တိုက်တိုးတက်မှုများရှိနေဆဲပင်ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ကမ္ဘာ့ဘဏ္ဍာ ရေးအကျပ်အတည်းကြောင့် နှစ်နှစ်မှ သုံးနှစ်ခန့် ရွှေ့ပြောင်း လုပ်သားများ တိုးတက်မှုယာယီရပ်တန့်ခဲ့သော်လည်း ၎င်းနောက်ပိုင်း ယခုအထိ ပုံမှန် တိုးတက်နေဆဲဖြစ်သည်။ ကမ္ဘာ့ဘဏ်၏ ဖော်ပြချက်အရ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လွှဲပြောင်းငွေသည် ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၄၅ ဘီလီယံဖြစ်ပြီး လာမည့် နှစ်တွင်တိုးတက်နှုန်း ၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ ၄၅၄ ဘီလီယံသို့ရောက်မည်ဟု ခန့်မှန်းထားသည်။ ထို့အတွက်လည်း လွှဲပြောင်းပေးငွေသည် ဖွံ့ဖြိုး ပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများသို့ပေးသည့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီ (Official Development Assistance ODA) ထက် သုံးဆမက များနေသလို နိုင်ငံတကာ လုပ်ငန်းကြီးများက ဖွံ့ဖြိုးဆဲ နိုင်ငံများသို့လာရောက်ရင်းနှီးမြှုပ်နှံမှု (FDI) တွင်လည်း တရုတ်နိုင်ငံ ဖယ်လိုက်လျှင် လွှဲပြောင်းပေးငွေက (FDI) ထက်များနေကြောင်း တွေ့ရသည်။ ထို့အပြင် ဒေသအလိုက် ရွှေ့ပြောင်းလုပ်သား အများဆုံးမှာ အာရှနှင့် ပစိဖိတ်ဒေသဖြစ်ပြီး ဒုတိယအများဆုံးမှာ လက်တင်အမေရိကဖြစ်သည်။

ကမ္ဘာကြီးတစ်ခုလုံးပေါင်းစည်းမှု ပို၍တိုးတက်လာသည်နှင့်အမျှ နိုင်ငံတိုင်း၏ လူဝင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လျော့ချလာခြင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ ပိုမိုပေါ်ပေါက်လာခြင်းနှင့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ် (Global supply chain system) ကြောင့်လည်း ရွှေ့ပြောင်းမှုကိုပိုမိုအားပေးစေသည်။ လက်ရှိနှစ်များအတွင်း နိုင်ငံအလိုက်လွှဲပြောင်းပေးငွေ (Remittance) အများဆုံးနိုင်ငံများကိုကြည့်မည်ဆိုလျှင် အိန္ဒိယနိုင်ငံဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် ကမ္ဘာအရပ်ရပ်ရွှေ့ပြောင်းလုပ်သား ၁၄ သန်းဖြင့် အများဆုံးဖြစ်ပြီး ၂၀၁၄ ခုနှစ်၏ လွှဲပြောင်းပေးငွေ အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံဖြင့် အများဆုံးဖြစ်ပြီး ဒုတိယအများဆုံးနိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ကာ အမေရိကန်ဒေါ်လာ ၆၄ ဘီလီယံ၊ တတိယအများဆုံးမှာ ဖိလစ်ပိုင်နိုင်ငံဖြစ်ပြီး ဒေါ်လာ ၂၈ ဘီလီယံ၊ မက္ကဆီကို ၂၄ ဘီလီယံ၊ နိုင်ဂျီးရီးယားက ၂၁ ဘီလီယံ၊ အီဂျစ်က ၁၈ ဘီလီယံ၊ ပါကစ္စတန်က ၁၇ ဘီလီယံ၊ ဘင်္ဂလားဒေ့ရှ်က ၁၅ ဘီလီယံနှင့် ဗီယက်နမ်က ၁၁ ဘီလီယံ အသီးသီးဖြစ်ကြသည်။ သို့သော် လွှဲပြောင်းပေးငွေ၏ အရေးပါမှုကို သုံးသပ် မည်ဆိုလျှင် ၎င်းဝင်ငွေ၏ GDP တွင် ပါဝင်မှုအချိုးအရ ကြည့်ရမည်ဖြစ်သည်။ သို့မှသာ အဆိုပါနိုင်ငံများအနေဖြင့် လွှဲပြောင်းပေးငွေအပေါ် မည်မျှမှီခိုနေရသည်။ အဆိုပါကဏ္ဍ၏ အရေးပါမှုနှင့် တိုးတက်ရေးအတွက် ထိရောက်သည့် ပေါ်လစီကောင်းမွန်ရေးတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် စာရင်းများအရ တာဂျစ်ကစ္စတန် (Tajikistan) သည် လွှဲပြောင်းပေးငွေသည် GDP ၏ ၄၂ ရာခိုင်နှုန်းခန့်ရှိ၍ အများဆုံးဖြစ်ပြီး ကာဂျစ်စတန် (Kyrgyzstan) ပြည်ထောင်စုက ၃၂ ရာခိုင်နှုန်း၊ နီပေါက ၂၉ ရာခိုင်နှုန်း၊ မော်လ်ဒိုက်က ၂၅ ရာခိုင်နှုန်း၊ လီဆိုသိုနှင့် ဆာမိုအာက ၂၄ ရာခိုင်နှုန်းစီ အသီးသီးဖြစ်ကြသည်။ အိန္ဒိယနိုင်ငံ၏ လွှဲပြောင်းပေးငွေ အများဆုံးဖြစ်သော်လည်း GDP တွင် ပါဝင်မှုတွင် ၃ ဒသမ ၇ ရာခိုင်နှုန်းသာ ပါဝင်သောကြောင့် အထက်ပါ နိုင်ငံငယ်လေးများလောက် အရေးပါမှုမရှိပေ။

**ရွှေ့ပြောင်းလုပ်သားအားပေးရေး**

ဆိုခဲ့သည့်အတိုင်း မြန်မာနိုင်ငံအတွက် လွှဲပြောင်းပေးငွေသည် ဆင်းရဲမှုလျှော့ချရေးသာမက နိုင်ငံခြားငွေဇာစ်မြစ်ဖြစ်ခြင်း၊ စားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးပွားစေခြင်း၊ လူမှုကောင်းစားရေး (ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး) အထောက်အကူပေးခြင်း စသည်တို့ကြောင့် ရွှေ့ပြောင်းလုပ်သားကို အားပေးသည့်လုပ်ဆောင် မှုများ၊ မူဝါဒများအပြင် တရားမဝင်မှ တရားဝင်ဖြစ်အောင်ပြု လုပ်ရေး၊ လိုအပ်သည့်ပံ့ပိုးမှုများဖြစ်သည့် သင်တန်းများ၊ ဝန်ဆောင်မှုများအပြင် လွှဲပြောင်းပေးငွေကိုလည်း နိုင်ငံတကာ ကဲ့သို့ တရားဝင်လမ်းကြောင်း (ဘဏ်များမှတစ်ဆင့်) မှ လွှဲပြောင်းနိုင်ရေးလည်း အထူးအရေးကြီးပေသည်။ အကြောင်းမှာ တရားဝင်လမ်းကြောင်းမှလွှဲမှသာ နိုင်ငံအတွက် နိုင်ငံခြားငွေရရှိနိုင်သည့် နည်းလမ်းဖြစ်ပြီး ဟွန်ဒီစနစ်ဖြင့် လွှဲပြောင်းပါက နိုင်ငံတော် ကရမည်မဟုတ်ဘဲ တခြားသော နည်းလမ်း ဖြစ်သာဝင်လာမည် ဖြစ်သည်။ ယခုအခါ Mobile banking ပေါ်လာပြီဖြစ်သလို အင်တာနက်ဖြင့် လွှဲပြောင်းပေးငွေများ နယ်မိသားစုများအထိ အမြန်ဆုံး စိတ်အချရဆုံးနှင့် စရိတ်သက်သာဆုံးဖြစ်အောင် လုပ်ဆောင်ပေးနိုင်မှသာ တရားဝင်ငွေလွှဲမှုများတိုးပွားလာမည်ဖြစ်သည်။ ICT ထွန်းကားလာမှုကြောင့် နိုင်ငံတကာတွင် လွှဲပြောင်းခများ လျော့ကျလာသလို မြန်မာနိုင်ငံတွင်လည်း ယခင်ကထက် လွှဲပြောင်းခသက်သာလာပြီဖြစ်သည်။ သို့သော် နယ်အရောက် ပို့ပေးသည့်စနစ် ယခုထက်ထွန်းကားလာစေရန် လုပ်ဆောင်ရဦး မည်ဖြစ်သည်။ ကျေးလက်အတွက် စုဆောင်းငွေနှင့် ရင်းနှီးမြှုပ်နှံငွေများ ဖြစ်စေရန်အတွက်လည်းကောင်း ချေးငွေလို သူများအတွက် ပံ့ပိုးနိုင်ရန်အတွက် ကျေးလက်ဘဏ္ဍာငွေ လည်ပတ် စီးဆင်းမှု (Rural financial mobilization) ဖြစ်ပေါ်စေရေးပံ့ပိုးပေးရမည်ဖြစ်သည်။

**ကျွမ်းကျင်မှု (Skill) မှု အလေးထားရတော့မည့်အချိန်**

ပို၍အရေးကြီးသည်မှာ နိုင်ငံခြားသို့သွားရောက်အလုပ်လုပ်မည့် သူများအတွက် မသွားခင် အဓိကဖြည့်ဆည်းရမည့်အချက်မှာ အဆိုပါအလုပ်နှင့်ပတ်သက်လိုအပ်သော ကျွမ်းကျင်မှုရှိအောင် ကြိုတင်လေ့လာသင်ယူပြီးမှ သွားရောက်သင့်ပေသည်။ သို့မှသာ ထိုက်တန်သည့် လုပ်ခရရှိမည်ဖြစ်သလို ပြန်လာမည်ဆိုလျှင်လည်း အလုပ်အကိုင်အခွင့်အလမ်းအတွက် စိတ်ပူစရာမလိုပေ။ ယေဘုယျ အားဖြင့် ရွှေ့ပြောင်းလုပ်သားကို အမျိုးအစားအား ဖြင့် ကျွမ်းကျင်မှု မရှိသောလုပ်သား (Un-skilled labour)၊ တစ်ဝက်တစ်ပျက် ကျွမ်းကျင်သည့်လုပ်သား (Semi-skilled labour)၊ ကျွမ်းကျင်လုပ်သား (Skilled labour) နှင့် အထူးကျွမ်းကျင်သူများ (Professional experts) ဟူ၍ ခွဲခြားထားသည်။ လက်ရှိ မြန်မာ့ရွှေ့ပြောင်းလုပ်သားအများစု သုံးပုံ နှစ်ပုံခန့်မှာ ကျွမ်းကျင်မှု အခြေခံမဟုတ်သည့်အတွက် အထွေထွေ လုပ်သားများအဖြစ် ကြုံရာကျပန်းအလုပ်များကိုသာ လုပ်နေရသလို 3D ဟုခေါ်သည့် အလုပ်များကိုသာ လုပ်ရသည့်အတွက် နိမ့်ကျသလို လုပ်ခလည်း နိမ့်ကျကြောင်းတွေ့ရသည်။ ထို့အတွက် (Un-skilled labour မှ semi-skilled နှင့် skill labour) ပြောင်းလဲနိုင်ရေး အထူးကြိုးစားရမည်ဖြစ်သည်။

ထို့အတူ နိုင်ငံခြားအလုပ်သွားလုပ်တော့မည်ဆိုလျှင် တရားဝင်နည်းလမ်းဖြင့်သာ သွားရောက်လုပ်ကိုင်ဖို့ အရေးကြီးပါသည်။ ပွဲစားများ၏ စကားကိုအလွယ်မယုံဘဲ မမှန်ကန်သည့်နည်းလမ်းများနှင့် မသွားရောက်ရန် အထူးအရေးကြီးပေသည်။ သွားမည့်သူတိုင်း အခြေခံအင်္ဂလိပ်စာသင်တန်းများ တက်ရောက်ခြင်းဖြင့် နိုင်ငံခြားသားများနှင့် ပြောဆိုဆက်ဆံနိုင်ရေးသည်လည်း အရေးပါသည်။ အခြေခံအင်္ဂလိပ်စာတတ်မှသာ အလုပ်ရှင်၏ မတရားခိုင်းစေခြင်း၊ မမှန်မကန်လုပ်ခြင်းနှင့် မိမိအခွင့်အရေး အတွက် ပြောဆိုဆွေးနွေးခြင်းများလုပ်နိုင်မည်ဖြစ်သည်။ အရှေ့တောင် အာရှနိုင်ငံများအနက် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် လွှဲပြောင်းပေးငွေအများဆုံးဖြစ်နေခြင်းမှာ သွားရောက်သူတိုင်း အင်္ဂလိပ်စာတတ်မြောက်မှုက အခြားနိုင်ငံများထက်သာခြင်း ပင်ဖြစ်သည်။

မကြာမီ AEC ထူထောင်တော့မည်ဖြစ်ရာ အာဆီယံ ၁၀ နိုင်ငံအတွင်း ကျွမ်းကျင်လုပ်သား လွတ်လပ်စွာစီးဆင်းမှုရှိတော့မည်ဖြစ်၍ ရွှေ့ပြောင်းလုပ်သား ယခုထက်တိုးတက်ဦးမည်ဖြစ်သည်။ အာဆီယံ၏ ဘုံသဘောတူညီချက်ဖြစ်သည့် လုပ်သားကျွမ်းကျင်မှုဆိုင်ရာ အခြေခံသတ်မှတ်ချက်ပြည့်မီရေး အထူးအရေးကြီးလာပြီဖြစ်သည်။ ဆိုလိုသည်မှာ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် အဆိုပါသတ်မှတ်ချက်ပြည့်မှသာ သတ်မှတ်ချက်လုပ်ခကို ခံစားနိုင်မည်ဖြစ်သည်။ ယခုအခါ စက်မှုဝန်ကြီးဌာန၊ အလုပ်သမား ဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စသည်များတွင်လည်းကောင်း INGOs နှင့် NGO နှင့် ပုဂ္ဂလိကများဖွင့်လှစ် သော သက်မွေးသင်တန်းများ လုပ်ငန်းအလိုက်ဖွင့်လှစ်ပေးနေ ပြီဖြစ်ရာ အလုပ်ရှာနေသည့်လူငယ်တိုင်းမဖြစ်မနေ တက်ရောက် ရမည်ဖြစ်သည်။ ICT အရေးပါသောကြောင့် လူငယ်တိုင်းကွန်ပျူတာ အခြေခံသင်တန်းများလည်း အလေးထားရမည်ဖြစ်သည်။ ယနေ့ ခေတ်သည် အသိပညာခေတ် (Knowledge era) ဖြစ်သောကြောင့် မိမိဘဝတိုးတက်ရေးကို အဓိကပြဋ္ဌာန်းနေသည်မှာ အသိပညာ တတ်မြောက်မှုနှင့် ကျွမ်းကျင်မှုဖြစ်ခြင်းကြောင့် အလေးအနက် ခံယူပြီး စဉ်ဆက်မပြတ်ဘဝတစ်လျှောက်လုံး လေ့လာသင်ယူမှုစနစ် (Life long learning system) ကို လူငယ်တိုင်းကြိုးစားကျင့်သုံး လုပ်ဆောင်ရတော့မည်ဖြစ်သည်။ နိုင်ငံတကာသို့ သွားရောက် အလုပ်လုပ်သည်ဖြစ်စေ၊ မြန်မာနိုင်ငံရှိ နိုင်ငံခြားအဖွဲ့အစည်းများ၊ ကုမ္ပဏီကြီးများတွင် လုပ်သည်ဖြစ်စေ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်း များတွင် လုပ်သည်ဖြစ်စေ ၎င်းတို့အနေနှင့် လုပ်သား (သို့) ဝန်ထမ်းရွေးချယ်ရာတွင် အဓိကထားသည့်စံများ (Criteria) မှာကျွမ်းကျင်တတ်မြောက်မှု (Skill)၊ အလုပ်ကို တာဝန်ခံမှုနှင့် တာဝန်ယူမှု (Responsibility) စွမ်းဆောင်ရည် (သို့) ထုတ်လုပ်မှုစွမ်းအား (Efficiency or productivity) ပင်ဖြစ်သည်။

အကြမ်းအားဖြင့် မြန်မာ့ရွှေ့ပြောင်းလုပ်သားခန့်မှန်းခြေအားဖြင့် အနည်းဆုံး သုံးသန်းကျော်မှ လေးသန်းဝန်းကျင်ရှိကြောင်း သိရပြီး အများစုမှာ ထိုင်းနိုင်ငံနှင့် မလေးရှားတို့တွင် ကျွမ်းကျင်မှုအထူးမလိုသည့် အထွေထွေလုပ်သားများဖြစ်ပြီး ကျန်နိုင်ငံများတွင် ကျွမ်းကျင်မှုအသင့်အတင့် (Semi-skilled) ကျွမ်းကျင်သူများဖြစ်ကြသည်။ ပျမ်းမျှအနည်းဆုံးရွှေ့ပြောင်းလုပ်သား ၂ သန်းခွဲသည် လစဉ်ပျမ်းမျှဒေါ်လာ ၂၀၀ လွှဲပြောင်းမည်ဟုယူဆလျှင် လစဉ် ဒေါ်လာသန်း ၅၀၀ တစ်နှစ် ၆ ဘီလီယံဆိုသည့် နိုင်ငံခြားငွေပမာဏ သည် ငွေပေးငွေယူရှင်းတမ်းအတွက် အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်သည့်အပြင် ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း တိုးမြှင့်စေနိုင်မည်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်ပိုင်းဘက်မှလည်း ရွှေ့ပြောင်း လုပ်သားများအတွက် အစစအရာရာအဆင်ပြေချောမွေ့စေရေး၊ ကျွမ်းကျင်လုပ်သားတိုးမြှင့်ရေး၊ အကာအကွယ်ပေးရေးနှင့် လွှဲပြောင်းငွေများ တရားဝင်လမ်းကြောင်းမှ စီးဝင်ရေးအထူးဦးစား ပေးရမည်ဖြစ်သည်။ အာရှနိုင်ငံများအနက် လွှဲပြောင်းပေးငွေ နှင့်ပတ်သက်၍ အဓိကနိုင်ငံခြားဝင်ငွေဇာစ်မြစ်ဖြစ်နေခြင်းနှင့် ဆင်းရဲမှု သိသိသာသာလျှော့ချလာနိုင်ခဲ့သည့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်တို့၏ အတွေ့အကြုံများအရ အလုပ်သမားရေးရာ ဝန်ကြီးဌာနနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနများအနေဖြင့် ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ အဆင်ပြေချောမွေ့ရေး၊ လုံခြုံစိတ်ချရေး၊ အစိုးရအသိအမှတ်ပြု အေးဂျင့်များနှင့်ပေါင်းစပ် လုပ်ကိုင်ပြီး ရရှိမည့်လစာ၊ လုပ်ရမည့် အလုပ်အကိုင်၊ အလုပ်ချိန် စသည့်တာဝန်ဝတ္တရားနှင့် ရပိုင်ခွင့်တို့ကို လုပ်ကိုင်ပြီး တရားဝင် သွားရောက်လုပ်ကိုင်စေခြင်း လိုအပ်သည့် သင်တန်းများစီစဉ် ပေးခြင်း၊ ရောက်သည့်နိုင်ငံတိုင်း သံရုံးများကို ဆက်သွယ်သတင်း ပို့ခြင်း နိုင်ငံအလိုက်ရွှေ့ပြောင်းလုပ်သားများ စုစည်းညီညွတ်စေရန် အသင်းအဖွဲ့များဖွဲ့ခြင်း၊ နိုင်ငံတကာရွှေ့ပြောင်းဈေးကွက်အခြေအနေနှင့် လိုအပ်မှုသတင်းအချက်ပေးခြင်း စသည်တို့လုပ်ဆောင်မှုများကို တွေ့ရသည်။ ထို့အပြင် ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍ အကာအကွယ်ပေးရေးနှင့် မြှင့်တင်ရေးဆိုင်ရာ ဥပဒေများရေးဆွဲကာ လုပ်ဆောင်လေ့ရှိသည်။ ဆိုလိုသည်မှာ ရွှေ့ပြောင်းလုပ်သားများအား ခေါင်းပုံဖြတ်ခြင်း၊ တလွဲခိုင်းစေခြင်းနှင့် သတ်မှတ်လခထက်လျှော့ပေးခြင်း လူကုန်ကူးမှုများ မပြုလုပ်နိုင်ရန်ပင်ဖြစ်သည်။

ထို့အတွက် မြန်မာရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းပေးငွေ သိသိသာသာတိုးတက်လာရေးအတွက် ရွှေ့ပြောင်းလုပ်သား၏ ကျွမ်းကျင်မှုပိုမိုတိုးတက်ရေး၊ တရားဝင်သွားရောက်လုပ်ကိုင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ၏ လွှဲပြောင်းငွေကိုတရားဝင်လမ်းကြောင်း လွှဲပြောင်းရေး၊ ကျေးလက်အရောက်လွှဲပြောင်းငွေများကို ပြန်လည် ရင်းနှီးစေခြင်းဖြင့် ကျေးလက်အခြေစိုက် SMEs များတိုးတက်ရေး နှင့် ကျေးလက်ဘဏ္ဍာငွေ လည်ပတ်မှုအထောက်အကူပြုရေးတို့ အတွက် အထူးလုပ်ဆောင်ရတော့မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရွှေ့ပြောင်းလုပ်သားသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လုပ်အားတင်ပို့သည့် ဝန်ဆောင်မှု ပို့ကုန်တစ်မျိုးပင်ဖြစ်သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွက်လည်း အလုပ်အကိုင်ရရှိရေး အတွက်လည်းကောင်း၊ ဆင်းရဲမှုလျှော့ချရေးအတွက်လည်းကောင်း နိုင်ငံခြားငွေရရှိနိုင်သည့် ဇာစ်မြစ်တစ်ခုဖြစ်နေခြင်းကြောင့် ရွှေ့ပြောင်းလုပ်သား အားပေးခြင်း၊ အကာအကွယ်ပေးခြင်း၊ အသိအမှတ်ပြုခြင်း စသည်တို့ကို ပိုမို အလေးထားလုပ်ဆောင်ရမည်ဖြစ်သည်။ ဘဏ်များမှတစ်ဆင့် တရားဝင်လွှဲပြောင်းစေရန် နိုင်ငံတော်အနေဖြင့် မက်လုံးများ၊ ဆွဲဆောင်မှုများဖြင့် လုပ်ဆောင်မည်ဆိုလျှင် အခြား နိုင်ငံများကဲ့သို့ နိုင်ငံအတွက် အရေးပါသည့် နိုင်ငံခြားဝင်ငွေဖြစ် လာနိုင်မည့်အပြင် အောင်မြင်သည့် ဆင်းရဲမှုလျှော့ချရေးနည်းလမ်း တစ်ရပ်ဖြစ်ပေသည်။

# EDNA(Asia) နှင့် EDNA(Myanmar) တို့ပူးပေါင်း၍ လက်လီအရောင်းနှင့် ပတ်သက်သည့် စိန်ခေါ်မှုခေါင်းစဉ်ဖြင့် ဆွေးနွေးသင်ကြား

EDNA (Asia) နှင့် EDNA (Myanmar) တို့ပူးပေါင်း၍ လက်လီအရောင်းနှင့်ပတ်သက်သည့် (Retailing Challenges) စိန်ခေါ်မှု ခေါင်းစဉ်ဖြင့် ဆွေးနွေးသင်ကြားခြင်းကို စက်တင်ဘာလ ၁၈ ရက်နေ့က ရန်ကုန်မြို့ရှိ ILBC တွင်ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းငါးဦး၊ ကချင်ပြည်နယ် (ဝိုင်းမော်၊ မိုးကောင်း၊ မြစ်ကြီးနား)၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး (ဖျာပုံ၊ ဘိုကလေး၊ မော်ကျွန်း၊ ကျိုက်လတ်၊ ပုသိမ်၊ ရေကြည်)၊ မွန်ပြည်နယ် (မော်လမြိုင်၊ မုဒုံ)၊ ကရင်ပြည်နယ် (ဘားအံ) အစရှိသော အနယ်နယ် အရပ်ရပ်မှ သင်တန်းသား/သူ ၄၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

ယခုသင်တန်း၌ ပို၍ထူးခြားသည်မှာ ဧရာ၊ ဂျပန် မသန်စွမ်းသူများ သက်မွေးဝမ်းကျောင်းသင်တန်းမှ မသန်စွမ်းသူများ ကိုယ်စားပြု သင်တန်းသားများလည်းပါဝင်တက်ရောက်ခဲ့ပါသည်။ EDNA Myanmar ကို ၂၀၁၄ ခုနှစ်က စတင်တည် ထောင်ခဲ့ပြီး ယခုလက်ရှိ အချိန်ထိအဖွဲ့ဝင်ဦးရေ ၃၅၀၀ ခန့်ရှိနေပြီဖြစ်ပါသည်။ သင်တန်းနည်းပြများဖြစ်ကြသည့် EDNA မှ ဒေါ်ကြည်ကြည်ငြိမ်းနှင့် Dr.Richard Seymour တို့က သင်တန်း မစတင်မီ လက်လီအရောင်းနှင့် ပတ်သက်သည့် သိလိုသည့်မေးခွန်းများကို သင်တန်းတက်ရောက်လာသူများအား မေးမြန်းစေခဲ့ပါသည်။

သင်တန်းသားများ၏ မေးမြန်းချက်များအား သင်တန်းနည်းပြက ပြန်လည်ဖြေကြားခြင်းမပြုသေးဘဲ သင်တန်းသားများကို လက်တွေ့ကွင်းဆင်းစေပြီးမှ မိမိတို့မေးထားသော မေးခွန်းများ၏ အဖြေကို မိမိတို့ကိုယ်တိုင် ရှာဖွေရရှိစေပါသည်။

သင်တန်းတွင် လက်လီအရောင်းနှင့် ပတ်သက်၍ အဆင့်သုံးဆင့်နှင့် ချိန်ထိုးပြသခဲ့ပါသည်။ ပထမအဆင့်မှာ အဓိကထုတ်လုပ်သော ကုန်ပစ္စည်း၊ ဒုတိယအဆင့်မှာ သာမန်ထက်ထူးခြားသော ထုတ်လုပ်မှု၊ တတိယအဆင့်တွင် ပိုမိုသောလွန်ကောင်းမွန်သော ထုတ်လုပ်မှုတို့ ဖြစ်ပါသည်။

ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ လက်လီရောင်းချမည်ဆိုပါက ဆိုင်နေရာအနေအထားရွေးချယ်ခြင်း၊ ပစ္စည်းနှင့်ဈေးနှုန်းကို စိတ်ဝင်စားအောင်ပြသခြင်း၊ ပစ္စည်းထုပ်ပိုးခြင်း၊ ပစ္စည်းဝယ်ယူသုံးစွဲခြင်းအတွက် အကျိုးခံစားရခြင်း၊ လက်ရှိအနေအထားမှ ပိုမိုကောင်းမွန်အောင် တီထွင်ဆန်းသစ်မှု၊ အရည်အသွေးနှင့်ဈေးနှုန်းကို ထိန်းညှိခြင်း၊ အရည်အသွေးကောင်းပြီးဈေးနှုန်းမြင့်ခြင်း၊ အရည်အသွေးလည်း မကောင်း ဈေးလည်းနိမ့်ခြင်း၊ အရည်အသွေး အသင့်အတင့် ကောင်းပြီးဈေးနှုန်းမြင့်ခြင်း၊အရည်အသွေးကောင်းမွန်သော်လည်း ထုပ်ပိုးမှု အပြင်အဆင်မကောင်း၍ ဈေးကောင်းမရခြင်းတို့ကို လက်တွေ့နမူနာပစ္စည်းများနှင့် ပြသရှင်းလင်းခဲ့ပါသည်။

ထို့နောက် တက်ရောက်လာသော သင်တန်းသားများကလည်း မိမိတို့ထုတ်လုပ်ထားသော လက်မှုပစ္စည်းများကို ပြသခဲ့ပါသည်။ ပြသသောပစ္စည်းများအပေါ် Dr Richard ကပစ္စည်းတစ်ခုချင်းစီ၏ မူလကုန်ကြမ်းစရိတ်၊ လုပ်အားခ၊ကြာမြင့်ချိန်တို့ကို မေးမြန်းပြီး ကုန်ချောပစ္စည်းတန်ဖိုးသင့်ခြင်းကို ကုန်ကျစရိတ်အပေါ် အခြေခံပြီး မတွက်သင့်ဘဲ ပစ္စည်း၏ ထူးခြားသော အရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်း တွက်ချက်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ပစ္စည်းများနှင့် သရုပ်ပြရှင်းလင်းပြီးသောအခါ သင်တန်းသားများအား အဖွဲ့ ခြောက်ဖွဲ့ခွဲ၍ လက်လီ ရောင်းချသော ဆိုင်များသို့ကွင်းဆင်းစစ်ဆေးစေပါသည်။ ကွင်းဆင်းစစ်ဆေးစေသော လက်လီ အရောင်းဆိုင် များတွင် မြန်မာ့ရိုးရာ ဖိနပ်ဆိုင်၊ဖန်စီပစ္စည်းအရောင်းဆိုင်၊ အဝတ်အထည် အရောင်းဆိုင်၊ ဆန်အရောင်းဆိုင်၊ သစ်သီးဝလံအရောင်းဆိုင်နှင့်အလှပြင်ဆိုင်စသည်တို့ပါဝင်ပါသည်။

သင်တန်းသားအဖွဲ့များမှ ကွင်းဆင်းစစ်ဆေးပြီး၊ မိမိတို့လက်တွေ့ သိရှိခဲ့သော အချက်များအား Power Point များနှင့်တကွ ပြန်လည်တင်ပြ ဆွေးနွေးစေခဲ့ပါသည်။ ကွင်းဆင်းမေးမြန်းလေ့လာခြင်းဖြင့် သင်တန်းမစတင်မီမေးခဲ့သော မေးခွန်းများ၏ အဖြေများကိုလည်း ရရှိစေနိုင်ခဲ့ပါသည်။လိုအပ်ချက်များကို Dr Richard ကအကြံပြုဆွေးနွေးပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ယဉ်ယဉ်အေး**

## ဖျာပုံမြို့နယ်မှာ အသင့်စားငါးနုပ်ခြောက်အကင်လုပ်ငန်း အစုအဖွဲ့ ဖွဲ့စည်းခြင်း အလုပ်အမှုဆောင်ကော်မတီ ရွေးချယ်တင်မြှောက်

ဖျာပုံမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် စက်တင်ဘာလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းက အသင့်စားငါးနုပ်ခြောက်အကင်လုပ်ငန်း လုပ်ကိုင်သူများအား စုစည်း၍ လုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းကာ ထိုလုပ်ငန်းအစုအဖွဲ့ထဲမှ အလုပ်အမှုဆောင်ကော်မတီငါးဦးအား ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကျင်းပခဲ့ပါတယ်။

အခမ်းအနားမှာ ခရိုင်ဦးစီးမှူး ဦးမြင့်အောင်က ဌာန၏မျှော်မှန်းချက်ဖြစ်သော "ပို့ကုန်မြှင့်တင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်လာစေရန်နှင့် စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်" ဟူသော မျှော်မှန်းချက်နှင့်အညီ ဒေသအတွင်း ထုတ်လုပ်နေတဲ့ ထုတ်ကုန်များ အရည်အသွေးကောင်းလာစေရန်နှင့် ဈေးကောင်းရရှိစေရန်၊ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်၊ ထုပ်ပိုးမှု ကောင်းမွန်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်သွားမှာဖြစ်ပြီး ဈေးကွက်သတင်းအချက်အလက် ပံ့ပိုးခြင်းဖြင့် ပုဂ္ဂလိကကုန်သည် လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ကာ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာအောင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လာမည့်ဒီဇင်ဘာလတွင် ပုသိမ်မြို့မှာ ကုန်စည်ပြပွဲကျင်းပ ပြုလုပ်သွားမှာဖြစ်ကြောင်း၊ ထိုကုန်စည်ပြပွဲတွင် မိမိတို့ထုတ်ကုန်များ သွားရောက်ပြသနိုင်အောင် စီစဉ်ပေးမှာဖြစ်ပြီး ကုန်စည်ပြပွဲတွင် ဒေသထွက်ကုန်များ ပြသခြင်းဖြင့် ပြည်တွင်းမှသည် ပြည်ပဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ခြေဆန့်သွားတဲ့ လုပ်ငန်းရှင်များစွာရှိကြောင်း သာဓကဖြင့် ရှင်းလင်းပြောကြား သွားပါတယ်။

ထို့နောက် တက်ရောက်လာကြတဲ့ အသင့်စားငါးနုပ်ခြောက်ကင် အစုအဖွဲ့လုပ်ငန်းရှင်များမှ အလုပ်အမှုဆောင်ကော်မတီ ငါးဦးအား ရွေးချယ်တင်မြှောက်ခြင်းပြုလုပ်ရာ ဥက္ကဋ္ဌအဖြစ် ဦးသက်နိုင်၊ အတွင်းရေးမှူးအဖြစ် ဦးတိုက်စိမ်း၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးအောင်ကျော်စွာဦးနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဦးမောင်မောင်ဇော်နဲ့ ဦးငွေအောင်တို့အား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**မင်းဇော်မွန် - ဖျာပုံ**

## နိုင်ငံတကာ ကုန်သွယ်စီးပွားရေးရာသိမှတ်စရာ Understanding of International Trade Business ရက်တိုသင်တန်းဖွင့်လှစ်ပို့ချ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊အမှုထမ်းတို့အား နိုင်ငံတကာ စီးပွားရေး လုပ်ငန်းဆောင်တာတို့မှ သိထားသင့်သော ကုန်သွယ်ဗဟုသုတနဲ့ အခြေခံကျွမ်းကျင်မှုတို့ကို သိရှိစေရန် ရည်ရွယ်ပြီး နိုင်ငံတကာ ကုန်သွယ်စီးပွားရေးရာ သိမှတ်စရာ ရက်တိုသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ကမ်းနားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်မှုသင်တန်းကျောင်းမှာ စက်တင်ဘာလ ၂၉ ရက်မှ အောက်တိုဘာလ ၁ရက်နေ့အထိ ဖွင့်လှစ်ပို့ချသွားမယ်လို့ သတင်းရရှိပါတယ်။

သင်တန်းကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနနှင့် JICA Project တို့ ပူးပေါင်းဖွင့်လှစ်သွားမှာဖြစ်ပါတယ်။သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၂၉ ရက် ၀၉း၃၀ ချိန်မှာ ရန်ကုန်တိုင်းဒေသကြီးရုံး ပဥ္စမထပ် အစည်းအဝေးခန်းမမှာ ကျင်းပမှာဖြစ်ပါတယ်။

သင်တန်းမှာ ပို့ချမယ့်ဘာသာရပ်များကတော့ Golbal Trade & Myanmar's Trade Policy, Overview of International Trade Flow,Incoterms & Sales Contract ,Import Export License , Export to Japanese Market, Trade Settlement(L/C & Bank Transfer),Shipping Documents , Customs Clearane, Export Market Plan,Market Selection Analysis ဘာသာရပ်များကို ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ဌာနတွင်းမှ အရာရှိကြီးများက ပို့ချသွားမယ်လို့ သိရှိရပါတယ်။သင်တန်းသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနခွဲများမှ သင်တန်းသားသင်တန်းသူ ၅၀ ဦးတက်ရောက်ကြမှာ ဖြစ်ပါတယ်။

**MIRT**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Fax:081-2121093,Ph:081-2121627<br>email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

Organizations News
Vol: 15, No.37 Monday September 28 2015

# ရေနံဈေးနှုန်းတွေ နှစ်လအတွင်း ပြန်တက်မယ်လို့ အိုပက်အဖွဲ့က ခန့်မှန်း

ရေနံဈေးနှုန်းတွေ အမေရိကန် ဒေါ်လာ ၈၀ အထိ ပြန်လည်မြင့်တက်လာမယ်လို့ အိုပက်အဖွဲ့က ခန့်မှန်းထားတဲ့အတွက် ရေနံဈေးတွေကျဆင်းမယ်ဆိုတဲ့ ဟက်ချ်ဖန် ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်ချက်က အားနည်းလာကြောင်း ဘလွမ်းဘတ်သတင်းမှာ ဖော်ပြထားပါတယ်။

စက်တင်ဘာ ၁၅ ရက်နေ့မှာ ကုန်ဆုံးခဲ့တဲ့ ယခင်ရက်သတ္တပတ်အတွင်း အနောက်တက္ကဆပ်ရေနံကို ရင်းနှီးမြှုပ်နှံသူတွေရဲ့ ဝယ်ယူမှုပမာဏက စာချုပ်အရေအတွက် ၁၂၄၈၂ ခုကနေ ၁၄၇၆၇၈ ခုအထိ တိုးတက်လာတာကိုတွေ့ရကြောင်း အနာဂတ်ကုန်စည်စာချုပ်ရောင်းဝယ်ရေးကော်မရှင် (Commodity Futures Trading Commission) က ပြောပါတယ်။ ယခုဝယ်ယူမှုနှုန်းက ဇူလိုင် ၇ ရက်နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ပါတယ်။

ဒေသအသီးသီးမှာ ထုတ်လုပ်မှုတွေကျဆင်းနေတဲ့အတွက် ၂၀၂၀ ပြည့်နှစ်မှာ ရေနံတစ်စည်ဈေးနှုန်းက အမေရိကန်ဒေါ်လာ ၈၀ အထိ မြင့်တက်မယ်လို့ အိုပက်အဖွဲ့က ခန့်မှန်းထားပါတယ်။ ဈေးနှုန်းတွေကသောင်းကနင်းဖြစ်မှုကြောင့် ရေနံတူးဖော်မှုကျဆင်းလာတဲ့အတွက် လာမယ့်နှစ်မှာ အမေရိကန်ရဲ့ ရေနံစိမ်းထုတ်လုပ်မှုက ၂၇ နှစ်အတွင်း အနိမ့်ဆုံးကို ရောက်ရှိနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းတွေမြင့်တင်မပေးတော့ဘူးလို့ မဆုံးဖြတ်မီနှစ်ရက်အလို ရေနံစိမ်းဈေးကွက်အတွင်းမှာ ရင်းနှီးမြှုပ်နှံသူတွေက ဝယ်ထားတဲ့ ရေနံစိမ်းစတော့ရှယ်ယာတွေ ပြန်ရောင်းနေတာကို လျှော့ချခဲ့ပါတယ်။

"ဈေးကွက်ထဲမှာ ရေနံစိမ်းတွေကကျွန်တော်တို့ ထင်သလောက် အလျှံအပယ် ဖြစ်မနေသေးပါဘူး။ အမေရိကန်ပြည်ထောင်စုရဲ့ ထုတ်လုပ်မှု ကျဆင်းနေပြီး ဝယ်လိုအားက မြင့်မားနေပါတယ်။ ဒါကြောင့် အိုပက်ကထွက်ပေါ်လာတဲ့ သတင်းအရ ရေနံစိမ်းဈေးနှုန်းကအတက်ဘက်မှာ ရှိနေပါတယ်"လို့ ဟူစတန်ရှိ ရင်းနှီးမြှုပ်နှံမှုဘဏ်တစ်ခုမှ အုပ်ချုပ်မှုဒါရိုက်တာတစ်ဦးက တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ပြောပါတယ်။

၂၀၂၀ ပြည့်နှစ်အထိ ရေနံစိမ်းဈေးနှုန်းက တစ်စည်ကို တစ်နှစ်လျှင်ပျမ်းမျှ အမေရိကန်ဒေါ်လာ ၅ ဒေါ်လာနှုန်းမြင့်တက်မယ်လို့ အိုပက်အဖွဲ့က ခန့်မှန်းထားပါတယ်။ အဖွဲ့ရဲ့ ပြင်ပရှိနိုင်ငံတွေရဲ့ ထုတ်လုပ်မှုက ၂၀၁၇ ခုနှစ်မှာ တစ်ရက်ကို စည် ၅၈ ဒသမ ၂ သန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ယခင်က ခန့်မှန်းထားတဲ့အောက် စည်တစ်သန်းလျော့ကျသွားပါတယ်။

# ပြဿနာများအတွက် အဖြေကို နိုင်ရိုဘီကွန်ဖရင့်မတိုင်မီ ဖြေရှင်းနိုင်ဖို့ ဒဗလျူတီအိုအကြီးအကဲ တိုက်တွန်း



ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့မှာ ဒီဇင်ဘာ ၁၅ ရက်နေ့မှ ၁၈ရက်နေ့အထိ ကျင်းပဖို့ စီစဉ်ထားတဲ့ (၁၀) ကြိမ်မြောက် ဝန်ကြီးအဖွဲ့အစည်းအဝေးမတိုင်မီ ဒိုဟာဖွံ့ဖြိုးမှုအစီအစဉ် (Doha Development Agenda) မှာ ကျန်ရှိနေသေးတဲ့ ပြဿနာများအတွက် အဖြေရှာထားဖို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို) ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအဇယ်ဗယ်ဒိုက နှိုးဆော်ထားကြောင်း အောလ်အာဖရိကသတင်းမှာ ဖော်ပြထားပါတယ်။

နိုင်ရိုဘီကွန်ဖရင့်မှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍရဲ့ ပို့ကုန်ယှဉ်ပြိုင်နိုင်မှုဆိုင်ရာဖွံ့ဖြိုးမှုရလဒ်များနဲ့ စေ့စပ်ညှိနှိုင်းထားပြီးဖြစ်တဲ့ ပြဿနာအများအပြားမှာ ပွင့်လင်းမြင်သာမှုပိုမိုရရှိလာနိုင်ဖို့အတွက် ပြဋ္ဌာန်းချက်များရရှိလာလိမ့်မယ်လို့ ခန့်မှန်းထားကြောင်း အဇယ်ဗယ်ဒိုက ပြောပါတယ်။

"ကျွန်တော်ပါဝင်တက်ရောက်ခဲ့တဲ့ စေ့စပ်ညှိနှိုင်းမှုတွေအရဆိုရင် ရလဒ်အဖြေများကိုဖော်ထုတ်နိုင်ပြီး ဝန်ကြီးအဖွဲ့ကွန်ဖရင့်မှာ အောင်မြင်မှုတွေရရှိကာ ကျွန်တော်တို့ ရှေ့လုပ်ငန်းစဉ်တွေ ဆောင်ရွက်နိုင်ဖို့ အထောက်အကူရလာပါလိမ့်မယ်။ အရေးကြီးတဲ့အချက်ကတော့ ရရှိလာတဲ့ရလဒ်တွေအရ ဖွံ့ဖြိုးဆဲနဲ့ ဖွံ့ဖြိုးမှုနိမ့်ကျတဲ့နိုင်ငံတွေရဲ့ ပြဿနာတွေကို ဦးစားပေးဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်"လို့ သူကပြောပါတယ်။

ဒိုဟာဖွံ့ဖြိုးမှုအစီအစဉ်မှာ ကျန်ရှိနေသေးတဲ့ ပြဿနာများအတွက် စေ့စပ်ညှိနှိုင်းမှုအခြေအနေများကို အစီရင်ခံတင်ပြနိုင်ဖို့ ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံများအားလုံးရဲ့ အစည်းအဝေးကို ဂျနီဗာမြို့မှာ စက်တင်ဘာ ၁၇ ရက်နေ့က ကျင်းပချိန်မှာ အဇယ်ဗယ်ဒိုက ယခုလို ပြောကြားခဲ့တာဖြစ်ပါတယ်။

နိုင်ရိုဘီကွန်ဖရင့်က ဖွံ့ဖြိုးရေးနဲ့ တိုးတက်ရေးအတွက်အများကြီး အထောက်အကူပေးမှာဖြစ်တဲ့အတွက် ပေးလာမယ့် အခွင့်အလမ်းတွေကို အရအမိဆုပ်ကိုင်ထားဖို့ အဖွဲ့ဝင်နိုင်ငံတွေကို သူကတိုက်တွန်းထားပါတယ်။

"အချိန် မရှိတော့ပါဘူး။ လာမယ့်လထဲမှာ ဒီပြဿနာတွေအတွက် အဖြေရရှိထားဖို့ အရေးကြီးပါတယ်။ နိုင်ရိုဘီကွန်ဖရင့်မှာ ပြတ်ပြတ်သားသား ရလဒ်ထွက်ပေါ်လာပြီဆိုရင် ကျွန်တော်တို့ဆက်လက်ပြီးကြိုးပမ်းဆောင်ရွက်ရတော့မှာဖြစ်ပါတယ်"လို့ သူကပြောပါတယ်။

လာမယ့် ဂျီ ၂၀၊ အာဖရိကသမဂ္ဂ၊ အာဖရိက ကာရေဘီယံနဲ့ ပစိဖိတ်ဒေသအဖွဲ့ဝင်နိုင်ငံများနဲ့ အာရပ်ကုန်သွယ်ရေးဝန်ကြီးများစတဲ့ အစည်းအဝေးတွေမှာလည်း အဇယ်ဗယ်ဒိုက ဆက်လက်ညှိနှိုင်းသွားဦးမှာ ဖြစ်ပါတယ်။ နောက်ရက်သတ္တပတ်မှာ ကျင်းပမယ့် ကုလသမဂ္ဂအထွေထွေညီလာခံကိုလည်း သူတက်ရောက်မှာဖြစ်ပါတယ်။

# အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အစားအစာနဲ့ အသားထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်

ယခုနှစ်အကုန်ပိုင်းမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း ဖွဲ့စည်းဖြစ်ပေါ်လာတဲ့အခါ အရှေ့တောင်အာရှဒေသအတွင်းမှာ ပေါင်းစည်းရေး၊ မြို့ပြထူထောင်ရေးနဲ့ လူဦးရေတိုးတက်မှုစတဲ့ အပြောင်းအလဲတွေ ဖွဲ့စည်းဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက် အင်ဒိုနီးရှားနိုင်ငံနဲ့ ဒေသတွင်းမှာရှိတဲ့ အစားအစာနဲ့ လယ်ယာစိုက်ပျိုးရေး ကဏ္ဍတွေမှာ ကြီးမားတဲ့ အခွင့်အလမ်းတွေပေါ်ပေါက်လာတော့မှာဖြစ်ကြောင်း နေးရှင်းသတင်းမှာ ဖော်ပြထားပါတယ်။

အာဆီယံဒေသမှာ မှီတင်းနေထိုင်သူဦးရေက ၆၂၅ သန်းရှိပြီး အများစုမှာ လူငယ်လူရွယ်တွေ ဖြစ်ပါတယ်။ အာဆီယံဒေသရဲ့ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) က ကမ္ဘာပေါ်မှာ သတ္တမမြောက်အနေအထားမှာရှိနေပြီး ၂၀၂၀ ပြည့်နှစ်မှာ ဂျီဒီပီစုစုပေါင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံရှိမယ်လို့ ခန့်မှန်းထားပါတယ်။

အာဆီယံ စီးပွားရေးအသိုက်အဝန်းဖွဲ့စည်းပြီးချိန်မှာ တစ်ဦးချင်းပျမ်းမျှဝင်ငွေကလည်း မြင့်မားလာမှာဖြစ်တဲ့အတွက် မူလက ကာဘိုဟိုက်ဒရိတ်ကို ဦးစားပေး စားသုံးနေရာမှ အဆီနဲ့ ပရိုတိန်းပိုမိုကြွယ်ဝတဲ့ အစားအစာတွေကိုစားသုံးလာမယ်လို့ ခန့်မှန်းကြပါတယ်။ ဒါကြောင့် နို့နဲ့အသားထုတ်လုပ်တဲ့ စီးပွားရေးလုပ်ငန်းတွေဘက်ကို ကူးပြောင်းတာတွေပိုမိုများပြားလာမှာဖြစ်ပါတယ်။

တချို့စားသုံးသူတွေက သူတို့အတွက်အဆင်ပြေမယ့် စားသောက်ကုန်တွေကို ဝယ်ယူစားသောက်လာတဲ့အတွက် ထုပ်ပိုးပြီးအစားအစာတွေရဲ့ ဝယ်လိုအားကလည်း မြင့်မားလာနိုင်ပါတယ်။ အာဆီယံပေါင်းစည်းရေး ကိုအကောင်အထည်ဖော်တဲ့အခါ အကျိုးကျေးဇူးခံစားခွင့်ရနိုင်မယ့် လုပ်ငန်းကဏ္ဍနှစ်ခုကတော့ ထုပ်ပိုးထားတဲ့ အစားအစာနဲ့အသားတို့ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အထိတစ်နှစ်ကို ၅ ရာခိုင်နှုန်းနဲ့ ၄ ရာခိုင်နှုန်းအသီးသီး တိုးတက်မှုရှိနိုင်ကြောင်း ရာဘိုဘက်ဘဏ်ရဲ့ ယခင်ရက်သတ္တပတ်က ထုတ်ပြန်တဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒီကဏ္ဍနှစ်ခုရဲ့ တိုးတက်မှုနှုန်းကို တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ခြုံကြည့်ရင် အလားတူကာလအတွင်းမှာ ထုပ်ပိုးပြီး အစားအစာက ၃ ရာခိုင်နှုန်းနဲ့ အသားက ၂ ရာခိုင်နှုန်း နှစ်စဉ်တိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်



## အာဆီယံနဲ့ ဗီယက်နမ် ဝက်ဘ်ဆိုက် စတင်ထုတ်လွှင့်

အာဆီယံ ဗီယက်နမ်ဝက်ဘ်ဆိုက်ပေါ်လ်တယ်ကို aseanvietnam.vn; vietnamasean.vn နဲ့ asean.vietnam ဆိုပြီး ဒိုမိန်းသုံးခုနဲ့ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း VNS သတင်းမှာ ဖော်ပြထားပါတယ်။

ဒီဝက်ပေါ်လ်တယ်မှ တစ်ဆင့် အာဆီယံရဲ့ စီမံခန့်ခွဲမှုနဲ့ပတ်သက်တဲ့ ဒေတာအချက်အလက်တွေနဲ့ အာဆီယံသတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးကြီးကြပ်မှုကော်မတီ (Asean Information and Communications Stering Committee) ရဲ့ လှုပ်ရှားမှုတွေကို တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

ဒီဝက်ပေါ်လ်တယ်က အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ မိတ်ဆက်ပေးပြီး အာဆီယံအဖွဲ့ရဲ့ အကြောင်းအရာတွေကို မှတ်တမ်းတင်ထားတဲ့ မော်ကွန်းတိုက်သဖွယ်လည်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

အာဆီယံကဆက်သွယ်ရေးလုပ်ငန်းများကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေးပြီး အာဆီယံအဖွဲ့ကို ငြိမ်းချမ်းရေး၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးမှုနဲ့ ကြွယ်ဝမှုရှိတဲ့ အဖွဲ့အစည်းအဖြစ်ဖော်ဆောင်မှုလုပ်ငန်းတွေကို အများပြည်သူကသိမြင်လာပြီး မျိုးစုံတည်ရှိနေတဲ့ယဉ်ကျေးမှုနဲ့ တစ်နိုင်ငံချင်းအလိုက်ရပ်တည်နိုင်ရေးအတွက် အဖွဲ့ဝင်နိုင်ငံတွေကို ဆက်သွယ်ပေါင်းကူးပေးသွားမှာ ဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက်နေ့က ဟနွိုင်းမြို့မှာ ကျင်းပတဲ့ အခမ်းအနားတစ်ခုမှာ ဗီယက်နမ်သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးဝန်ကြီး ငုယင်ဘက်ဆန်းက ပြောပါတယ်။

ပေါ်လ်တယ်မှာ အင်္ဂလိပ်ဘာသာနဲ့ရော ဗီယက်နမ်ဘာသာနဲ့ တင်ပေးသွားမှာ ဖြစ်ပါတယ်။ ထုတ်လွှင့်ပေးမယ့် အကြောင်းအရာတွေထဲမှာလည်း အာဆီယံမိတ်ဆက်၊ သတင်းနဲ့ဖြစ်ရပ်များ၊ သတင်းအချက်အလက် ရှာဖွေမှု၊ အသိုက်အဝန်းနဲ့ မဏ္ဍိုင်များ၊ စာကြည့်တိုက်၊ အမေးအဖြေ၊ ဆက်သွယ်ရန် အာဆီယံဝင်းဒိုး စတဲ့အကြောင်းအရာတွေပါဝင်မှာ ဖြစ်ပါတယ်။

ယခုအခမ်းအနားက နောက်ဖြစ်ထွန်းလာတော့မယ့် အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) က ကြိုဆိုမှုအဖြစ်နဲ့ အာဆီယံအဖွဲ့ဝင်အဖြစ် ဗီယက်နမ် ဝင်ရောက်ခဲ့တဲ့အနှစ် ၂၀ မြောက်အထိမ်းအမှတ်အဖြစ် ကျင်းပတဲ့ အခမ်းအနားဖြစ်ပါတယ်။

# ဖိလစ်ပိုင် လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာနက ပြည်တွင်းကြက်များအတွက် စီးပွားဖြစ်ဈေးကွက်ရှာ

ဥထွက်နှုန်းကောင်းတဲ့ကြက်မျိုးများအဖြစ် မွေးမြူလို့ရနိုင်တဲ့ ပြည်တွင်းကြက်မျိုးများကို ဥစားရော အသားစားကြက်အဖြစ်ပါမွေးမြူပြီး၊ ဈေးကွက်ဝင်ကြက်များအဖြစ်ထုတ်လုပ်ဖို့ ဖိလစ်ပိုင်လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက နည်းလမ်းရှာဖွေ လျက်ရှိကြောင်း ဖိလစ်ပိုင်စတားသတင်းစာမှာ ဖော်ပြထားပါတယ်။

ပြည်တွင်းကြက်မျိုးများတိုးတက်ကောင်းမွန်ရေးအတွက် ဖိလစ်ပိုင်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၀၂ ခုနှစ်ကစပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဥစားနဲ့ အသားစားအဖြစ် ထုတ်လုပ်ဖို့ တခြားကြက်မျိုးတွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ပြည်တွင်းကြက်မျိုးတွေက အရည်အသွေး နိမ့်ကျပေမယ့် အစာအတွက် ကုန်ကျစရိတ် သက်သာတဲ့အတွက် စီးပွားဖြစ်မွေးမယ်ဆိုရင် ဖြစ်ထွန်းနိုင်ပါတယ်။

ပြည်တွင်းကြက်မျိုးတွေရဲ့ တစ်နှစ် ဥနှုန်းက ၄၀ ကနေ ၆၀ ကြားရှိပေမယ့် စီးပွားဖြစ်မွေးမြူရေးကြက်တချို့ရဲ့ ဥနှုန်းက ၂၀၀ ကျော်မှာ ရှိပါတယ်။ ဗန်ထရက်လို အသားစားကြက်မျိုးက ခြောက်လသားအရွယ်မှာ ၂ ဒသမ ၂၃ ကီလိုရှိပေမယ့် ပြည်တွင်းမျိုးတွေက အဲဒီအရွယ်မှာ ၁ ဒသမ ၁၆ ကီလိုရှိပါတယ်။

ပြည်တွင်းကြက်တွေကို ဥစားနဲ့ အသားစားအတွက် သို့မဟုတ် နှစ်မျိုးစလုံးအတွက်မွေးမြူဖို့ သုတေသနပြုထားပြီး ဖြစ်ကြောင်းနဲ့ ပြည်တွင်းကြက်မျိုးတွေကို ကျွေးမယ့်အစာတွေကိုလည်း သုတေသနပြုထားပြီးဖြစ်ကြောင်း ဖိလစ်ပိုင်လယ်ယာ စိုက်ပျိုးရေးဝန်ကြီး ပရိုဆက်ဆိုအယ်လ်လာက စက်တင်ဘာ ၂၁ ရက်က ပြောပါတယ်။

ပြည်တွင်းကြက်မျိုးတွေကို လွတ်လွတ်လပ်လပ်ထားပြီ တစ်ရက်ကို နှစ်ကြိမ်သာ အစာကျွေးရင် လုံလောက်ပြီး မွေးမြူရလွယ်ကူပါတယ်။ စပါး၊ ဆန်ကွဲနဲ့ ပြောင်းဖူးစေ့တွေလို ဘေးထွက်ပစ္စည်းတွေကို အစာအဖြစ်ကျွေးမွေးလို့ရပါတယ်။

အာရှအိမ်နီးချင်း ပြည်တွင်းကြက်မွေးမြူရေးလုပ်ငန်းတွေမှာ ဖြစ်ပေါ်နေတဲ့ ကြက်တုပ်ကွေးရောဂါဘေးက ဖိလစ်ပိုင်နိုင်ငံက ကင်းလွတ်နေတဲ့အတွက် ဖိလစ်ပိုင်နိုင်ငံက ကြက်ငှက်မွေးမြူရေးအတွက် ဆွဲဆောင်မှုကောင်းတဲ့နိုင်ငံဖြစ်နေပါတယ်။ ဒါကြောင့် ပြည်တွင်းကြက်မျိုးများကို မွေးမြူပြီး ကြက်မွေးမြူရေး လုပ်ငန်းကနေ အကျိုးအမြတ်ခံစားရအောင် ဆောင်ရွက်ဖို့ အယ်လ်ကာလာက ဆန္ဒရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ရေနံစိမ်းနဲ့ ကုန်စည်ဈေးနှုန်းတွေကျဆင်းနေတဲ့အတွက် အာရှပို့ကုန် အလားအလာမရေမရာဖြစ်

ရေနံစိမ်းဈေးနှုန်းနဲ့ ကုန်စည်ဈေးနှုန်းတွေကျဆင်းမှုနဲ့အတူ အာရှဒေသတစ်လွှားရှိ ပို့ကုန်ဖွံ့ဖြိုးမှုက ယခုနှစ်အတွင်း ကျဆင်းခဲ့ပါတယ်။ လာမယ့် သုံးလပတ်ကာလတွေမှာ ဖြစ်ပေါ်လာမယ့် အလားအလာတွေကတော့ ကမ္ဘာ့ဝယ်လိုအား အခြေအနေပေါ်မှာ အများကြီးတည်ရှိနေကြောင်း လေ့လာဆန်းစစ်သူတွေရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

နောက်ဆုံးထုတ်ပြန်တဲ့ လစဉ်အစီရင်ခံစာအရ အာရှဒေသတွင်းပို့ကုန်တွေရဲ့တန်ဖိုးက ဇူလိုင်လမှာ နှစ်အလိုက်နှိုင်းယှဉ်ရင် ၇ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းလျက်ရှိပြီးရှေ့အလားအလာက မှေးမှိန်နေပါတယ်။ ယခုကျဆင်းမှုက နဝမမြောက်လအဖြစ် ဆက်တိုက်ကျဆင်းတာဖြစ်ပြီး ၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အဆိုးဆုံးအခြေအနေ ဖြစ်ပါတယ်။ ယခုအခါ အာရှဒေသကတချို့နိုင်ငံတွေရဲ့ ပို့ကုန်ကိန်းဂဏန်းများကို ထုတ်ပြန်ခဲ့ပြီဖြစ်ရာ အဲဒီ ကိန်းဂဏန်းတွေအရ လာမယ့်လတွေမှာလည်း ဆက်လက်ကျဆင်းမယ့် လက္ခဏာတွေကို တွေ့နေရပါတယ်။

သမားရိုးကျအမြင်အားဖြင့် လုပ်ခလစာတွေမြင့်တက်နေတဲ့အတွက် အာရှဒေသရဲ့ ပို့ကုန်ယှဉ်ပြိုင်နိုင်မှုစွမ်းအင်တွေကျဆင်းနေတယ်လို့ အမြင်ရှိပါတယ်။ ဒါပေမယ့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ပြောင်းလဲမှုတွေကို ကြည့်ရုံနဲ့အာရှဒေသရဲ့ပို့ကုန်အခြေအနေတွေကို ပြောလို့ရဦးမှာ မဟုတ်ကြောင်း HSBC Global Research အဖွဲ့ကပြောပါတယ်။

ယခုနှစ်မှာ အာရှဒေသပို့ကုန်တွေကျဆင်းရတဲ့ အဓိကအကြောင်းရင်းမှာ ရေနံစိမ်းဈေးနှုန်းနဲ့ ကုန်စည် ဈေးနှုန်းများကျဆင်းမှုက အဓိက အကြောင်းအရင်းဖြစ်ကြောင်း Capital Economics ကပြောပါတယ်။

ကုန်စည်ပို့ကုန်က စုစုပေါင်းပို့ကုန်တန်ဖိုးရဲ့ ၆၀ ရာခိုင်နှုန်းပါနေတဲ့ အင်ဒိုနီးရှားနိုင်ငံလိုနိုင်ငံမျိုးအဖို့ ပို့ကုန်ကျဆင်းရခြင်းမှာ မထူးဆန်းလှပေမယ့် အိန္ဒိယ၊ စင်ကာပူနဲ့ ဖိလစ်ပိုင်တို့ကဲ့သို့ ကုန်စည်တင်ပို့မှုကို အဓိကထား မဆောင်ရွက်တဲ့ နိုင်ငံတွေမှာလည်း ပို့ကုန်တွေကျဆင်းနေပါတယ်။

# Buy Viet Nam Goods အစီအစဉ် ဗီယက်နမ်မှာ စတင်

ဗီယက်နမ်အမည်နဲ့ ထုတ်လုပ်ထားတဲ့ထုတ်ကုန်တွေလူသိများလာဖို့နဲ့ အဲဒီထုတ်ကုန်တွေရဲ့ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်တက်လာဖို့အတွက် ဟနွိုင်း၊ ဟိုချီမင်းစီးတီးနဲ့ ဒါနန်းမြို့တွေမှာ ဗီယက်နမ်ကုန်ပစ္စည်းဝယ်ယူရေးရက်သတ္တပတ်အဖြစ် Vietnamese Goods Week 2015 ကို စက်တင်ဘာ ၂၇ ရက်နေ့က စတင်အကောင်အထည်ဖော်ခဲ့ကြောင်း VNS သတင်းမှာဖော်ပြပါတယ်။



ဗီယက်နမ်ထုတ် ပစ္စည်းများဝယ်ယူရေးလှုပ်ရှားမှုမှာ ဗီယက်နမ်လူမျိုးတွေက ဗီယက်နမ်ထုတ်ကုန်တွေကို ဦးစားပေးလာစေရန်အတွက် ပြည်တွင်းချိတ်ဆက်မှုတွေဖြစ်ပေါ်လာအောင် ဒီရက်သတ္တပတ် လှုပ်ရှားမှုက အထောက်အပံ့ဖြစ်စေမယ့် အဖြေတစ်ခုဖြစ်ကြောင်း စက်တင်ဘာ ၂၃ ရက်နေ့က ဟနွိုင်းမြို့မှာ ကျင်းပတဲ့သတင်းစာရှင်းလင်းပွဲတစ်ခုမှာ စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဟိုသီကင်သိုအာက ပြောပါတယ်။

ဗီယက်နမ် စားသုံးသူနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ၉၀ ရာခိုင်နှုန်းက ဒီလှုပ်ရှားမှုအကြောင်းကို ၂၀၁၅ ခုနှစ်မှာသိရှိလာစေဖို့နဲ့ ၂၀၂၀ ပြည့်နှစ်မှာ ဗီယက်နမ်ကုန်စည်တွေရဲ့ ၇၀ ရာခိုင်နှုန်းက ကျေးလက်ဒေသနဲ့ဝေးလံခေါင်းပါးတဲ့ ဒေသတွေမှာ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်တိုးတက်ကောင်းမွန်လာစေဖို့ ရည်မှန်းထားပါတယ်။ ဒီလှုပ်ရှားမှုက ဗီယက်နမ်ထုတ်ကုန်ပစ္စည်းထုတ်လုပ်သူရဲ့ ရောင်းလိုအားနဲ့ ဝယ်လိုအားနှစ်ရပ်ကို ပေါင်းစပ်ပေးနိုင်ဖို့အတွက် နိုင်ငံအတွင်းရှိဒေသခံတွေကို ပေါင်းစည်းပေးဖို့လည်း ရည်မှန်းချက်ထားရှိပါတယ်။

ယခင်ကဆောင်ရွက်ခဲ့တဲ့ ရောင်းလိုအားနဲ့ ဝယ်လိုအားနှစ်ခုကိုချိတ်ဆက်ပေးတဲ့ ကွန်ဖရင့်တစ်ခုမှာ စာချုပ်အမြောက်အများကို ချုပ်ဆိုနိုင်ခဲ့ကြောင်းသိုအာက ပြောပါတယ်။ ဒီပြပွဲမှာ ချည်မျှင်နဲ့ အထည်ချုပ်လုပ်ငန်း၊ သားရေဖိနပ်၊ ဓာတ်ဆီစတဲ့ပစ္စည်းတွေ အပြင်ဆောက်လုပ်ရေးပစ္စည်း၊ စက်ကိရိယာတန်ဆာပလာ၊ အီလက်ထရွန်းနစ်နဲ့ အစားအစာနည်းပညာစတာတွေ ပါဝင်မှာ ဖြစ်ပါတယ်။

# ရင်းနှီးမြှုပ်နှံသူတွေကို စင်ကာပူနိုင်ငံက တိုးမြှင့်စောင့်ရှောက်မည်

ရင်းနှီးမြှုပ်နှံသူတို့ရဲ့ အကျိုးစီးပွားကိုကာကွယ်ရေးအတွက် အဖွဲ့ရဲ့ ကြီးကြပ်ထိန်းသိမ်းမှု မူဘောင်ကို စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့က ခိုင်မာအောင်တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ကြောင်း စီအင်အေသတင်းမှာ ဖော်ပြပါတယ်။




ကြီးကြပ်ထိန်းသိမ်းမှုမူဘောင်ကို ပြုပြင်မည်ဆိုပါက Securities and Future Act (SFA) ကို ပြုပြင်ရန်လိုအပ်မှာဖြစ်ပြီး ပြုပြင်ဖို့ အဆိုပြုချက်တွေကို လာမည့်နှစ်မှာ လွှတ်တော်သို့တင်ပြမှာဖြစ်ကြောင်း စက်တင်ဘာ ၂၂ ရက်က စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့ကပြောပါတယ်။

ငွေကြေးဈေးကွက်နဲ့ ပတ်သက်တဲ့ စည်းမျဉ်းဥပဒေတွေကို စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့က သမားရိုးကျမဟုတ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာပါ အကျုံးဝင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုပြင်ဆင်ချက်တွေထဲမှာ အဖိုးတန် သတ္တုတွင်းထွက်တွေကိုရောင်းချမှုတွေလည်းပါဝင်မှာ ဖြစ်ပါတယ်။ ရွှေ၊ ငွေနဲ့ပလက်တီနမ်ကဲ့သို့သော အဖိုးတန်သတ္တုတွေဝယ်ယူတဲ့ သဘောတူစာချုပ်တွေကို SFA အရ ဒီဘင်ချာလက်မှတ်တွေအဖြစ်သတ်မှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လောလောဆယ် စင်ကာပူနိုင်ငံရဲ့ သတ်မှတ်ထားတဲ့ ဥစ္စာနေနဲ့ ဝင်ငွေသတ်မှတ်ချက်နဲ့ ပြည့်မီတဲ့ရင်းနှီးမြှုပ်နှံသူတွေကို အရည်အသွေးပြည့်ရင်းနှီးမြှုပ်နှံသူ Acredited Investor (AI) အဖြစ် သတ်မှတ်ထားပါတယ်။

AI တွေက သူတို့ကိုယ်သူတို့ ကာကွယ်နိုင်စွမ်းရှိတယ်လို့ ယူဆထားတဲ့အတွက် သူတို့ကိုစည်းမျဉ်းစည်းကမ်းထိန်းကွပ်မှုအရ အကာအကွယ်ပေးမထားပါဘူး။ ယခုပြင်ဆင်လိုက်တဲ့ ကြီးကြပ်ထိန်းသိမ်းမှုမူဘောင်အရ ဖောက်သည်ကိုယ်တိုင်က AI အဆင့်ကိုမခံယူဘူးဆိုရင် ကြီးကြပ်ထိန်းသိမ်းရေးစည်းမျဉ်းသစ်အရ အကာအကွယ်ပေးမှုကို ခံယူနိုင်မှာ ဖြစ်ပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### ဂျကာတာ

ကားခပိုတောင်းတဲ့ ဘတ်စ်ကားလုပ်ငန်းတွေနဲ့ ဥပုသ်ထွက်ကာလသွားလာနေကြတဲ့ ခရီးသွားတွေကို ဂရုတစိုက် ဆက်ဆံခြင်းမပြုတဲ့ ဘတ်စ်ကားတွေကို အုပ်ချုပ်ရေးနည်းအရ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း အင်ဒိုနီးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ပြောကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။

### အမ်းမ်ဟာတ် (အမေရိကန်၊ မက်ဆာချူးဆက်)

အမေရိကန် ဗဟိုဘဏ်က ဆယ်စုနှစ်နီးပါး ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဗဟိုဘဏ်အတိုးနှုန်းကို တိုးမြှင့်ပေးဖို့အတွက် အခြေအနေတွေ ပေးနေပြီဖြစ်ကြောင်း မိန့်ခွန်းပြောကြားခဲ့ပြီးနောက် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်ဟာ ဆေးဝါးကုသမှုကို ခံယူခဲ့ရကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### ဟနွိုင်း

ဗီယက်နမ်နိုင်ငံရဲ့ စုစုပေါင်း ပြည်တွင်း ကုန်ထုတ်လုပ်မှုရဲ့ ၄၀ ရာခိုင်နှုန်းကို တာဝန်ယူဆောင်ရွက်နေတဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် ချေးငွေရရှိနိုင်ဖို့ ဆောင်ရွက်ရာမှာ အခက်အခဲများနဲ့ ကြုံတွေ့နေရကြောင်း ဗီယက်နမ်ကုန်သည်ကြီးများနဲ့ စက်မှုလုပ်ငန်းရှင်များ အသင်းရဲ့ စာရင်းဇယားများကို ကိုးကားပြီး VNS သတင်းမှာ ဖော်ပြပါတယ်။

### ဆိုးလ်

ကမ္ဘာ့ဝယ်လိုအား ကျဆင်းမှုကြောင့် တောင်ကိုရီးယားနိုင်ငံရဲ့ ပို့ကုန်များ ကျဆင်းခဲ့သော်လည်း ရေနံစိမ်းဈေးနှုန်း ကျဆင်းမှုက အကာအကွယ် ပေးနိုင်ခဲ့တဲ့အတွက် တောင်ကိုရီးယားနိုင်ငံရဲ့ နိုင်ငံခြား ငွေပေးငွေယူရှင်းတမ်းမှာ ၁၂ လ ဆက်တိုက် တိုးတက်ခဲ့ကြောင်း ရှင်ဟွာသတင်းမှာ ဖော်ပြပါတယ်။

**SOUTH EAST ASIA**

## စင်ကာပူ Accenture ကုမ္ပဏီက တီထွင်ဖန်တီးမှု အကူအညီပေးရေးစင်တာ တည်ထောင်

စင်ကာပူနိုင်ငံရှိ အတိုင်ပင်ခံလုပ်ငန်းတစ်ခုဖြစ်တဲ့ Accenture ကုမ္ပဏီက Internet of Thinps Centre of Excellence for Resources ဆိုတဲ့ စင်တာသစ်တစ်ခုကို စက်တင်ဘာ ၂၃ ရက်နေ့က တည်ထောင်လိုက်ကြောင်း စီအန်အေသတင်းမှာ ဖော်ပြထားပါတယ်။ ဖွဲ့စည်းလိုက်တဲ့ စင်တာက တီထွင်ဆန်းသစ်မှုနဲ့ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုသစ်များကို ဆောင်ရွက်ဖို့ ပြင်ဆင်နေတဲ့ လယ်ယာစိုက်ပျိုးရေး၊ သစ်တော၊ ဓာတ်သတ္တုတူးဖော်ရေး၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ လုပ်ငန်းတွေကိုဆောင်ရွက်နေတဲ့ စင်ကာပူအခြေစိုက်ကုမ္ပဏီတွေကို အထောက်အကူပေးသွားမှာ ဖြစ်ပါတယ်။

စီးပွားရေး ဖွံ့ဖြိုးမှုဘုတ်အဖွဲ့ရဲ့ ထောက်ပံ့မှုကိုရယူပြီး ဆောင်ရွက်နေတဲ့ တီထွင်ဖန်တီးမှုရှိတဲ့ နည်းပညာတွေကို အသုံးပြုကာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်မယ့် ကုမ္ပဏီတွေကို အကူအညီပေးဖို့ ဖွဲ့စည်းလိုက်တဲ့ ဒီစင်တာက စင်ကာပူမှာ ပထမဦးဆုံး ဖွဲ့စည်းလိုက်တဲ့ စင်တာတစ်ခုဖြစ်ပါတယ်။

စင်တာမှာ သုတေသီ၊ သိပ္ပံပညာရှင်နဲ့ အင်ဂျင်နီယာ ၃၀ ကျော်ခန့်ထားမှာဖြစ်ပါတယ်။ စင်တာမှာ စက်မှုလုပ်ငန်းဆိုင်ရာ အထောက်အကူတွေပေးမယ့် အင်တာနက်ကွန်ရက် (Internet of Thinps-IOT) တွေ ကို အဓိကထားပြီး တပ်ဆင်မှာဖြစ်ပါတယ်။

"ကျွန်တော်တို့ရဲ့ IOT စင်တာက လယ်ယာစိုက်ပျိုးရေးနဲ့ သစ်တောလုပ်ငန်းတွေဆောင်ရွက်နေတဲ့ ကုမ္ပဏီကြီးတစ်ခုနဲ့ ပူးတွဲပြီး လုပ်ငန်းတွေ ဆောင်ရွက်သွားမှာပါ။ စင်တာရဲ့ အထောက်အကူပေးမှုအရ မြေပြင်မှာ လေးရက်လောက် လုပ်ကိုင်ရတဲ့ လုပ်ငန်းတွေကို ခုနစ်မိနစ်အတွင်း ဆောင်ရွက်နိုင်အောင် ကူညီပေးသွားမှာဖြစ်ပါတယ်။ ဒရုန်းတွေကို အသုံးပြုမှာဖြစ်တဲ့အတွက် အန္တရာယ်ပေးတဲ့ ပတ်ဝန်းကျင်မျိုးကနေလူတွေကို ကင်းဝေးအောင် ကူညီဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်"လို့ Accenture စင်တာရဲ့ ညွှန်ကြားရေးမှူး မစ္စတာ ဆန်သီရာမာနီက ပြောပါတယ်။

**EU**

## ယူရိုဇုန်ဘဏ်ကြီးအများစုမှာ မတည်ရင်းနှီးငွေပြည့်စုံ

ဥရောပဗဟိုဘဏ် (အီးစီဘီ) က တိုက်ရိုက်ကြီးကြပ်လျက်ရှိတဲ့ ယူရိုဇုန်ဘဏ်ကြီးအများစုမှာ အနည်းဆုံး မတည် ရင်းနှီးငွေထားရှိဖို့ ကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့က သတ်မှတ်ထားပေမယ့် သတ်မှတ်ထားတဲ့ ပမာဏထက်ကျော်လွန်ပြီး မတည်ရင်းနှီးငွေတွေ ရှိထားကြောင်း စက်တင်ဘာ ၂၃ ရက်က အီးစီဘီဘဏ်ဥက္ကဋ္ဌ မာရီယိုဒရပ်ဂီရဲ့ ပြောကြားချက်ကို ကိုးကားပြီး ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။



အီးစီဘီရဲ့ တစ်ခုတည်းသော ကြီးကြပ်ရေးယန္တရားဖြစ်တဲ့ Single Super visory Mechanism (SSM) က ယခင်နှစ် နှောင်းပိုင်းကစပြီး ယူရိုဇုန်ဘဏ်ကြီးများကို ကြီးကြပ်ထိန်းသိမ်းဖို့ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာဆိုရင် အဖွဲ့ရဲ့ကြီးကြပ်မှုအောက်မှာရှိတဲ့ ဘဏ်တွေရဲ့မတည်ငွေလိုအပ်ချက်တွေကို ဘဏ်တစ်ဘဏ်ချင်းအလိုက် လိုအပ်ချက်တွေသတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။

ငွေကြေးလိုအပ်ချက်တွေ ရှိနေရင် ယူရိုဇုန်စီးပွားရေးနာလန်ထူမှုကို အဟန့်အတားဖြစ်မယ့် အန္တရာယ်ရှိတဲ့အတွက် ဒီအန္တရာယ်ကိုတားဆီးနိုင်ဖို့အတွက် မတည်ရင်းနှီးငွေအမြောက်အများကို သီးခြားရန်ထားဖို့ အီတလီဗဟိုဘဏ်အပါအဝင် အမျိုးသားဗဟိုဘဏ်များက ငွေကြေးအဖွဲ့အစည်းများကို တိုက်တွန်းတာကြောင့် အဲဒီလိုစိုးရိမ်မှုတွေမထားကြဖို့ အီးစီဘီဥက္ကဋ္ဌ ဒရပ်ဂီက ပြောကြားပါတယ်။

"SSM က သတ်မှတ်ထားတဲ့ မတည်ရင်းနှီးငွေ အနည်းဆုံးလိုအပ်ချက်ကို ဘဏ်အများစုမှာ အရန်အဖြစ် အသင့်ထားရှိပြီးသား ဖြစ်ပါတယ်။ ဘဏ်တွေ`့ငွေကြေးအခြေအနေက စီးပွားရေးနာလန်ထူမှုကို ခြိမ်းခြောက်စေနိုင်တယ်ဆိုတဲ့ ခြောက်လှန့်မှုတွေက အခြေမြစ်မရှိပါဘူး"လို့ ဥရောပါလီမန်ရဲ့ စီးပွားရေးနဲ့ ငွေကြေးကော်မတီကို ဒရပ်ဂီက ပြောပါတယ်။

**SOUTH ASIA**

## ငါးနှစ်အတွင်း အိန္ဒိယနိုင်ငံရဲ့သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ပထမအကြိမ်အဖြစ် မြင့်တက်

အိန္ဒိယနိုင်ငံရဲ့ သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုက ဩဂုတ်လအတွင်း ၃ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ငါးနှစ်နီးပါးကာလအတွင်း ပထမအကြိမ်အဖြစ် တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း စက်တင်ဘာ ၂၁ ရက်က ထုတ်ပြန်တဲ့ အိန္ဒိယရေနံဝန်ကြီးဌာနရဲ့ ကိန်းဂဏန်းများကို ကိုးကားပြီး ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။ ရေနံစိမ်းထုတ်လုပ်မှုက ဩဂုတ်လမှာ ၅ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဇွန်လနောက်ပိုင်း လစဉ်တိုးတက်မှုအမြင့်ဆုံး ဖြစ်ခဲ့ပါတယ်။

သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုက ယခင်နှစ်ကာလတူက ကုဗမီတာ ၂၇၃၆ ဒသမ ၄ သန်း ရှိခဲ့ရာမှာ ယခုနှစ် ဩဂုတ်လမှာ ကုဗမီတာ ၂၂၈၃၆ ဒသမ ၅ သန်းရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ဇူလိုင်လထုတ်လုပ်မှုက ကုဗမီတာ ၂၆၁၉ သန်းရှိခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်နိုဝင်ဘာလနောက်ပိုင်း နှစ်အလိုက် ထုတ်လုပ်မှု ပထမဆုံးအကြိမ်အဖြစ်မြင့်တက်ခဲ့တာ ဖြစ်ပါတယ်။ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမြင့်တက်လာရတဲ့ အဓိကအကြောင်းရင်းက ၁၇ ရာခိုင်နှုန်း အထိတိုးတက်ခဲ့တဲ့ နိုင်ငံတော်ပိုင် ONGC ကုမ္ပဏီရဲ့ ထုတ်လုပ်မှုတွေကြောင့်ဖြစ်ပါတယ်။

ONGC ရဲ့ ကုန်းတွင်းပိုင်းထုတ်လုပ်မှုတွေ မြင့်တက်လာခဲ့ရတာကလည်း အန္ဒရာပရာဒက်ရှ်၊ ထရိုင်ပူရတို့ရဲ့ ထုတ်လုပ်မှုတွေတိုးတက်မှုကြောင့်ဖြစ်ပါတယ်။ အန္ဒရာပရာဒက်ရှ်ရဲ့ ထုတ်လုပ်မှုက ခုနစ်ဆနီးပါးတိုးတက်ခဲ့ပြီး ထရိုင်ပူရရဲ့ ထုတ်လုပ်မှုက တစ်ဆခွဲအထိတိုးတက်ခဲ့ပါတယ်။

ONGC ရဲ့ အရှေ့ပိုင်းဒေသကမ်းလွန်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွေကလည်း အဆမတန် တိုးတက်မြင့်မားလာပြီး ၂၀၁၄ ခုနှစ် ဩဂုတ်လက ကုဗမီတာ ၁ ဒသမ ၃ သန်း ထုတ်လုပ်ခဲ့ရာမှ ယခုနှစ်ဩဂုတ်လမှာ ကုဗမီတာ ၂၁ ဒသမ ၃ သန်းထိ ထုတ်လုပ်နိုင်ခဲ့ပါတယ်။ Oil Intia ကုမ္ပဏီရဲ့ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုက ဩဂုတ်လမှာ ၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ပြီး ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် စုစုပေါင်း ထုတ်လုပ်မှု တိုးတက်လာဖို့အတွက် အထောက်အကူဖြစ်စေခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

**EAST ASIA**

## အလုပ်သမားဈေးကွက်နဲ့ စီးပွားရေး ဖွဲ့စည်းပုံ ပြောင်းလဲရေးက စီးပွားရေး အခက်အခဲများ ကျော်လွှားရေးမှာ တောင်ကိုရီးယားအတွက် အရေးပါ

တောင်ကိုရီးယားနိုင်ငံမှာ လက်ရှိဆောင်ရွက်နေတဲ့ အလုပ်သမားဈေးကွက်နဲ့ စီးပွားရေးဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲရေးလုပ်ငန်းတွေက လက်ရှိစီးပွားရေး အခက်အခဲတွေကို ကျော်လွှား ဖို့ဆောင်ရွက်ရာမှာ အရေးကြီးတဲ့လုပ်ငန်းတွေဖြစ်ကြောင်း နိုင်ငံရဲ့ထိပ်တန်း မူဝါဒချမှတ်ရေးအဖွဲ့က စက်တင်ဘာ ၂၀ ရက် နေ့ကပြောကြားချက်ကို ကိုးကားပြီး ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

တောင်ကိုရီးယားနိုင်ငံက စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး ယခုအခါ ထူးထူးခြားခြား တိုးတက်မှုမရှိခဲ့တဲ့အတွက် အခက်အခဲများနဲ့ရင်ဆိုင်နေရကြောင်း ဆိုးလ်မြို့ အရှေ့တောင်အာရှဘက် ကီလိုမီတာ ၄၇၀ အကွာ ဂျော်ဂျီကျွန်းစုမှာကျင်းပတဲ့ မူဝါဒရေးရာနှီးနှောဖလှယ်ပွဲမှာ ဘဏ္ဍာရေးဝန်ကြီး ချွိုင်ကျွမ်းဝှန်က ပြောပါတယ်။

သူရည်ညွှန်းပြောကြားတဲ့ ပြဿနာတွေထဲမှာ တရုတ်နိုင်ငံရင်ဆိုင်နေ ရတဲ့ ပြဿနာတွေနဲ့ အတိုးနှုန်းမြှင့်တင် ရေးကိစ္စအတွက် အမေရိကန်ဗဟို ဘဏ်က ပြတ်ပြတ်သားသား မရှိသေး တာတွေ ပါဝင်ပါတယ်။

"တောင်ကိုရီးယားနိုင်ငံက ဆင်းရဲပင်ပန်းမှုတွေကိုကျော်လွှားနိုင်တယ်ဆိုတာကို အကြိမ်ကြိမ် သက်သေပြပြီးခဲ့ပါပြီ။ ဒီတစ်ကြိမ်မှာလည်း ဒီလိုပဲဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဆိုပြုထားတဲ့ ပြုပြင်ပြောင်းလဲရေး အစီအမံတွေကို ဆောင်ရွက်နိုင်မယ်ဆိုရင် တောင်ကိုရီးယားနိုင်ငံက ခုန်ပျံကျော်လွှားပြီး တိုးတက်မှုရလာလိမ့်မယ်လို့ ယုံကြည်ပါတယ်" လို့ ဒုတိယဝန်ကြီးချုပ်အဖြစ်ပါ တာဝန်ယူဆောင်ရွက်နေသူချွိုင်က ပြောပါတယ်။

အလုပ်သမားဈေးကွက်ရဲ့ပြဿနာတွေဖြေရှင်းဖို့အတွက် ဆောင်ရွက်စရာတွေ အများကြီးရှိနေဆဲဖြစ်ပေမယ့် စက်တင်ဘာ ၁၃ ရက်ကကျင်းပခဲ့တဲ့ သုံးပွင့်ဆိုင်အစည်းအဝေးမှာ ဆွေးနွေးညှိနှိုင်းမှုတွေက တိုးတက်မှု အများအပြားရှိခဲ့ကြောင်း သူကပြောပါတယ်။ အလုပ်သမားများ၊ စီမံခန့်ခွဲသူများနဲ့ အစိုးရတို့ရဲ့ သုံးပွင့်ဆိုင်ဆွေးနွေးပွဲမှာ အလုပ်အကိုင် အရည်အသွေးမပြည့်ဝတဲ့လုပ်သားကုမ္ပဏီတွေ အလွယ်တကူ ထုတ်ပယ်ခွင့်နဲ့ အလုပ်သမားတွေကို အကျိုးမပြုတဲ့ အလုပ်အကိုင် စည်းမျဉ်းတွေပြောင်းဖို့ စတဲ့ အရေးကြီးတဲ့ ကိစ္စရပ်တွေမှာ သဘောတူညီမှုရခဲ့ပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

တရုတ်နိုင်ငံရဲ့ အဓိကကျတဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ အားနည်းကျဆင်းမှုတွေ ထပ်မံဖြစ်ပေါ်လာတဲ့အတွက် ကမ္ဘာ့စီးပွားရေးနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေ ထပ်မံဖြစ်ပေါ်လာစေခဲ့ပါတယ်။ ဒီစိုးရိမ်မှုတွေကြောင့် ရင်းနှီးမြှုပ်နှံသူတွေက ထွန်းသစ်စငွေကြေးတွေကို စွန့်ပယ်လာကြတဲ့အတွက် စက်တင်ဘာ ၂၃ ရက်နေ့မှာ အာရှထွန်းသစ်စ ဈေးကွက်ရှိ ငွေကြေးတွေတန်ဖိုး ကျဆင်းခဲ့ပါတယ်။ ယခုနှစ်အကုန်မှာ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ပေးလိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက်မှေးမှိန်စပြုလာပါတယ်။ တကယ်လို့သာ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းကို မြှင့်တင်ပေးလိုက်ရင် ထွန်းသစ်စဈေးကွက်ထဲက ငွေကြေးတွေက ပိုမိုအမြတ်အစွန်းရမယ့် ဈေးကွက်တွေဆီကို စီးထွက်သွားလိမ့်မယ်လို့ လေ့လာဆန်းစစ်သူတွေက ခန့်မှန်းထားပါတယ်။

တရုတ်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍက ခြောက်နှစ်ခွဲကာလအတွင်း စက်တင်ဘာလမှာ အနိမ့်ဆုံးအထိကျဆင်းခဲ့ကြောင်း ပုဂ္ဂလိကစစ်တမ်းတစ်ခုမှာတွေ့ရပြီးနောက် တရုတ်နိုင်ငံရဲ့ စီးပွားရေး တစ်ဟုန်ထိုးနှေးကွေးကျဆင်းမှာကို စိုးရိမ်မှုတွေ မြင့်မားလာပါတယ်။ ဒါကြောင့် စစ်တမ်းထွက်လာပြီးနောက်ပိုင်းမှာ ထွန်းသစ်စအာရှဈေးကွက်ထဲမှာရှိတဲ့ ငွေကြေးတွေနဲ့ စတော့ရှယ်ယာတွေရဲ့ တန်ဖိုး ကျဆင်းခဲ့ပါတယ်။

## တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်ရဲ့ နေ့စဉ်ငွေကြေးဖလှယ်နှုန်း သတ်မှတ်ချက်ကို ကြည့်ခြင်းအားဖြင့် အမေရိကန်ပြည်ထောင်စုသို့ တရုတ်နိုင်ငံသမ္မတ ရှီကျင်ဖျင်သွားရောက်လည်ပတ်နေစဉ်ကာလအတွင်း ယွမ်တန်ဖိုးတည်ငြိမ်အောင်ထိန်းထားဖို့ ရည်မှန်းချက်ရှိကြောင်း တွေ့ရပါတယ်။ ဒါကြောင့် ဟောင်ကောင်ရှိ ယွမ်ငွေကြေးတန်ဖိုးက လေးရက်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြင့်တက်ခဲ့တာကို တွေ့ရပါတယ်။ စက်တင်ဘာ ၂၃ ရက်နေ့မှာ တရုတ်ဗဟိုဘဏ်ရဲ့ ရည်ညွှန်းငွေလဲနှုန်းကို သုည ဒသမ ဝ၈ ရာခိုင်နှုန်း မြှင့်တင်ပြီး သတ်မှတ်ပေးခဲ့ပါတယ်။ ဟောင်ကောင်ရှိ ပြင်ပဈေးကွက်မှာ ယွမ်ငွေတန်ဖိုးက သုည ဒသမ ၁၁ ရာခိုင်နှုန်းမြင့်တက်ပြီး တစ်ဒေါ်လာကို ၆ ဒသမ ၄၂၅၁ ယွမ်နှုန်းရှိခဲ့ပါတယ်။

## အိန္ဒိယရူပီး

ကမ္ဘာ့စီးပွားရေး အလားအလာတွေရှုပ်ထွေးနေချိန်မှာ အိန္ဒိယသွင်းကုန်လုပ်ငန်းရှင်များရဲ့ ဒေါ်လာဝယ်လိုအားမြင့်မားလာတဲ့ အတွက် အိန္ဒိယရူပီးတန်ဖိုးက စက်တင်ဘာ ၂၄ ရက်နေ့မှာ သုည ဒသမ ၁၈ ရူပီးနှုန်း ကျဆင်းပြီး အမေရိကန်တစ် ဒေါ်လာကို ၆၆ ဒသမ ၁၆ ဒေါ်လာနှုန်းကို ရောက်ရှိခဲ့ပါတယ်။ ယခုကျဆင်းမှုက စတုတ္ထမြောက်နေ့အဖြစ်ဆက်တိုက်ကျဆင်းခဲ့တာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေကြေးစီးထွက်မှုတွေကလည်း ဈေးကွက်ကို ထိခိုက်မှုရှိခဲ့ပါတယ်။ လေးရက်အတွင်း ရူပီးတန်ဖိုး ကျဆင်းမှုက သုည ဒသမ ၄၉ ရူပီး သို့မဟုတ် သုည ဒသမ ၇၅ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

## ဂျပန်ယန်း

ဒေါ်လာနဲ့ ယန်းဖလှယ်နှုန်းက စက်တင်ဘာ ၂၃ ရက်က နယူးယောက်မှာရှိခဲ့တဲ့ ဈေးနှုန်းအတိုင်း ထူးထူးခြားခြား အပြောင်းအလဲမရှိဘဲ နောက်တစ်နေ့နံနက် တိုကျိုဈေးကွက်မှာ အမေရိကန် ဒေါ်လာတန်ဖိုးက တစ်ဒေါ်လာကို ၁၂၀ ဒသမ ၅ ယန်းနှုန်းအောက်မှာ ရှိနေပါတယ်။

ဒေါ်လာတန်ဖိုးက စက်တင်ဘာ ၂၃ ရက်နေ့ညနေ ၅ နာရီမှာ တစ်ဒေါ်လာကို ၁၂၀ ဒသမ ၂၄ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ၉ နာရီ မှာ ၁၂၀ ဒသမ ၂၁ ယန်းနှုန်းထိကျဆင်းပါတယ်။ ယူရိုငွေကြေးတန်ဖိုးက စက်တင်ဘာ ၂၃ ရက်နေ့ညနေက တစ်ယူရိုကို ၁ ဒသမ ၁၁၈၀ ဒေါ်လာနဲ့ ၁၃၄ ဒသမ ၄၅ ယန်းနှုန်းရှိခဲ့ရာမှ နောက်တစ်နေ့ နံနက်မှာ တစ်ယူရိုကို ၁ ဒသမ ၁၁၈၆ ဒေါ်လာနဲ့ ၁၃၄ ဒသမ ၄၈ ယန်းနှုန်း မြင့်တက်ခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

ကမ္ဘာ့စီးပွားရေး တိုးတက်နှုန်း ကျဆင်းနေတဲ့အခြေအနေတွေကြောင့် ရင်းဂစ်ငွေကြေးကို ထုတ်ရောင်းမယ့် အလားအလာတွေ တွေ့မြင်နေရတဲ့အတွက် ရင်းဂစ်တန်ဖိုးက တစ်ဒေါ်လာကို ၄ ဒသမ ၃၄ အဆင့်ကိုကျော်လွန်ခဲ့ပြီး ဆက်လက်ကျဆင်းခဲ့တာကို တွေ့ရပါတယ်။

ဒေါ်လာရင်းဂစ် ဖလှယ်နှုန်းက စက်တင်ဘာ ၂၃ ရက်က တစ်ဒေါ်လာကို ၄ ဒသမ ၂၉၄၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ ၁ ဒသမ ၁၉ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၄ ဒသမ ၃၄၅၀ ရင်းဂစ်နှုန်း ရှိခဲ့ပါတယ်။

ရေနံစိမ်းဈေး ကျဆင်းမှု၊ တရုတ်စီးပွားရေးတိုးတက်နှုန်းအတွက် စိုးရိမ်မှုနဲ့ ကမ္ဘာ့နိုင်ငံများရဲ့ မူဝါဒများကွဲပြားမှုတွေကြောင့် နိုင်ငံခြားဘဏ်တွေကလည်း ရင်းဂစ်ငွေကြေးတန်ဖိုးကို လျှော့ချလာတာတွေ့ရကြောင်း ကုန်သည်တွေက ပြောပါတယ်။

## တောင်ကိုရီးယားဝမ်

တောင်ကိုရီးယားရဲ့ အကြီးမားဆုံးပို့ကုန်ဈေးကွက်ကြီးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေး နှေးကွေးကျဆင်းနေတာကို စိုးရိမ်မှုကြောင့် တောင်ကိုရီးယား ပြည်တွင်းစတော့ရှယ်ယာတွေကနေ ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတွေက ငွေကြေးများကို ထုတ်ယူသွားတဲ့အတွက် ဝမ်ငွေကြေးတန်ဖိုး စက်တင်ဘာ ၂၄ ရက်မှာ စတုတ္ထနေ့အဖြစ် ဆက်လက်ကျဆင်းခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေရဲ့ ရက်သတ္တပတ်အတွင်း စတော့ရှယ်ယာရောင်းချမှုက အဝယ်ထက်အမေရိကန်ဒေါ်လာ ၆၆၀ သန်းပိုမိုခဲ့ပါတယ်။

စက်တင်ဘာ ၂၄ ရက်နေ့မှာ ဆိုးလ်မြို့ဈေးကွက်မှာ ဝမ်ငွေတန်ဖိုးက သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၁၁၉၂ ဒသမ ၆၃ ဝမ်နှုန်းရှိခဲ့ပါတယ်။

## ထိုင်းဘတ်

တရုတ်စီးပွားရေးတိုးတက်နှုန်းနှေးကွေးမှုအတွက် စိုးရိမ်မှုကြောင့် အာရှငွေကြေးကုန်သည်တွေက စက်တင်ဘာ ၂၄ ရက်မှာ လုံခြုံစိတ်ချရတဲ့ဈေးကွက်တွေဘက်ကို ရွှေ့ပြောင်းကြတဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ထိုင်းဘတ်ငွေတန်ဖိုး ကျဆင်းခဲ့ပါတယ်။

ထိုင်းဘတ်ငွေတန်ဖိုးက သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ရာ ၂၀၀၉ ခုနှစ် မတ်လနောက်ပိုင်း အနိမ့်ဆုံးအဖြစ် ကျဆင်းခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## တရုတ်စီးပွားရေး တိုးတက်နှုန်းနှေးကွေးမှုကြောင့် ယွမ်ငွေတန်ဖိုးထပ်မံလျှော့ချမယ့် အလားအလာရှိ

တရုတ်နိုင်ငံက ရေရှည်မှာ စီးပွားရေးတိုးတက်နှုန်းနှေးကွေးမှုနဲ့ ရင်ဆိုင်နိုင်ဖွယ်ရှိနေပါတယ်။ ကမ္ဘာပေါ်မှာ ဒုတိယနေရာကိုရောက်ရှိနေတဲ့ တရုတ်စီးပွားရေးကိုတိုးတက်အောင်ဆောင်ရွက်ဖို့အတွက် တရုတ်နိုင်ငံက သူ့ရဲ့ယွမ်ငွေကြေး တန်ဖိုးထပ်မံလျှော့ချဖို့အလားအလာရှိကြောင်း စက်တင်ဘာ ၂၁ ရက်နေ့က တောင်ကိုရီးယားဒုတိယဘဏ္ဍာရေးဝန်ကြီး ဂျူဟွမ်ဟွန်ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ယွန်ဟပ်သတင်းမှာဖော်ပြပါတယ်။

“စတော့ဈေးကွက် မတည်ငြိမ်မှုနဲ့ တရုတ်နိုင်ငံစီးပွားရေးဖွဲ့စည်းတည်ဆောက်မှုကိုပြန်လည်ပြုပြင်မယ့် အလားအလာတွေရှိနေတဲ့အတွက် ကာလလတ်နဲ့ ရေရှည်မှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်နှုန်းနှေးကွေးနိုင်တယ်လို့ စီးပွားရေးပညာရှင်အများအပြားက ခန့်မှန်းကြပါတယ်။ ဒီလိုအခြေအနေမျိုးတွေကြောင့် တရုတ်အာဏာပိုင်တွေက ယွမ်တန်ဖိုးကို နောက်ထပ်လျှော့ချမယ့် အလားအလာရှိပါတယ်”လို့ ဒုတိယဘဏ္ဍာရေးဝန်ကြီးက ပြောပါတယ်။

ကမ္ဘာ့ဈေးကွက်ထဲမှာ တရုတ်ပို့ကုန်တင်ပို့မှု မြှင့်တင်ပေးနိုင်ဖို့အတွက် ဩဂုတ်လအတွင်းမှာ တရုတ်ဗဟိုဘဏ်က ယွမ်ငွေကြေးတန်ဖိုးကို လေးရာခိုင်နှုန်းအထိလျှော့ချခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုငွေတန်ဖိုးချလိုက်တဲ့အတွက် တရုတ်နိုင်ငံရဲ့ စီးပွားရေးကခန့်မှန်းထားတာထက် ပိုမိုဆိုးဝါးလာလိမ့်မယ်ဆိုတဲ့ စိုးရိမ်မှုတွေ ပိုမိုမြင့်တက်လာပြီး ကမ္ဘာ့စတော့ဈေးကွက်နဲ့ နိုင်ငံခြားငွေဈေးကွက်တွေမှာ ကသောင်းကနင်းတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

တရုတ်နိုင်ငံက ယခုနှစ်မှာ စီးပွားရေးတိုးတက်နှုန်းကို ခုနစ်ရာခိုင်နှုန်းထိရောက်ရှိအောင်ဆောင်ရွက်ဖို့ ရည်မှန်းထားပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေးပညာရှင်တွေက ခြောက်ရာခိုင်နှုန်းဝန်းကျင်ပဲတိုးတက်မယ်လို့ ခန့်မှန်းထားပါတယ်။

## အတိုးနှုန်းမြှင့်တင်မှုကို ရွှေ့ဆိုင်းလိုက်တဲ့ အမေရိကန်ဗဟိုဘဏ်ရဲ့ ဆုံးဖြတ်ချက်ကို ဝေဖန်လျက်ရှိနေ

အမေရိကန်ဗဟိုဘဏ်ရဲ့ ဦးတည်ချက်နဲ့ ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ပုံ ဆောင်ရွက်နည်းတွေနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြဖို့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတွေရဲ့ ဖိအားပေးမှုကို အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင် ရင်ဆိုင်နေရကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

ယခုလိုတောင်းဆိုတဲ့ထဲမှာ သူမရဲ့ မူဝါဒရေးရာအတိုက်အခံတွေရော၊ အလယ်အလတ်လမ်းစဉ်ကို ကိုင်စွဲသူတွေပါ ပါဝင်လျက်ရှိသလို ဈေးကွက်လေ့လာဆန်းစစ်သူတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေကလည်း အမေရိကန်ဗဟိုဘဏ်ရဲ့ ဆုံးဖြတ်ချက်နဲ့ ပတ်သက်ပြီးနားလည်ရခက်လာပြီလို့ ပြောဆိုလာကြပါတယ်။

အမေရိကန်နိုင်ငံရဲ့ ပြည်ထောင်စုလွတ်လပ်သော ငွေကြေးကော်မတီအတွင်းမှာ အတိုးနှုန်းမြှင့်တင်ပေးနိုင်ဖို့ လုံလောက်တဲ့အထိ အမေရိကန်စီးပွားရေး နာလန်ထူလာပြီလို့ ယုံကြည်သူတွေနဲ့ အားနည်းနေတဲ့ ကမ္ဘာ့စီးပွားရေးက အမေရိကန်စီးပွားရေးဖွံ့ဖြိုးမှုနဲ့ နာလန်ထူမှုကို ယုတ်လျော့စေမယ့် အလားအလာရှိတယ်လို့ ယုံကြည်သူတွေရှိနေပါတယ်။ ယခုအဖြစ်အပျက်က ဆန့်ကျင်ကွဲလွဲနေတဲ့ အုပ်စုနှစ်ခုကို ယယ်လင်က ဘယ်လိုဦးဆောင်သွားမယ်ဆိုတာကိုကြီးမားတဲ့စမ်းသပ်မှုတစ်ခု ဖြစ်နိုင်ပါတယ်။

“ယခုအခြေအနေက သူ့အတွက် စမ်းသပ်ချက်တစ်ခုဖြစ်နိုင်ပါတယ်။ သူရင်ဆိုင်ခဲ့ရတဲ့ပြဿနာတွေထဲမှာ အခက်အခဲဆုံး ပြဿနာတစ်ခုတောင်ဖြစ်လာနိုင်ပါတယ်”လို့ အမေရိကန်ဗဟိုဘဏ်မှာ သုတေသန ညွှန်ကြားရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဒေးဗစ်စတော့တန်က ပြောပါတယ်။



# SAG ဂုဏ်ပြုဆုကို လက်ခံရရှိခဲ့တဲ့ လီယိုနာဒိုဒီကာပရီယို

ပြင်သစ်ရုပ်ရှင်မင်းသားချော တိုက်တန်းနစ်ဇာတ်ကားနဲ့နာမည်ကျော် လာခဲ့တဲ့ လီယိုနာဒို ဒီကာပရီယိုဟာ လူမှုရေးလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့အတွက် Screen Actors Guild (SAG) ဂုဏ်ပြုဆုကို လက်ခံရရှိခဲ့တယ် လို့ဆိုပါတယ်။

ဒီကာပရီယိုဟာ အဲဒီဆုကို Screen Actors Guild Foundation ရဲ့နှစ် ၃၀ ပြည့် မြောက်တဲ့ အထိမ်းအမှတ်နဲ့ ပေးအပ်ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ လီယိုနာဒိုဟာ လီယို နာဒိုဖောင် ဒေးရှင်းတစ်ခုကို ၁၉၉၈ ခုနှစ်ကတည်းက ထူထောင်ခဲ့ပြီး ဒုက္ခရောက် နေတဲ့ကမ္ဘာသူ ကမ္ဘာသားတွေကို ကယ်တင်ဖို့အတွက် လူမှုရေးလုပ်ငန်းတွေ လုပ်ဆောင်လျက်ရှိပါတယ်။

အဲဒီဖောင်ဒေးရှင်းက ပတ်ဝန်း ကျင်ဂေဟစနစ်ပျက်ယွင်းမှုကြောင့်ဖြစ် ပေါ်ခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်တွေ့ကြုံနေရတဲ့နိုင်ငံတွေကို လှူဒါန်း ထောက်ပံ့ မှုတွေ ပြုလုပ်ခဲ့ရာမှာ အမေရိကန်ဒေါ်လာသန်း ၃၀အထိ ရှိခဲ့ပြီဖြစ် ပါတယ်။

Screen Actors Guild ဖောင် ဒေးရှင်းရဲ့ဥက္ကဋ္ဌ ဂျိုးဘတ်ဝီလျံက "ကျွန်တော် တို့ရဲ့ကမ္ဘာမြေထိန်းသိမ်းရေးလုပ်ငန်းစဉ်တွေမှာ လီယိုနာဒိုဖောင်ဒေးရှင်းရဲ့ လုပ် ဆောင်မှုတွေဟာ တကယ့်ကို သြချရလောက်တဲ့လုပ်ဆောင်မှုတွေပါပဲ။ ဒါကြောင့် သူ့ကို ဒီဆုချီးမြှင့်ပေးရတာပါ"လို့ ရှင်းပြခဲ့ပါတယ်။

အသက် ၄၀ အရွယ်ရှိပြီဖြစ်တဲ့ လီယိုနာဒိုကို ဒီဆုချီးမြှင့်ခြင်းခံခဲ့ရတဲ့အတွက် သူ့ရဲ့ဖောင်ဒေးရှင်းအဖွဲ့သားတွေက ဝမ်းသာဂုဏ်ယူနေကြတယ်လို့ ဆိုပါတယ်။



# သားသုံးယောက်ထက် သမီးကိုပဲအားထားရတော့မယ့် ဒေးဗစ်ဘက်ခမ်

ကမ္ဘာ့ဘောလုံးသူရဲကောင်းတစ်ဦး ဖြစ်တဲ့ ဒေးဗစ်ဘက်ခမ်ဟာ သားသုံး ယောက်နဲ့သမီးတစ်ယောက်ထွန်းကားခဲ့တာ အားလုံးအသိပါပဲ။ ဖခင်ဖြစ်သူ ဒေးဗစ်ဘက်ခမ်က သူ့သားသုံးယောက်စလုံးကို သူ့ရဲ့ခြေရာကို နင်းစေချင်ပေမယ့် သားသုံးယောက်စလုံးကတော့ သူ့တို့ ဖခင်ရဲ့လမ်းစဉ်ကို လိုက်ကြမှာမဟုတ်ဘူးလို့ ဒေးဗစ်ဘက်ခမ် ကိုယ်တိုင်က ဖွင့်ဟပြောကြားလိုက်ပါတယ်။

ဒေးဗစ်ဘက်ခမ်ဟာ သားသုံးယောက်စလုံးက သူ့ကို သားတို့က ဘောလုံးကို စိတ်ဝင်စားပါတယ်။ ဒါပေမယ့် ဘောလုံး မကစားချင်ဘူးလို့ ပြောလိုက်တဲ့အတွက် စိတ်ထဲမှာ ဘဝင်မကျ ဖြစ်သွားခဲ့ရပါတယ်။ "သားဖြစ်တဲ့ သူက ကျွန်တော့်ကို လာပြော တယ်။ ဒယ်ဒီ သားတို့ ဘောလုံး ကစားတာကို စိတ်ဝင်စားပါ တယ်။ ဒါပေမယ့် ဘောလုံးမကန်ချင်ဘူး။ ဒယ်ဒီ သားတို့ အကြောင်း ကိုသိပါတယ်လို့ကျွန်တော့်ကိုလာပြောတော့ ကျွန်တော် အရမ်းကိုခံစားလိုက်ရသလို စိတ်ထဲမှာလည်း တကယ်ကို ဘဝင် မကျခဲ့ဘူး"လို့ အေဘီစီသတင်းဌာနကို ပြော ကြားခဲ့ပါတယ်။

ဘက်ခမ်ဟာ သားတွေကို သူ ငယ်ငယ်တုန်းကလိုအချိန် ပြည့်ဘောလုံး ကွင်းထဲမှာ ဘောလုံးကိုပဲ ရူးသွပ်စေချင်ပေမယ့် သားတွေကတော့ ဘောလုံးထက် ဖက်ရှင်နဲ့ဂီတကို စိတ်ဝင် စားနေကြပါတယ်။

"ဒါ ဒေးဗစ်ဘက်ခမ်ရဲ့သားတွေလေ။ ဘောလုံးကစား နေတာများ သူ့အဖေအတိုင်းပဲလို့ လူတွေက ချီးမွမ်းကြတာကို ခံချင်ပေမယ့် ကျွန်တော် အဲဒီဘဝမျိုးမရနိုင်ဘူးလို့ထင်မိပါ တယ်"လို့ ပြောကြား ခဲ့ပါတယ်။ ဒါပေမယ့်လည်း သူ့ရဲ့အငယ်ဆုံး သမီးလေးဖြစ်တဲ့ ဟာပါဆဲဗင်း လေးကတော့ ဘောလုံးကို စိတ်ဝင်စားတယ်၊ ဘောလုံးကစားချင် တယ်လို့ ဖွင့်ဟပြောကြားလာတဲ့အတွက် အံ့သြမိခဲ့တယ်လို့ ဆိုပါတယ်။

"တကယ်ပါ။ မထင်ခဲ့မိဘူး။ဟာပါ လေးက မိန်းကလေးဆိုတော့ ဖက်ရှင်နဲ့ ဂီတကိုပဲ စိတ်ဝင်စားလိမ့်မယ်လို့ထင်ခဲ့ တာ။ သူက ဒယ်ဒီ သမီး ဘောလုံး ကစားမယ်လို့ လာပြောတော့ကျွန်တော် အံ့အားသင့်သွားခဲ့တယ်"လို့ ထပ်မံပြော ကြားခဲ့ပါတယ်။ ဒါကြောင့် သားသုံးယောက်ထက် သမီးလေးဟာပါကိုပဲ ဘက်ခမ်အားကိုး ရတော့မယ်လို့ ဆိုနေတာဖြစ်ပါတယ်။

# ကိုယ်အလေးချိန်လျှော့ချချင်လို့ မက်ခ်ဒေါ်နယ်က အစားအသောက်တွေကို မစားဘဲရှောင်နေခဲ့တဲ့ ဆမ်စမစ်



Stay With Me သီချင်းနဲ့ ကမ္ဘာ့ဂီတချစ်သူများ ရဲ့အသိုင်းအဝိုင်းမှာ နေရာတစ်နေရာ ရရှိ လာခဲ့တဲ့ အင်္ဂလိပ် ပေါ့ပ်အဆိုတော် ဆမ်စမစ်ဟာ ကိုယ် အလေးချိန်လျှော့ချနေတဲ့အတွက် မက်ခ်ဒေါ်နယ် က ကျွေးမွေးတဲ့အစားအသောက်တွေကို မစားခဲ့ရဘဲ ရှောင်နေခဲ့ရတယ်လို့ ထုတ် ဖော်ပြောကြားလိုက်ပါတယ်။ ဆမ်စမစ်ဟာ သူ့ရဲ့ကိုယ်အလေးချိန်ကို လက်ရှိအလေးချိန်ကနေ ပေါင် ၅၀ လောက် ကျသွားအောင်လုပ်ဆောင်နေတာ ဖြစ်ပါတယ်။

အစားအသောက်ဆင်ခြင်စား သောက်ခြင်း ဖြင့် ကိုယ်အလေးချိန် လျှော့ချဖို့ ကြိုးစားနေ တာဟာ သူ့ အတွက်အရမ်းကို ခက်ခဲလှတယ်လို့ ဆို ပါတယ်။ "ကိုယ်အလေးချိန်လျှော့ချဖို့ အတွက် ကိုယ်အရမ်းကိုကြိုက်နှစ်သက်တဲ့ အစားအစာတွေကိုတောင် ရှောင်နေရတယ်။ ခုပဲ ကြည့်လေ။ မက်ခ်ဒေါ် နယ်က ကျွန်တော်အရမ်းကိုကြိုက်တဲ့ ကြက်ဥပေါင်မုန့်ကို ကျွန်တော်မစား ရဘူး။ အဲဒါက ကယ်လိုရီအများကြီး တက်လာသလို လူကိုလည်း ဝစေတယ်လို့ အစား အသောက်ပညာရှင်ကြီးက ပြောထားလို့ မစားခဲ့ရပါဘူး"လို့ ဆမ်က ပြောကြားခဲ့ပါတယ်။

ဆမ်ရဲ့ကိုယ်အလေးချိန်ဟာ ပေါင် ၁၉၈ ဒသမ ၄ ပေါင်ကျော်ရှိနေတာကြောင့် သူ့ရဲ့ ကိုယ်အလေးချိန်ကို လျှော့ချဖို့ကြိုးစားနေတာဖြစ်ပါတယ်။ "ကျွန်တော်အစားအစာတွေ ဆင် ခြင်ပြီးစားနေပါတယ်။ အစာအာဟာရ ပညာရှင်နဲ့တိုင်ပင်ပြီးတော့ ကယ်လိုရီ တက်မလာနိုင်တဲ့အစားအစာတွေ၊ ကိုယ်အလေးချိန်တက်မလာနိုင်တဲ့ အစားအစာတွေကို ရှောင်နေရပါတယ်။ ဒါဟာ အစားကျူးလွန်းတဲ့ကျွန်တော့် အတွက် တကယ့်ကို ခက်ခဲပင်ပန်းလွန်း လှပါတယ်"လို့ ပြောကြားခဲ့ပါတယ်။ ခုဆိုရင်ဆမ်ဟာ ပေါင် ၃၀ နီးပါး လောက် ကျသွားပြီဖြစ်တဲ့အတွက် အားရဝမ်းသာဖြစ်နေပုံရပါတယ်လို့ ဆိုပါတယ်။

# အဒဲလ်က ဒေါ်လာတစ်သန်းနဲ့ ပေးဝယ်ခဲ့တာပါလို့ ဆိုတဲ့ Alive




အင်္ဂလန်နိုင်ငံရဲ့ အဆိုတော်လည်းဖြစ်၊ စတူဒီယို ပိုင်ရှင်လည်းဖြစ်၊ ထုတ်လုပ်သူလည်းဖြစ်တဲ့ အဒဲလ်ဟာ သီချင်းရေးဆရာမတစ်ဦးဖြစ်တဲ့ ဆီရာ ဖူလာရဲ့သီချင်း အယ်လ်ဘမ်သစ်ကို အမေရိကန်ဒေါ်လာတစ်သန်းနဲ့ ပေးဝယ်ခဲ့တယ်လို့ ဆီရာက ထုတ်ဖော်ပြောကြားလိုက် ပါတယ်။

သီချင်းရေးဆရာမတစ်ဦးဖြစ်တဲ့ ဆီရာဟာ သူ့ရဲ့ သီချင်းအယ်လ်ဘမ်သစ်ကို ပေါ့ပ်အဆိုတော်မလေး ရီဟားနား ကို ပေးပြီး သီဆိုစေခဲ့ပေမယ့် ရီဟားနား က အဲဒီသီချင်းကို သူ့ထံ ပြန်ပေးခဲ့တယ်လို့ ဆိုပါတယ်။

ဆီရာဟာ သူ့ရဲ့ပထမဆုံးအယ်လ် ဘမ်ကို Alive လို့အမည်ပေးထားခဲ့ တာကြောင့် အဒဲလ်က ဒေါ်လာတစ် သန်းပေးပြီး ဝယ်ချင်တာဖြစ်မယ်လို့ ဆို ပါတယ်။

ဆီရာဟာအဲဒီသီချင်းအယ်လ်ဘမ် သစ်ရဲ့အမည် ကို အရင်က This is Acting လို့ အမည်ပေးထားပေမယ့် တကယ်တမ်းထွက်ရှိမယ်လို့ ကြေညာတဲ့အခါမှာတော့ Alive လို့အမည်ပြောင်း ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း အဲဒီသီချင်းကို ဆီရာက အဒဲလ် အတွက် ရေးသားပေးထားတာဖြစ်ပေမယ့် ရီဟားနား ကိုလည်း ပေးခဲ့တဲ့အတွက် အငြင်းပွားဖွယ်ရာ သတင်း စကားတွေလည်း ထွက်ပေါ်နေတယ်လို့ ဆိုပါတယ်။

သြစီသူတစ်ဦးဖြစ်တဲ့ဆီရာဟာ ဂီတလောကထဲကို ၁၉၈၀နှစ်လယ်ပိုင်း လောက်ကတည်းက သီချင်းရေးသူ တစ်ဦးအနေနဲ့ ဝင်ရောက်လာခဲ့တာဖြစ် ပေမယ့်၁၉၉၀ ပြည့်နှစ်လယ်ပိုင်းလောက် မှာတော့ Acid Jazz တီးဝိုင်းနဲ့ အတူ တွဲဖက်သီဆိုမှုတွေ ပြုလုပ်ခဲ့ပါတယ်။

သူဟာသြစတြေးလျနိုင်ငံတစ်ဝန်း မှာ အောင်မြင် သူတစ်ဦးအဖြစ်နဲ့ရပ်တည် နေခဲ့ရာက ကမ္ဘာတစ်ဝန်းလုံး မှာအောင် မြင်မှုရရှိလာခဲ့တာဖြစ်ပါတယ်။

သူ့ရဲ့အောင်မြင်မှုတွေကြောင့် ဂရမ်မီဆုပိုင်ရှင် အဒဲလ်က သူ့ရဲ့တစ်ကိုယ်တော်သီချင်းအယ်လ်ဘမ်သစ်ကို အမေရိကန်ဒေါ်လာတစ်သန်းပေးပြီး ဝယ်ခဲ့တာဖြစ်တယ် လို့ ဆိုပါတယ်။




**BM**(မေထန်ချိတ်)သွပ်မိုးနှင့် လိပ်တံခါးစက်ရုံ လိပ်တံခါး၊ သံခေါင်မိုး၊ သွပ်ပြားလှိုင်းကြီး၊ သွပ်ပြားအလူမီနီယံ၊ စီးလှိုင်း၊ ပလတ်စတစ်အကြည်ချပ်၊
ခေါင်မိုးနှင့် ပတ်သက်သော သံများကို ကိုယ်ပိုင်စက်ဖြင့် ထုတ်လုပ်ရောင်းချသည်။ ထိုင်းနိုင်ငံမှ ကုန်ကြမ်းယူ၍ မြန်မာနိုင်ငံတွင် ကုန်ချောထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။
အမိုးသွပ်နှင့်ပစ္စည်းများ မှာယူပါက အိမ်တိုင်ရာရောက် အဆောက်အအုံများအား အခမဲ့ လိုက်လံတိုင်းတာပေးသည်။
လိပ်စာ–အမှတ်(၈၂/၉၆)၊ ဟောင်လိတ်စက်မှုဇုန်ရပ်၊ မိုင်းဖုန်းသွားလမ်း၊ ဒုတိယလမ်းသွယ်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
Myanmar Phone : 09-36177058, 09-251004323 Thai Phone : 094-7612829, 089-4340030

